အရစ္စဲဆိုထားသည်။ ယင်း ဥပဒေတွင် သမဝါယမအသင်း၏ လုပ်ငန်းကို နှောင့်နှေး စေရန်သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆုံးရှုံး စေရန်သော်လည်းကောင်း နှောင့်ယှက်ခြင်း ပြုလုပ်လျှင် ပြစ်မှုကျူးလွန်ရာရောက်ကြောင်း ဆိုထားပေသည်။ လျှောက်ထားသူများအပေါ် သမဝါယမအသင်းပိုင်ငွေကိုအလွဲသုံးစားပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်ခြင်းပြုလုပ်သည်ဟူ၍မဟုတ်ပဲ အသင်း၏လုပ်ငန်းကို နှောင့်နှေးစေရန်၊ သို့မဟုတ် ပျက်ပြားစေရန်၊ သို့မဟုတ် ဆုံးရှုံးစေရန်ဟူသော အင်္ဂါရပ်များအပေါ်တွင် မူတည်၍ စွဲဆိုထားခြင်းဖြစ်ပေသည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။ကောလင်းမြို့နယ်တရားရုံးမှ အမှုကို မလှိုင်မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန်သင့် မသင့်ဟူသောအချက်ကိုစဉ်းစားရန်ဖြစ်သည်။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၇ အရ၊ အမှုပြစ်ပွားသောအရပ်ဒေသတွင်တရားစွဲဆိုရန်သတ်မှတ်ထားသည်။မောင်ငွေးနှင့်ကောလင်းမြို့နယ်သမဝါယမအသင်း ဆီအုန်းရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုခဲ့သောနေရာမှာ မလှိုင်မြို့ဖြစ်သည်။ အသင်းငွေများပြန်လည်အကျေပေးရန် မောင်ငွေးက ကတိခံဝန် လက်မှတ်ရေးထိုးခဲ့သည်မှာလည်း မလှိုင်မြို့နယ် ပြည်သူ့ကောင်စီ အတွင်းရေးမှူးရှေ့တွင်ဖြစ်သည်။ စာချုပ်ပါစည်းကမ်းများအရ ကတိခံဝန်ချုပ် ဖောက်ဖျက်ခြင်းမှာလည်း မလှိုင်မြို့၌ပင်ဖြစ်သည်။ အမှုနှင့်ပတ်သက်သောအဓိက သက်သေများမှာလည်း မလှိုင်မြို့မှဖြစ်သည်။ ထို့ကြောင့် အမှုဖြစ်ပွားရာအရပ်ဒေသဖြစ်သော မလှိုင်မြို့နယ်တရားရုံးတွင်သာ အမှုကိုစစ်ဆေးကြားနာရမည်ဖြစ်ပေသည်။

၁။ ဦးထွန်းရွှေ ၂။ မောင်ငွေး	နှင့်	ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစိုးမောင်)	၅၁

သက်သေခံဥပဒေပုဒ်မ ၃—ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ခ)၁၀၉—၂၀၁/၁၀၉—ညီအရင်းဖြစ်သူကိုသတ်ပြီး၊ အလောင်းကိုဖျောက်ဖျက်ရန်စေခိုင်းမှု—လူသတ်မှုကို အပြီးအပြတ်လုပ်ခဲ့ခြင်း—အကျင့်စာရိတ္တကောင်းသူမဟုတ်သည့်ပြင်ကြံရာပါများဖြစ်ခြင်းအကြောင်းကြောင့် သက်သေ၏ထွက်ချက်များကို အလေးမထားနိုင်၊ ထွက်ဆိုချက်များယုတ္တိမတန်ဟုယူဆခဲ့ခြင်း—သက်သေထွက်ချက်များ ကွဲလွဲချက်များပါဝင်ကြောင်းတွေ့ရှိခြင်း—သက်သေခံဥပဒေပုဒ်မ ၃ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်ရန် ယထာဘူတကျစွာ သုံးသပ် ဆုံးဖြတ်ရန်လိုခြင်း။ ။**ဆုံးဖြတ်ချက်**။ ။ခင်မောင်ကြူနှင့် မြင့်ဦးတို့သည် အကျင့်စာရိတ္တကောင်းသူများမဟုတ်သည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ ကြံရာပါများဖြစ်ခဲ့ကြ၍ ၎င်းတို့၏ထွက်ချက်များကို အလေးမထားနိုင်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ယူဆထားသည်။ သို့ရာတွင် ဤအချက်မျှဖြင့် ယင်းတို့၏ထွက်ဆိုမှုအားလုံးကို ငြင်းပယ်ရန်အကြောင်းလုံလောက်မည်မထင်ပေ။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။သက်သေသည် အကျင့်စာရိတ္တမကောင်းသူဖြစ်၍ မမှန်မကန်ထွက်ဆိုလိမ့်မည်ဟု သံသယမကင်းဖွယ်ရာဖြစ်နိုင်သော်လည်း၊ ယင်း၏ထွက်ဆိုချက်မှာ ယုတ္တိတန်သောအချက်အလက်များပါဝင်ပြီးထင်ရှားသောအထောက် အထား ပေါ်လွင်ခဲ့လျှင် ယင်း၏ ထွက်ဆိုချက်ကို သက်သေခံအဖြစ် ထည့်သွင်းစဉ်းစားရမည်သာဖြစ်သည်။ ။**ထပ်မံဆုံးဖြတ်ချက်**။ ။အမှုများတွင် သက်သေထွက်ချက်များ၌ အနည်းနှင့်အများဆိုသလို ကွဲလွဲချက်များရှိနိုင်ပေသည်။ ကွဲလွဲချက်ရှိတိုင်း သက်သေ၏ထွက်ချက် တခုလုံးကို စွန့်ပယ်ရန်

စာမျက်နှာ

မဟုတ်ပေ။ တရားစီရင်ရေးအဖွဲ့အနေဖြင့် အဓိကကျသော အချက်များတွင် ကွဲလွဲမှုမရှိပဲ အထောက်အထားပြည့်စုံနေလျှင် အဓိကမကျသော ကွဲလွဲချက်များကို ထည့်သွင်းစဉ်းစားရန်လိုမည်မဟုတ်ချေ။ ။ထပ်မံဆုံးဖြတ်ချက်။ ။ဗဟို တရားစီရင်ရေးအဖွဲ့သည် ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ချက်များကို တသီးတခြား ခွဲထုတ်စဉ်းစားခဲ့ခြင်းဖြစ်ရာ၊ ဤကဲ့သို့ စဉ်းစားမှုမပြုပဲ အခြားသက်သေခံ အထောက်အထားများနှင့် ပူးပေါင်းစဉ်းစား၍ ဖြစ်တန်ရာသော အကြောင်းခြင်းရာများရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ဖြစ်မှုပေါ်လွင် ထင်ရှားခြင်း ရှိ မရှိ စသည်တို့ကို ယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်မှသာလျှင် သက်သေခံ ဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ပေမည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ထွန်းမြင့်ကြူ ၇၀

သက်သေခံဥပဒေပုဒ်မ ၃—ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)/၂၀၁—မိခင်အရင်းဖြစ်သူကိုသတ်ပြီး၊ အလောင်းကိုဖျောက်ဖျက်မှု—လူသတ်မှုကိုအပြီးအပြတ်လွှတ်ခဲ့ခြင်း—အမှန်တရားကိုဖော်ထုတ်ရာတွင်အထောက်အထားများကိုဆက်စပ်စဉ်းစားရန်သာမက၊ ကွင်းဆက်မပြတ်သုံးသပ်ရန်လည်းလိုခြင်း၊ ဖြစ်တန်ရာသောအကြောင်းရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှု ပေါ်လွင်ထင်ရှားခြင်း ရှိ မရှိ၊ ယထာဘူတကျစွာသုံးသပ်ဆုံးဖြတ်မှသာ သက်သေခံဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည်ဖြစ်ခြင်း။ ။ဆုံးဖြတ်ချက်။ ဗဟို တရားစီရင်ရေး အဖွဲ့သည် ခင်မောင်ကြူ၏ ထွက်ချက်ကိုအခြားအထောက်အထားများနှင့် ဆက်စပ်၍ စဉ်းစားသော်လည်း အမှန်တရားကို ဖော်ထုတ်ရာတွင်မူ ထိုစဉ်းစားချက်တို့ကို ကွင်းဆက်မပြတ်သုံးသပ်ခြင်းမပြုခဲ့သဖြင့် ကောက်ချက်ချရာတွင် အမှန်ကိုဖော်ထုတ်နိုင်စွမ်းမရှိခဲ့ပေ။ အခြားသက်သေခံ အထောက်အထားများနှင့် ပူးပေါင်းစဉ်းစားမှသာလျှင် ဖြစ်တန်ရာသော အကြောင်းခြင်းရာများရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှုပေါ်လွင်ထင်ရှားခြင်း ရှိမရှိ စသည်တို့ကို ယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး၊ သက်သေခံဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်များနှင့်လည်း ညီညွတ်မည်ဖြစ်ကြောင်း စော်ဒကအမှုအမှတ် ၁ တွင် ကျွန်ုပ်တို့အကျယ်တဝင့်ရှင်းပြထားပြီးဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ထွန်းမြင့်ကြူ ၈၀

အတည်တကျ လက်ထပ်ပါမည်ဟု လိမ်လည်လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကိုကျူးလွန်ရာ ရောက် မရောက်။ ဆုံးဖြတ်ချက်။ ။အတည်တကျ လက်ထပ်ပါမည်ဟု လိမ်လည်လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကိုကျူးလွန်ရာရောက်သည်၊ မိမိနှင့်တရားဝင် ထိမ်းမြားခြင်း မပြုသော မိန်းမကိုမိမိနှင့်တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြားယုံကြည်စေ၍ ကာမစပ်ယှက်မှသာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ ပြစ်မှုမြောက်ပေသည်။

မောင်ကျော်ဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ....

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

(၈) [illegible]

စာမျက်နှာ

ရပ်ကွက်တွင်မှုလတန်ဖိုးဖြင့် မျှဝေသုံးစွဲခြင်းသာဖြစ်ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က သုံးသပ်ထားကြောင်း တွေ့ရှိရသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဆိုရှယ်လစ်စီးပွားရေးစံနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၃ (၃) အရ ပြစ်မှုမြောက်ရန်မှာ ပြန်လည်ရောင်းချမှုသာဖြစ်သောကြောင့် အရင်းအတိုင်း ပြန်လည်ရောင်းချခြင်း၊ အရှုံးခံ၍ ပြန်လည်ရောင်းချခြင်း၊ အမြတ်ဖြင့်ပြန်လည်ရောင်းချခြင်း စသည်တို့မှာ ပြဿနာမဟုတ်ကြောင်းတင်ပြသည်။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစံနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၆၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁) ပုဒ်မ ၁၃ (၁) တွင် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ " အစိုးရကသာဝယ်ယူရောင်းချရန်သတ်မှတ်သော ကုန်ပစ္စည်းများကို ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပြန်လည်ရောင်းချရန် အလို့ငှာဝယ်ယူခြင်း၊ရယူခြင်း၊ ကြိုတင်ခွဲပြုပြင်မှာမ်းမံခြင်း၊သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း စသောကုန်သွယ်ရေးလုပ်ငန်းများကို ပြုလုပ်ခြင်း၊ ဤကဲ့သို့ပြုလုပ်သူကိုအားပေးခြင်း " ဟူ၍ဖော်ပြထားသည်။ ထို့ကြောင့် အငြင်းမထွက်သော အချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ လျှောက်ထားခံရသူသည် နိုင်ငံတော်ကသာ လုပ်ပိုင်ခွင့်ရှိသည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ပြန်လည်ရောင်းချခြင်း ပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားလျက်ရှိပေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် { ဦးဓွေး၊ အမှတ် ၇၇၊ ရန်ကုန် မန္တလေး ကားလမ်း၊ မြွန်တံဆာ } ၇၁

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ်ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီး လှမောင်တို့ ပါဝင်သော၊ ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၇၆

ဇန်နဝါရီလ ၂ ရက်။

လုံလောက်သော သက်သေခံအထောက်အထားများမရှိပဲ စွပ်စွဲခံရသူတဦးအပေါ် ထင်ကြေးနှင့် အပြစ်မပေးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အပြစ်ပေးနိုင်ရန် လုံလောက်သော သက်သေခံ အထောက်အထားများ မပေါ်ပေါက်ချေ။ ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းရှင်းစွာ မယူဆနိုင်ပဲ စွပ်စွဲခံရသူအပေါ် အပြစ်ပေးခြင်းသည် ထင်ကြေးဖြင့် အပြစ်ပေးသည့်သဘောမျိုးသက်ရောက်လျက်ရှိနေပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးခင်မောင်ကြီး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘရွှေ။

လျှောက်ထားသူ ဦးကျော် အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃ အရ၊ လည်ဆယ်တိုင်တမ်းမှုနှင့် အပြစ်ပေးခြင်းကို မကျေနပ်သောကြောင့် ဗဟို တရားရုံးသို့ ပြင်ဆင်မှုရောက်ရှိလာခြင်းဖြစ်သည်။

ဦးကျော်က ဟာမြစ်ဆိုသူအပေါ် အိမ်မီးရှို့ရန်အတွက် ရေနံဆီ ဆွတ်ထားသော အဝတ်နှင့် ရေနံဆီခွက်ကိုယူလျက် မိမိ၏အိမ်ဝင်းအတွင်းသို့ ဝင်ရောက်လာကြောင်း အမှု တိုင်တမ်းသည်။ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးပြီး၊ ပိုင်နက်ကျူးလွန်မှုနှင့် တရားစွဲဆိုတင်ပို့သောအခါ ဟာမြစ်ကို တရားရုံးက အပြီးအပြတ် လွှတ်လိုက်သည်။ ထို့ကြောင့် တဖန် တိုင်တမ်းသူ ဦးကျော် အပေါ် ရဲတပ်ဖွဲ့က ပြန်လည် အရေးယူသောအခါ၊ ဦးကျော်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၃၊ လည်ဆယ်တိုင်တမ်းမှုနှင့် မူလတရားရုံးနှင့် တိုင်းတရားရုံးတို့က ဒဏ်ငွေ ၁၀၀၀ ကျပ်၊ မဆောင်နိုင် ထောင် (၆) လ ကျခံစေရန် အပြစ်ပေးသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈ တွင်ချမှတ်သော ၁၉၇၃ ခုနှစ်၊ဩဂုတ်လ ၁ ရက်နေ့စွဲပါ၊ ပေါင်မြို့ရုံးထိုင်၊ တိုင်းတရားရုံး၏အမိန့်ကိုပြန်၍ပြင်ဆင်မှု။

၁၉၇၆ — ဦးကျော်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

စွဲဆိုသည့်အက်မှ တင်ပြသည်မှာ ဦးကျော်သည် မိမိနှင့် မသင့်မြတ်သော မယားကြီး ဒေါ်ဆရာဘိကို အမှုဆင်လိုသောကြောင့်၊ ဟာမြစ်ကို ရေနံဆီ ဆွတ်ထားသော အဝတ်၊ ရေနံဆီခွက်တို့နှင့် ကိုယ်တိုင် ခိုင်းစေကြောင်း၊ ဟာမြစ်ကို ဘမ်းမိသောအခါမှာလည်း ဒေါ်ဆရာဘိက စေခိုင်း၍လုပ်ရကြောင်း၊ ဆရစ်ဘိုင် ဆိုသူမှတဆင့် ညွှန်ကြားကြောင်း ဖြစ်သည်။ သက်သေခံ အထောက်အထားမှာ ဘမ်းဆီးရမိသော ရေနံဆီ ဆွတ်ထားသည့်အဝတ်နှင့် အလားတူသော အဝတ်စကို ဦးကျော်၏ အဖွေ့ နေအိမ်မှတွေ့ရှိရကြောင်းဖြစ်သည်။

ဟာမြစ်ကို ဘမ်းဆီးရမိသည်မှာ ဦးကျော်၏ ခြံအတွင်းမှ အုတ်နံရံကို ကျော်တက်ပြီး အပြင်သို့ခုန်ချစဉ်၊ ညစောင့် ကင်းသမားများက တွေ့ရှိဘမ်းမိခြင်း ဖြစ်သည်။ ဤကဲ့သို့ ဟာမြစ်ကို ကင်းသမားများက ဘမ်းမိမည်ဖြစ်ကြောင်း ဦးကျော်က ကြိုတင် ခန့်မှန်းနိုင်မည် မဟုတ်သောကြောင့် ဒေါ်ဆရာဘိ ဒုက္ခရောက်စေရန် ဟာမြစ်ကို မိမိကပင် မီးရှို့ရန်စေခိုင်းသည် ဆိုခြင်းမှာ ယုတ္တိမရှိချေ။ တဖန် ဤကဲ့သို့ စေခိုင်းသည်ဆိုခြင်းနှင့် ပတ်သက်၍လည်း ဟာမြစ်ကို ဦးကျော်က တိုက်ရိုက်ပြောကြားခြင်းမဟုတ်ဘဲ၊ ဆရစ်ဘိုင်ဆိုသူမှတဆင့် ပြောကြားကြောင်း အဆိုရှိသည်။ သို့ရာတွင် ဆရစ်ဘိုင်က ဤအချက်ကို ရုံးရှေ့တွင် ငြင်းကွယ်သည်။ ထို့ကြောင့် ဦးကျော်အပေါ် အပြစ်ပေးခဲ့ခြင်းသည် ထင်ကြေးနှင့် အပြစ်ပေးသည့် သဘောမျိုး သက်ရောက်လျက် ရှိနေပေသည်။

မီးရှို့ရန် ရေနံဆီ ဆွတ်ထားသောအဝတ်နှင့် အလားတူ အဝတ်မျိုးကို၊ ဦးကျော်၏အဖေ နေအိမ်မှ တွေ့ရသည်ဆိုကာမျှနှင့် ဦးကျော် ပြစ်မှုကျူးလွန်ကြောင်း၊ သံသယကင်းရှင်းစွာ ယူဆနိုင်မည် မဟုတ်ချေ။ ဗဟို ဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က တရားလိုပြ သက်သေအမှတ် (၁၀) နှင့် အမှတ် (၆) တို့၏ ထွက်ချက်အရ၊ ဦးကျော်၏ ပြစ်ဆင်မှုကို မယုံသင့်ကြောင်း တင်ပြသည်။ တရားလိုပြ သက်သေအမှတ် (၁၀) သည် အမှုကို စစ်ဆေးသော ဒု-လုံခြုံရေးမှူး ဦးစံဝင်းဖြစ်သည်။ သက်သေအမှတ် (၆) သည် မူလအမှုတရားခံ ဟာမြစ်ဖြစ်သည်။ ဦးစံဝင်းက ဟာမြစ်အား စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ထွက်ဆိုသည်။ ဟာမြစ်ကိုယ်တိုင်က တရားရုံးတွင် ထွက်ဆိုသည်မှာ ဦးစံဝင်းက ရိုက်ပုတ်သောကြောင့် ပြောမိပြောရာ ပြောခဲ့ရကြောင်းဖြစ်သည်။ ထို့ကြောင့် ဦးကျော်အပေါ်တွင် အပြစ်ပေးနိုင်ရန် လုံလောက်သော သက်သေခံ အထောက်အထားများ မပေါ်ပေါက်ချေ။ ပြင်ဆင်မှုကို ခွင့်ပြု၍ ဦးကျော်အား အမှုမှ အပြီးအပြတ်လွှတ်သည်။ ယင်းအပေါ် ဒဏ်ငွေ ၁၀၀၀ ကျပ် တပ်ရိုက်ခြင်းနှင့် ပတ်သက်၍ ပေးဆောင်ပြီးဖြစ်ခဲ့လျှင် ဦးကျော်အား ပြန်လည် ထုတ်ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ ဦးကြည်မြို့တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်ခင်

† ၁၉၇၆

ဇွန်လ ၁၅ ရက်။

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတက်ထွန်း)*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ သက်သေခံပစ္စည်းရောင်းချပေးရန် အပ်နှံခဲ့ခြင်း ဝယ်ယူသူကလည်း သဘောရိုးဖြင့် တန်ရာတန်ဖိုးပေးပြီး ဝယ်ယူခဲ့ခြင်း ရောင်းရငွေကိုပေးရန် ပျက်ကွက်ခြင်းကြောင့် ပစ္စည်းကိုမူလပိုင်ရှင်မှ ပြန်ရခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ရေစုပ်စက်မူလပိုင်ရှင် ဦးတက်ထွန်းသည် ဒေါ်ခင်မြင့်ဝေအားရေစုပ်စက်ကို ရောင်းချပေးရန်အပ်နှံထားပြီးနောက် ဦးကျော်ခင်က သဘောရိုးဖြင့် တန်ရာတန်ဖိုးပေး၍ဝယ်ယူခြင်းဖြစ်သည်။ ရောင်းရငွေကို ဒေါ်ခင်မြင့်ဝေက ဦးတက်ထွန်းအား ပြန်ပေးရန် ပျက်ကွက်ခြင်းအားဖြင့် ပြစ်မှုကျူးလွန်ခြင်းမြောက်သည်ဟူ၍ တိုင်းတရားရုံးက မယူဆစေကာမူ ဦးတက်ထွန်းသည် ဒေါ်ခင်မြင့်ဝေထံမှ ရေစုပ်စက်ရောင်းချရရှိသောငွေကိုသာ ပြန်လည်ရပိုင်ခွင့်ရှိပေလိမ့်မည်။ မိမိသဘောတူရောင်းချရန် ပေးအပ်ထားပြီးသော ရေစုပ်စက်ကို ပြန်လည်ရရှိရန် အကြောင်းမရှိချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ မစ္စတာ အင်(န်)စီဆင်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးကျော်ခင်က သက်သေခံပစ္စည်း ရေစုပ်စက် ပြန်လည်ရလိုကြောင်း လျှောက်ထားခြင်းဖြစ်သည်။ ကျောင်းကုန်းမြို့နေ ဦးတက်ထွန်း ဆိုသူက ရေစုပ်စက်တခုကို ပုသိမ်မြို့နေ ဒေါ်ခင်မြင့်ဝေထံ ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချပေးရန် အပ်နှံထားသည်။ ဒေါ်ခင်မြင့်ဝေက ရေစုပ်စက်ကို လျှောက်ထားသူ ဦးကျော်ခင်အား ကျပ် ၄၂၀၀ ဖြင့် ရောင်းချလိုက်သည်။ ဤသို့ ရောင်းချ၍ ရရှိသောငွေကို ဦးတက်ထွန်းသို့ မပေးသောကြောင့် ဦးတက်ထွန်းက ရဲစခန်းတွင် ဒေါ်ခင်မြင့်ဝေ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၄၃ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀ တွင် ချမှတ်သော၊ ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ၊ ဧရာဝတီတိုင်း (ပုသိမ်မြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဦးကျော်ခင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ဦးတက်ထွန်း)

အပေါ် လိမ်လည်မှုဖြင့် တိုင်တန်းသည်။ ထို့ကြောင့် ရေစုပ်စက်ကို ရဲစခန်းကသက်သေခံ ပစ္စည်းအဖြစ် ရုံးတင်ရန် သိမ်းယူလိုက်သည်။

ပုသိမ်မြို့ အရှေ့ပိုင်းမြို့နယ် တရားရုံးက ဒေါ်ခင်မြင့်ဝေအပေါ် လိမ်လည်မှုဖြင့် အပြစ်ပေးပြီး သက်သေခံပစ္စည်း ရေစုပ်စက်ကို ဦးကျော်ခင်အား ပြန်ပေးသည်။ ဒေါ်ခင်မြင့်ဝေ က ရောင်တီတိုင်း တရားရုံးသို့ အယူခံသောအခါတွင် ဒေါ်ခင်မြင့်ဝေအား အပြီးအပြတ်လွှတ်၍ ရေစုပ်စက်ကို ဦးတက်ထွန်းအား ပြန်ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဦးကျော်ခင်က မကျေနပ်သောကြောင့် ယခု ဗဟို တရားရုံးသို့ ရောက်ရှိလာရခြင်း ဖြစ်လေသည်။

ရေစုပ်စက် မူလပိုင်ရှင် ဦးတက်ထွန်းသည် ဒေါ်ခင်မြင့်ဝေအား ရေစုပ်စက်ကို ရောင်းချပေးရန် အပ်နှံထားပြီးနောက် ဦးကျော်ခင်က သဘောရိုးဖြင့် တန်ရာတန်ဖိုး ပေး၍ ဝယ်ယူခြင်းဖြစ်သည်။ ရောင်းရငွေကို ဒေါ်ခင်မြင့်ဝေ က ဦးတက်ထွန်းအား ပြန်ပေးရန် ပျက်ကွက်ခြင်းအားဖြင့် ပြစ်မှုကျူးလွန်ခြင်း မြောက်သည်ဟူ၍ တိုင်း တရားရုံးက မယူဆစေကာမူ ဦးတက်ထွန်းသည် ဒေါ်ခင်မြင့်ဝေထံမှ ရေစုပ်စက် ရောင်းချရရှိသော ငွေကိုသာ ပြန်လည်ရပိုင်ခွင့် ရှိပေလိမ့်မည်။ မိမိ သဘောတူ ရောင်းချရန် ပေးအပ်ထားပြီးသော ရေစုပ်စက်ကို ပြန်လည်ရရှိရန် အကြောင်း မရှိချေ။ ထို့ကြောင့် လျှောက်လွှာကိုခွင့်ပြုပြီး ရောင်တီတိုင်း တရားရုံးက သက်သေ ခံပစ္စည်း ရေစုပ်စက်နှင့်ပတ်သက်၍ ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်၍ လျှောက် ထားသူ ဦးကျော်ခင်အား ရေစုပ်စက် ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်လိုက် သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်၊ ဦးထွန်းအောင်ကျော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်ဇံ

နှင့်

ဒေါ်လှကြင် *

† ၁၉၇၆

နိုဝင်ဘာလ ၁၂ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ မယားစရိတ်လျှောက်ထားခြင်း—သတင်းစာတွင် လင်မယားပြတ်စဲကြောင်း လင်ဖြစ်သူက ကြော်ငြာရုံဖြင့် လင်မယားပြတ်စဲပြီးဖြစ် မဖြစ်။

ဆုံးဖြတ်ချက်။ ။ဦးကျော်ဇံသည် လင်မယားပြတ်စဲကြောင်း သတင်းစာမှ ကြော်ငြာကာမျှနှင့် လင်မယားပြတ်စဲပြီဟုမဆိုချေ။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံး ရှေ့နေ ဦးကျော်ဒင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဘစိန်။

လျှောက်ထားသူ ဦးကျော်ဇံ အပေါ် လျှောက်ထားခံရသူ ဒေါ်လှကြင်က မယားစရိတ်နှင့် ကလေးစရိတ်ပေးရန် အင်းစိန်မြို့နယ် တရားရုံးတွင် လျှောက်ထားရာ ကလေးစရိက် လစဉ် ကျပ် ၄၀ ခွင့်ပြု၍ မယားစရိတ် လျှောက်ထားခြင်းကို ပယ်သည်။ ရန်ကုန်တိုင်းတရားရုံးသို့ ဒေါ်လှကြင်က အယူခံသောအခါတွင် မယားစရိတ်လစဉ် ကျပ် ၅၀ ပေးရန် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်ကို ဦးကျော်ဇံက မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဦးကျော်ဇံနှင့် ဒေါ်လှကြင်တို့သည် အကြင်လင်မယားဖြစ်၍ သမီးလေး မတင်တင်မြင့် ထွန်းကားခဲ့ကြောင်း အငြင်းမထွက်ချေ။ ဒေါ်လှကြင်သည် ၁၉၇၁ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် နေ့တွင် အိမ်ထောင်ရေးပြဿနာ မပြေလည်သောကြောင့် မိဘများရှိရာ တောင်ကြီးမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဦးကျော်ဇံက ဒေါ်လှကြင်ကို မယားအဖြစ်မှ ပြတ်စဲကြောင်း သတင်းစာတွင် ကြော်ငြာပြီး၊ နောက်ထပ် အိမ်ထောင်ပြုလိုက်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၂ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၃၃ တွင် ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ ရန်ကုန်တိုင်း (အင်းစိန်မြို့ရုံးထိုင်) တရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဦးကျော်ဇံ နှင့် ဒေါ်လှကြင်။

ဦးကျော်ဇံက ဒေါ်လှကြင်သည် မောင်မောင်သန်းဆိုသူနှင့် ဖောက်ပြန်ခဲ့ကြောင်း၊ နေအိမ်မှ အလိုအလျောက် ဆင်းသွားပြီး ပြန်မလာသောကြောင့် စားဝတ်နေရေး ပြေလည်စေရန် မိမိက နောက်အိမ်ထောင် ပြုလိုက်ရကြောင်း၊ ဒေါ်လှကြင်သည် မယားဝတ္တရားနှင့်အညီ လင်ဖြစ်သူနှင့် ပေါင်းသင်း နေထိုင်ရန် ပျက်ကွက်သောကြောင့် မယားစရိတ် မပေးသင့်ကြောင်းတင်ပြသည်။

ဦးကျော်ဇံသည် လင်မယားပြတ်စဲကြောင်း သတင်းစာမှ ကြေငြာလာမှုနှင့်လင်မယားကွာရှင်းပြတ်စဲပြီဟု မဆိုချေ။ ထို့ကြောင့်လည်း ဦးကျော်ဇံက လင်မယားကွာလိုမှု တရားစွဲဆိုထားရာ အမှုမပြီး ပြတ်သေးကြောင်း သိရသည်။ ဒေါ်လှကြင်က ဦးမောင်မောင်သန်း ဆိုသူနှင့် ဖောက်ပြားသည်ဆိုခြင်းမှာလည်း ထင်ရှားပေါ်လွင်ခြင်း မရှိချေ။ တရားဝင် ကွာရှင်းခြင်းမရှိသေးသော မယားသည်အတွက် လင်ယောကျာ်းတွင် စားစရိတ် ထောက်ပံ့ရန် တာဝန်ရှိပေသည်။ တိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်ရန် အကြောင်းမမြင်သောကြောင့် အမှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်၊ ဦးစိုးလှိုင်တို့ပါဝင်သောဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ကိုကျော်ဝေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် [ဝင်ကောက်ကြူ (ခေါ်) ကျော်ညွန့် (ခေါ်) မြင့်သိန်း]*

†၁၉၇၆ ဩဂုတ်လ ၉ ရက်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ ၊ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၅၀ (၁) (က) အမှုကိုအကြိမ်ကြိမ် ချိန်းဆိုခဲ့ပြီးမှ၊ အစမှတဖန်ပြန်လည်စစ်ဆေးရန် တောင်းဆိုသည်ကိုခွင့်ပြုခြင်း ဥပဒေနှင့် ညီ မညီ၊ ကြန့်ကြာစေရန်အားပေးရာ ရောက် မရောက်၊ ဆက်လက်စစ်ဆေးခြင်းဖြင့် နစ်နာမှု ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားခံရသူသည် အမှုကိုအစမှတဖန် ပြန်လည်စစ်ဆေးရန် မူလက တောင်းဆိုခဲ့ခြင်းမပြုခဲ့ပဲ မြို့နယ်တရားစီရင်ရေးအဖွဲ့က ကြိမ်ဖန်များစွာ ချိန်းဆို၍ ၅ လ ခန့်ကြာမှ တောင်းဆိုခြင်းကို ခွင့်ပြုလိုက်ခြင်းမှာ ဥပဒေနှင့်မညီညွတ်သည့်ပြင် အမှုကြန့်ကြာစေရန်အားပေးရာ ရောက်သည်။ မြို့နယ်တရားစီရင်ရေးအဖွဲ့သစ်က ဆက်လက်စစ်ဆေးခြင်းအားဖြင့် လျှောက်ထား ခံရသူတွင် နစ်နာစရာအကြောင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ အောက်ရုံးအမိန့်ကိုပယ်ဖျက်ပြီးအမှုကို ဆက်လက်စစ်ဆေး စေရန်အမိန့်ချမှတ်လိုက်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဒေါက်တာဗတင်၊

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁) ဦးသိန်းလွန်း၊ ဗဟိုတရားရုံး ရှေ့နေ ဦးခွန်ဝင်းလှိုင်။

လျှောက်ထားသူ ကိုကျော်ဝေ၏ ဇနီး မမေကြည်ကို ခိုးယူပေါင်းသင်းမှုဖြင့် လျှောက်ထားခံရသူဝင်ကောက်ကြူ (ခေါ်) မောင်ကျော်ညွန့် (ခေါ်) မောင်မြင့်သိန်း သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ၊တရားစွဲဆိုခြင်းခံရသည်။လသာမြို့နယ်တရားရုံး

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၅ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉ တွင် ချမှတ်သော ၁၉၇၄ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ကိုကျော်ဝေ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
ဝင်ကောက်ကြီး
(ခေါ်)
ကျော်ညွန့်
(ခေါ်)
မြင့်သိန်း။

က ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၆ ဟုသတ်မှတ်၍ စစ်ဆေးပြီး လျှောက်ထားခံရသူအား စွဲချက်တင်ခဲ့သည်။ လျှောက်ထားခံရသူက အပြစ်မရှိကြောင်း ငြင်းဆို၍ သက်သေများ ပြသဖြင့် တရားရုံးက လျှောက်ထားခံရသူနှင့် ၎င်း၏သက်သေ အချို့ကိုစစ်ဆေးခဲ့ပြီး ဖြစ်သည်။ ထို့နောက် ပြည်သူ့ ပါမောက္ခမှုပ်မရေးစနစ်ပေါ် ထွန်း လာပြီး ပြည်သူက ရွေးချယ်တင်မြှောက်သော တရားသူကြီးများ ပါဝင်သည့် မြို့နယ် တရားစီရင်ရေး အဖွဲ့သစ်က ဆက်လက် ဆောင်ရွက်သည်။ ထိုအခါ လျှောက်ထားခံရသူ (တရားခံ) အမှုကို အစမှတဖန် ပြန်လည်စစ်ဆေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၅၀(၁)(က)အရ တရားစီရင်ရေးအဖွဲ့သစ်က စတင်ဆောင်ရွက်လျှင် ဆောင်ရွက်ချင်း တောင်းဆိုခြင်း မပြုခဲ့ပဲ ၅ လခန့်ကြာမှ အကြိမ်ကြိမ်ချိန်းဆိုခဲ့ပြီးမှ အမှုကို အစမှ တဖန် ပြန်လည် စစ်ဆေးရန် တောင်းဆိုသည်။ ထိုတောင်းဆိုချက်ကို မြို့နယ်တရား စီရင်ရေး အဖွဲ့က ခိုင်လုံသော အကြောင်း မရှိပဲ ခွင့်ပြုခဲ့သည်။ လျှောက်ထားသူက မကျေနပ်သဖြင့် ထိုသို့ ခွင့်ပြုခြင်းကို ပယ်ဖျက်ပေးပါရန်၊ ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆ အရ၊ လျှောက်ထားသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

လျှောက်ထားခံရသူ (တရားခံ)သည် အမှုကို အစမှတဖန် ပြန်လည် စစ်ဆေးရန် မူလက တောင်းဆိုခြင်း မပြုခဲ့ပဲ မြို့နယ်တရား စီရင်ရေးအဖွဲ့က ကြိမ်ဖန်များစွာ ချိန်းဆို၍ ၅ လခန့်ကြာမှ တောင်းဆိုခြင်းကို ခွင့်ပြုလိုက်ခြင်းမှာ ဥပဒေနှင့် မညီညွတ် သည့်ပြင် အမှုကြန့်ကြာစေရန် အားပေးရာ ရောက်သည်။ မြို့နယ်တရား စီရင်ရေး အဖွဲ့သစ်က ဆက်လက် စစ်ဆေးခြင်းအားဖြင့် လျှောက်ထားခံရသူ (တရားခံ)တွင် နစ်နာစရာအကြောင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ အောက်ရုံး အမိန့်ကို ပယ်ဖျက်ပြီး အမှုကို ဆက်လက် စစ်ဆေးစေရန် အမိန့်ချ မှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့်ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ကျော်ဝင်း

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၆

မတ်လ
၃၁ ရက်။

အတည်တကျ လက်ထပ်ပါမည်ဟု လိမ်လည်လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရာရောက် မရောက်။

ဆုံးဖြတ်ချက်။ ။အတည်တကျလက်ထပ်ပါမည်ဟုလိမ်လည်လှည့်ဖြားပြီးကာမစပ်ယှက်ခဲ့လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကိုကျူးလွန်ရာရောက်သည်။ မိမိနှင့် တရားဝင် ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့်တရားသဖြင့် ထိမ်းမြားကြောင်း လှည့်ဖြား ယုံကြည်စေ၍ ကာမစပ်ယှက်မှသာလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရပြစ်မှုမြောက်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးမင်းတိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဦးဘသန်း။

ဆင်ခံပေါင်ဝဲမြို့နယ်၊ မြောက်မီးကုန်းရွာနေ မသေးသေးက မိမိနှင့် တရွာတည်းနေ မောင်ကျော်ဝင်းတို့သည် ချစ်ကြိုက်ကြပြီး မောင်ကျော်ဝင်းက အတည်တကျ ပေါင်း သင်းပါမည်ဟု ပြောသည်ကို မိမိကယုံကြည်သဖြင့် ကာမစပ်ယှက်မိခဲ့ကြောင်း၊ ထို့နောက် မိမိတွင် ကိုယ်ဝန်ရှိလာသောအခါ မောင်ကျော်ဝင်းသည် လက်ထပ်ထိမ်းမြား ခြင်းမပြုပဲ ရှောင်တိမ်းနေကြောင်း၊ ထို့ကြောင့် မောင်ကျော်ဝင်း အပေါ်တွင် တရား ဥပဒေအရ အရေးယူပါရန် တရားရုံးသို့ တိုင်လျှောက်ခဲ့သည်။ ဆင်ပေါင်ဝဲမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၈ သတ်မှတ်၍ တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက် မောင်ကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၃ အရ စွဲချက်တင်ခဲ့သည်။ ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန် မောင်ကျော်ဝင်းက

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၈၃ (ခ)။

† ၁၉၇၄ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅ တွင်၊ ချမှတ်သော ၁၉၇၄ခုနှစ်၊ စက်တင် ဘာလ ၉ ရက်နေ့စွဲပါ၊ သရက်မြို့ရုံးထိုင်၊ မကွေးတိုင်းတရားရုံး၏အမိန့်ကိုပြန်၍ပြင်ဆင်မှု။

၁၉၇၆ — မောင်ကျော်ဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

သရက်မြို့ရုံးထိုင်၊ မကွေးတိုင်းတရားရုံး၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၅၃ ၌ လျှောက်ထားရာ မအောင်မြင်သဖြင့်၊ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်သည်။

တရားလို မသေးသေးနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ မောင်ကျော်ဝင်းသည် မသေးသေးအား အတည်တကျ လက်ထပ်ယူပါမည်ဟု လိမ်လည် လှည့်ဖြားပြီး ကာမစပ်ယှက်ခဲ့ကြောင်း ပေါ်လွင်သည်။ လက်ထပ်ထိမ်းမြားပါမည်ဟု လိမ်လည်ပြောဆို၍ ကာမစပ်ယှက်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၇ အရ ပြစ်ဒဏ် ထိုက်သော ပြစ်မှုကို ကျူးလွန်ရာ ရောက်သဖြင့် မောင်ကျော်ဝင်းအား ယင်းပုဒ်မအရ စွဲချက်တင်၍ ဖြေရှင်းစေသင့်သည်။ မိမိနှင့် တရားဝင်ထိမ်းမြားခြင်းမပြုသော မိန်းမကို မိမိနှင့် တရားသဖြင့် ထိမ်းမြားကြောင်းလှည့်ဖြားယုံကြည်စေ၍ ကာမစပ်ယှက်မှသာ လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ ပြစ်မှုမြောက်သောကြောင့်၊ ယင်းပြစ်မှု မြောက်စေသော သက်သေခံအထောက်အထားများ မရှိပဲ မောင်ကျော်ဝင်းအား ပုဒ်မ ၄၉၃ အရ စွဲချက်တင်ခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ လျှောက်ထားသူ မောင်ကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၃ အရ စွဲချက်တင်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ သို့ရာတွင် မူလရုံးသည် မောင်ကျော်ဝင်းအား ယင်းကျူးလွန်ခဲ့ကြောင်း စွပ်စွဲခြင်းခံရ သည့် ပြစ်မှုနှင့် လိုက်လျောညီထွေရှိသော ပုဒ်မဖြင့် စွဲချက်အသစ်တင်ပြီး ဆက်လက် ဆောင်ရွက်စေရန် ညွှန်ကြားလိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးလွင်မောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ မောင်ကြည်ဝင်း ၂။ မောင်မြကိုင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၆

ဖေဖော်ဝါရီလ ၄ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇/၄၂၇/၃၀၈ တရားရေးကော်မတီ အတွင်းရေးမှူးက အမှုကို ရုပ်သိမ်းသည့်အနေနှင့် အမှုပိတ်ခြင်း တရားစီရင်ရေးအဖွဲ့က ချမှတ်သောအမိန့်ဟုတ် မဟုတ် ဥပဒေနှင့်ဆန့်ကျင်ခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားရေးကော်မတီ အတွင်းရေးမှူးကအမှုကိုရုပ်သိမ်းသည့်အနေနှင့် ပိတ်ကြောင်း အမိန့်ချမှတ်ခြင်းသည် တရားစီရင်ရေးအဖွဲ့က ချမှတ်သောအမိန့်မဟုတ်သောကြောင့် ဥပဒေနှင့်ဆန့်ကျင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။အကျိုးဆောင် ဦးထွန်းဝေ မလာရောက်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။
ဗဟိုတရားရုံးရှေ့နေ ဦးသန်းမြင့်။

လျှောက်ထားခံရသူမောင်ခွေးဖြူသည် ဘိုကလေးမြို့နယ် တမာရွာရှိ ဒေါ်အေးတင်ဆိုသူပိုင်ဆိုင်သော အုန်းခြံတွင် ခြံစောင့်ဖြစ်သည်။ အချင်းဖြစ်ပွားသော ၁၉၇၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် လျှောက်ထားသူများဖြစ်ကြသော မောင်ကြည်ဝင်းနှင့် မောင်မြကိုင်တို့သည် အုန်းခြံအတွင်းသို့ ဝင်ရောက်၍ မောင်ခွေးဖြူ ဆောက်လုပ်ထားသော တဲအိမ်ကို ဖြိုဖျက်ကာ အိမ်သုံးပစ္စည်းများကို ဖျက်ဆီးယူငင်ခြင်းများပြုလုပ်ကြသည်။ ထို့ကြောင့်တရားခံများအပေါ် ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှုနှင့် ခိုးမှုတို့ဖြင့်ဘိုကလေးမြို့နယ် တရားရုံးက အမှု စစ်ဆေးကြားနာပြီး၊ ယင်းဥပဒေပုဒ်မများအရစွဲချက်တင်လိုက်သည်။ သို့သော် တရားရေးကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ၊ ကော်မတီ အတွင်းရေးမှူးက အမှုကို ဖျက်သိမ်း၍ ပိတ်ခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၅ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မဆိုင်ရာပြင်ဆင်မှုအမှတ် ဂ တွင် ချမှတ်သော ၁၉၇၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့စွဲပါ ရောဘီတိုင်း (ဘိုကလေးမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

၁။ မောင်ကြည်ဝင်း၊
၂။ မောင်မြကြိုင်
နှင့်
ပြည်ထောင်စု - ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ဤသို့ဆောင်ရွက်ချက်ကို မောင်ခွေးဖြူက မကျေနပ်၍၊ တိုင်းရုံးသို့ ပြင်ဆင်မှု လျှောက်ထားသောအခါ၊ အမှုကို အသစ်တဖန် စစ်ဆေးစေရန် အမိန့်ချမှတ်သည်။ ယခုတဖန် မောင်ကြည်ဝင်းနှင့် မောင်မြကြိုင်တို့ကယင်းအမိန့်ကို ပယ်ဖျက်ပေးရန် ဗဟို တရားရုံးသို့ လျှောက်ထားခြင်းဖြစ်လေသည်။

တရားရေးကော်မတီ အတွင်းရေးမှူးက အမှုကို ရုပ်သိမ်းသည့်အနေနှင့် ပိတ်ကြောင်းအမိန့်ချမှတ်ခြင်းသည် တရားစီရင်ရေးအဖွဲ့ကချမှတ်သောအမိန့်မဟုတ်သောကြောင့် ဥပဒေနှင့်ဆန့်ကျင်သည်။ ယင်းအမိန့်မှာ စီရင်ပိုင်ခွင့်အာဏာအတွင်း ချမှတ်သော အမိန့်မဟုတ်ချေ။ ထို့ကြောင့် အမှုကို ပြန်လည်စစ်ဆေးရန်ဆုံးဖြတ်သော တိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် မလိုသောကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခတီဇာဘီဘီ

နှင့်

မောင်လဝီရှမ်ရှုဒုဟ (ခေါ်) ဦးဘသိန်း *

† ၁၉၇၆
ဩဂုတ်လ
၉ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၈၈ (၁)၊ မဟာမေဒင်ဥပဒေ၊ လက်ထပ်စဉ်က မဟာရှေပေးမည်ဟု ကတိထားခဲ့ခြင်း—မဟာရှေမပေးဘဲ လင်ဖြစ်သူက တလာပ်သုံးကြိမ်ပေး၍ ကွာရှင်းခဲ့ခြင်း— မဟာရှေမပေးသဖြင့် တလာပ်ပေးပြီးကွာရှင်းခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။မဟာမေဒင် ဥပဒေအရ ထိမ်းမြားလက်ထပ်သောအခါန်တွင် မဟာရှေပေးမည်ဟု ကတိထားလျှင် ယင်းကတိအရ မဟာရှေကိုကြွေးမြီကဲ့သို့ တရားစွဲဆိုယူနိုင်ခွင့်ရှိမည်ဖြစ်သော်လည်း မဟာရှေမပေးလျှင် တလာပ်ပေး၍လင်မယားကွာရှင်းခြင်းမပြုနိုင်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

ပြင်ဆင်ရန် လျှောက်ထား သူအတွက်။ ။ဗဟို တရားရုံးရှေ့နေ ဦးစံသိန်း။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဗဟို တရားရုံးရှေ့နေ မစ္စတာ အမ်၊ အော ဆူဘာန်း။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် အစ္စလမ် ဘာသာဝင် လင်မယား ဖြစ်ကြသည်။ လျှောက်ထားသူက မယားစရိတ် လျှောက်ထားသောအခါတွင် ညောင်တုန်းမြို့နယ် တရားရုံးက တလလျှင် ၅၀ ကျပ် ခွင့်ပြုသည်။ လျှောက်ထားခံရသူက ၎င်းသို့ မယားစရိတ်ပေးရန် အမိန့်ကျပြီးနောက် ၁၉၇၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် တလာပ်သုံးကြိမ်ပေး၍ လင်မယားကွာရှင်းလိုက်သည်။ ထို့နောက် ပုသိမ်တိုင်းတရားရုံးသို့ အယူခံသောအခါတွင် တိုင်းတရားရုံးက အစ္စလမ်ဘာသာအရ လင်မယားကွာရှင်းပြီးဖြစ်သော ၁၉၇၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှ နောက်ပိုင်းသုံးလအထိသာ မယားစရိတ်ပေးရန် အမိန့်ချမှတ်ခြင်းကို မယားဖြစ်သူ ဒေါ်ခတီဇာဘီဘီက မကျေနပ်၍ ယခု ဗဟိုတရားရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့စွဲပါ ဧရာဝတီတိုင်း (ညောင်တုန်းမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဒေါ်ခတီဇာ ဘီဘီ နှင့် မောင်လဝိရှမ် ရှုဒုယာ (ခေါ်) ဦးဘသိန်း။

လင်ယောကျ်ားဖြစ်သူသည် ၁၉၇၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် မဟာမေဒင် ထုံးတမ်း ဥပဒေအရ တလာပ်သုံးကြိမ်ပေး၍ကွာလိုက်ကြောင်း အငြင်းမထွက်ချေ။ ဤကဲ့သို့ လင်မယား ကွာရှင်းရန် မဟာမေဒင် ထုံးတမ်းဥပဒေက ခွင့်ပြုသည်။ သို့ရာတွင် မယားဖြစ်သူက တင်ပြသည်မှာ လက်ထပ်ထိမ်းမြားချိန်တွင် ယောကျ်ားဖြစ်သူသည် မဟာရွှေခန်းဝင် ပစ္စည်းပေးရန် စာချုပ်၍ ကတိပြုခဲ့ပါသည်။ ထိုစာချုပ်တွင် မဟာရွှေခန်းဝင် ပစ္စည်းမပေးလျှင် တလာပ်ပေး၍ ကွာရှင်းခြင်း မပြုနိုင်ကြောင်း ဖော်ပြထားပါသည်။ ထိုစာချုပ်မှာ ပျောက်ဆုံးသွားပြီ ဖြစ်၍ တင်မပြနိုင်သော်လည်း ထိုစာချုပ်အရ မဟာရွှေ မပေးရသေးသောကြောင့် တလာပ်ပေး၍ လင်မယား ကွာရှင်းခြင်း မပြုနိုင်ပါဟူ၍ ဖြစ်လေသည်။

လျှောက်ထားသူက မဟာရွှေ ပေးမည်ဟု ကတိစာချုပ် ပြုလုပ်သည်ဆိုသော်လည်း ယင်းစာချုပ်ကိုတင်ပြနိုင်ခြင်း မရှိချေ။စာချုပ်ချုပ်ထားကြောင်း နှုတ်သက်သေကို လက်ခံရန်အတွက်လည်း လုံလောက်သော အကြောင်းပြချက် မရှိချေ။ မဟာမေဒင် ဥပဒေအရ ထိမ်းမြား လက်ထပ်သောအခါနှင့်တွင် မဟာရွှေ ပေးမည်ဟု ကတိထားလျှင် ယင်းကတိအရ၊ မဟာရွှေကို ကြွေးမြီကဲ့သို့ တရားစွဲဆို ယူနိုင်ခွင့် ရှိမည်ဖြစ်သော်လည်း မဟာရွှေ မပေးလျှင် တလာပ်ပေး၍ လင်မယား ကွာရှင်းခြင်း မပြုနိုင်ဟု ပြဋ္ဌာန်းထားခြင်း မရှိသောကြောင့်၊ ပုသိမ်တိုင်းရုံး အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ချေ။ ပြင်ဆင်မှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင် နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခတီဇာဘီဘီ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် [မော်လဝီရှမ်ရှုဒ္ဒဟာ (ခေါ်) ဦးဘသိန်း]*

†၁၉၇၆ ဩဂုတ်လ ၉ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁ (က) အရအမှုပယ်ဖျက်ခြင်း—တိုင်းတရားရုံးတွင်ယင်း အခွင့်အာဏာ ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မူလရုံးတွင်စစ်ဆေးဲဆောင်ရွက်နေသည့်အမှုကို တိုင်းတရားရုံးက ပယ်ဖျက်နိုင်သည့်အာဏာမရှိချေ။ အမှုပယ်ဖျက်ခြင်းကို ဗဟိုတရားရုံးကသာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ (က) အရ ပြုလုပ်နိုင်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးစံသိန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။ ဗဟိုတရားရုံးရှေ့နေ မစ္စတာ အမ်၊ အေ၊ ဆူဘန်း။

လျှောက်ထားသူ ဒေါ်ခတီဇာဘီဘီနှင့် လျှောက်ထားခံရသူ မော်လဝီရှမ်ရှုဒ္ဒဟာ (ခေါ်) ဦးဘသိန်းတို့သည် အကြင်လင်မယား ဖြစ်ကြသည်။ လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ၊ တရားစွဲဆိုသော အမှုကို ညောင်တုန်းမြို့နယ် တရားရုံးက အရေးယူ ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် လျှောက်ထားခံရသူက ထိုအမှုကို ပယ်ဖျက်ပေးရန် တိုင်းတရားရုံးသို့ လျှောက်ထားသောအခါတွင်၊ မူလ ရုံးအမှုကို ပယ်ဖျက်လိုက်ကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို လျှောက်ထားသူက မကျေနပ်၍ ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု လျှောက်ထားခြင်း ဖြစ်လေသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၃ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့စွဲပါ၊ ဧရာဝတီတိုင်း (ညောင်တုန်းမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဒေါ်ခတီဇာ ဘီဘီ။

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် [မော်လဝီရှမ် ရှုဒူဟာ(ခေါ်) ဦးဘသိန်း။]

မူလရုံးတွင် စစ်ဆေးဆောင်ရွက်နေသည့် အမှုကို တိုင်းတရားရုံးက ပယ်ဖျက်နိုင်သည့် အာဏာမရှိချေ။ အမှုပယ်ဖျက်ခြင်းကို ဗဟိုတရားရုံးကသာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ၊ ပြုလုပ်နိုင်သည်။ ထို့ကြောင့် ရာဝတီတိုင်း တရားရုံးက စီရင်ပိုင်ခွင့် အာဏာမရှိပဲ အမှုပယ်ဖျက်ရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်၍ ညောင်တုန်းမြို့နယ် တရားရုံးက အမှုကို ဆက်လက်ဆောင်ရွက်ရန် အမိန့် ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ ဦးကြည်မြ
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပီ၊ဘီ၊ ချောင်ဒရီ

† ၁၉၇၆
မတ်လ ၉ ရက်။

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် [အမ်၊ ကေ၊ ဒတ္တား] *

တရားရုံးတွင် အမှုစစ်ဆေးကြားနာနေစဉ်အတွင်းမိမိသာလျှင်မှန်ကန်ကြောင်းကိုဘုရားကျောင်းနှင့် သက်ဆိုင်သောသူများအား စာရွက်စာတန်းရိုက်နှိပ်ဝေငှခြင်းသည် တရားစီရင်ရေးလမ်းကြောင်းကို အနှောက်အယှက်ဖြစ်စေနိုင်ခြင်း ရှိမရှိ—တရားရုံးကို မထေမဲ့မြင် ပြစ်မှုဥပဒေပုဒ်မ ၃ အရပြစ်မှုကျူးလွန်ရာ ရောက်မရောက်။

ဆုံးဖြတ်ချက်။ ။ရုံးတော်ကိုမထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ ပါ ပြဋ္ဌာန်းချက်များအရ တရားစီရင်ရေး အဖွဲ့ဝင်များကို စော်ကားနှောင့်ယှက်ခြင်းပြုမပြုဟူသောအချက်နှင့်မသက်ဆိုင်ပေ။ မှန်ကန်သော တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေရန်ပြုမပြုဟူသော အချက်သာလျှင်အဓိကဖြစ်ပေသည်။ အမှုကြားနာနေစဉ်အတွင်း ဘုရားကျောင်းနှင့် သက်ဆိုင်သောသူများအား စာရွက်စာတန်းရိုက်နှိပ်ဝေငှခြင်းမှာ မည်သူက မှန်၍ မည်သူကမှားသည်ဟူသောအချက်ကိုဆန္ဒယူသည့် သဘောသက်ရောက်သဖြင့် တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် လျှောက်ထားခံရသူ အမ်၊ ကေ၊ ဒတ္တားသည် ရုံးတော်ကိုမထေမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်သည်။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ မစ္စတာ ဘီ၊ ကေ၊ဆင်း။

လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးကျား။

ရုံးတော်ကို မထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ၊ လျှောက်ထားသောအမှုဖြစ်သည်။ လျှောက်ထားသူ ပီ၊ ဘီ၊ ချောင်ဒရီနှင့် လျှောက်ထားခံရသူ အမ်၊ ကေ၊

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၀။

† လျှောက်ထားသူအားလျှောက်ထားခံရသူက လှိုင်မြို့နယ်တရားရုံးပြစ်မှုကြီးအမှတ် ၉၃၂/၇၄ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ၊ လျှောက်ထားသူအပေါ် တရားစွဲဆိုမှုနှင့်ပတ်သက်၍ **လျှောက်ထားခံရသူအပေါ် ရုံးတော်အားမထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် လျှောက်ထားခြင်း။**

၁၉၇၆

ပီ၊ဘီ၊ချောင်ဒရီ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် အင် မ်၊ ကော၊ ဒတ္တား။

ဒတ္တားတို့သည် လှိုင်မြို့နယ်တရားရုံးတွင် အမှုဆိုင်လျက် ရှိကြသည်။ ယင်းအမှုမှာ အင် (မ်)၊ ကော၊ ဒတ္တားက ပီ၊ ဘီ၊ ချောင်ဒရီအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၀ အရ အသရေဖျက်မှုနှင့် တရားစွဲဆိုသော ပြစ်မှုကြီး အမှတ် ၉၃၂/၇၄ ဖြစ်လေသည်။

အမှုကို စစ်ဆေးကြားနာနေစဉ် အင် (မ်)၊ ကော၊ ဒတ္တားက အမှုအကြောင်းခြင်းရာနှင့်ပတ်သက်၍ စာရွက်စာတန်းများ ရိုက်နှိပ် ဝေငှသည်။ ယင်းပြုမှုချက်သည် တရားစီရင်ရေးကို ထိခိုက်စေလျက် ရုံးတော်ကို မထေမဲ့မြင်ပြုလုပ်ရာ ရောက်ကြောင်းဖြင့် ပီ၊ ဘီ၊ ချောင်ဒရီက ရုံးတော်ကို မထေမဲ့မြင်ပြုမှု ဥပဒေ ပုဒ်မ ၃ အရ၊ အင် (မ်)၊ ကော၊ ဒတ္တားအပေါ်တွင် အရေးယူရန် လျှောက်ထားခြင်းဖြစ်သည်။ လျှောက်လွှာနှင့်အတူ အင် (မ်)၊ ကော၊ ဒတ္တားအမည်နှင့် ဝေငှသော ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် နေ့စွဲပါ ကြေငြာစာတန်းကို ပူးတွဲတင်ပြသည်။ ယင်းကြေငြာစာတန်းမှာ စာကူးစက်ဖြင့် ရိုက်နှိပ်၍ ဘုရားကျောင်းကိုးကွယ်သူများထံ ဖြန့်ဝေခြင်းဖြစ်သည်။ ကြေငြာစာတန်းတွင် ပီ၊ ဘီ၊ ချောင်ဒရီနှင့် အင် (မ်)၊ ကော၊ ဒတ္တားတို့ မပြေမလည် ဖြစ်ရသည့် အကြောင်းအရာများကို ဖော်ပြထားသည်။ အင် (မ်)၊ ကော၊ ဒတ္တားသည် ဘုရားကျောင်းအတွင်းရေးမှူးအနေဖြင့် လုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်များကိုသာ ဆောင်ရွက်ကြောင်းလည်းဖော်ပြထားသည်။

ပီ၊ ဘီ၊ ချောင်ဒရီ နှင့် အင် (မ်)၊ ကော၊ ဒတ္တားတို့သည် လှိုင်မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ အရ အမှုစစ်ဆေးကြားနာစဉ်အတွင်း အင် (မ်)၊ ကော၊ ဒတ္တားက အမှု ဖြစ်ပျက်သည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဘုရားကျောင်းကိုးကွယ်သူများအား ရှင်းတမ်း ရိုက်နှိပ်ထုတ်ဝေခြင်းသည် တရားရုံးတော်အား မထေမဲ့မြင် ပြုကျင့်ရာ ရောက်မရောက် စဉ်းစားရန်ရှိသည်။ အင် (မ်)၊ ကော၊ ဒတ္တားက မိမိသည် ရုံးတော်အား မည်သည့်အခါကမျှ မထေမဲ့မြင် မပြုလုပ်ခဲ့ကြောင်း၊ တင်ပြထားသော စာတန်းမှာလည်း ရုံးတော်အားလည်းကောင်း၊ အမှုဝင် တရားသူကြီးများအားလည်းကောင်း ထိခိုက်ပတ်သက်ခြင်းမရှိကြောင်း တင်ပြသည်။

ရုံးတော်ကို မထေမဲ့မြင် ပြုလုပ်သည်ဆိုရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၈ နှင့် ရုံးတော်ကို မထေမဲ့မြင်ပြုမှု ဥပဒေ ပုဒ်မ ၃ တို့ကို ခွဲခြားသိရှိရန် လိုအပ်ပေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၈ သည် တရားစီရင်မှုဆောင်ရွက်နေသော တရားစီရင်ရေး အဖွဲ့ဝင်များအား စော်ကားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်သည်။ ရုံးတော်ကို မထေမဲ့မြင်ပြုမှု ဥပဒေ ပုဒ်မ ၃ သည်သီးခြားပြဋ္ဌာန်းထားသော ဥပဒေတရပ် ဖြစ်၍ လက်အောက်ခံရုံးများနှင့်ပတ်သက်၍ မထေမဲ့မြင်ပြုမှုများ ရှိခဲ့လျှင် ဗဟိုတရားရုံးက အရေးယူ ဆောင်ရွက်ခြင်းဖြစ်သည်။

။ၸိုလ်ယ့်ၦ်ၵါ်ၜ ႏၵူး ႏၸဝဝ့်ၜါလ ၎ ယူဒ့ၵထေ
ၵိုၵ့်လ်ဒ ယဲ့ၼ်ၵ့လဲၵ ၀၀၆ ၊ ၁ဝယူဒ ၆ဒ ၆ ၵဒ့်ၵ်ဒဝဂ်ၶ ၸိုလ်ၵ့်လ်ၵါ် ၃ၵ်ၵို
ထဝၵ ႏၵါ်ၵ့ထဝႏမ္ပႏထဲ ၿမ့ၵ်ၸိုလ်ႏလႏ။ၜ်ၵ်ၵ် ၆ဒဒဝဂ်ၶၵ်ၵ်ၵ်ၵ်ၵိုထဝၵ ယ့်
ၸ့ယဝႏမ့် ၸိုလ် ႏၸိုဒ ၊ယဝ ၊(၅) ၃ဒ ၶ်ၸၶ့ႏၸယ့ၵါ်လဝ ၃ၵ်ၿမ်ၵ်ၵ် ။ၸိုလ်ၵ်ၼ်ၸဝ
ၵ်ၵ် ယ့်ၵ်ဒ့ၵ်ၼ်ၵဒ ယ့်ႏၵ်ၿမ်ႏၵ့ႏၶဝ့်ၶဝ့်ထဲယ ၃ၵ်ၵ်ၸိုယ်ထဲဝယ့ၸ ၸၸဝၸ
ၸိုလ်ၵ်ၼ်ထ ယ့်ယ့်ၜါ်ဒဒၸလဝၵ်ၸိုလ်ႏၸၵ်ယၵ်ၸိုလ်ၵ ၿမ့ၼ်ၵ်ယၵ်ၸိုလ်ၵ ၸၵ်ႏ၃ၵ်ၵ်ဝဝ ၵ့်ၼ်
ယ့်ၵ် ႏၼ်ထၸဝယ့်မ်ၸဝ ႏၸဒႏၵါ်ၵ်ၸလဝ့်ၸိုယ့်ယၸ ၃ၼ်ႏ၃ၵါ်ယဝႏထဲ ႏ၃ၸိုဒၸိုဝၼ်ဝ
ၸၼ်ႏၸၿမ်ၵ်ဒ ယ့်ၵါ်လၵ်ၵ်ႏၵ့လဒ့်ၵ်ဒ ၸိုလ်ယ့ၿမ် ။ၸိုလ်ၵဝ့် ၃ၵ်ၵ်ၼ်ၵ့လ်ၵါ် ႏၵါ်ႏၼ်ႏၵဝ
ၼ်လ်ၼ်ၵ် ႏၸိုလ်ယ့်ႏၵါ်ယၵါ်ၵ်ၵ်ၸထဝႏ၃ၵ ။ၸိုလ်မ်ၵ်ၵ်ၼ်ၵ်ၵ်ၸယ ၆ဒဒဝဂ်ၶၸလဝယ့ၸ
ၸလ့်ၸိုမ်ၸ့ထဝႏမ့် ၸလဝၵ်ယ့ၵါ်လႏထဒဝၸ့ၸၼ်ႏၸၿမ် ယၸိုလ်ၵ်ဒ ထဲ၃ၵ်ၸိုယ့ၸ ယ့်
ႏၵါ်ယ့လဒယ့ၜါ်ဒ ၸလဝၵ်ၵ်ၵ်ၵ်ၸယ ၿမ့ယ့ၸယ့ၵ်ၵ်ၼ်ထဲ၃ၵ်ႏ၃ၵ်ၿမ်ၵဒ ၸိုလ်ယ့ၵါ်ၵ်ၵ်ၵ်ဒ
။ၸိုလ်ၸၸိုၵ် ယ့်ၵ့်ၼ်ၵ်ၜ ၸိုလ်ၸိုလ်ၵ်ၼ်ၸဝၵ်ၵ် ယ့်ၵ်ဒ့ၵ်ၼ်ၵဒ ၿမ့ယ့ၸယ့ၵ ၃ၵ်ၵ်ဒ
ထၸၼ်ႏၸၿမ်ႏထဒဝၸ ၿမ့ၵ်ၵ်ႏ၃ၵ်ၵ်ဝဝၵ့်ၼ်ယ့်ၵ် ႏၼ်ထၸဝယ့်မ်ၸဝ ႏၸဒႏၵါ်ၸိုၵ်ယ့ႏယ့်
ႏ၃ၵါ်ယဝႏထဲ ယ့်ႏ၃ၵ်ၿမ်ၼ်ယ့ၼ်ၵ် ၃ၵါ်လၸလၵ်ၵ် ႏ၃ၸိုဒၼ်ၵ်ဒ ၸိုၼ်ဝၸၼ်ႏၸၿမ်ႏထဒဝၸ
၃ၸိုၸ့ထဝႏမ္ပႏထဲ ၿမ့ၸၵ်ၵ်ၵ်ၵ်ဒ ၃ၼ်ၸ၃ၵါ်ၸဝ ၊၄ ၊၇ ယႏၸိုဒ ၊ယဝ ၊(၅) ၃ဒ

။ၸိုလ်ၵဝၵ်ၵ်ယ့ၸဒ
၃ၵါ်လၸလယ့ၜါ်ဒ ၸလဝၵ် ၵ်ၵ်ၵ် ၼ်ၸဝဝၵ်ၵ်ယ့်ၵ်ဒ့ၵ်ၼ်ၵဒ ယ့်ႏ၃ၵ်ၿမ်ႏၵ့လ
ႏၶဝ့်ၶဝ့်ႏထဲယ ၸလဝၼ်ယ့ၼ်ၵ် ။ၵဝ့်ၸိုယ့ၸၵ ၃ၼ်ယ့ၜါ်ဒဒၸလဝၵ် ၵ်ၵ်ၵ် ႏ၃ၵ်
ယ့်ၵ်၃ၼ်ၵ ႏၸယ့ၸဝ ယ့်ႏၵါ်၃ဝၵ်ဒႏၶဝ့်ၶဝ့်ႏထဲယ ၆ဒႏၵါ်ယ့ၜါ်ႏၼ်ၸ၅ၵ် ၂၀ ပ၂
ၵဒ့်ၵ်ဒဝဂ်ၶ ထဲ၃ၵ်ၵ်ၵ်ၵ် ၸိုလ် ၆ ၵဒ့်ၵ် ဒဝဂ်ၶယူဒ ၵ်ၵ်၃ၵ်ၵ်ၵိုထဝၵ ယ့်ၸ့ယဝႏမ့်

။ၸိုဒ ၊ယဝ ၊၅ ၃ဒ ၸ့ယဝ၃ၼ် ၸၵ်ၼ်ၵ်ၸဝၵ်ၸ ယ့လၵ်မ်ၸိုၸ မ့်ၸလဝၸိုလ်ၵ် ၃ၼ် ၼ်ၸ့ၵါ်ၸဝ၊၄၊၇ — ၃၆၅၀ ၊

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်၊ ဦးသန့်စင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဒီဇင်ဘာလ ၁၅ ရက်။

ဂျာကီ (ခေါ်) မောင်ရဲအောင်

နှင့်

[ရှိက်မတ်ဘီဘီ (ခေါ်) မကြည် *]

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၃) အရ မပေးပျက်ကွက်သည့် မယားအတွက် စားစရိတ် တောင်းခံခြင်း—မဟာမေဒင်ဘာသာဝင်ယောက်ျားတဦးသည် ဇနီးဖြစ်သူကို တလာပ်ပေး၍ ကွာရှင်းသည့်နေ့မှအစပြုပြီး လင်မယားကွာရှင်းကြောင်း အသိအမှတ်ပြုနိုင်ခြင်း—သို့ရာတွင် ယင်းတလာပ်ပေးခဲ့သည့်အကြောင်းကို အခြေပြု၍ လင်မယားကွာရှင်းလိုမှု တရားရုံးတွင် စွဲဆိုသဖြင့် ကွာရှင်းခွင့်ရရှိခဲ့လျှင် ယင်းတရားရုံး၏အမိန့်ကိုသာ လိုက်နာဆောင်ရွက်ရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မဟာမေဒင်ဘာသာဝင်ယောက်ျားတဦးသည် ဇနီးဖြစ်သူကို တလာပ်ပေး၍ ကွာရှင်းသည့်နေ့မှအစပြုပြီး လင်မယား ကွာရှင်းကြောင်း အသိအမှတ်ပြုနိုင်သည်။ သို့ရာတွင် မောင်ရဲအောင်သည် ယင်းတလာပ်ပေးခဲ့သည့်အကြောင်းကို အခြေပြု၍ လင်မယားကွာလိုမှုစွဲဆိုရာ လင်မယားကွာရှင်းမှုဒီကရီကို ၁၉၇၅-ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင်မှရရှိသည်။ မဟာမေဒင်ဘာသာ ဥပဒေမှာ မဟာမေဒင်ဘာသာဝင် လူပုဂ္ဂိုလ်တစု၏ဥပဒေဖြစ်သည်။ ပုဂ္ဂလိကဥပဒေဘာသာရပ်သည် နိုင်ငံတော် တရားရုံးမှချမှတ်သော အမိန့်ဒီကရီကို မလွှမ်းမိုးနိုင်ချေ။ မောင်ရဲအောင်သည် တလာပ် ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ခိုင်မြဲမှုမရှိသောကြောင့် ယင်းတလာပ်ပေးခဲ့ခြင်းအပေါ် အကြောင်းပြု၍ လင်မယား ကွာရှင်းမှုစွဲဆိုခြင်းဖြစ်ရာ လင်မယားကွာရှင်းခွင့်ပြုသော တရားရုံး၏ အမိန့်အရ သာလျှင် လိုက်နာဆောင်ရွက်ရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူ အတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးတင်ထွန်း။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဘလွန်း။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀၈ (ခ) / ၄၃၆ (ခ)။

† ၁၉၇၄ / ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု / ပြင်ဆင်မှု အမှတ် ၄ / ၁ တွင်ချမှတ်သော ၁၉၇၄ / ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလ ၄ / နိုဝင်ဘာလ ၅ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဂျာကီ (ခေါ်) မောင်ရဲအောင် နှင့် ရှိုက်မတ်ဘီဘီ (ခေါ်) မကြည်။

ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀၇ (ခ)/၇၄ နှင့် ၄၃၆ (ခ)/၇၅ အမှုတို့မှာ လျှောက်ထားသူ မောင်ရဲအောင် (ခေါ်) ဂျာကီက လျှောက်ထားခံရသူအား မယား စရိတ်နှင့် ကလေးစရိတ်များ ပေးစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့ပြီး တိုင်း တရားရုံးက အတည်ပြုခဲ့ခြင်းကို မောင်ရဲအောင်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ တင်သွင်းသော အမှုများဖြစ်သည်။ ဤအမိန့်သည် ဆက်စပ်သော အမှု ၂ မှုတို့ အတွက် အကျုံးဝင်စေရမည်။

မောင်ရဲအောင်က မှကြည်အား လူကြီးစရိတ် ကျပ် ၁၀၀ နှင့် ကလေးစရိတ် ကျပ် ၅၀ လစဉ်ပေးရန် ချမှတ်သော တရားရုံးအမိန့်ကို မနာခံသောကြောင့် မကြည်က ဒလမြို့နယ် တရားရုံးတွင် ၁၉၇၃ ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ ဒီဇင် ဘာလ ၃၀ ရက်နေ့အထိ ၅ လအတွက် လူကြီးစရိတ် ကျပ် ၅၀၀ နှင့် ကလေးစရိတ် ကျပ် ၂၅၀ ရလိုကြောင်း လျှောက်ထားရာ ရုံးက ခွင့်ပြုသည်။ မောင်ရဲအောင်၏ အယူခံကို ရန်ကုန်တိုင်း တရားရုံးက ပယ်သောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းရာ ပြင်ဆင်မှုအမှတ် ၄၀၇ (ခ)/၇၄ ဖြစ်သည်။ မောင်ရဲအောင် အပေါ် မကြည်က တရားရုံးသို့ လျှောက်ထားစဉ် စားစရိတ်ပေးရန် ဆက်လက်ပျက်ကွက် သောကြောင့် မကြည်က ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၇၅ ခုနှစ်၊ သြဂုတ် လ ၃၀ ရက်နေ့အထိ လပေါင်း ၂၀ အတွက် လူကြီးစရိတ် ကျပ် ၂၀၀၀ နှင့် ကလေး စရိတ် ကျပ် ၁၀၀၀ ပေးရန် ဒလမြို့နယ် တရားရုံးတွင် ထပ်မံလျှောက်ထားခြင်းကို ရုံးမှ ခွင့်ပြုသည်။ မောင်ရဲအောင်၏ အယူခံကို ရန်ကုန်တိုင်း တရားရုံးက ပယ်သော ကြောင့် မောင်ရဲအောင်က ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းရာ ပြင်ဆင်မှုအမှတ် ၄၃၆ (ခ)/၇၅ ဖြစ်သည်။

မောင်ရဲအောင်က တင်ပြသည်မှာ မိမိသည် ၁၉၇၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မကြည်အား မဟာမေဒင် ဘာသာအရ တလာပ်ပေး၍ ကွာရှင်းပြီးဖြစ်သောကြောင့် ယင်းနေ့နောက်ပိုင်း စားစရိတ်များပေးရန် မလိုတော့ကြောင်း ဖြစ်သည်။ မောင် ရဲအောင်သည် မကြည်အပေါ်တွင် လင်မယား ကွာရှင်းပေးရန် အမှုကို ဒလမြို့နယ် တရားရုံးတွင် စွဲဆိုရာ တရားမကြီးမှုအမှတ် ၁၀/၇၄ ဖြစ်၍ လင်မယား ကွာရှင်းသော အမိန့်ဒီကရီကို ၁၉၇၅ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်နေ့တွင် ချမှတ်သည်။ ထို့ကြောင့် စားစရိတ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်း တရားရုံးက မောင်ရဲအောင်သည် လင်မယား ကွာရှင်းသည့် အမိန့်ဒီကရီ ချမှတ်သော ၁၉၇၅ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်နေ့အထိ ပေးစေရန် အမိန့်ချမှတ်သည်။ သို့ရာတွင် မောင်ရဲအောင်က မဟာမေဒင် ဘာသာ အရ တလာပ်ပေးသော ၁၉၇၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့အထိသာ စားစရိတ်များ ပေးသင့်ကြောင်း အဆိုပြုသည်။

၁၉၇၆

ဂျာကီ (ခေါ်) မောင်ရဲအောင် နှင့် ရိုက်မတ်ဘီဘီ (ခေါ်) မကြည်။

မဟာမေဒင် ဘာသာဝင် ယောကျ်ားတဦးသည် ဇနီးဖြစ်သူကို တလာပ်ပေး၍ ကွာရှင်းသည့်နေ့မှ အစပြုပြီး လင်မယားကွာရှင်းကြောင်း အသိအမှတ် ပြုနိုင်သည်။ သို့ရာတွင် မောင်ရဲအောင်သည် ယင်းတလာပ်ပေးခဲ့သည့် အကြောင်းကို အခြေပြု၍ လင်မယား ကွာလိုမှုစွဲဆိုရာ လင်မယား ကွာရှင်းမှုဒီကရီကို ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် မှရရှိသည်။ မဟာမေဒင် ဘာသာဥပဒေမှာ မဟာမေဒင် ဘာသာဝင် လူပုဂ္ဂိုလ်တစုံ၏ ဥပဒေဖြစ်သည်။ ပုဂ္ဂလိက ဥပဒေဘာသာရပ်သည် နိုင်ငံတော် တရားရုံးမှ ချမှတ်သော အမိန့်ဒီကရီကို မလွှမ်းမိုးနိုင်ချေ။ မောင်ရဲအောင်သည် တလာပ်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ ခိုင်မြဲမှုမရှိသောကြောင့် ယင်းတလာပ် ပေးခဲ့ခြင်း အပေါ် အကြောင်းပြုကာ လင်မယား ကွာရှင်းမှု စွဲဆိုခြင်းဖြစ်ရာ လင်မယား ကွာရှင်းခွင့်ပြုသော တရားရုံး၏ အမိန့်အရသာလျှင် လိုက်နာဆောင်ရွက် ရပေမည်။ ထို့ကြောင့် မောင်ရဲအောင် တင်သွင်းသော ပြင်ဆင်မှု ၂ မှုလုံးကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ၊ ဦးသန့်စင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်စံရှင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * — † ၁၉၇၆ နိုဝင်ဘာလ ၈ ရက်။

နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက်အမိန့်အမှတ် ၁/၇၄၊ ထောင်ဒဏ်ကျခံနေရစဉ် အကျဉ်းထောင်မှထွက်ပြေးခြင်း— ကြေငြာချက်ထုတ်ပြန်ပြီးနောက် လက်နက်ချ အလင်းဝင်ရောက်ခြင်း— ကြေငြာချက်အမိန့်အပိုဒ် (၂) မှာ ပြစ်ဒဏ်ကျခံနေရသူနှင့်သာ သက်ဆိုင်ခြင်း— ဥပဒေချိုးဖောက်ပြီး အကျဉ်းထောင်မှ ထွက်ပြေး တိမ်းရှောင်နေသူသည် ကြေငြာချက်အမိန့်၏ အကျိုးကိုခံစားခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် တရားရုံးက ချမှတ်သည့်အမိန့်လိုက်နာပြီး ပြစ်ဒဏ်ကျခံနေရမည်ဆိုလျှင် နိုင်ငံတော်ကောင်စီ ကြေငြာချက်အရ အကျိုးခံစားခွင့်ရှိပေမည်။သို့ရာတွင် လျှောက်ထားသူသည် တရားရုံး၏အမိန့်ကိုမနာခံပဲ ဥပဒေကို ချိုးဖောက်၍ အကျဉ်းထောင်မှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်သောကြောင့် နိုင်ငံတော်ကောင်စီ ကြေငြာချက်အမိန့် အကျိုးခံစားခွင့်မရှိနိုင်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသက်ဖေ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ မောင်စံရှင်အပေါ် မြိတ်မြို့ ဖြ ရာဘက် ရာဇဝတ် တရားသူကြီးရုံး၏ ၁၉၆၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၈ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ၊ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ ထောင်ဒဏ် ၄ နှစ် အပြစ်ပေးခဲ့သည်။ လျှောက်ထားသူသည် ၁၉၆၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် မြိတ်မြို့ အကျဉ်းထောင်မှ ယိုးဒယားနိုင်ငံသို့ ထွက်ပြေး၍ ၁၉၇၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် မြိတ် အနောက်မြို့နယ် ပြည်သူ့ကောင်စီ အတွင်းရေးမှူးထံ လက်နက်ချ အလင်းဝင်သည်။

---

* ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၈၄/၇၆။

† ၁၉၆၈ ခုနှစ်၊ ပြစ်မှုကြီးအမှု အမှတ် ၅၈ တွင် ချမှတ်သော၊ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါမြိတ်မြို့ ဖြ ရာဘက်ရုံး၏အမိန့်ကို နိုင်ငံတော်ကောင်စီ ကြေငြာချက် ၁/၇၄ ပါ အကျိုးခံစားခွင့်ပြုရန် လျှောက်ထားခြင်း။

၁၉၇၆

မောင်စံရှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ထိုအခါတွင် လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ချမှတ်ခဲ့သော ထောင်ဒဏ် ၄ နှစ် အပြစ်ဒဏ်မှ ကျန်ရှိနေသေးသော အပြစ်ဒဏ်ကာလများကို ဆက်လက်ကျခံစေရန် မြိတ်မြို့ အကျဉ်းထောင် အာဏာပိုင်များက ဆုံးဖြတ်သည်။

လျှောက်ထားသူက နိုင်ငံတော်ကောင်စီ ကြေငြာချက်ကို ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခြင်းဖြစ်၍ ယင်းထုတ်ပြန်သည့် နေ့ရက်မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံနေရပါက လျှော့ပေါ့ကျခံနိုင်သည်ဟု သတ်မှတ်ထားကြောင်း။ မိမိ ပြစ်မှုကျူးလွန်သော နေ့ရက်မှာ ၁၉၆၈ ခုနှစ်၊ မေလ ၂၆ ရက်နေ့ ဖြစ်သောကြောင့် နိုင်ငံတော်ကောင်စီ၏ ကြေငြာချက်အရ အကျုံးဝင်ကြောင်း တင်ပြသည်။

နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက် အပိုဒ် (၂) တွင် ကြေငြာချက် ထုတ်ပြန်သည့် နေ့ရက်မတိုင်မီက ကျူးလွန်ခဲ့သော ပြစ်မှုတခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကျခံနေရပါက ယင်းသို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ ပြဋ္ဌာန်းသည့်အတိုင်း လျှော့ပေါ့သတ်မှတ်ခွင့် ပြုကြောင်း ပါရှိသည်။ လျှောက်ထားသူသည် လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ကြေငြာချက် ထုတ်ပြန်သည့် အချိန်တွင် အပြစ်ဒဏ် ကျခံနေရသည် မဟုတ်ချေ။ အကျဉ်းထောင်မှ ထွက်ပြေး တိမ်းရှောင်လျက်ရှိသည်။

လျှောက်ထားသူသည် ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ထောင်ဒဏ် ၄ နှစ် အပြစ်ပေးခံရသည် ဖြစ်သောကြောင့် အကျဉ်းထောင်မှ ထွက်ပြေးခြင်း မပြုခဲ့လျှင် နောက်ဆုံး ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ အကျဉ်းထောင်မှ လွတ်မြောက်မည် ဖြစ်သောကြောင့် ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှာ ထုတ်ပြန်ကြေငြာသော၊ နိုင်ငံတော်ကောင်စီ၏ ကြေငြာချက်နှင့် ပတ်သက်၍ မည်သို့မျှ အရေးဆိုရန် အကြောင်းပေါ်ပေါက်မည် မဟုတ်ချေ။

လျှောက်ထားသူသည် တရားရုံးက ချမှတ်သည့်အမိန့် လိုက်နာပြီး ပြစ်ဒဏ်ကျခံနေရမည်ဆိုလျှင် နိုင်ငံတော်ကောင်စီ ကြေငြာချက်အရ အကျိုးခံစားခွင့် ရှိပေမည်။ သို့ရာတွင် လျှောက်ထားသူသည် တရားရုံး၏ အမိန့်ကို မနာခံပဲ ဥပဒေကို ချိုးဖောက်၍ အကျဉ်းထောင်မှ ထွက်ပြေးတိမ်းရှောင်နေသူ ဖြစ်သောကြောင့် နိုင်ငံတော်ကောင်စီ ကြေငြာချက် အမိန့်အကျိုး ခံစားခွင့်မရှိနိုင်ဟု ယူဆသဖြင့် ပြင်ဆင်မှု လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်စံရှိန်

နှင့်

မကြင်ရီ *

†၁၉၇၆
မတ်လ ၆ ရက်။

ဇနီးဖြစ်သူ နေအိမ်မှ ဆင်းသွားသည့်နေ့ကစ၍ စားစရိတ်ပေးစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ မှားယွင်းမှု ရှိ မရှိ— စားစရိတ်သတ်မှတ်ရာတွင် ယောကျ်ားဖြစ်သူသည် ၎င်း၏မိဘများနှင့်အတူနေထိုင်၍ချောင်ချောင်လည်လည်ရှိသူတယောက်ဖြစ်သည်ဟု ထည့်သွင်းစဉ်းစားခြင်းမှာမှန်ကန်ခြင်းရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ဇနီးဖြစ်သူနေအိမ်မှ ဆင်းသွားသည့်နေ့ကအစပြု၍ စားစရိတ်များပေးစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရမှားယွင်းလျက်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ အရ၊ တရားရုံးသည် စားစရိတ်ပေးစေရန်အမိန့်ချမှတ်သောအခါတွင် သာမန်အားဖြင့် အမိန့်ချမှတ်သောနေ့ရက်မှအစပြု၍ ပေးစေရန်၊ သို့မဟုတ် လျှောက်လွှာတင်သွင်းသောနေ့မှအစပြု၍ ပေးစေရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။စားစရိတ်ကို ယောကျ်ားဖြစ်သူ၏ ဝင်ငွေအပေါ်တွင်သာမူတည်၍ သတ်မှတ်သင့်သည်။ ၎င်း၏မိဘများနှင့်အတူ နေထိုင်၍ ချောင်ချောင်လည်လည်ရှိသူတယောက်ဖြစ်သည်ဟူ၍ စားစရိတ်သတ်မှတ်ရာတွင် စဉ်းစားခြင်းမှာလည်း မှန်ကန်ခြင်းမရှိချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးအုံးကျော်(ကိုယ်စား) ဦးဇော်ဝင်းလှိုင် လာသည်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။မလာ။

လျှောက်ထားသူ မောင်စံရှိန်နှင့် လျှောက်ထားခံရသူ မကြင်ရီတို့သည် အကြင်လင်မယား ဖြစ်ကြ၍ ကလေးတယောက် ရရှိသည်။ မကြင်ရီသည် ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ယောကျ်ားနှင့် မသင့်မြတ်သောကြောင့် မိဘနေအိမ်သို့ ပြန်လည် နေထိုင်သည်။ ထို့နောက် စားစရိတ် လျှောက်ထားသောအခါတွင် မကွေး

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၅၅ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၈ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့စွဲပါ မကွေးတိုင်း (မကွေးမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆ မောင်စံရှိန် နှင့် မကြင်ရီ။

မြို့နယ် တရားရုံးက မယားစရိတ် တလ ကျပ်၄၀ နှင့် ကလေးစရိတ် တလ ကျပ် ၂၀ ပေးစေရန်အမိန့် ချမှတ်ခြင်းကို မကွေးတိုင်းတရားရုံးက အတည်ပြုသည်။မောင်စံရှိန်က ဗဟိုတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထား၍ မိမိအပေါ် သတ်မှတ်သော ကလေးစရိတ်နှင့် မယားစရိတ်မှာ များပြားကြောင်း၊ တရားဥပဒေနှင့်လည်း ညီညွတ်မှု မရှိကြောင်း တင်ပြသည်။

မြို့နယ်တရားရုံးက မောင်စံရှိန်အပေါ်တွင် မကြင်ရီ နေအိမ်မှဆင်းသွားသော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ အစပြု၍၊ မယားစရိတ်ပေးစေရန်နှင့် ကလေးစရိတ်ကို ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ အစပြု၍ ပေးစေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ လွဲမှားလျက်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၄၈ (၂) အရ တရားရုံးသည် စားစရိတ်ပေးစေရန် အမိန့် ချမှတ်သောအခါတွင် သာမန်အားဖြင့် အမိန့် ချမှတ်သောနေ့ရက်မှ အစပြု၍ ပေးစေရန်၊ သို့မဟုတ်လျှောက်လွှာ တင်သွင်းသောနေ့မှ အစပြု၍ ပေးစေရမည်ဖြစ်သည်။ လျှောက်ထားသူ၏ လစဉ်ဝင်ငွေမှာ ကျပ် ၈၀ မျှသာဖြစ်သော်လည်း ယင်းမိဘများနှင့် အတူနေထိုင်၍ ချောင်ချောင်လည်လည်ရှိသူတယောက် ဖြစ်သည်ဟူ၍ စားစရိတ်သတ်မှတ်ရာတွင် စဉ်းစားခြင်းမှာလည်း မှန်ကန်ခြင်းမရှိချေ။ စားစရိတ်ကို ယောကျ်ားဖြစ်သူ၏ ဝင်ငွေအပေါ်တွင်သာ မူတည်၍ သတ်မှတ်သင့်သည်။

မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ချမှတ်သောအမိန့်ကို ပယ်ဖျက်၍ လျှောက်ထားသူ မောင်စံရှိန်သည် လျှောက်ထားခံရသူ မကြင်ရီအား၊ ကလေးစရိတ် တလလျှင် ကျပ် ၂၀ နှင့် မယားစရိတ် တလလျှင် ကျပ် ၃၀ တို့ကို နယ်တရားရုံးအမိန့် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ အစပြု၍ ပေးစေရမည်။ ထို့အပြင် ရုံးကုန်ကျစရိတ် ၁၃ ကျပ် ၈၀ ပြားကိုလည်း ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးလွင်မောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ဦးလှိုခဲဝါ ၂။ ဦးတင်ဦး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးအာသာကောင်း) *

† ၁၉၇၆ ဩဂုတ်လ ၁၆ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က)ကိုစီရင်ပိုင်ခွင့်မရှိပဲ တိုင်းတရားရုံးက စီရင်ထားခြင်းကို ဗဟိုဘရားရုံးက ပယ်ဖျက်ခဲ့ခြင်း—စီရင်ပိုင်ခွင့်ရှိသည့် ဗဟိုတရားရုံးသို့ တင်သွင်းသည့်အခါ လက်ခံစဉ်းစားနိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ဗဟိုတရားရုံးက တိုင်းတရားရုံး၏အမိန့်ကိုပယ်ဖျက်ရာတွင် အမှုအကြောင်းခြင်းရာနှင့်ပတ်သက်၍ စဉ်းစားခဲ့သည်မဟုတ်ချေ။ ကျင့်ထုံးပုဒ်မ ၅၆၁ (က) စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးပိုင်ခွင့်မရှိပဲ ကျင့်သုံးဆောင်ရွက်ခဲ့သော တိုင်းတရားရုံး၏အမိန့်ကိုဥပဒေ ကြောင်းအရ ပယ်ခဲ့ခြင်းသာဖြစ်သည်။ ယခု ယင်းအာဏာကျင့်သုံးနိုင်ခွင့်ရှိသော ဗဟိုတရားရုံးသို့ အမှုတင်သွင်းလာပြီးဖြစ်သောကြောင့် အမှုကြောင်းခြင်းရာနှင့်ပတ်သက်၍ စဉ်းစားရန်လိုပေလိမ့်မည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဘိုးသာ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ- ဦးညွန့်လှိုင်။

လျှောက်ထားသူ (၁) ဦးလှိုခဲဝါနှင့် လျှောက်ထားခံရသူ ဦးအာသာကောင်းတို့သည် သံဖြူဇရပ်မြို့နယ် ရာဘာခြံ အစုစပ် လုပ်ငန်း၏ အစုရှင်များ ဖြစ်ကြသည်။ လျှောက်ထားသူ (၂) ဦးတင်ဦးမှာ ဦးလှိုခဲဝါ၏ ရှေ့နေဖြစ်သည်။ အစုရှင် အချင်းချင်း လုပ်ငန်းနှင့် ပတ်သက်၍ မသင့်မမြတ်ဖြစ်ကြသောအခါတွင် ဦးလှိုခဲဝါက ၎င်း၏ရှေ့နေ ဦးတင်ဦးမှတဆင့် ဦးအာသာကောင်း၏ဇနီး ဒေါ်ရင်ကြည်ထံ အကြောင်းကြားစာ ပေးပို့ခဲ့သည်။ ထိုစာတွင် ဦးအာသာကောင်း၏အမည်ကို ညှိုးနွမ်းစေမည့်စကားရပ်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၂ တွင်၊ ချမှတ်သော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့ တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆
၁။ ဦးလှိုင်ခဲ့ဝါ
၂။ ဦးတင်ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးအာသာ
ကောင်း)။

များ ပါသည်ဟူ၍ ဦးအာသာကောင်းက မရမ်းကုန်းမြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ အရ ဦးတိုက် စွဲဆိုသည်။ မြို့နယ်တရားရုံးက အမှုကို လက်ခံ အရေးယူသောကြောင့် ဦးလှိုင်ခဲ့ဝါနှင့် ဦးတင်ဦးတို့က၊ ရန်ကုန်တိုင်းတရားရုံးတွင် အမှုကို ပယ်ဖျက်ပေးရန် ကျင့်ထုံးပုဒ်မ ၅၆၁ (က) အရ လျှောက်ထားရာ၊ ပယ်ဖျက်ရန်အမိန့်ချမှတ်ခဲ့သည်။ သို့သော် တိုင်းတရားရုံး၌ ကျင့်ထုံးပုဒ်မ ၅၆၁ (က) အာဏာမရှိဟု ဗဟိုတရားရုံးမှ တိုင်းတရားရုံးအမိန့်ကို ပယ်ဖျက်လိုက်သောကြောင့် ယခုတဖန်လျှောက်ထားသူများက၊ အာဏာရှိသော ဗဟိုတရားရုံးသို့ မူလရုံးအမှုပယ်ဖျက်ပေးရန် တိုက်ရိုက်တက်ရောက်လာခြင်း ဖြစ်ပေသည်။

လျှောက်ထားခံရသူဘက်မှ တင်ပြသည်မှာ တိုင်းတရားရုံး၏အမှုပယ်ဖျက်သောအမိန့်ကို ဗဟိုတရားရုံးက ယခင်တကြိမ် ပယ်ဖျက်ပြီး၊ အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သောကြောင့် အမှုပယ်ဖျက်ရန်အတွက် ထပ်မံစဉ်းစားနိုင်ခွင့် မရှိတော့ကြောင်းဖြစ်သည်။

ဗဟိုတရားရုံးက တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ရာတွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍၊ စဉ်းစားခဲ့သည် မဟုတ်ချေ။ ကျင့်ထုံးပုဒ်မ ၅၆၁ (က) စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးပိုင်ခွင့်မရှိပဲ ကျင့်သုံးဆောင်ရွက်ခဲ့သော တိုင်းတရားရုံး၏အမိန့်ကို ဥပဒေကြောင်းအရ ပယ်ဖျက်ခဲ့ခြင်းသာဖြစ်သည်။ ယခု ယင်းအာဏာကျင့်သုံးပိုင်ခွင့်ရှိသော ဗဟိုတရားရုံးသို့ အမှုတင်သွင်းလာပြီဖြစ်သောကြောင့် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ စဉ်းစားရန်ကို လိုပေလိမ့်မည်။

ဦးလှိုင်ခဲ့ဝါနှင့် ဦးအာသာကောင်း၏ဇနီး ဒေါ်ရင်ကြည်တို့သည်၊ သံဖြူဇရပ်မြို့နယ် ရေစက်တောင် ရာဘာခြံလုပ်ငန်းတွင် အစုရှင်များဖြစ်ကြသည်။ အစုစပ်လုပ်ငန်းကို ဒေါ်ရင်ကြည်၏ကိုယ်စား ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအာသာကောင်းက မူလ ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် ဦးလှိုင်ခဲ့ဝါကဆောင်ရွက်ခဲ့သည်။ ထိုအချိန်၌ စီးပွားရေးဆုတ်ယုတ်လာသဖြင့်၊ ဦးအာသာကောင်းက တိုင်းနှင့် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများတွင် တိုင်ကြားခဲ့ရာ ဦးလှိုင်ခဲ့ဝါ၏အုပ်ချုပ်မှုကို ရုပ်သိမ်း၍ ကြီးကြပ်ကွပ်ကဲမှု ကော်မတီက လုပ်ငန်းကို အုပ်ချုပ်ခဲ့သည်။

လျှောက်ထားသူဦးလှိုင်ခဲ့ဝါကအစုစပ်လုပ်ငန်းများဖျက်သိမ်းလိုသောကြောင့် ရှေ့နေဦးတင်ဦးမှတဆင့် ဦးအာသာကောင်း၏ဇနီး ဒေါ်ရင်ကြည်ထံ လုပ်ငန်းစာချုပ်ပါစည်းကမ်းအရ သမာဓိလူကြီးခန့်ရန် နို့တစ်စာတစောင် ပေးပို့ခဲ့သည်။ ယင်းစာတွင်

ဦးအာသာကောင်း၏ ဂုဏ်သိက္ခာ ပျက်စေသည့် စကားရပ်များပါသည်ဟူ၍၊ ဦးအာသာကောင်းက လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀ အရ တရားစွဲဆိုခြင်းဖြစ်သည်။

၁၉၇၆

၁။ ဦးလှခိုင်ဝါ
၂။ ဦးတင်ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ဦးအာသာ ကောင်း)။

လျှောက်ထားသူက လျှောက်ထားခံရသူ၏ဇနီးထံ ပေးပို့သောစာတွင် အောက်ပါအတိုင်းဖော်ပြပါရှိပါသည်။

> "ဦးအာသာကောင်းသည် ဦးလှခိုင်ဝါအပေါ် အမျိုးမျိုး မဟုတ်မမှန် မတရားစွပ်စွဲလျက်ရှိသည့်အပြင်၊ အစိုးရအရာရှိများအားလည်း၊ မဟုတ်မမှန် စွပ်စွဲတိုင်တန်းပါသည်။ အထက်ပါကဲ့သို့ မဟုတ်မမှန် စွပ်စွဲနေခြင်းမှာ ဦးအာသာကောင်းက အဆိုပါခြံ၌ ပြန်လည်၍ မန်နေဂျာလုပ်ကိုင်လိုသော ဆန္ဒရှိနေသဖြင့်၊ ဤကဲ့သို့ စွပ်စွဲခြင်းဖြစ်သည်ဟု ယူဆပါသည်။ "

ဦးအာသာကောင်းက အထက်ဖော်ပြပါရှိချက်များသည် မိမိ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေကြောင်း ယူဆသောကြောင့်၊ ယင်းစာသားများသည် ဥပဒေပုဒ်မ ၅၀၀ နှင့် အကျုံးဝင်ခြင်းရှိ မရှိ စိစစ်ရန်လိုအပ်ပေလိမ့်မည်။

အသရေဖျက်မှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၉ တွင် ရှင်းလင်းဖော်ဖော်ပြချက်များ တွေ့မြင်နိုင်သည်။ လူတဦးတယောက်ကို နစ်နာစေရန်အကြံဖြင့် ထိုလူ၏ အသရေကို နစ်နာစေမည်ဟုသိလျက်နှင့် စွပ်စွဲချက်ပြုလျှင်၊ အသရေဖျက်မှု မြောက်သည်။ ယင်းအသရေဖျက်မှု မြောက်စေရန် လူတဦးတယောက်အပေါ် ယေဘုယျအားဖြင့် ဖြစ်ဖွယ်ရာ အခြေခံ ရှိသည်ဟု သူတပါးယုံကြည်ခြင်းဖြစ်စေရန် လိုအပ်သည်။

ပြစ်မှုဆိုင်ရာဥပဒေတွင် အသရေဖျက်မှု မမြောက်သော ကင်းလွတ်ချက်များလည်း ပြဋ္ဌာန်းချက်ရှိရာ နဝမ ကင်းလွတ်ချက်မှာ မိမိအကျိုး သို့မဟုတ် အခြားသူ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရန် သဘောရိုးဖြင့် စွပ်စွဲခြင်းဖြစ်သည်။ လျှောက်ထားသူ (၁) သည် အစုစပ်လုပ်ငန်းဖျက်သိမ်းရန်နှင့်ပတ်သက်၍ မိမိအကျိုးအတွက် လျှောက်ထားခံရသူထံသို့ နို့တစ်စာပေးပို့ခြင်းဖြစ်သည်။ လျှောက်ထားသူ၏မကောင်းသတင်းကို အကြောင်းမရှိ လိုက်လံဖြန့်ဝေခြင်းမဟုတ်ချေ။ လျှောက်ထားသူ (၂) ကလည်း ရှေ့နေတဦးအဖြစ် မိမိအမှုသည်၏ ညွှန်ကြားချက်အရ နို့တစ်စာရေးပေးရခြင်းဖြစ်သည်။ ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စမဆောင်ရွက်၍ သက်ဆိုင်သူများထံ နို့တစ်စာပေးခြင်းမှာလည်း ဥပဒေအရ ဆောင်ရွက်ရသည်ဖြစ်သော လုပ်ငန်းတရပ်ပင် ဖြစ်

၁၉၇၆

၁။ ဦးဆွမ်ခဲဝါ
၂။ ဦးတင်ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ဦးအာသာ
ကောင်း)။

သည်။ နို့တစ်စာတွင် ဦးအာသာကောင်းသည်၊ ဦးဆွမ်ခဲဝါအပေါ် အစိုးရအရာရှိများထံ မဟုတ်မမှန် စွပ်စွဲတိုင်တန်းသည်ဟုဖော်ပြခြင်းမှာ ဦးအာသာကောင်းအပေါ်၊ဂုဏ်သရေ ညှိုးနွမ်းဖွယ်သိမ်စေသည်ဟူ၍ မယူဆနိုင်ချေ။ ရာဘာခြံတွင် ပြန်လည်၍၊ မန်နေဂျာ လုပ်ကိုင်လိုသော ဆန္ဒရှိကြောင်း ဖော်ပြခြင်းအားဖြင့်လည်း ဂုဏ်သရေသေးသိမ် ညှိုးနွမ်းစေနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိသော မရမ်းကုန်းမြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုအမှတ် ၁၁၀၂/၇၃ အမှုတွဲကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဦးလွင်မောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ကိုဇော်မင်း ၂။ ကိုရွှေလှ ၃။ အဘူဘာသဲ

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးကျော်စိန်) *

† ၁၉၇၆

အောက်တိုဘာလ ၁ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ မူလမြို့နယ်တရားရုံးက စွဲချက်မတင်ပဲတရားရှင်လွှတ်ခဲ့ခြင်း။ တိုင်းတရားရုံးက မည်သည့်အတွက် မူလရုံး၏ အမိန့်ကိုပယ်ဖျက်သင့်ကြောင်း ထုချေခွင့် ပေးခြင်းမရှိပဲအမှုကိုအစမှတဖန် ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်ခြင်း ဥပဒေနှင့်ညီမညီ။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံး၏ အမှုတွဲကိုလေ့လာသောအခါတွင် ပြင်ဆင်မှုကိုကြားနာစဉ်က တိုင်းတရားရုံးသည် လျှောက်ထားသူများဖြစ်ကြသော မောင်ဇော်မင်း ပါ သုံးဦးတို့အား အကြောင်းကြားခြင်းမရှိ၊ မူလရုံး၏အမိန့်ကို အဘယ်ကြောင့်မပယ်ဖျက်သင့်ကြောင်း အကြောင်းပြရန်အခွင့်အရေးပေးခြင်းလည်း မရှိပဲ လျှောက်ထားသူများအား မျက်ကွယ်တွင်ဖော်ပြခဲ့သည့် အမိန့်ကို ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ချမှတ်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့်ပြင်မောင်ဇော်မင်း ပါ သုံးဦးတို့တွင် အကျိုးထိခိုက်နစ်နာခဲ့ရကြောင်း တွေ့ရှိရသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးကျား။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးသိန်းလွင်။

ကျောက်တံတား မြို့နယ်တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇၂၇ တွင် မောင်တင်၊ မောင်ဇော်မင်း၊ အဒူရော်ကီး၊ မောင်ရွှေလှ၊ အဘူဘာသဲနှင့် ဂျလာဟာမက်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၁၁၄ အရ၊ တရားစွဲဆိုခဲ့သည်။ ထိုတရားရုံးက တရားလို ဦးကျော်စိန်အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ၊ စစ်ဆေးပြီး တရားခံ ၆ ဦးတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ၊ အရေးယူကြောင်း အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် တရားခံများအား ဆင့်ခေါ်ခဲ့

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၆ (ခ)။

† ၁၉၇၄ ခုနှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊အောက်တိုဘာလ ၃ ရက်နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

၁။ ကိုဇော်မင်း၊
၂။ ကိုရွှေလှ၊
၃။ အဘူဘာဆဲ
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
(ဦးကျော်စိန်)

သည်။ တရားခံ မောင်တင်၊ မောင်ဇော်မင်း၊ မောင်ရွှေလှနှင့် အဘူဘာဆဲတို့ လာကြသည်။ ကျန်တရားခံနှစ်ဦး (အဒူရှော်ကီးနှင့် ဂျလာဟာမက်) တို့ မလာချေ။ ယင်းတို့အပေါ် သမ္မန်စာ အတည်မဖြစ်သဖြင့် သမ္မန်စာအသစ် ထပ်မံထုတ်ရန် အမိန့်ချမှတ်၍ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့သို့ ချိန်းဆိုခဲ့သည်။ ထိုနေ့တွင် တရားခံလေးဦးသာ လာရောက်၍ ကျန်တရားခံ အဒူရှော်ကီးနှင့် ဂျလာဟာမက်တို့ မလာရောက်ချေ။ ထိုနေ့တွင် တရားစီရင်ရေး အဖွဲ့ဝင် နှစ်ဦးသာ ရှေ့ထိုင်လျက် တရားလို၏ ထွက်ချက်အရ၊ တရားခံ မောင်တင် တဦးတည်းအပေါ်၌သာ အရေးယူရန် ပေါ်ပေါက်ကြောင်း သုံးသပ်တွေ့ရှိရသည်ဟု ဖော်ပြပြီး တရားခံ မောင်ဇော်မင်း၊ မောင်ရွှေလှနှင့် အဘူဘာဆဲတို့အား တရားရှင်လွှတ်စေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို တရားလို ဦးကျော်စိန်က မကျေနပ်သဖြင့် ပယ်ဖျက်ပေးပါရန် ရန်ကုန်တိုင်းတရားရုံး၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁ တွင် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက ကြားနာ၍ မူလရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး တရားစီရင်ရေးအဖွဲ့သစ်ဖြင့် အမှုကို အစမှတဖန်ပြန်လည်စစ်ဆေးစေရန်အမိန့်ချမှတ်ခဲ့သည်။ တိုင်းတရားရုံး၏အမိန့်ကို မောင်ဇော်မင်း၊ မောင်ရွှေလှနှင့် အဘူဘာဆဲတို့က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

တိုင်းတရားရုံး၏ အမှုတွဲကို လေ့လာသောအခါ ပြင်ဆင်မှုကို ကြားနာစဉ်က တိုင်းတရားရုံးသည် လျှောက်ထားသူများ ဖြစ်ကြသော မောင်ဇော်မင်းပါ သုံးဦးတို့အား အကြောင်းကြားခြင်း မရှိ၊ မူလရုံး၏ အမိန့်ကို အဘယ်ကြောင့် မပယ်ဖျက်သင့်ကြောင်း အကြောင်းပြရန် အခွင့်အရေးပေးခြင်းလည်းမရှိပဲ လျှောက်ထားသူများအား မျက်ကွယ်တွင် ဖော်ပြခဲ့သည့် အမိန့်ကို ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုကဲ့သို့ ချမှတ်ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆ ၏ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည့်ပြင် မောင်ဇော်မင်း ပါ သုံးဦးတို့တွင် အကျိုးထိခိုက် နစ်နာခဲ့ရကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးက လျှောက်ထားသူများထံ အကြောင်းကြားစာများထုတ်၍ အကြောင်းပြရန် အရေးပေးပြီး ဥပဒေနှင့်အညီ ကြားနာဆုံးဖြတ်ရန် ညွှန်ကြားလိုက်သည်၊

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ နှင့် ဗိုလ်မှူးကြီး လှမောင် တို့ပါဝင်သော ဗဟိုဘာရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ ဩဂုတ်လ ၇ ရက်။

ဦးညိုမောင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်ကျင်နု) *

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က) ခြံမြေကို ဒိမိဘိုင်မြေအဖြစ် လွှဲပြောင်းရယူထားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူပေးရန် ခ လျှောက်ထားခြင်း မြို့နယ်တရားရုံးမှပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူခဲ့ခြင်း အချင်းဖြစ်မြေနှင့်ပတ်သက်၍ မြို့နယ်မြေယာကော်မတီက လျှောက်ထားသူအား အနိုင်ပေးခဲ့ပြီး လျှောက်ထားခံရသူမှ မကျေနပ်၍ဗဟိုမြေယာကော်မတီသို့ အယူခံဝင်ရောက်ထားဆဲဖြစ်ခြင်း မြို့နယ်တရားရုံးတွင် စစ်ဆေးကြားနာ ဆုံးဖြတ်ပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်မြေသည် ဥယျာဉ်ခြံမြေဟုဆိုသဖြင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေပုဒ်မ ၂ (၁)(ခ)၊ ရှင်းလင်းချက် (၁) တွင် အဓိပ္ပာယ်သတ်မှတ်ဖော်ပြချက်အရ လယ်ယာမြေတွင် အကျုံးဝင်သည်။ ထိုခြံမြေနှင့်ပတ်သက်၍ သီးစားပြဿနာဖြစ်ပွားသဖြင့် ကဒုံကနိ ကျေးရွာမြေယာကော်မတီမှတဆင့် ဘိုကလေးမြို့နယ် မြေယာကော်မတီရှေ့သို့ ရောက်ရှိလာခဲ့သည်။ မြို့နယ်မြေယာကော်မတီက ဦးညိုမောင်အား အနိုင်ပေးကာ ဆုံးဖြတ်ခဲ့သောကြောင့် ဒေါ်ကျင်နုက မကျေနပ်၍ ဗဟိုမြေယာကော်မတီသို့ အယူခံဝင်ထားကြောင်း မှုလရုံးအမှု၌ ဒေါ်ကျင်နုနှင့် သက်သေဦးဘသန်းတို့၏ထွက်ချက်များအရ ပေါ်လွင်သည်။ ဤကဲ့သို့ဗဟိုမြေယာကော်မတီရှေ့ရောက်နေသည့်ပြဿနာကိုဘိုကလေးမြို့နယ် တရားရုံးကစစ်ဆေးကြားနာဆုံးဖြတ်ပိုင်ခွင့် မရှိသဖြင့်ယင်းအမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က) အရ ပယ်ဖျက်ရပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသန်းမြင့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ ဦးထွန်းဖေ။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၂ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃ တွင် ချမှတ်သော၊၁၉၇၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ မော်လမြိုင်ကျွန်းမြို့ ရုံးထိုင် (ဘိုကလေးမြို့) တိုင်းတရားရုံး၏အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၆

ဦးညိုမောင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဒေါ်ကျင်နု)။

ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ သူကြီးဟောင်း ဦးညိုမောင်သည် သီးစားချထားပေးရန် လွှဲအပ်ထားသော ဥယျာဉ်ခြံမြေအတွက် ရရန်ရှိသော သီးစားငွေကျပ် တသောင်းကျော်ကို မပေးသည့်ပြင် ထိုဥယျာဉ်ခြံမြေကို ၎င်း၏ ခြံအပြင် လွှဲပြောင်းယူထားသဖြင့် ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ၊ အရေးယူပါရန် ဒေါ်ကျင်နုက ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ ဘိုကလေးမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၃၆ သတ်မှတ်၍ ဦးညိုမောင် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ၊ အရေးယူ ဆောင်ရွက်ခဲ့သည်။ ယင်းအမှုကို ပယ်ဖျက်ပေးပါရန် ဦးညိုမောင်က ဗဟိုတရားရုံးသို့ လျှောက်ထားဖြစ်ခြင်းသည်။

အချင်းဖြစ်မြေသည် ဥယျာဉ်ခြံမြေဟုဆိုသဖြင့် ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၂(၁) (ခ)၊ ရှင်းလင်းချက်(၁)တွင် အဓိပ္ပာယ်သတ်မှတ် ဖော်ပြထားချက်အရ၊ လယ်ယာမြေတွင် အကျုံးဝင်သည်။ ထိုခြံမြေနှင့် ပတ်သက်၍ သီးစားပြဿနာ ဖြစ်ပွားသဖြင့် ကဒုံကနိကျေးရွာ မြေယာကော်မတီမှတဆင့် ဘိုကလေးမြို့နယ် မြေယာကော်မတီရှေ့သို့ ရောက်ရှိလာခဲ့သည်။ မြို့နယ်မြေယာ ကော်မတီက ဦးညိုမောင်အား အနိုင်ပေးကာ ဆုံးဖြတ်ခဲ့သောကြောင့် ဒေါ်ကျင်နုက မကျေနပ်၍ ဗဟိုမြေယာ ကော်မတီသို့ အယူခံ ဝင်ထားကြောင်း မူလရုံးအမှုတွဲ ဒေါ်ကျင်နုနှင့် သက်သေ ဦးဘသန်းတို့၏ ထွက်ဆိုချက်များအရ ပေါ်လွင်သည်။ ထိုကဲ့သို့ ဗဟိုမြေယာကော်မတီရှေ့ ရောက်နေသည့် ပြဿနာကို ဘိုကလေးမြို့နယ် တရားရုံးက စစ်ဆေးကြားနာ ဆုံးဖြတ်ပိုင်ခွင့် မရှိသဖြင့် ယင်းအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က)အရ ပယ်ဖျက်ရပေမည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ဘိုကလေးမြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉၃၆ ကို ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ်ဗိုလ်မှူးကြီး လှမောင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ နိုဝင်ဘာလ ၃၀ ရက်။

မောင်ညွန့်လွင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုမှာ အချိန် နံနက်ပိုင်းဖြစ်ခြင်း၊ လူနေရပ်ကွက်အတွင်းဖြစ်ခြင်း၊ အော်ဟစ်တိုင်တန်းမှုမရှိခြင်း၊တနေကုန်နေ၍ ရေမိုးချိုးပြီးတညအိပ်ခဲ့ခြင်း၊ နောက်နေ့တွင် လာခေါ်သူနှင့်ပြန်လာခြင်း၊တရားခံ၏မယားနှင့်တွေ့မှ ပြဿနာပေါ်ခြင်းတို့ကြောင့်အလုပ်ရှင်ဖြစ်၍ မအော်ပါ၊ မိန်းမသားဖြစ်၍ ကြောက်၍သည့်အတွက် မအော်ပါ၊ မတိုင်တန်းပါဟု ကောက်ချက်ချ၍သင့်မသင့် သဘောတူညီမှုရှိလျှင် သွေးဆောင်ခြင်း၊ ယဉ်ပါးအောင်ပြုလုပ်ခြင်းများကိုစဉ်းစားရန်လိုမလို။

ဆုံးဖြတ်ချက်။ ။မသန်းနုကို အလိုမတူပဲ သားမယားပြုကျင့်သည်ဆိုသောအချိန်မှာ နံနက်ပိုင်းဖြစ်သည်။ဖြစ်ပွားသောနေရာမှာလည်း အရပ်ထဲတွင်ရှိနေသည့် အိမ်တအိမ်၌ဖြစ်သည်။သို့သော် မသန်းနုသည် မည်သို့မျှအော်ဟစ်ခြင်း၊ အိမ်နီးပါးချင်းများကို တိုင်တန်းခြင်းများမရှိခဲ့သည့်ပြင်၊ ထိုအိမ်မှာတနေကုန်အောင်နေကာရေမိုးချိုးပြီးတညအိပ်ခဲ့သည် ။နောက်တနေ့တွင်လည်းမိမိအား မောင်ညွန့်လွင် မတရားပြုကျင့်နိုင်ရန်အတွက် ခေါ် လာသည် ဆိုသောမောင်ခွေးနှင့်အတူပင် ပြန်လာစဉ်မယားကြီးဖြစ်သူနှင့် ပက်ပင်းတွေ့ပြီး ပြဿနာဖြစ်ရခြင်းဖြစ်သည်။ ဤသို့တနေ့နှင့်တည ကျော်သွားလာနေထိုင်ခဲ့ကြောင်း အထောက်အထားရှိနေသောကြောင့် မိမိ၏အလုပ်ရှင်ဖြစ်နေ၍ မအော်ပါ၊ မိန်းမသားဖြစ်၍ ကြောက်ရွံ့သည့်အတွက် မအော်ပါ၊ ကြောက်ရွံ့သည့်အတွက် မတိုင်တန်းပါဟူသော ကောက်ချက်ချ မှတ်ရန်မသင့်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးသည် မောင်ညွန့်လွင်၏ အယူခံကိုပယ် သောအခါတွင် မသန်းနု၏လူဘန်းစားပြဿနာနှင့်အသက်ငယ်ရွယ်သူတဦးဖြစ်ခြင်းကိုများစွာအလေးပေးခဲ့သည်ဟု ယူဆနိုင်သည်။တိုင်းတရားရုံးကမောင်ညွန့်လွင်သည် မသန်းနုအားအိမ်ဖော်အဖြစ်တန်ရာတန်ကြေး မပေးပဲ တလ ၁၀ိ သာပေး၍လုပ်အားကို ခေါင်းပုံဖြတ်ခဲ့ခြင်း၊ရိုးသားသောမိန်းမငယ်တဦးကို ယဉ်ပါးအောင်လုပ်၍ကာမရယူခြင်းအစရှိသောအချက်များ ဖော်ပြခဲ့သည်။မုဒိမ်းမှုနှင့်ပတ်သက်၍ အဓိကစဉ်းစားရန်မှာ မိန်းကလေး၏သဘောတူညီမှု ရှိမရှိသာဖြစ်သည်။ သဘောတူညီမှုရှိခဲ့လျှင် သွေးဆောင်ခြင်း၊ ယဉ်ပါးအောင် ပြုလုပ်ခြင်း အစရှိသောအချက်များကို စဉ်းစားရန်မလိုချေ။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၇၆ (ခ)၊

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၂ တွင်၊ ချမှတ်သော ၁၉၇၅ ခုနှစ်၊ဩဂုတ်လ ၂၀ ရက်နေ့စွဲပါ၊ ဧရာဝတီတိုင်း (ပုသိမ်မြို့) ရုံးထိုင် တရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၇၆

မောင်ညွန့်လွင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ မစ္စတာ ဂန်ဂူလီ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ မောင်ညွန့်လွင်သည် မသန်းနု ဆိုသူအား အလိုမတူပဲ သားမယား ပြုကျင့်သည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ၊ ပုသိမ် အနောက်မြို့နယ်တရားရုံးက ထောင်ဒဏ် (၅) နှစ် အပြစ်ပေးသည်။ တိုင်းတရားရုံးက မောင်ညွန့်လွင်၏ အယူခံကို ပယ်သည်။

တရားလိုဘက်မှ တင်ပြသည်မှာ မသန်းနုသည် မောင်ညွန့်လွင်၏ အိမ်မှ အိမ်ဖော်မိန်းကလေးဖြစ်၍ အချင်းဖြစ်သည့် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၅ နာရီ အချိန်ခန့် အလုပ်ဆင်းရန်လာစဉ် မောင်ညွန့်လွင်က တပည့် မောင်ခွေးဆိုသူ၏ ဆိုက်ကားနှင့် လိုက်သွားရန်ပြောသောကြောင့် မသန်းနုသည် မခင်စမ်း ဆိုသူ၏ နေအိမ်သို့ လိုက်သွားသည်။ မောင်ခွေးက မသန်းနုအား ထိုအိမ်တွင် ထားခဲ့သည်။ မကြာမီ မောင်ညွန့်လွင်ရောက်လာ၍ မခင်စမ်းက အပြင်သို့ ထွက်သွားစဉ် မောင်ညွန့်လွင်က မသန်းနုအား အခန်းတွင်း တွဲခေါ်ကာ အလိုမတူပဲ သားမယား ပြုကျင့်သည်။ မခင်စမ်း ပြန်လာသောအခါ မောင်ညွန့်လွင် ထွက်သွားသည်။ ထိုညတွင် မသန်းနုသည် မခင်စမ်း၏ နေအိမ်မှာပင်အိပ်သည်။ နောက်တနေ့ ၁၉၇၄ ခုနှစ်၊ ဖြေဂုတ်လ ၂၇ ရက်နေ့ နေ့လယ်ပိုင်းတွင် မောင်ခွေး လာခေါ်သောကြောင့် မောင်ခွေးနှင့် မသန်းနုတို့ ပြန်လာစဉ် လမ်း၌ မောင်ညွန့်လွင်၏ ဇနီး မစိန်ကြည်နှင့် ရင်ဆိုင်တွေ့ရာ မစိန်ကြည်က မသန်းနုအား မယားငယ်မဆိုကာ ပါးကိုရိုက်ပြီး အိမ်သို့ ခေါ်သွားသည်။ မကြာမီ မသန်းနု၏မိခင် မကြိုင်လိုက်လာပြီး မသန်းနုအား ပြန်ခေါ်သွားသည်။ ယိုနေ့ည ၁၀ နာရီ အချိန်ခန့်တွင် မသန်းနုက မောင်ညွန့်လွင်အပေါ် မုဒိမ်းမှုဖြင့် ရဲစခန်းသို့ တိုင်ချက်ပေးခြင်း ဖြစ်သည်။

မသန်းနုအား ဆေးရုံသို့ပို့၍ ဆေးစစ်ချက်ယူသောအခါတွင် ဆရာဝန်က မသန်းနု၏ အပျိုမှေး စုတ်ပြဲနေသည်ကို တွေ့ရှိရကြောင်း၊ သို့သော် ယင်းစုတ်ပြဲသည့် ဒဏ်ရာမှာ ဒဏ်ရာဟောင်းဟု ယူဆကြောင်း၊ မသန်းနု၏ မိန်းမကိုယ်မှ အရည်ကို ခွာတ်ခဲ့၍ သုနမှ စစ်ဆေးသောအခါတွင် ယောကျ်ားသုက်ပိုး မတွေ့ရှိရကြောင်း ထွက်ဆိုလေသည်။

လျှောက်ထားသူ မောင်ညွန့်လွင်က တင်ပြသည်မှာ မိမိနှင့် မသန်းနုတို့သည် တအိမ်တည်း အတူနေထိုင်ကြရာမှ ကျူးကျူးလွန်လွန် ဖြစ်ကြသည်။ ထိုအကြောင်း ဇနီးဖြစ်သူ သိရှိသောအခါတွင် မသန်းနုကို နေ့ပိုင်းတွင်သာ အလုပ်ဆင်းစေသည်။

၁၉၇၆

မောင်ညွန့်လွင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

အချင်းဖြစ်ပွားသောနေ့က မိမိနှင့် မသန်းနုတို့သည် မခင်စမ်း နေအိမ်တွင် သဘောတူ တွေ့ဆုံစကား ပြောကြသည်။ မသန်းနုသည် ထိုအိမ်တွင် တညအိပ်ပြီး ပြန်လာစဉ် လမ်း၌ မိမိဇနီး မစိန်ကြည်က မယားငယ်မဟုတ်ဆိုကာ ပါးရိုက်ခြင်း ခံရသည်။ မိမိက လည်း ဇနီးဖြစ်သူကို အတိုက်အခံ မပြုခဲ့သောကြောင့် မသန်းနုက မကျေနပ်ပဲ မုဒိမ်းမှု တိုင်တန်းကြောင်း ဖြစ်သည်။

တရားလိုဘက်မှ အဓိကသက်သေမှာ မခင်ဝင်း (လိုပြ-၂) ဖြစ်၍၊ မသန်းနုကို ထောက်ခံခြင်း မရှိချေ။ မခင်ဝင်းက အချင်းဖြစ်ပွားသောနေ့ နံနက်စောစော မသန်းနုနှင့် မောင်ခွေးတို့ မိမိအိမ်ကို ရောက်ရှိလာသည်။ မသန်းနုက ယင်းနှင့် မောင်ညွန့်လွင်တို့ ဖြစ်ပျက်နေသည်ကို မယားကြီး မစိန်ကြည် သိသွား၍ ဆူဆူပူပူ ဖြစ်နေကြောင်း၊ ထို့ကြောင့် ခိုးရာလိုက်လာကြောင်း ပြောပြပြီး၊ မောင်ခွေးအား မောင်ညွန့်လွင်ကို ခေါ်ခိုင်းသည်။ မကြာမီ မောင်ညွန့်လွင် ရောက်လာသောကြောင့် မိမိ ဈေးဝယ်ရန် ထွက်သွားသည်၊ အိမ်ပြန်လာသော အခါတွင် မောင်ညွန့်လွင်နှင့် မသန်းနုတို့ အိမ်ရှေ့တန်းလျားတွင် စကားပြောနေကြသည်ကို တွေ့ရပြီး နောက် မောင်ညွန့်လွင် ပြန်သွားသည်။ မသန်းနုကို ညက မိမိအိမ်မှာပင် အိပ်သည်။ နောက် တနေ့ နံနက်တွင် မောင်ညွန့်လွင် ရောက်လာပြီး မစိန်ကြည် လိုက်ရှာနေကြောင်း ပြောသောအခါမှာ မသန်းနုက အခြားလွတ်ရာသို့ သွားမည်ဟု ပြန်ပြောကြောင်း ထွက်ဆိုလေသည်။ ထို့ကြောင့် အဓိကသက်သေ မခင်စမ်းက မသန်းနုကို လုံးဝ ထောက်ခံခြင်း မပြုသည့်ပြင် တရားခံ မောင်ညွန့်လွင်၏ တင်ပြချက်ကိုပင် ထောက်ခံ လျက်ရှိကြောင်း တွေ့မြင်နိုင်သည်။

မောင်ညွန့်လွင်က အလိုမတူပဲ သားမယားပြုကျင့်ကြောင်း မသန်းနု တဦးတည်း ၏ ထွက်ဆိုချက်ရှိရာ ကာယကံရှင် တဦးတည်း၏ ထွက်ဆိုချက်ပင် ဖြစ်လင့်ကစား ယုံကြည်လက်ခံ စဉ်းစားရမည် ဖြစ်သော်လည်း မသန်းနုကို မောင်ညွန့်လွင်က အဓမ္မ ပြုကျင့်ကြောင်း ပတ်ဝန်းကျင် အထောက်အထားများ မရှိချေ။ မသန်းနုကို အလို မတူပဲ သားမယားပြုကျင့်သည် ဆိုသောအချိန်မှာ နံနက်ပိုင်းဖြစ်သည်။ ဖြစ်ပွား သောနေရာမှာလည်း အရပ်ထဲတွင် ရှိနေသည့် အိမ်တအိမ်၌ဖြစ်သည်။ သို့သော် မသန်းနုသည် မည်သို့မျှ အော်ဟစ်ခြင်း၊ အိမ်နီးပါးချင်းများကို တိုင်တန်းခြင်းများ မရှိခဲ့သည့်ပြင်၊ ထိုအိမ်မှာ တနေကုန်အောင်နေကာ ရေမိုးချိုးပြီး တညအိပ်ခဲ့သည်။ နောက်တနေ့တွင်လည်း မိမိအား မောင်ညွန့်လွင် မတရားပြုကျင့်နိုင်ရန် အတွက် ခေါ်လာသည်ဆိုသော မောင်ခွေးနှင့် အတူပင် ပြန်လာစဉ် မယားကြီး ဖြစ်သူနှင့် ကံပင်းတွေ့ပြီး ပြဿနာဖြစ်ရခြင်းဖြစ်သည်။

၁၉၇၆

မောင်ညွန့်လွင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဤကဲ့သို့ တနေ့နှင့်တညကျော် သွားလာနေထိုင်ခဲ့ကြောင်း အထောက်အထား ရှိနေသောကြောင့် မိမိ၏ အလုပ်ရှင်ဖြစ်၄/နေ၍ မအော်ပါ၊ မိန်းမသား ဖြစ်၍ ကြောက်ရွံ့သည့်အတွက် မအော်ပါ၊ ကြောက်ရွံ့သည့်အတွက် မတိုင်တန်းပါဟူသော ကောက်ချက်ချမှတ်ရန် မသင့်ချေ။

မသန်းနုအား မောင်ညွန့်လွင်၏ ဇနီးက မယားငယ်မဟုတ်ဆိုကာ လမ်းတွင် ပါးရိုက်ပြီးနောက် မသန်းနုက မိဘများကို တိုင်တန်းသည်၊ တဆက်တည်းမှာပင် အရပ်လူကြီး ဦးဖိုးနှင့် ဦးရွှေလေးတို့ကိုလည်း တိုင်တန်းခဲ့သည်ဟု အဆိုရှိသည်။ သို့ရာတွင် ဦးဖိုးနှင့် ဦးရွှေလေးတို့အား သက်သေတင်ပြခြင်း မရှိချေ။ သက်သေခံဥပဒေ ပုဒ်မ ၁၁၄ အရ၊ တရားလို၏ စွဲဆိုချက်ကို ထောက်ခံနိုင်သော သက်သေများအား တရားလိုဘက်မှ တင်ပြခြင်း မရှိလျှင် ယင်းသက်သေများ၏ ထွက်ချက်သည် တရားလိုနှင့် ဆန့်ကျင်ဘက် ဖြစ်နိုင်သည်ဟူ၍ တရားရုံးက မှတ်ယူနိုင်သည်။ မသန်းနုသည် မိမိ အသက်ကိုပင် မှန်ကန်စွာ ထွက်ဆိုခဲ့ခြင်း မရှိခဲ့ချေ။ ပထမ သတင်းပေး တိုင်ချက်တွင် မသန်းနုက အသက် ၁၆ နှစ်ဟု ဖော်ပြသည်။ ရုံးရှေ့ အစစ်ခံသောအခါမှ အသက် ၁၅ နှစ်ဟူ၍ ထွက်ဆိုသည်။ ယင်းသို့ အသက်လျှော့၍ ထွက်ခြင်းမှာ အသက်မပြည့်သူတဦးအား ပြုကျင့်ခြင်းခံရသည့် သဘောသက်ရောက်စေရန် ဖြစ်နိုင်သည်။ဆရာဝန်၏ ဆေးစစ်ချက်နှင့် မသန်းနု၏ အိမ်ထောင်စု စာရင်းအရ၊ မသန်းနုမှာ အသက် ၁၆ နှစ် ကျော်လွန်လျက်ရှိသူ တဦးဖြစ်ကြောင်း ထင်ရှားသည်။ ပထမ သတင်းပေးစဉ် အချိန်တွင် ၁၆ နှစ်ဖြစ်ကြောင်း ထွက်ဆိုခဲ့ပြီးနောက် ရုံးရှေ့သို့ ရောက်သောအခါမှ ၁၅ နှစ် ဖြစ်ကြောင်း ပြောင်းလဲ၍ထွက်ဆိုခဲ့ရာ ဤသို့ တည်ငြိမ်မှု မရှိသော ထွက်ဆိုချက်ဖြင့် စွပ်စွဲပြုလုပ်သောသူတဦးကို ယုံကြည်ရန် သင့်မသင့်လည်း စဉ်းစားရန် ရှိသည်။

တိုင်းတရားရုံးသည် မောင်ညွန့်လွင်၏ အယူခံကို ပယ်သောအခါတွင် မသန်းနု၏ လူတန်းစား ပြဿနာနှင့် အသက်ငယ်ရွယ်သူတဦး ဖြစ်ခြင်းကို များစွာ အလေးပေးခဲ့သည်ဟု ယူဆနိုင်သည်။ တိုင်းတရားရုံးက မောင်ညွန့်လွင်သည် မသန်းနုအား အိမ်ဖော်အဖြစ် တန်ရာတန်ကြေး မပေးပဲ တလ ၁၀ ကျပ်သာပေး၍ လုပ်အားကို ခေါင်းပုံဖြတ်ခဲ့ခြင်း၊ ရိုးသားသော မိန်းမငယ်တဦးကို ယဉ်ပါးအောင်လုပ်၍ ကာမရယူခြင်း အစရှိသော အချက်များ ဖော်ပြခဲ့သည်။ မုဒိမ်းမှုနှင့် ပတ်သက်၍ အဓိက စဉ်းစားရန်မှာ မိန်းကလေး၏ သဘောတူညီမှု ရှိ မရှိသာ ဖြစ်သည်။ သဘောတူညီမှု ရှိခဲ့လျှင် သွေးဆောင်ခြင်း၊ ယဉ်ပါးအောင် ပြုလုပ်ခြင်း အစရှိသော အချက်များကို စဉ်းစားရန် မလိုချေ။

၁၉၇၆

မောင်ညွန့်လွင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အမှု ဖြစ်ပျက်သည့် အကြောင်းအရာအားလုံးကို ခြုံငုံစဉ်းစားလျှင် လျှောက်ထားသူ မောင်ညွန့်လွင်သည် အချင်းဖြစ်ပွားသောနေ့က မသန်းနု၏ သဘောတူညီချက်မရှိပဲ အမေ့မှပြုကျင့်သည်ဟူသော အချက် မပေါ်ပေါက်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်ကို ပယ်ဖျက်၍ မောင်ညွန့်လွင်အား အမှုမှ အပြီးအပြတ်လွှတ်သည်။ မောင်ညွန့်လွင် အပြစ်မရှိလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/၁၀၉ အရ၊ အားပေးကူညီမှုဖြင့် ထောင်ဒဏ် (၂) နှစ် အပြစ်ပေးခံရသော ပူးတွဲတရားခံ မောင်ခွေးလည်း အပြစ်မရှိနိုင်သောကြောင့် မောင်ခွေးအားလည်း အမှုမှ အပြီးအပြတ် လွှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်၊ ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဩဂုတ်လ
၁၄ ရက်။

မောင်တင်မောင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မိန်းမထဘီတွင်သုက်ပိုးမတွေ့ရကာမျှဖြင့် ပြစ်မှုမကျူးလွန်ဟုမဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မုဒိမ်းပြုကျင့်သူမှာ မောင်တင့်မောင်ဖြစ်ကြောင်း မအုန်းရင်က အချင်းဖြစ်ပြီးလျှင်ပြီးချင်း၊ ယောက္ခမဒေါ်ရွှေညွန့်သို့ တိုင်ကြားပြီးလျှင်၊ထိုမှတဆင့် လူကြီး ဦးအောင်ချုပ် နှင့် ကိုထွေးတို့ကို ဆက်လက်တိုင်ကြားသည်။ မအုန်းရင်က မတရားလိမ်လည်တိုင်ကြားရန် လျှောက်ထားသူနှင့် ရန်စမရှိသောကြောင့် မတရားတိုင်ကြားရန်အကြောင်းမရှိချေ။ မအုန်းရင်၏ ထဘီတွင် သုက်ပိုးမတွေ့ရကြောင်း လျှောက်ထားသူက တင်ပြသည်။ သို့ရာတွင် အခြားလုံလောက်သော သက်သေခံချက်များရှိနေလျှင် သုက်ပိုးမတွေ့ကာမျှနှင့် မုဒိမ်းပြုကျင့်ရာမရောက်ဟု မဆိုနိုင်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

မင်းတုန်းမြို့နယ် တရားရုံးက လျှောက်ထားသူ မောင်တင်မောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ၊ ထောင်ဒဏ် (၅) နှစ်အပြစ်ပေးသည်။ သရက်မြို့ရုံးထိုင် မကွေးတိုင်း တရားရုံးက အယူခံလွှာကို ပယ်လိုက်သည်။ ထို့ကြောင့် ယခုပြင်ဆင်မှု တင်သွင်းရခြင်းဖြစ်သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့က မအုန်းရင်၏ ခင်ပွန်းဖြစ်သူ လယ်တောသို့ သွားနေခိုက် ည ၁၁ နာရီခန့်အချိန်တွင် လျှောက်ထားသူ မောင်တင်မောင် လာရောက်ပြီး မအုန်းရင်အား အလိုမတူပဲ၊ သားမယားတကြိမ် ပြုလုပ်သဖြင့် မအုန်းရင်က ချက်ချင်းပင် ယောက္ခမဖြစ်သူ

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၁ (ခ)၊

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇၁ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့စွဲပါ၊ မကွေးတိုင်း (သရက်မြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

မောင်တင်မောင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဒေါ်ရွှေညွန့်အိမ်သို့ ပြေး၍တိုင်ကြားသည်။ ထို့နောက် တဆက်တည်းပင် ရပ်ရွာလူကြီးများအား တိုင်ကြားသော အမှုဖြစ်သည်။

လျှောက်ထားသူက အချင်းဖြစ်ချိန်၌ ၎င်း၏အိမ်တွင် ရှိနေသည်ဟု သက်သေထူရန် ကြိုးစားသော်လည်း သက်သေများက အရေးကြီးသည့် ည ၁၁ နာရီအချိန်တွင် လျှောက်ထားသူသည် အမှန်မုချ အိမ်မှာရှိနေသည်ဟု မထွက်ဆိုနိုင်ကြချေ။

မုဒိမ်းပြုကျင့်သူမှာ မောင်တင်မောင် ဖြစ်ကြောင်း မအုန်းရင်က အချင်းဖြစ်ပြီးလျှင်ပြီးချင်း ယောက္ခမ ဒေါ်ရွှေညွန့်သို့ တိုင်ကြားပြီးလျှင် ထို့မှတဆင့် လူကြီးဦးအောင်ချုပ်နှင့် ကိုထွေးတို့ကို ဆက်လက်တိုင်ကြားသည်။ မအုန်းရင်က မတရားလိမ်လည်တိုင်ကြားရန် လျှောက်ထားသူနှင့် ရန်စမရှိသောကြောင့် မတရားတိုင်ကြားရန် အကြောင်း မရှိချေ။ မအုန်းရင်၏ ထဘီတွင် သုက်ပိုး မတွေ့ရကြောင်း လျှောက်ထားသူက တင်ပြသည်။ သို့ရာတွင် အခြား လုံလောက်သော သက်သေခံချက်များ ရှိနေလျှင် သုက်ပိုးမတွေ့ကာမျှနှင့် မုဒိမ်းပြုကျင့်ရာ မရောက်ဟု မဆိုနိုင်ချေ။ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့သည်၊ အမှုဖြစ်ပျက်သော အကြောင်းခြင်းရာနှင့် ပတ်သက်၍ သဘောတူညီစွာ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သောကြောင့်၊ ဥပဒေအရ လွဲမှားခြင်း မရှိသော အမှုကို ဗဟိုတရားရုံးက ပြင်ဆင်ရန်မလိုဟု ယူဆသည်။ လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော် နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၆
နိုဝင်ဘာလ ၃၀
ရက်။

ဦးတင်မြင့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၁။ ဦးထွန်းရွှေ ၂။ ဦးစောယုနိုင် ၃။ ဦးစောယုပိုင်*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ (က) အမှုအတွင်း သက်သေခံပစ္စည်းကို ခံဝန်ဖြင့် တရားရုံးသည် သင့်သည်ဟုယူဆသူထံ ပြန်လည်ပေးအပ်ထားနိုင်ခြင်း စွပ်စွဲခံရသူဖြစ်၍ရင်းထံပြန်လည်ပေးအပ်ထားနိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။သာမန်အားဖြင့် ပစ္စည်းလက်ရှိဖြစ်သူကို လုံလောက်သောခံဝန်ဖြင့်ထိန်းသိမ်းစေပြီး အမှုပြီးဆုံးသောအခါမှ လိုအပ်သောအမိန့်ကို ချမှတ်ရန်ဖြစ်သည်။ တရားခံအဖြစ်စွပ်စွဲခြင်းခံရသူများထံ အချင်းဖြစ်ပစ္စည်း ပြန်ပေးခြင်းဖြစ်သည်ဟူ၍ လျှောက်ထားသူ၏တင်ပြချက်မှာ လက်ခံနိုင်ဖွယ်ရာမရှိချေ။ စွပ်စွဲခံရခြင်းနှင့်အပြစ်ရရှိခြင်းဟူသောအချက်တို့မှာ တူညီကြသည်မဟုတ်သောကြောင့် စွပ်စွဲမှုရှိကာမျှနှင့် ပြစ်မှုကျူးလွန်ရာရောက်သည်ဟု မဆိုနိုင်ချေ။ အမှုဘိုင်တန်းသောအချိန်တွင် တွင်ခုံပစ္စည်းလက်ရှိဖြစ်သူမှာ စွပ်စွဲခံရသူများဖြစ်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က အမှုအတွင်းလုံလောက်သောခံဝန်ဖြင့် စွပ်စွဲခံရသူများထံ သက်သေခံပစ္စည်းများပေးအပ်ထားခြင်းသည် တရားမျှတမှုမရှိဟုမဆိုနိုင်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးရဲခေါင်ညွန့်။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။(၁-၂) ဗဟိုတရားရုံးရှေ့နေ ဦးသန်းမောင်။
(၃) ဗဟိုတရားရုံးရှေ့နေ ဦးဇော်မင်း။

သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ လျှောက်ထားခြင်းဖြစ်သည်။ လျှောက်ထားသူ ဦးတင်မြင့်က လျှောက်ထားခံရသူ ဦးထွန်းရွှေ၊ ဦးစောယုနိုင်နှင့် ဦးစောယုပိုင်တို့အပေါ် မိမိထံမှ ငှားရမ်းလုပ်ကိုင်လျက်ရှိသော တွင်ခုံပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ၊ တရားစွဲသည်။ ထို့အပြင်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇၅ (ခ)။
† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၃ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ဒီဇင်ဘာလ ၅ ရက်နေ့စွဲပါ၊ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဦးတင်မြင့်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
၁။ ဦးထွန်းရွှေ၊
၂။ ဦးဧာယု
နိုင်၊
၃။ ဦးဧာယု
ပိုင်။

အမှုနှင့် ပတ်သက်သော သက်သေခံ ပစ္စည်းများကို မိမိအား ခံဝန်ချုပ်နှင့် အမှုအတွင်း ပြန်ရှိပေးရန် လျှောက်ထားသည်။ သို့ရာတွင် လျှောက်ထားခံရသူ တရားခံများက လည်း သက်သေခံပစ္စည်းများကို အမှုအတွင်း မိမိတို့ထံ ပြန်လည်ပေးအပ်ထားရန် လျှောက်ထားသောကြောင့် မြို့နယ်တရားရုံးက သက်သေခံပစ္စည်းများကို လျှောက် ထားခံရသူများထံ ခံဝန်နှင့် ပြန်ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ရန်ကုန် တိုင်း တရားရုံးက အတည်ပြုသည်။

လျှောက်ထားသူက တင်ပြသည်မှာ အမှုတွင် တရားခံအဖြစ် စွဲဆိုခြင်း ခံရသူများ ထံ သက်သေခံ တွင်ခုံပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းမှာ မှားယွင်းကြောင်းနှင့် ယင်းသို့ ပြန်ပေးရာတွင် အလုပ်သမားများ စားဝတ်နေရေး ထိခိုက်ရန်ရှိသောကြောင့် ပြန်ပေးသည်ဟု အကြောင်းပြခြင်းမှာလည်း တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိ ကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆ (က) အရ၊ အမှုစစ်ဆေး ကြားနာသော တရားရုံးသည် အမှုမပြီးဆုံးမီ သက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ထားသင့်သည်ဟု ယူဆသူထံ ပေးအပ်ထားနိုင်ခွင့်ရှိသည်။ သာမန်အားဖြင့် ပစ္စည်းလက်ရှိ ဖြစ်သူကို လုံလောက်သော ခံဝန်ဖြင့် ထိန်းသိမ်းစေပြီး၊ အမှုပြီးဆုံးသော အခါမှ လိုအပ်သော အမိန့်ကို ချမှတ်ရန်ဖြစ်သည်။

တရားခံအဖြစ် စွပ်စွဲခြင်း ခံရသူများထံ အချင်းဖြစ်ပစ္စည်း ပြန်ပေးခြင်း ဖြစ်သည် ဟူ၍ လျှောက်ထားသူ၏ တင်ပြချက်မှာ လက်ခံနိုင်ဖွယ်ရာ မရှိချေ။ စွပ်စွဲခံရခြင်းနှင့် အပြစ်ရရှိခြင်း ဟူသောအချက်တို့မှာ တူညီကြသည် မဟုတ်သောကြောင့် စွပ်စွဲမှု ရှိကာမျှနှင့် ပြစ်မှုကျူးလွန်ရာ ရောက်သည်ဟု မဆိုနိုင်ချေ။ အမှုကိုင်တန်းသော အချိန်တွင် တွင်ခုံပစ္စည်း လက်ရှိဖြစ်သူမှာ စွပ်စွဲခံရသူများ ဖြစ်သောကြောင့် မြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့က အမှုအတွင်း လုံလောက်သော ခံဝန်ဖြင့် စွပ်စွဲခံရသူ များထံ သက်သေခံပစ္စည်းများ ပေးထားခြင်းသည် တရားမျှတမှု မရှိဟု မဆိုနိုင်၊ လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
အောက်တိုဘာ
လ ၂၇ ရက်။

၁။ မောင်တင်ဝင်း ၂။ မောင်မြင့်စိုး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုမောင်မောင်) *

မူလတရားရုံးမှ စွဲချက်မတင်ပဲ လွှတ်ထားသူကို ပြင်ဆင်မှုတရားရုံးက အပြစ်ဒဏ်ချမှတ်ခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ခားနှင့်ခုတ်သူ မောင်တင်ဝင်း အား တိုင်းတရားရုံးကအပြစ်ဒဏ်တိုးမြှင့်သတ်မှတ်ခြင်းမှာ မှားယွင်းသည်ဟုမဆိုနိုင်ချေ။ သို့ရာတွင် အမှုမှစွဲချက်မတင်ပဲလွှတ်ခဲ့သော မောင်မြင့်စိုးကိုလည်း အားပေးကူညီမှုဖြင့် ထောင်ဒဏ် ၃ နှစ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်။ စွဲချက်တင်ခြင်းမရှိသောကြောင့် အမှုနှင့်မပတ်သက်၍ ထုချေနိုင်ခွင့်မရှိခဲ့သူတဦးအား တရားရုံးသည် အပြစ်ပေးနိုင်ခွင့်မရှိချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးပေါမောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။(၁) ဥပဒေဝန်ထမ်းအဆင့် (၁) ဦးသိန်းလွန်း။ (၂) မလာ။

ပေါင်းတည်မြို့နယ်တရားရုံးက (၁) လျှောက်ထားသူ မောင်တင်ဝင်းအား၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ အရ ထောင်ဒဏ် ၉ လအပြင်၊ ဒဏ်ငွေ ၃၀၀ိ၊ မဆောင်လျှင် ထောင်ဒဏ် ၁ နှစ်၊ ဒဏ်ငွေပေးဆောင်လျှင် ၂၀၀ိ ကို တရားလို မောင်မောင်အား လျော်ကြေးပေးစေရန် အမိန့်ချမှတ်သည်။ (၂) လျှောက်ထားသူ မောင်မြင့်စိုးအား၊ အမှုမှ စွဲချက်မတင်ပဲလွှတ်သည်။ ယင်းအမိန့်ကို မောင်မောင်က မကျေနပ်သောကြောင့် ပဲခူးတိုင်း တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသောအခါ မောင်တင်ဝင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ ထောင်ဒဏ် ၃ နှစ်ကျခံစေရန်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၄၀ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယခံမှုအမှတ် ၂၅ (ခ) တွင် ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့စွဲပါ၊ ပဲခူးတိုင်း (ပြည်မြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

တိုးမြှင့်သတ်မှတ်သည်။ ဒဏ်ငွေတပ်ရိုက်ခြင်းကို ပယ်ဖျက်သည်။ ထို့အပြင်စွဲချက်မတင်ပဲ အမှုမှလွှတ်ခဲ့သော မောင်မြင့်စိုးအားလည်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆/၁၀၄ အရ ထောင်ဒဏ် ၃ နှစ်အပြစ်ပေးသည်။

၁၉၇၆

၁။ မောင်တင်ဝင်း
၂။ မောင်မြင့်စိုးနှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ကိုမောင်မောင်)။

မောင်တင်ဝင်းနှင့် မောင်မြင့်စိုးတို့သည် ညီအစ်ကိုတော်ကြ၍၊ ကြက်ပြန်တောင်းသည့်ကိစ္စနှင့်ပတ်သက်ပြီး မောင်မောင်နှင့် စကားများသည်။ မောင်မြင့်စိုးက မောင်မောင်ကိုဖက်ထားစဉ် မောင်တင်ဝင်းက ဓားနှင့်အကြိမ်ကြိမ်ခုတ်ကြောင်း မျက်မြင်သက်သေများရှိသည်။ မောင်တင်ဝင်းကိုယ်တိုင်ကလည်း မိမိကို မောင်မောင်က ဝါးလုံးနှင့် ရိုက်သောကြောင့် အသင့်ပါလာသော ဓားနှင့် ခုတ်မိကြောင်း ဝန်ခံသည်။ မြို့နယ်တရားရုံးက မောင်မြင့်စိုးအား စွဲချက်မတင်ပဲ အမှုမှလွှတ်ခဲ့ခြင်းမှာ ဒဏ်ရာရရှိသူ မောင်မောင်ကိုယ်တိုင်က မိမိကို မောင်မြင့်စိုးဝင်ဖက်သည်မှာ မိမိနစ်နာစေရန် ဝင်ဖက်ခြင်းဖြစ်ပါသည်။ ရဲတွင်တိုင်တန်းစဉ်က မောင်မြင့်စိုး ဝင်ဖက်ပြီး၊ မောင်တင်ဝင်းက ဓားနှင့်ခုတ်သည်ဆိုခြင်းမှာစိတ်ဆိုး၍ တိုင်တန်းခဲ့ခြင်းဖြစ်ပါသည် ဟူ၍ ထွက်ဆိုသောကြောင့်ဖြစ်သည်။

မောင်မောင်သည် ဓားနှင့်ခုတ်ခံရပြီးနောက် သတိမေ့သွားသောကြောင့် ဆေးရုံတွင် အတွင်းလူနာအဖြစ် တလနှင့် ၅ ရက်ကုသပြီး အပြင်လူနာအဖြစ် ဆက်လက်ကုသရသည်။ ထို့ကြောင့်ဓားနှင့်ခုတ်သူမောင်တင်ဝင်းအား တိုင်းတရားရုံးကအပြစ်ဒဏ်တိုးမြှင့်သတ်မှတ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ချေ။ သို့ရာတွင် အမှုမှ စွဲချက်မတင်ပဲ လွှတ်ခဲ့သော မောင်မြင့်စိုးကိုလည်း အားပေးကူညီမှုဖြင့် ထောင်ဒဏ် ၃ နှစ်ချမှတ်ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်။ စွဲချက်တင်ခြင်းမရှိသောကြောင့် အမှုနှင့်ပတ်သက်၍ ထုချေနိုင်ခွင့်မရှိခဲ့သူတဦးအား တရားရုံးသည် အပြစ်ပေးနိုင်ခွင့်မရှိချေ။ ထို့ကြောင့် တိုင်းတရားရုံးက (၂) တရားခံ မောင်မြင့်စိုးအပေါ် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံးဆုံးဖြတ်သည့်အတိုင်း စွဲချက်မတင်ပဲ အမှုမှ ပြန်လွှတ်လိုက်သည်။ (၁) လျှောက်ထားသူ မောင်တင်ဝင်းနှင့်ပတ်သက်၍ တိုင်းတရားရုံးက အပြစ်ဒဏ် ၃ နှစ် တိုးမြှင့်သတ်မှတ်ခြင်းကို ငင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် အတည်ပြုသည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်၊ ဦးလွင်မောင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဒီဇင်ဘာလ
၁၆ ရက်။

ကိုတင်ဝင်း

နှင့်

ဒေါ်မြပါ ၃*

ရုံးပြောင်းပေးရန် လျှောက်လွှာကို တရားသူကြီးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပယ်နိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။မန္တလေးတိုင်း တရားသူကြီးအဖွဲ့က အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အမှုများကို ရုံးပြောင်းရွှေ့ခွင့်မပြုပဲလျှောက်ထားသူ၏လျှောက်လွှာကိုပယ်ချခဲ့သည်။ မန္တလေးတိုင်းတရားသူကြီးအဖွဲ့သည် လျှောက်ထားသူ၏ ရုံးပြောင်းလျှောက်လွှာကို တရားစီရင်ရေးအဖွဲ့ဖွဲ့စည်း၍ စီရင်ဆုံးဖြတ်သင့်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုပဲ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် တင်ပြဆုံးဖြတ်ခြင်းသည် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီပေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးအုံးလှိုင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးမြသောင်း၊ ဥပဒေဝန်ထမ်းအဆင့် (၂)၊ ဗဟိုဥပဒေရုံး။

လျှောက်ထားသူ ဦးတင်ဝင်းသည် သာစည်မြို့နယ်တရားရုံး ၁၉၇၄ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၃၃၂ နှင့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၀၉ တို့၌ တရားလိုဖြစ်၍၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၇၀၇ ၌တရားခံဖြစ်သည်။ လျှောက်ထားသူက ယင်းအမှုများကို သာစည်မြို့နယ်တရားရုံးမှအပ၊ မန္တလေးတိုင်းအတွင်းရှိ အခြားမည်သည့်မြို့နယ်တရားရုံးသို့မဆို ပြောင်းရွှေ့ပေးပါရန် မန္တလေးတိုင်းတရားသူကြီးအဖွဲ့သို့ လျှောက်ထားခဲ့သည်။ မန္တလေးတိုင်းတရားသူကြီးအဖွဲ့က အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အမှုကို ရုံးပြောင်းရွှေ့ခွင့် မပြုပဲ လျှောက်ထားသူ၏ လျှောက်လွှာကို ပယ်ချခဲ့သည်။ လျှောက်ထားသူက မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄။

မန္တလေးတိုင်း တရားသူကြီးအဖွဲ့သည် လျှောက်ထားသူ၏ ရုံးပြောင်းလျှောက်လွှာကို တရားစီရင်ရေးအဖွဲ့ ဖွဲ့စည်း၍ စီရင်ဆုံးဖြတ်သင့်သည်။ ယင်းသို့ဆောင်ရွက်ခြင်းမပြုပဲ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် တင်ပြဆုံးဖြတ်ခြင်းသည် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီပေ။

၁၉၇၆

ကိုတင်ဝင်း
နှင့်
ဒေါ်မြ ပါ ၃။

လျှောက်ထားသူ၏ ရုံးပြောင်းလျှောက်လွှာနှင့် ပတ်သက်၍ အမှုကြန့်ကြာခြင်းမရှိစေရန် လျှောက်ထားသူကတင်ပြသော ကတိသစ္စာပြုလွှာများကို ကျွန်ုပ်တို့ လေ့လာရာတွင် သက်ဆိုင်ရာအမှုများကို ရုံးပြောင်း၍ စစ်ဆေးစီရင်စေရလောက်အောင် အကြောင်းပြချက်များ ခိုင်လုံခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် လျှောက်ထားသူ၏ ရုံးပြောင်းလျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ ဦးစိုးလှိုင်တို့
ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
မတ်လ ၄
ရက်။

မောင်ထွန်းမြင့်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(မောင်ကျော်မင်း) *

အမှုတိုင်တန်းသူသည် ရဲစခန်းတွင် ပဏာမ သတင်းပေးတိုင်တန်းချက်နှင့် နောက်ပိုင်းထွက်ဆိုချက်များ သိသာထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိသော အမှုမျိုးတွင် တရားခံအပေါ် သံသယကင်းရှင်းစွာ အပြစ်ဒဏ်ပေးနိုင် မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အမှုတိုင်တန်းသူသည် ရဲစခန်းတွင် ပဏာမ သတင်းပေးတိုင်တန်းချက်နှင့် နောက်ပိုင်းထွက်ဆိုချက်များ သိသာထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိသောအမှုမျိုးတွင် တရားခံအပေါ် သံသယကင်းရှင်းစွာ အပြစ်ပေးနိုင်မည်မဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးထွန်းကြည်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးသိန်းလွန်း။

လျှောက်ထားသူ မောင်ထွန်းမြင့်အပေါ် ချောင်းဆုံမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ထောင်ဒဏ် တရက်နှင့် ဒဏ်ငွေ ၁၅၀၀ ကျပ် ပေးဆောင်ရန် ပျက်ကွက်လျှင် ထောင်ဒဏ် ၁ နှစ်နှင့် ၆ လ ပေးဆောင်ခဲ့လျှင် ဒဏ်ရာရရှိသူအား လျော်ကြေးငွေ ၁၀၀၀ ကျပ် ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မွန်ပြည်နယ် တရားရုံးက အတည်ပြုသောကြောင့် ယခုတဖန် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၉၆ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇ (ခ) တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့စွဲပါ မွန်ပြည်နယ် (မော်လမြိုင်ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ ပြင်ဆင်မှု။

၁၉၇၆ — မောင်ထွန်းမြင့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ (မောင်ကျော်မင်း)။

စွဲဆိုသည့်ဘက်မှ တင်ပြသည်မှာ လျှောက်ထားသူ မောင်ထွန်းမြင့်နှင့် ဒဏ်ရာရရှိသူ မောင်ကျော်မင်းတို့သည် ကွင်းပေါက်ရွာပွဲတွင် ရန်ဖြစ်သည်။ ယင်းပွဲအပြီး ၂ ရက်အကြာ ည ၁၁ နာရီအချိန်ခန့် ရုပ်ရှင်ရုံမှ ပြန်လာသော မောင်ကျော်မင်းတို့ စီးလာသည့်လှည်းကို လမ်းပေါ်မှ လေးခွနှင့် ပစ်သောကြောင့် မောင်ကျော်မင်း၏ လက်ယာဘက် မျက်စိကို ထိမှန်သည်။ မျက်စိလုံးဝ ပျက်စီးသောကြောင့် ကျောက်မျက်လုံး ထည့်ရသည်။

ဤသို့ လေးခွနှင့် ပစ်သူမှာ လျှောက်ထားသူ မောင်ထွန်းမြင့် ဖြစ်ကြောင်း၊ မောင်ကျော်မင်းနှင့်တကွ လှည်းတွင် အတူလိုက်ပါလာသည့် မောင်အုန်းကြိုင်နှင့်၊ မောင်တလယ် သက်သေ ၂ ဦးတို့က ထွက်ဆိုသည်။ သို့ရာတွင် အခြား အတူလိုက်ပါလာသူ မောင်အမေ့သားကမူ လေးခွနှင့်ပစ်ပြီး မိမိတို့လှည်းကို အမြန်မောင်းပြေးရသောကြောင့် ပစ်သူကို လှည်းပေါ်ကလူများ မသိကြောင်း ထွက်ဆိုသည်။ မောင်ကျော်မင်း လေးခွအပစ်ခံရသော အချိန်မှာ ည ၁၁ နာရီခန့် ဖြစ်သောကြောင့် လသာသောည ဖြစ်သည်ဆိုစေကာမူ မည်သူက ပစ်ကြောင်း တိကျစွာ စွပ်စွဲနိုင်ရန် လွယ်ကူမည် မဟုတ်ချေ။ မောင်ကျော်မင်းအား လေးခွနှင့် အပစ်ခံရသည်နှင့် တပြိုင်နက် လှည်းကို မောင်းပြေးရသောကြောင့် ညအချိန် လရောင်အောက်တွင် လေးခွပစ်သူအား တိကျစွာ မှတ်မိသည်ဆိုခြင်းမှာလည်း ယုတ္တိမရှိချေ။ ထို့ကြောင့်လည်း မောင်ကျော်မင်းသည် လေးခွထိမှန်ခြင်း ခံရပြီး ရဲစခန်းသို့ တိုင်တန်းရာတွင် ဦးဘိုးကျော်၏ သား အမည်မသိသူက ခဲနှင့်ပစ်ကြောင်း တိုင်ကြားသည်။ နောက်ပိုင်းမှသာ ဦးသာအေး၏သား ယခုလျှောက်ထားသူ မောင်ထွန်းမြင့် ဖြစ်ကြောင်း ပြင်ဆင်တိုင်တန်းသည်။

အမှုတိုင်တန်းသူသည် ရဲစခန်းတွင် ပထမ သတင်းပေး တိုင်တန်းချက်နှင့် နောက်ပိုင်း ထွက်ဆိုချက်များ သိသာထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိသော အမှုမျိုးတွင် တရားခံအပေါ် သံသယ ကင်းရှင်းစွာ အပြစ်ဒဏ် ပေးနိုင်မည် မဟုတ်ချေ။ သဘာဝ ယုတ္တိအားဖြင့်လည်း လျှောက်ထားသူ မောင်ထွန်းမြင့်သည် လူအများ နီးကပ်စွာ ထိုင်လျက်ရှိသော လှည်းပေါ်တွင် မိမိနှင့် ရန်ငြိုးဖြစ်ဘူးသော မောင်ကျော်မင်းအား လေးခွနှင့် ထိမှန်အောင် ပစ်သည်ဆိုခြင်းမှာ စဉ်းစားရန်ရှိသည်။ ထို့ပြင် လှည်းပေါ်တွင် မောင်ကျော်မင်းနှင့်အတူ လိုက်ပါလာသူ တဦးက ပစ်သူကို မမှတ်မိနိုင်ကြောင်း ထွက်ဆိုသောကြောင့် တရားလိုဘက်မှ တင်ပြသော သက်သေခံ အအထောက်အထားများသည် တရားခံအပေါ် အပြစ်ပေးနိုင်သည် အထိ ပြီးပြည့်စုံသည်ဟု မယူဆနိုင်ချေ။

၁၉၇၆

မောင်ထွန်းမြင့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ (မောင်ကျော်မင်း)။

ဒဏ်ရာရရှိသူ မောင်ကျော်မင်းမှာ မျက်စိတဘက် ပျက်စီးသောကြောင့် များစွာ နစ်နာသည် မှန်သော်လည်း၊ ဤသို့ နစ်နာခြင်းကို အကြောင်းပြု၍ သံသယကင်းရှင်းစွာ အပြစ်မပေးနိုင်သူ တဦးကို အပြစ်ပေးရန် သင့်လျော်မည် မဟုတ်သောကြောင့် လျှောက်ထားသူ မောင်ထွန်းမြင့်အပေါ် မြို့နယ်ရုံးနှင့် တိုင်းတရားရုံးတို့က ချမှတ်သော အပြစ်ဒဏ်ကို ပယ်ဖျက်၍ အမှုမှ အပြီးအပြတ်လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။ ဒဏ်ငွေ ပေးဆောင်ပြီး ဖြစ်ခဲ့လျှင် လျှောက်ထားသူအား ပြန်လည် ထုတ်ပေးစေရမည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင်နှင့် ဦးကြည်မြတို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ဦးထွန်းရွှေ ၂။ မောင်ဒွေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးစိုးမောင်) *

†၁၉၇၆
မြေဂုလ
၉ ရက်။

သမဝါယမသို့ စားသုံးဆီများပေးသွင်းရန်၊ ကတိစာချုပ် ဖောက်ဖျက်မှုကို၊ မည်သည့်ဥပဒေအရ အရေးယူရမည်ကို ရှင်းလင်းခြင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ မည်သည့်အခါ ရုံးပြောင်းလျှောက်ထားသည်ကိုလက်ခံခြင်း။

ဆုံးဖြတ်ချက်။ ။ယခုအမှုကို ပြစ်မှုဆိုင်ရာဥပဒေအရ အကျုံးဝင်သည်၊ သို့မဟုတ် တရားမဥပဒေအရအကျုံးဝင်သည်ဟူသောအချက်ကို စဉ်းစားရာတွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ သို့မဟုတ် ၄၀၆ အစရှိသော ပြစ်မှုများနှင့်ပတ်သက်၍ လိမ်လည်မှု၊ သို့မဟုတ် အလွဲသုံးစားမှုကျူးလွန်ရန် စွပ်စွဲခံရသူသည် ငွေ၊ သို့မဟုတ် ပစ္စည်းရယူသောအချိန်တွင် ပြစ်မှုကျူးလွန်လိုသောဆန္ဒရှိရမည် ဖြစ်ပေသည်။ ထို့ကြောင့် သဘောတူစာချုပ်ပြုလုပ်၍ စာချုပ်ဖောက်ဖျက်သော ကိစ္စရပ်များတွင် တရားမကြောင်းအရသာ အရေးယူနိုင်ခွင့်ရှိပေလိမ့်မည်၊ သို့ရာတွင် လျှောက်ထားသူများအပေါ် သမဝါယမအသင်း ဥပဒေနောက်ဆက်တွဲ ဇယား၂၊ အမှတ် ၂၁ အရစွဲဆိုထားသည်။ ယင်းဥပဒေတွင် သမဝါယမအသင်း၏ လုပ်ငန်းကိုနှောင့်နှေးစေရန်သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆုံးရှုံးစေရန်သော်လည်းကောင်း၊ နှောင့်ယှက်ခြင်းပြုလုပ်လျှင် ပြစ်မှုကျူးလွန်ရာရောက်ကြောင်းဆိုထားပေသည်။ လျှောက်ထားသူများအပေါ် သမဝါယမအသင်းပိုင်ငွေကို အလွဲသုံးစားပြုလုပ်ခြင်း၊ သို့မဟုတ် လိမ်လည်ခြင်းပြုလုပ်သည်ဟူ၍မဟုတ်ပဲ အသင်း၏လုပ်ငန်းကို နှောင့်နှေးစေရန်၊ သို့မဟုတ် ပျက်ပြားစေရန်၊ သို့မဟုတ်ဆုံးရှုံးစေရန်ဟူသောအင်္ဂါရပ်များအပေါ် တွင်မူတည်၍ စွဲဆိုထားခြင်းဖြစ်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ကောလင်းမြို့နယ် တရားရုံးမှအမှုကို၊ မလှိုင်မြို့နယ်တရားရုံးသို့ပြောင်းရွှေ့စစ်ဆေးရန် သင့်မသင့်ဟူသောအချက်ကို စဉ်းစားရန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာမှုအမှတ် ၁၃ / ၁၉၄ (ခ) ။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၅၇၈၊ အမှုကိုမလှိုင်မြို့နယ်တရားရုံးသို့ပြောင်းရွှေ့စစ်ဆေးရန် နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ အမှုတွဲကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

၁၉၇၆

၁။ ဦးထွန်းရွှေ
၂။ မောင်ဌေး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ဦးစိုးမောင်)။

ပုဒ်မ ၁၇၇ အရ၊ အမှုဖြစ်ပွားသောအရပ်ဒေသတွင်တရားစွဲဆိုရန်သတ်မှတ်ထားသည်။ မောင်ဌေးနှင့် ကောလင်းမြို့နယ် သမဝါယမအသင်း ဆီအရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုခဲ့သောနေရာမှာ မလှိုင်မြို့ဖြစ်သည်။ အသင်းငွေများပြန်လည်အကျေပေးရန် မောင်ဌေးက ကတိခံဝန်လက်မှတ်ရေးထိုးခဲ့သည်မှာလည်း မလှိုင်မြို့နယ် ပြည်သူ့ကောင်စီ အတွင်းရေးမှူးရှေ့တွင် ဖြစ်သည်။ စာချုပ်ပါ စည်းကမ်းများအရ ကတိခံဝန်ချုပ်ဖောက်ဖျက်ခြင်းမှာလည်း မလှိုင်မြို့၌ပင်ဖြစ်သည်။ အမှုနှင့်ပတ်သက်သော အဓိကသက်သေများမှာလည်း မလှိုင်မြို့မှဖြစ်သည်။ထို့ကြောင့် အချင်းဖြစ်ပွားရာအရပ်ဒေသဖြစ်သော ပလှိုင်မြို့နယ်တရားရုံးတွင်သာ အမှုကိုစစ်ဆေးကြားနာရမည်ဖြစ်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဦးညွန့်မြိုင် ကိုယ်စား

ဗဟိုတရားရုံးရှေ့နေ ဦးဟန်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသိန်းအောင်ဥပဒေဝန်ထမ်းအဆင့်(၁)။

ကောလင်းမြို့နယ်သမဝါယမအသင်းက မလှိုင်မြို့နေ ဦးထွန်းရွှေနှင့် မောင်ဌေးအပေါ် ကတိစာချုပ်အရ သမဝါယမသို့ စားသုံးဆီများ ပေးသွင်းရန် ပျက်ကွက်ခြင်းနှင့် လက်ခံထားသော ဆီဖိုးငွေ ပြန်ပေးရန် ပျက်ကွက်ခြင်းတို့ကြောင့် သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၂၁ အရ၊ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။

ဦးထွန်းရွှေနှင့် မောင်ဌေးတို့က ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁ (က) အရ အမှုတွဲကို ပယ်ဖျက်ပေးရန် ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁၉၄ (ခ) ၇၅ တွင် လျှောက်ထားသည်။ ထိုပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၆ အရ၊ ကောလင်းမြို့နယ် တရားရုံးမှ အမှုကို မလှိုင်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးစေရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၁၃/၇၅ တွင် လျှောက်ထားသည်။ အမှုဖြစ်ကြောင်းခြင်းရာတို့မှာ တူညီသည်ဖြစ်သောကြောင့် ဤအမိန့်သည် အမှု ၂ မှုတို့အတွက်အကျုံးဝင်သည်။

လျှောက်ထားသူများက ဖြစ်ပွားသောကိစ္စမှာ ဆီအရောင်းအဝယ်ကတိစာချုပ ပျက်ကွက်ခြင်းသာဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အကျုံးမဝင်ကြောင်း တင်ပြသည်။ မောင်ဌေးသည် မြေပဲဆီပိဿာချိန် ၃၇၅၀ ကို၊ ပိဿာ တရာလျှင် ၁၂၂၀ နှုန်းဖြင့် သတ်မှတ်ထားသော အချိန်မတိုင်မီ ပေးသွင်းရန် စာချုပ်ချုပ်ဆိုခဲ့သည်။ ဆီဖိုးငွေများကိုလည်း ကြိုတင်ရယူခဲ့သည်။ သို့ရာတွင် မြေပဲဆီများ ပေးသွင်းရန် သတ်မှတ်သော အချိန်ကုန်ဆုံးသောအခါတွင် ဆီပိဿာ တထောင်ကျော် တန်ဖိုးငွေ ၁၇၁၅၀ ပေးသွင်းရန် ကျန်ရှိနေသည်။ ယင်းငွေကိုပေးဆပ်ရန် မောင်ဌေးက

ထပ်မံ ကတိစာချုပ် ပြုလုပ်ခဲ့သော်လည်း တဖန် ပျက်ကွက်သောကြောင့် အရေးယူရခြင်း ဖြစ်လေသည်။

၁၉၅၆

၁။ ဦးထွန်းရွှေ
၂။ မောင်ဌေး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးစိုးမောင်)။

အမှုကိုပြစ်မှုဆိုင်ရာဥပဒေအာရအကျုံးဝင်သည်၊ သို့မဟုတ်တရားမဥပဒေအရအကျုံးဝင်သည်ဟူသောအချက်ကို စဉ်းစားရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ သို့မဟုတ် ၄၇၆ အစရှိသော ပြစ်မှုများနှင့်ပတ်သက်၍ လိမ်လည်မှု၊ သို့မဟုတ် အလွဲသုံးစားမှု ကျူးလွန်ရန်စွပ်စွဲခံရသူသည် ငွေ၊ သို့မဟုတ်ပစ္စည်းရယူသောအချိန်တွင်ပြစ်မှုကျူးလွန်လိုသောစိတ် ဆန္ဒရှိရမည်ဖြစ်ပေသည်။ ထို့ကြောင့် သဘောတူစာချုပ်ပြုလုပ်၍စာချုပ်ဖောက်ဖျက်သော ကိစ္စများတွင် တရားမကြောင်းအရသာ အရေးယူနိုင်ခွင့် ရှိပေလိမ့်မည်။ သို့ရာတွင် လျှောက်ထားသူများအပေါ် သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၂၁ အရ စွဲဆိုထားသည်။ ယင်းဥပဒေတွင် သမဝါယမအသင်း၏ လုပ်ငန်းကို နှောင့်နှေးစေရန်သော်လည်းကောင်း၊ ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆုံးရှုံးစေရန်သော်လည်းကောင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်လျှင်ပြစ်မှုကျူးလွန်ရာရောက်ကြောင်း ဆိုထားပေသည်။ လျှောက်ထားသူများအပေါ် သမဝါယမ အသင်းပိုင်ငွေကို အလွဲသုံးစားပြုခြင်း၊ သို့မဟုတ် လိမ်လည်ခြင်းပြုလုပ်သည်ဟုမဟုတ်ပဲ အသင်း၏လုပ်ငန်းကို နှောင့်နှေးစေရန်၊ သို့မဟုတ် ပျက်ပြားစေရန်၊ သို့မဟုတ်ဆုံးရှုံးစေရန်ဟူသော အင်္ဂါရပ်များအပေါ်တွင်မူတည်၍ စွဲဆိုထားခြင်းဖြစ်ပေသည်။

အမှုတွဲကိုပယ်ဖျက်ပေးရန် သင့် မသင့်စဉ်းစားရာတွင် ဦးထွန်းရွှေသည် မောင်ဌေး၏ ဘခင်ဖြစ်သောကြောင့် အမှုတွင် ပူးတွဲတရားခံအဖြစ် ပါဝင်ခဲ့သော်လည်း၊ ကောလင်းမြို့နယ် သမဝါယမအသင်းနှင့် ဆီအရောင်းအဝယ်ပြုလုပ်သူမှာ မောင်ဌေး တဦးတည်းသာဖြစ်သောကြောင့် ဦးထွန်းရွှေနှင့်ပတ်သက်သော ငြိစွန်းသည့်အချက်အလက်များ မတွေ့ရချေ။ မောင်ဌေးနှင့်ပတ်သက်၍မူ သမဝါယမဥပဒေအရ ငြိစွန်းသော အချက်အလက်များ ပေါ်ပေါက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဆက်လက် အရေးယူရမည်ဖြစ်ပေသည်။

ဒုတိယစဉ်းစားရန်အချက်မှာ ကောလင်းမြို့နယ် တရားရုံးမှ အမှုကို မလှိုင်မြို့နယ်တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးရန် သင့် မသင့်ဟူသော အချက်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၇ အရ၊ အမှုဖြစ်ပွားသော အရပ်ဒေသတွင် တရားစွဲဆိုရန် သတ်မှတ်ထားသည်။ မောင်ဌေးနှင့် ကောလင်းမြို့နယ် သမဝါယမအသင်း ဆီအရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုခဲ့သောနေရာမှာ မလှိုင်မြို့ဖြစ်သည်။ အသင်းငွေများ ပြန်လည် အကျေပေးရန် မောင်ဌေးက ကတိခံဝန် လက်မှတ်ရေးထိုးခဲ့သည်မှာ

၁၉၇၆

၁။ ဦးထွန်းရွှေ
၂။ မောင်ဌေး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ဦးစိုးမောင်)။

လည်း မလှိုင်မြို့နယ် ပြည်သူ့ကောင်စီ အတွင်းရေးမှူး၏ ရှေ့တွင်ဖြစ်သည်။ စာချုပ်ပါ စည်းကမ်းများအရ ကတိခံဝန် ဖောက်ဖျက်ခြင်းမှာလည်း မလှိုင်မြို့၌ပင်ဖြစ်သည်။ အမှုနှင့် ပတ်သက်သော အဓိက သက်သေများမှာလည်း မလှိုင်မြို့မှဖြစ်သည်။ ထို့ကြောင့် အချင်းဖြစ်ပွားရာ အရပ်ဒေသဖြစ်သော မလှိုင်မြို့နယ် တရားရုံးတွင်သာ ထိုအမှုကို စစ်ဆေးကြားနာရမည်ဖြစ်ပေသည်။

လျှောက်ထားသူ ဦးထွန်းရွှေနှင့် ပတ်သက်၍ အမှုဟွဲ ပယ်ဖျက်ပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ (က) အရ လျှောက်ထားခြင်းကို လက်ခံ၍၊ ဦးထွန်းရွှေကို တရားခံအဖြစ်မှ ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူ မောင်ဌေးနှင့် ပတ်သက်၍ အမှုကို ဆက်လက် စစ်ဆေးစေရန် အမိန့်ချမှတ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၂၆ အရ ရုံးပြောင်းလျှောက်ထားခြင်းကို ခွင့်ပြု၍၊ လျှောက်ထားသူ မောင်ဌေး တဦးတည်းအပေါ်တွင် အမှုကို စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ် တရားရုံးမှ မန္တလေးတိုင်း၊ မလှိုင်မြို့နယ် တရားရုံးသို့ ပြောင်းရွှေ့စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြ၊ ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ မောင်ထွန်းလှိုင် ၂။ မန်းနီး ၃။ ပလာနိရပ္ပ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်သောင်း) *

† ၁၉၇၆
ဖေဖော်ဝါရီလ ၄ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍လွှတ်သောအမိန့်သည် ပြစ်ဒဏ်စီရင်ခြင်း ဟုတ် မဟုတ်၊ ဆိုဆုံးမ၍လွှတ်သည့်အမိန့်တရပ်ကို ပယ်ဖျက်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရန်လျှောက်ထားခြင်းကို ပြည်နယ်နှင့်တိုင်း တရားရုံးများ၌ စီရင်ပိုင်ခွင့်အာဏာရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍လွှတ်သောအမိန့်သည် ပြစ်ဒဏ်စီရင်ခြင်းမဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ယခုကဲ့သို့ ပြစ်ဒဏ်စီရင်ခြင်းမဟုတ်ပဲ ဆိုဆုံးမ၍လွှတ်သည့်အမိန့်တရပ်ကိုပယ်ဖျက်၍ပြစ်ဒဏ်တိုးမြှင့်ပေးရန်လျှောက်ထားခြင်းသည် ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ နှင့်အကျုံးမဝင်သောကြောင့် ပြည်နယ်နှင့် တိုင်းတရားရုံးများ၌ စီရင်ပိုင်ခွင့်အာဏာမရှိပေ။ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂(၁-က)အရ ဆိုဆုံးမ၍လွှတ်သောအမှုကို ယင်းဥပဒေပုဒ်မ ၅၆၂ (၃) အရ ဗဟိုတရားရုံးကသာစီရင်ပိုင်ခွင့်အာဏာရှိပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူများအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသန်း၆။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးတင်အုံး။

ယခုအမှုသည် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၂၈၆ (ခ)/၇၄ နှင့် ဆက်စပ်လျက်ရှိသည်။ လျှောက်ထားသူများဖြစ်ကြသော မောင်ထွန်းလှိုင်၊ မန်းနီးနှင့် ပလာနိရပ္ပတို့က မောင်သောင်းဆိုသူ၏ တဲကို ဖျက်ဆီးသောကြောင့် တရားစွဲခံကြရသည်။ ဆက်စပ်သော အမှုတွင်လည်း မောင်ထွန်းလှိုင်နှင့် ပလာနိရပ္ပတို့က မောင်စိန်မောင်ဆိုသူ၏ ဈေးဆိုင်ကို ဖျက်ဆီးသောကြောင့် တရားစွဲဆိုခြင်းခံကြရသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၈၅(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့စွဲပါ ဧရာဝတီတိုင်း (ဟင်္သာတမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

၁။ မောင်ထွန်းလှိုင် ။
၂။ မန်းနီး
၃။ ပလာနီရပ္ပ
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မောင်သောင်း) ။

ယခုအမှုတွင် မောင်ထွန်းလှိုင်၊ မန်းနီးနှင့် ပလာနီရပ္ပတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၇၊ အကျိုးဖျက်ဆီးမှုနှင့် ဟသ်ာတမြို့နယ် တရားရုံးက၊ ပြစ်မှုထင်ရှားသည်ဟူ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်လိုက်သည်။ ယင်းအမိန့်ကို မောင်သောင်းက မကျေနပ်သောကြောင့် ဧရာဝတီတိုင်း တရားရုံးသို့ ပြင်ဆင်မှုလျှောက်လွှာ တင်သွင်းသောအခါတွင်၊ အပြစ်ဒဏ်တိုးမြှင့်၍၊ တရားခံ တဦးလျှင် ငွေဒဏ် ၁၀၀ိ စီပေးဆောင်ရန်နှင့် ပျက်ကွက်က ထောင်ဒဏ် (၃) လစီ ကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ယခုတဖန် လျှောက်ထားသူများက မကျေနပ်၍ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သော အမိန့်သည် ပြစ်ဒဏ်စီရင်ခြင်း မဟုတ်သောကြောင့် တိုင်းတရားရုံးက ပြစ်ဒဏ်တိုးမြှင့် ပေးနိုင်ခွင့်မရှိချေ။ ပြည်နယ်နှင့် တိုင်းတရားရုံးများသည် ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ အရ၊ ပြင်ဆင်မှုနှင့် ပတ်သက်သော ဗဟိုတရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို ရရှိပြီးဖြစ်ကြောင်း မှန်ပေသည်။ သို့ရာတွင် ယခုကဲ့သို့ ပြစ်ဒဏ်စီရင်ခြင်း မဟုတ်ပဲ၊ ဆိုဆုံးမ၍ လွှတ်သည့် အမိန့်တရပ်ကို ပယ်ဖျက်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရန် လျှောက်ထားခြင်းသည် ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉ နှင့် အကျုံးမဝင်သောကြောင့် ပြည်နယ်နှင့် တိုင်း တရားရုံးများ၌ စီရင်ပိုင်ခွင့် အာဏာမရှိပေ။ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ၍ လွှတ်သော အမှုကို ယင်းဥပဒေ ပုဒ်မ ၅၆၂ (၃) အရ ဗဟိုတရားရုံးကသာ စီရင်ပိုင်ခွင့်အာဏာရှိပေသည်။ ထို့ကြောင့် တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် စီရင်ပိုင်ခွင့်အာဏာမရှိပဲ ချမှတ်ခဲ့သော အမိန့်ဖြစ်သည်။

ယခုအမှုတွင် မြို့နယ်တရားရုံးက ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ၊ ဆိုဆုံးမလွှတ်သော အမိန့်နှင့် ပတ်သက်၍ ဗဟိုတရားရုံးကသာ စီရင်ပိုင်ခွင့်အာဏာရှိသည် ဖြစ်သောကြောင့် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာနှင့် ပတ်သက်၍ စဉ်းစားသော အခါတွင် မြို့နယ်တရားရုံးသည် ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) အရ၊ ပေးအပ်ထားသောအာဏာကို မဆင်မခြင် ကျင့်သုံးခဲ့သည်ဟု မဆိုနိုင်ချေ။ ဤကဲ့သို့ အမှုစစ်ဆေးသော တရားရုံးသည် တရားခံများနှင့် သက်သေများကို မိမိတို့ကိုယ်တိုင် တွေ့မြင်ကြားနာခွင့်ရှိပြီး အမှုကြောင်းခြင်းရာကို ချင့်ချိန် ဝေဖန်၍ ဆိုဆုံးမလွှတ်သော အမှုမျိုးတွင် ဗဟိုတရားရုံးသည် အလွယ်တကူဝင်ရောက် စွက်ဖက်ရန် မဟုတ်ချေ။ ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး အမိန့်ကို အတည်ပြုလိုက်သည်။ တရားခံများသည် ဒဏ်ငွေ ပေးဆောင်ပြီးဖြစ်လျှင် ယင်းတို့အား ပြန်လည်ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုဒေဝ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မငွေမ)

†၁၉၇၆
စက်တင်ဘာလ
၂၉ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ အရ မှုပြစ်ထင်ရှားစီရင်ခြင်း ကာယိန္ဒြေပျက်စီးစေမှုတွင် သက်ဆိုင်သူ မိန်းကလေးသည် အရှက်ကွဲခံ၍ မှုသားတိုင်တန်းခြင်းမပြုရာဟုဆိုနိုင်သော်လည်း၊ တဘက်မှ စဉ်းစားရာတွင်လည်း တိကျသော သက်သေခံအထောက်အထားများတင်ပြရန်လိုခြင်းသက်သေ အပြိုင်ရှိနေခြင်း သဘာဝယုတ္တိ ရှိမရှိ စဉ်းစားရခြင်း။

ဆုံးဖြတ်ချက်။ ။ကာယိန္ဒြေပျက်စီးစေမှုနှင့်ပတ်သက်၍ သက်ဆိုင်သူမိန်းကလေးသည် အရှက်ကွဲခံ၍ မှုသားတိုင်တန်းခြင်းမပြုရာဟုဆိုနိုင်သော်လည်း၊ တဘက်မှစဉ်းစားရာတွင်လည်း ပြစ်မှုနှင့်ပတ်သက်သော စွပ်စွဲချက်မျိုးတွင် တရားလိုက အမှုနှင့်ပတ်သက်၍ တိကျသောသက်သေခံအထောက်အထားများတင်ပြရန်လိုအပ်မည်ဖြစ်ပေသည်။

ယခုအမှုတွင် သဘာဝယုတ္တိအားဖြင့် စဉ်းစားလျှင် အလုပ်သမားများစွာရှိနေစဉ်အချိန် ကိုဒေဝက မငွေမကို စော်ကားဝံ့မည်မဟုတ်ချေ။ အကယ်၍စော်ကားခြင်း မှန်ကန်လျှင်လည်း ဘရားလိုဘက်မှ ယခုထက်ပိုမို၍သက်သေများတင်ပြနိုင်ဖွယ်ရာရှိသည်။ ကိုဒေဝသည် မငွေမအပေါ် ယခင်ကတည်းကရင်းနှီးစေရန် ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် ပြုကျင့်ခဲ့ကြောင်း မပေါ်ပေါက်ချေ။ ယခင်အဆက်အသွယ်လုံးဝမရှိသော မိန်းကလေးတဦးကို အကြောင်းမဲ့ သက်သက်လူများစွာရှိနေစဉ်အချိန်တွင်လက်ဆွဲ၍ ပါးကိုနမ်းသည်ဆိုခြင်းမှာလည်း စဉ်းစားဖွယ်ရာ ဖြစ်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသန်းအောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးသိန်းထွန်း၊ ၂။ အတွက်မလာ။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၄ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆ တွင် ချမှတ်သော၊ ၁၉၇၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ ရေဝတီတိုင်း (ဖျာပုံမြို့ရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၆

ကိုဒေဝ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (မငွေမ)။

လျှောက်ထားသူ ကိုဒေဝအပေါ် ဒေးဒရဲမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅၄ အရ၊ ထောင်ဒဏ် (၆) လ အပြစ်ပေး၍ တိုင်းတရားရုံးက အယူခံကို ပလပ်သည်။ ကိုဒေဝသည် အင်ဂျင်နီယာ တဦးဖြစ်၍ ဒေးဒရဲမြို့နှင့် ကျိုက်လတ်မြို့ လမ်းဖောက်သည့် လုပ်ငန်းတွင် တာဝန်ကျသည်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ညနေ ၆ နာရီအချိန်ခန့်တွင် ကိုဒေဝသည် အလုပ်သမားများ မြေတူးနေသော ကျင်းများကို စစ်ဆေးရာမှ ကျင်းတခုအနီးတွင် မငွေမ ဆိုသူအား လက်ဆွဲ၍ ဖက်နမ်းခြင်းပြုလုပ်သည် ဟူ၍ အမျိုးသမီးတဦး ကာယိန္ဒြေ ဖျက်စီးစေမှုအရ အပြစ်ပေးခံရခြင်းဖြစ်သည်။

မငွေမက အချင်းဖြစ်ပွားသော အချိန်တွင် အလုပ်သမားများ ကျင်းတိုင်း၍နေကြပါသည်။ မိမိက ပေ ၂၀ ခန့်ဝေးသော တာဘေးတွင် ရပ်နေပါသည်။ ထိုအချိန်မှာ ညနေပိုင်း လူလုံးမသဲကွဲတော့သဖြင့်ကျင်းကို လက်နှိပ်ဓာတ်မီးနှင့် ထိုး၍တိုင်းရပါသည်။ မိမိရပ်နေစဉ် ကိုဒေဝ အနီးသို့ ရောက်လာပြီး လက်ဆွဲကာ ပါးကိုနမ်းပါသည်။ မိမိက ဟစ်အော်သောအခါတွင် လူအများ ပြေးလာကြပါသည်။ မိမိအစ်ကို မောင်သိန်းအောင်ဆိုသူလည်း ကျင်းတိုင်းနေရာမှ ပြေးလာပြီး၊ ကိုဒေဝအား လက်သီးနှင့် ထိုးရာ ကိုဒေဝကလည်း ပြန်၍ လက်သီးနှင့် ထိုးသည်ဟူ၍ ထွက်ဆိုသည်။ တရားလိုသက်သေ မချို (လိုပြ-၁) က အော်သံကြား၍ လှမ်းကြည့်သောအခါတွင် ကိုဒေဝက မငွေမ၏ လက်ကိုဆွဲပြီး ပါးနမ်းကြောင်း မြင်ရသည်ဟု ထွက်ဆိုသည်။ မနွဲ့ (လိုပြ-၂) က ကျင်းတိုင်းနေစဉ် မငွေမ၏ အော်သံကြားသောကြောင့် လူများ ပြေးသွားကြောင်း ထွက်ဆိုသည်။

ကိုဒေဝက အချင်းဖြစ်ပွားစဉ် အလုပ်လုပ်နေသော အလုပ်သမား တထောင်ခန့် ရှိပါသည်။ ကျင်းပေါင်းများစွာ တူးလျက်ရှိပြီး ကျင်းတကျင်းတွင် လူ ၅ ယောက်မှ ၁၀ ယောက်အထိရှိ၍၊ ကျင်းတကျင်းနှင့် တကျင်း ၅ ပေခန့်သာ ကွာဝေးသောကြောင့် ဤမျှ များပြားသော လူမြင်ကွင်းတွင် မိမိက မိန်းကလေးတဦးအား ဖက်နမ်းသည် ဆိုခြင်းမှာ ယုတ္တိမရှိကြောင်း၊ မိမိတာဝန်အရ ကျင်းများကို စစ်ဆေးရာတွင် ကိုသိန်းဆောင်နှင့် ကိုသိန်းအောင်တို့ တူးသော ကျင်းကို မကျေနပ်သောကြောင့် ၃-၄ ခါပြန်၍ တိုင်းခိုင်းကြောင်း၊ ဤကိစ္စနှင့် ပတ်သက်ပြီး စကားများကာ ကိုသိန်းဆောင်နှင့် ကိုသိန်းအောင်တို့က မိမိကို လက်သီးနှင့် ထိုးသောကြောင့် မြေကျင်းထဲ ကျသွားကြောင်း တင်ပြသည်။ ကျင်းတူးအလုပ်သမားများ ဖြစ်ကြသော ကိုခင်မောင်လေး (ခံပြ-၂)နှင့် ဦးသာညို (ခံပြ-၃)တို့က ထောက်ခံ၍ အချင်းဖြစ်ပွားစဉ်အချိန်မှာ မငွေမအား ဦးဒေဝက လက်ဆွဲ၍ ပါးကိုနမ်းသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း ထွက်ဆိုကြသည်။

၁၉၇၆ ကိုဒေဝ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (မငွေမ)။

ယခုအမှုတွင် မငွေမ၏ ထွက်ဆိုချက်ကို သက်သေ ၂ ဦး၏ ထောက်ခံချက်ရှိသော်လည်း မိမိနှစ်မကို စော်ကားသောကြောင့် လက်သီးနှင့် ထိုးရပါသည်ဆိုသော ကိုသိန်းအောင်ကိုယ်တိုင် သက်သေအဖြစ် ပါဝင်ခြင်းမရှိချေ။ သက်သေ မန္တဲ့သည် အော်သံကြား၍ လူအများ ပြေးသွားသည်ကို မြင်ရကြောင်းသာ သိသူဖြစ်သည်။ သက်သေ မချိုက အော်သံကြား၍ လှမ်းကြည့်သောအခါတွင် ဦးဒေဝက မငွေမ၏ ပါးနမ်းနေကြောင်း မြင်ရပါသည်ဟု တိကျစွာ ထွက်ဆိုသော်လည်း ထိုအချိန်မှာ မှောင်နေပြီဖြစ်၍၊ ကျောင်းတိုင်းရာမှာပင် လက်နှိပ်ဓာတ်မီး အသုံးပြုရကြောင်း တရားလိုဘက်မှ အဆိုရှိသည်ဖြစ်သောကြောင့် ဤကဲ့သို့ ပေ ၂၀ ခန့်အဝေးကို လှမ်း၍ မြင်ရသည်ဆိုခြင်းမှာ မှန်မမှန် စဉ်းစားဖွယ်ရာ ရှိပေသည်။ မငွေမသည် လက်ဆွဲခံရသည်နှင့် တပြိုင်နက် ဟစ်အော်သည်ဟုဆိုသောကြောင့် ကိုဒေဝသည် မချိုလှမ်း၍ မြင်နိုင်သည်အထိ ဖြစ်မှုကို ဆက်လက် ကျူးလွန်နေလိမ့်မည်ဟု ယူဆခဲ့လျှင် သဘာဝတရားနှင့် ဆန့်ကျင်လျက်ရှိပေမည်။ အချင်းဖြစ်ပွားသော နေရာတွင် ကျောင်းတူးလုပ်သားများစွာရှိနေကြောင်း အငြင်းမထွက်သောကြောင့် မငွေမကို လက်ဆွဲ၍ ပါးနမ်းသည်ဆိုခြင်းမှာလည်း စဉ်းစားရန်ရှိသေးသည်။

ကာယိန္ဒြေပျက်စီးစေမှုနှင့် ပတ်သက်၍၊ သက်ဆိုင်သူ မိန်းကလေးသည် အရှုံးကဲ့ခံ၍ မှုသား တိုင်တန်းခြင်းမပြုရာဟုဆိုနိုင်သော်လည်း တဘက်မှ စဉ်းစားရောက်လည်း ဖြစ်မှုနှင့် ပတ်သက်သော စွပ်စွဲချက်မျိုးတွင် တရားလိုက အမှုနှင့် ပတ်သက်၍ တိကျသော သက်သေခံ အထောက်အထားများ တင်ပြရန် လိုအပ်မည်ဖြစ်ပေသည်။ ယခုအမှုတွင် နှစ်ဘက် သက်သေများ အပြိုင်အဆိုင်ရှိကြသည်။ တိုင်တန်းသူ မငွေမ၏ အစ်ကိုဖြစ်သူ ကျောင်းတိုင်းရာမှ အချင်းများ၍ အထက်အရာရှိ ကိုဒေဝအား လက်သီးနှင့်ထိုးကြောင်းလည်း သက်သေခံ အထောက်အထားရှိသည်။ ဤကဲ့သို့ ချေလွန်လက်လွန်ဖြစ်မိသောကြောင့် မိမိအပြစ်ကို ကာကွယ်စေရန် နှစ်မဖြစ်သူအား စော်ကားပါသည်ဟု အကြောင်းပြခြင်းလည်း ဖြစ်နိုင်သည်။

ပြစ်မှုဆိုင်ရာ အမှုများတွင် တရားခံတဦးအား အပြစ်ပေးသည်အထိ စဉ်းစားသောအခါတွင် အပြစ်ရှိကြောင်းနှင့် ပတ်သက်၍ သက်သေခံ အထောက်အထား တိကျခိုင်လုံရန် လိုအပ်ပေမည်။ ယခုအမှုတွင် သဘာဝ ယုတ္တိအားဖြင့် စဉ်းစားလျှင် အလုပ်သမားများစွာ ရှိစဉ်အချိန် ကိုဒေဝက မငွေမကို စော်ကားဝံ့မည် မဟုတ်ချေ။ အကယ်၍ စော်ကားခြင်း မှန်ကန်လျှင်လည်း တရားလိုဘက်မှ ယခုထက်ပိုမို၍ သက်သေများ တင်ပြနိုင်ဖွယ်ရာရှိသည်။ ကိုဒေဝသည် မငွေမအပေါ် ယခင်ကတည်းက

၁၉၇၆

ကိုဇဒ၀ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (မငွေမ)။

ရှင်းနှီးစေရန် ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ပြုကျင့်ခဲ့ကြောင်း မပေါ်ပေါက်ချေ။ ယခင်အဆက်အသွယ် လုံးဝမရှိသော မိန်းကလေးတဦးကို အကြောင်းမဲ့သက်သက် လူများစွာ ရှိနေစဉ် အချိန်တွင် လက်ဆွဲ၍ ပါးကိုနမ်းသည်ဆိုခြင်းမှာလည်း စဉ်းစားဖွယ်ရာ ဖြစ်ပေသည်။

ထို့ကြောင့် အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအားလုံးတို့ကို ချိန်ဆ၍ သုံးသပ်လျှင် ကိုဒေဝအပေါ် သံသယကင်း ရှင်းစွာ အပြစ်ပေးနိုင်မည် မဟုတ်သောကြောင့် လျှောက်လွှာကို ခွင့်ပြု၍ လျှောက်ထားသူ ကိုဒေဝအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ချမှတ်သော အမိန့်နှင့် ပြစ်ဒဏ်ကို ပယ်ဖျက်၍ အမှုမှ အပြီး အပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရ ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်၊ ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ဦးပု ၂။ ဦးကံထူး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်အေး)

†၁၉၇၆ နိုဝင်ဘာလ ၄ ရက်။

မည်သည့်ပုဒ်မဖြင့် စွဲချက်ထင်ရမည်ဟု တိုင်းတရားရုံးက မြို့နယ်တရားရုံးကို ညွှန်ကြားခြင်း၊ အမှုစစ်ဆေးရမည့်တရားရုံး၏ လွတ်လပ်စွာ တရားစီရင်ရေးကို ချုပ်ချယ်ရာရောက် မရောက်။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံးမှ ချမှတ်သောအမိန့်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၆ အရ၊ စွဲချက်တင်ရမည်ဟု တိကျစွာ ဖော်ပြထားခြင်းမှာ အမှုစစ်ဆေးရမည့် တရားရုံး၏လွတ်လပ်စွာ စီရင်ရေးကို ချုပ်ချယ်ရာရောက်သည်။ တိုင်းတရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်စေကာမူ စီရင်ချက်ပါစကားရပ်များကို ပြင်ဆင်ရန် လိုအပ်ပေသည်။ ထို့ကြောင့် တွံတေးမြို့နယ်တရားရုံးသည် တရားခံများအပေါ် ဥပဒေနှင့်အညီ စွဲချက်များတင်၍ ကြားနာစစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဦးလှတင် (ကိုယ်စား) ဗဟိုတရားရုံးဝန်ရှေ့နေ ဦးမောင်ကြီး။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။(၁) ဗဟိုဥပဒေရုံး ညွှန်ကြားရေးမှူး ဦးဘရွှေ။

(၂) ဗဟိုတရားရုံးရှေ့နေ ဦးရှန်။

လျှောက်ထားခံရသူ ဒေါ်အေးက လျှောက်ထားသူများအပေါ် အကျိုးပျက်စီးစေမှုနှင့် တိုင်တန်းစွဲဆိုရာ တွံတေးမြို့နယ် တရားရုံးက၊ လျှောက်ထားသူနှစ်ဦးအား စွဲချက်မတင်ပဲ ပြန်လွှတ်လိုက်သည်။ ရန်ကုန်တိုင်း တရားရုံးက မူလရုံးအမိန့်ကိုပယ်ဖျက်၍ လျှောက်ထားသူများအား ပုဒ်မ ၄၂၆ အရ၊ စွဲချက်တင်၍ ဆက်လက်စစ်ဆေး

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၆၅ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲပါ ရန်ကုန်တိုင်း (တွံတေးမြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

၁။ ဦးပု
၂။ ဦးကံထူး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်အေး)။

ရန် အမိန့်ချမှတ်သည်။ ယခုကဖန် လျှောက်ထားသူများက ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တက်လာခြင်းဖြစ်သည်။

တွံတေးမြို့နယ် ပြခိုးရွာရှိ လယ်မြေတွင် လျှောက်ထားသူများနှင့် လျှောက်ထားခံရသူ ဒေါ်အေး၏ခင်ပွန်း ဦးအောင်ထွန်း ဆိုသူတို့ အပြိုင်အဆိုင် ထွန်ယက်အငြင်းပွားခြင်းကို/ တွံတေးမြို့နယ် မြေယာကော်မတီအဖွဲ့၊ ကွင်းဆင်းလေ့လာပြီး မြေခွဲဝေပေးလိုက်သည်။ ထို့နောက် လျှောက်ထားသူ ဦးပုက လုပ်ပိုင်ခွင့်ရသော လယ်မြေအပိုင်းကို ထွန်ယက်လုပ်ကိုင်ရာတွင် လျှောက်ထားခံရသူ ဒေါ်အေးက ၎င်း၏စပါးများ ပျက်စီးသည်ဟု စွပ်စွဲကာ မူလရုံး၌ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူများ၏ အပြုအမူကြောင့် လျှောက်ထား ခံရသူ၏ စပါးပျက်စီးဆုံးရှုံးရကြောင်း တရားလိုသက်သေများ ထွက်ချက်အရ ပေါ်လွင်သည်ဟူ၍ တိုင်းတရားရုံး စီရင်ချက်၌ဖော်ပြထားသည်။ မူလတရားရုံး စီရင်ချက်၌လည်း အချင်းဖြစ်နေရာကို သွားရောက်ကြည့်ရှုရာ ပြောပလောက်အောင် အပျက်အစီးများကို မတွေ့ရသဖြင့် ယခုကဲ့သို့ အမှုအား စွဲချက်မတင်ပဲ လွှတ်လိုက်သည်ဟူ၍ ဖော်ပြထားသောကြောင့် အပျက်အစီးများ ရှိတန်သမျှရှိကြောင်း ပေါ်လွင်သည်။

လျှောက်ထား ခံရသူ၏ စပါးအပျက်အစီး အနည်းငယ်ရှိကြောင်း ၂ ရုံးတူညီချက်ရှိ၍ ထိုသို့ပျက်စီးရခြင်းမှာလျှောက်ထားသူများ ထွန်ယက်လုပ်ကိုင်ရာမှ ဖြစ်ခဲ့ရသည်ဟု စွပ်စွဲချက် ရှိနေသောကြောင့် ဥပဒေနှင့်အညီ စွဲချက်တင်၍ ဆက်လက်ဆောင်ရွက်သင့်သော ကိစ္စဖြစ်သည်။ သို့ရာတွင် တိုင်းတရားရုံးမှ ချမှတ်သော အမိန့်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၆ အရ၊ စွဲချက်တင်ရမည်ဟု တိကျစွာ ဖော်ပြထားခြင်းမှာ အမှုစစ်ဆေးရမည့် တရားရုံး၏ လွတ်လပ်စွာ စီရင်ရေးကို ချုပ်ချယ်ရာရောက်သည်။ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်သည် မှန်ကန်စေကာမူ စီရင်ချက်ပါ စကားရပ်များကို ပြင်ဆင်ရန် လိုအပ်ပေသည်။ ထို့ကြောင့် တွံတေးမြို့နယ် တရားရုံးသည် တရားခံများအပေါ် ဥပဒေနှင့်အညီ စွဲချက်များတင်၍ ကြားနာစစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ်ဦးသန့်စင်နှင့် ဗိုလ်မှူးကြီး လှမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

စောပိုတင် (ခေါ်) မပိုတင် (ခေါ်) မန္တရီ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

† ၁၉၇၆
ဇန်နဝါရီလ ၁၂ ရက်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး ဥပဒေပုဒ်မ ၉ (၁) (က)/၆(၁) မြို့နယ်တရားရုံးမှ စွဲချက်မတင်မီလွှတ်ခြင်း၊ ပြည်နယ်တရားရုံးက မူလမြို့နယ်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီးအမှုကို ပြန်လည်စစ်ဆေးရန်အမိန့်ချခြင်း၊ တရားလိုပြသက်သေထွက်ချက်များတွင် ငြိစွန်းသည့်အချက်များရှိခြင်း စွဲချက်မတင်ပဲပြန်လွှတ်ထားခြင်း မှန်မမှန်။

ဆုံးဖြတ်ချက်။ ။"မည်သူမဆို ဤအက်ဥပဒေကိစ္စရပ်များအလို့ငှာ အကြောင်းအရာတခုခုကို ဖော်ပြရာ၌ သိလျက်နှင့်ဖြစ်စေ၊ အရမ်းမဲ့ဖြစ်စေ အရေးကြီးသောအချက်၌ မဟုတ်မမှန်သော အကြောင်းအရာတခုခုကိုဖော်ပြလျှင် ထိုသူသည် ဤအက်ဥပဒေအရ ပြစ်မှုကျူးလွန်သည်" ဟု ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ခြင်း အက်ဥပဒေပုဒ်မ ၆(၁)(က) အရ ပြဋ္ဌာန်းထားသည်။ လျှောက်ထားသူသည် အမျိုးသားမှတ်ပုံတင် လက်မှတ်ရရှိရန် လျှောက်ထားစဉ်က၊ မောင်ကျော်ညွန့်နှင့်ပူးပေါင်းလျက် ပုံစံတွင် မမှန်ကန်သောအကြောင်းအရာများကို ဖော်ပြခဲ့သည်ဟု တရားလိုပြသက်သေများက ထွက်ဆိုခဲ့ကြသဖြင့် လျှောက်ထားသူနှင့် မောင်ကျော်ညွန့်တို့အပေါ်ကွင် ငြိစွန်းသည့်အထောက်အထားများအား ဖြေရှင်းရန် ရှိကြောင်းပေါ်လွင်သည်။ ထို့ကြောင့် ပြည်နယ်တရားရုံးမှ ချမှတ်ခဲ့သည့် အမိန့်သည် အကြောင်းခြင်းရာနှင့်ဥပဒေပြဋ္ဌာန်းချက်အရ မှန်ကန်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသန်းဖေအောင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့်(၁) ဦးဘသန်း။

လျှောက်ထားသူ စောပိုတင် (ခေါ်) မပိုတင် (ခေါ်) မန္တရီသည် နိုင်ငံခြားသား တဦးဖြစ်၍ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်အမှတ် အမ်အမ်စီ ၁၃၅၁/၆၃ ကို ကိုင်ဆောင်ခဲ့ပြီးနောက်၊ လျှောက်ထားသူသည်အမျိုးသားမှတ်ပုံတင်ရုံးစာရေး မောင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၉ (ခ)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀ (ခ) တွင်၊ ချမှတ်သော ၁၉၇၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့စွဲပါ မော်လမြိုင်မြို့ရုံးထိုင်၊ မွန်ပြည်နယ်တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

စောပိုတင် (ခ) မပိုတင်(ခ)မနွဲ့ရီ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

ကျော်ညွန့်နှင့် ပူးပေါင်းကာ ပုံစံ (ခ) တွင် မမှန်မကန် ဖော်ပြပြီး အမျိုးသားမှတ်ပုံတင် လက်မှတ် အမှတ် အမ်အမ်အင် ၅၀၄၉၈၁၇ ကိုထုတ်ယူခဲ့ကြောင်း တွေ့ရှိရသည်ဟု စွပ်စွဲ လျက် အထူးစုံစမ်း စစ်ဆေးရေးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသိန်းက လျှောက်ထားသူနှင့် မောင်ကျော်ညွန့်တို့အား ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၆ (၁) (က)/၆ (၃)အရ တရားစွဲဆို ခဲ့သည်။ မော်လမြိုင်မြို့နယ် တရားရုံးက ၁၉၇၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇၃ (က) သတ်မှတ်၍ တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက် လျှောက်ထား သူနှင့် မောင်ကျော်ညွန့်တို့အား စွဲချက်မတင်ပဲ ပြန်လွှတ်ထားစေရန် အမိန့်ချမှတ်ခဲ့ သည်။

ထိုအမိန့်ကို မကျေနပ်သဖြင့် အထူးစုံစမ်း စစ်ဆေးရေးဌာနက ပြင်ဆင်မှု လျှောက် ထားခဲ့ရာ မော်လမြိုင်မြို့ရုံးထိုင် မွန်ပြည်နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၀ (ခ) သတ်မှတ်၍ ကြားနာခဲ့ပြီး မူလရုံး၏အမိန့်ကို ပယ်ဖျက်ကာ အမှုကို ပြန်လည်စစ်ဆေးစေရန် အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားသူက မကျေနပ်သဖြင့် ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပေး ပါရန် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

"မည်သူမဆို ဤအက်ဥပဒေ ကိစ္စများအလို့ငှာ၊ အကြောင်းအရာတခုခုကို ဖော်ပြ ရာ၌ သိလျက်နှင့်ဖြစ်စေ၊ အရမ်းမဲ့ဖြစ်စေ အရေးကြီးသောအချက်၌ မဟုတ်မမှန်သော အကြောင်းအရာ တခုခုကို ဖော်ပြလျှင် ထိုသူသည် ဤအက်ဥပဒေအရ အပြစ်ကျူး လွန်သည်" ဟုပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ခြင်း အက်ဥပဒေပုဒ်မ ၆ (၁) (က)အရ၊ ပြဋ္ဌာန်းထားပေသည်။ လျှောက်ထားသူသည် အမျိုးသား မှတ်ပုံတင်လက်မှတ် ရရှိရန် လျှောက်ထားစဉ်က မောင်ကျော်ညွန့်နှင့် ပူးပေါင်းလျက် ပုံစံတွင် မမှန်ကန်သော အကြောင်းအရာများကို ဖော်ပြခဲ့သည်ဟု တရားလိုပြ သက်သေများက ထွက်ဆိုခဲ့ကြသဖြင့် လျှောက်ထားသူနှင့် မောင်ကျော် ညွန့်တို့ အပေါ်တွင် ငြိစွန်းသည့် အထောက်အထားများအား ဖြေရှင်းရန်ရှိကြောင်း ပေါ်လွင်သည်။ ပြည်နယ်တရားရုံးက မူလရုံး၏ အမိန့်ကို ပြန်လည်စစ်ဆေးစေရန် ချမှတ်ခဲ့သည့် အမိန့်သည် အကြောင်းခြင်းရာနှင့်တကွ ဥပဒေ ပြဋ္ဌာန်းချက်အရ မှန်ကန်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးလှင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်၊ ဦးစိုးလှိုင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဘီးအင်းပက်ထရို

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဘဂါတာပက်ထရို) *

† ၁၉၇၆

ဩဂုတ် လ
၁၆ ရက်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က)/၃၄၄၊ တရားမမှုစစ်ဆေးနေစဉ်အတွင်း ပြစ်မှုဆိုင်ရာအမှုကိုဆိုင်းငံ့ပေးရန် လျှောက်ထားခြင်း၊ မည်သည့်အခါတွင်ဆိုင်းငံ့ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။စစ်ဆေးကြားနာဆဲ တရားမမှုနှင့် ပြစ်မှုဆိုင်ရာ အမှုတို့တွင် အမှုသည်များ တူညီနေပြီး ဆုံးဖြတ်ရန်အကြောင်းအရာသည်လည်း တူညီနေလျှင်သော်လည်းကောင်း၊ တရားမမှု၌ သေချာကျနစွာစစ်ဆေးပြီးမှ ပြစ်မှုဆိုင်ရာအမှုကို စစ်ဆေးပါကပိုမိုလွယ်ကူမည့်ပြင် အမှန်တရားကိုဖော်ထုတ်ရာ၌ အထောက်အကူရနိုင်လျှင်သော်လည်းကောင်း ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားသင့်ပေသည်။

ယခုကိစ္စတွင် သက်ဆိုင်ရာတရားမကြီးမှုနှင့် ပြစ်မှုဆိုင်ရာအမှုတို့၌ အမှုသည်များမတူညီကြောင်း တွေ့ရှိရသည်။ ထို့ပြင်တရားမမှု၌ တောင်းဆိုသောသက်သာခွင့်မှာ အဓိကအားဖြင့် တရားပိုင်များအား ဂေါပကလူကြီးတာဝန်မှ ထုတ်ပယ်၍ ဂေါပကလူကြီးသစ်များ ရွေးချယ်တင်မြှောက်စေရန် ဖြစ်သည်။ ပြစ်မှုဆိုင်ရာအမှု၌ ဘုရားရှိခိုးကျောင်းပိုင်ငွေ ၁၇၃၉၂၊၉၅ ပြားကို အလွဲသုံးစားပြုမှုဖြင့် စွဲဆိုထားလေသည်။ ထို့နှစ်မှုတွင် မူခင်းဖြစ် အကြောင်းခြင်းရာများ မတူသောကြောင့် တရားမမှုကို စစ်ဆေးနေဆဲတွင် ပြစ်မှုဆိုင်ရာအမှုကို ဆိုင်းငံ့ထားခြင်းအားဖြင့် အကျိုးရှိမည်မဟုတ်ပေ။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံး ရှေ့နေ မစ္စတာ ဘီကေဆင်း။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁)ဦးဘသန်း။

ဗဟိုတရားရုံး ရှေ့နေ မစ္စတာ အမ်၊ အေဆူဘမ်း။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆၆။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆ တွင်၊ ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၆

ဘီ၊ အင်၊ ပက်ထရို နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဘဂါတာ ပက်ထရီ)။

ရန်ကုန်မြို့ အလုံ ပဒေသာလမ်း၊ အမှတ် ၁၅တွင် ရှရိဂူဂါနာသ်ဘုရား ရှိခိုးကျောင်း ရှိသည်။ ထိုကျောင်း၌ ဝတ်ပြုသူ လေးဦးတို့က တရားလိုပြုလုပ်၍ ဘီ၊ အမ်၊ ပက်ထရီနှင့် ဘဂဝပက်ထရိုတို့ပါဝင်သော ဂေါပက လူကြီးများအား တရားပြိုင်အဖြစ်ဖြင့် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃ တွင် တရားစွဲဆိုခဲ့သည်။ ထို့နောက် ဘဂတာ ပက်ထရိုလ်က ဘီ၊ အမ်၊ ပက်ထရို အပေါ်တွင် ထိုကျောင်းပိုင် ငွေ ၁၇၃၉၂၊ ၉၅ ပြားကို အလွဲသုံးစား ပြုမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ဦးတိုက် လျှောက်ထားတရားစွဲဆိုပြန်ရာ အလုံ မြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၄ ဟု သတ်မှတ်၍ စစ်ဆေးခဲ့သည်။ ဘီ၊ အင်၊ ပက်ထရိုက မိမိအပေါ် စွဲဆိုသော ပြစ်မှု ဆိုင်ရာအမှုကို အထက်ဖော်ပြပါ တရားမမှုအား စစ်ဆေး နေစဉ်အတွင်း ဆိုင်းငံ့ထားပါရန် လျှောက်ထားသည်။ မူလရုံးက ထိုလျှောက်ထားချက်ကို ငြင်းပယ်ခဲ့သည်။ ဘီ၊ အမ်၊ ပက်ထရိုက ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၅ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆ တွင် ထပ်မံ လျှောက်ထားရာ၌လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဆက်လက် လျှောက်ထားခြင်းဖြစ်သည်။

သက်သေမလာသောကြောင့်ဖြစ်စေ၊ အခြားသင့်လျော်သော အကြောင်းကြောင့် ဖြစ်စေ တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကို ရွှေ့ဆိုင်းရန် လိုအပ်သည်ဟု ယူဆလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၃၄၄ အရရွှေ့ဆိုင်းနိုင်သည်။ စစ်ဆေးကြားနာဆဲ တရားမမှုနှင့် ပြစ်မှုဆိုင်ရာ အမှုတို့တွင် အမှုသည်များတူညီနေပြီး ဆုံးဖြတ်ရန် အကြောင်းအရာ သည်လည်း တူညီနေလျှင် သော်လည်းကောင်း၊ တရားမမှု၌ သေချာကျနစွာ စစ်ဆေးပြီးမှ ပြစ်မှုဆိုင်ရာ အမှုကို စစ်ဆေးပါက ပိုမို လွယ်ကူမည့်ပြင်၊ အမှန်တရားကို ဖော်ထုတ်ရာ၌ အထောက်အကူ ရနိုင်လျှင် သော်လည်း ကောင်း ပြစ်မှုဆိုင်ရာ အမှုကို ဆိုင်းငံ့ထားသင့်ပေသည်။

ယခုကိစ္စတွင် သက်ဆိုင်ရာ တရားမကြီးမှုနှင့် ပြစ်မှုဆိုင်ရာ အမှုတို့၌ အမှုသည်များ မတူညီကြောင်း တွေ့ရှိရသည်။ ထို့ပြင်တရားမမှု၌ တောင်းဆိုထားသောသက်သာခွင့်မှာ အဓိက အားဖြင့် တရားပြိုင်များအား ဂေါပက လူကြီးတာဝန်မှ ထုတ်ပယ်၍ ဂေါပက လူကြီးအသစ်များ ရွေးချယ်တင်မြှောက်စေရန်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ အမှု၌ ဘုရားရှိခိုးကျောင်းပိုင် ငွေ ၁၇၃၉၂၊ ၉၅ပြားကို အလွဲသုံးစား ပြုမှုဖြင့် စွဲဆိုထားပေသည်။ ထိုနှစ်မှုတွင် မှုခင်း ဖြစ်အကြောင်းခြင်းရာချင်း မတူသောကြောင့် တရားမမှုကို စစ်ဆေးနေဆဲတွင် ပြစ်မှုဆိုင်ရာ အမှုကို ဆိုင်းငံ့ထားခြင်းအားဖြင့် အကျိုးရှိမည် မဟုတ်ပေ။ ပြစ်မှုဆိုင်ရာ အမှုကို ဆိုင်းငံ့ထားရန် အကြောင်းမရှိသဖြင့် လျှောက်လွှာကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ပေါက်စ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ကိုစံတင်)*

†၁၉၇၆

မေလ ၁၅ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇၊ တရားခံအား ပြစ်မှုမထင်ရှားသောကြောင့် အမှုမှ လွှတ်ခဲ့လျှင် တရားခံထံမှ ဖမ်းဆီးရမိသော သက်သေခံပစ္စည်းကို တရားခံအား ပြန်ပေးခြင်း မှန် မမှန်။

ဆုံးဖြတ်ချက်။ ။သက်သေခံပစ္စည်းသည် ခိုးမှုနှင့်မပတ်သက်ဟူ၍ တရားခံအဖြစ်မှလွှတ်ခဲ့လျှင် သာမန်အားဖြင့် ယင်းပစ္စည်းကို မူရင်းလက်ဝယ် ထားရှိသူထံ ပြန်ပေးရမည် ဖြစ်သောကြောင့် သက်သေခံပစ္စည်း ကျွဲမနှင့် ယင်းမှပေါက်ပွားသော ကျွဲကလေးတို့အား အမှုမှ အပြီးအပြတ်လွှတ် လိုက်သောမူရင်းလက်ဝယ်ထားရှိသူ မောင်ပေါက်စအား ပြန်ပေးစေရန် ညွှန်ကြားသည့် မြို့နယ် တရားရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ပေသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးခင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁) ဦးသိန်းလွင်။

သက်သေခံပစ္စည်း ပြန်ပေးခြင်းနှင့်ပတ်သက်၍ လျှောက်ထားသော အမှုဖြစ်သည်။ လျှောက်ထားသူ မောင်ပေါက်စနှင့် ၃ ဦးတို့အပေါ် လျှောက်ထားခံရသူ မောင်စံတင်က မိမိ၏ ကျွဲခိုးယူမှုနှင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၇၀ အရ၊ တောင်ငူ မြို့နယ် တရားရုံး တွင်တရားစွဲသည်။ တရားရုံးက အမှု ကြားနာစဉ်အတွင်း မောင်ပေါက်စထံမှ ကျွဲမကို သိမ်းယူ၍ မောင်စံတင်သို့ အာမခံနှင့် ပေးထားသည်။ ယင်းကျွဲမမှာ ကျွဲကလေး တကောင်မွေးဖွားခဲ့သည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၂၂ (ခ)။

†၊ ၁၉၇၄ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၉ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် နေ့စွဲပါ ပဲခူးတိုင်း (တောင်ငူမြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

၁၉၇၆

မောင်ပေါက်စ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်အကျိုးငှာ (ကိုစံတင်)။

အမှု စစ်ဆေးပြီးဆုံးသောအခါတွင် မြို့နယ် တရားရုံးက မောင်ပေါက်စနှင့် ၃ ဦးတို့အား ပြစ်မှု မထင်ရှားသောကြောင့် အမှုမှ အပြီးအပြတ် လွှတ်သည်။ သက်သေခံ ပစ္စည်းကျွဲမနှင့် ယင်းကျွဲမမှ မွေးဖွားသော ကျွဲကလေးကို မောင်ပေါက်စပြန်ပေးလေသည်။ ယင်းအမိန့်ကို မောင်စံတင်က မကျေနပ်သောကြောင့် ပဲခူးတိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ သက်သေခံပစ္စည်းနှင့် ပတ်သက်သော မူလတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ကျွဲမနှင့်ကျွဲကလေးကို မောင်စံတင်အား ပြန်ပေးစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မောင်ပေါက်စက မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ရောက်ရှိလာသော အမှုဖြစ်လေသည်။

အမှု စစ်ဆေးကြားနာသော တရားရုံးသည် အမှုပြီးဆုံးသောအခါ သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇ အရ သင့်လျော်သော အမိန့်တရပ်ကို ချမှတ်သည်။ ယေဘုယျအားဖြင့် တရားခံအား ပြစ်မှုမထင်ရှားသောကြောင့် အမှုမှ ပိတ်ခဲ့လျှင် တရားခံထံမှ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းကို ယင်းထံပြန်ပေးရမည်သာဖြစ်သည်။

ယခု အမှုတွင် ပြစ်မှုနှင့် ပတ်သက်လျက် ရှိသော သက်သေခံပစ္စည်း ကျွဲမနှင့် ယင်းမှ မွေးဖွားသော ကျွဲကလေးတို့အား မူလတရားရုံးက တရားခံကို ပြန်ပေးခြင်းမှာ ကျွဲပျောက်ဆုံးသည်ဆိုသော တရားလိုက ယင်းကျွဲမသည် မိမိပျောက်ဆုံးသော ကျွဲမ ဖြစ်ကြောင်း တင်ပြ နိုင်စွမ်း မရှိသောကြောင့် ဖြစ်ပေသည်။ ရုံးရှေ့သို့ သက်သေခံ ပစ္စည်းအဖြစ် ရောက်ရှိလာသော ပစ္စည်းသည် ခိုးမှုနှင့် မပတ်သက်ဟူ၍ တရားခံအား အပြစ်မှ လွှတ်ခဲ့လျှင် သာမန်အားဖြင့် ယင်းပစ္စည်းကို မူရင်းလက်ဝယ် ထားရှိသူထံ ပြန်ပေးရမည် ဖြစ်သောကြောင့် သက်သေခံ ပစ္စည်းကျွဲမနှင့် ယင်းမှ ပေါက်ဖွားသော ကျွဲကလေးအား အမှုမှအပြီးအပြတ် လွှတ်လိုက်သော မူရင်းလက်ဝယ် ထားရှိသူ မောင်ပေါက်စအား ပြန်ပေးစေရန် ညွှန်ကြားသည့် မြို့နယ် တရားရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ပေသည်။ ထို့ကြောင့်ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ သက်သေခံ ပစ္စည်း ကျွဲမနှင့် ထိုကျွဲမမှ ပေါက်ဖွားသော ကျွဲကလေးတို့ကို လျှောက်ထားသူ မောင်ပေါက်စအား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

မြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ပိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကြည်မြနှင့် ဦးသန့်စင် တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးကျင်စိန် *

† ၁၉၇၆ ဩဂုတ်လ ၂ ရက်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁)၊ ထောင်ဒဏ်ချမှတ်ခြင်း၊ ယင်းထောင်ဒဏ်မှ ချုပ်ရက်များကိုနုတ်ပြီး ကျန်ရှိနေသေးသော ထောင်ဒဏ်အစား ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခြင်း၊ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့်ဥပဒေပုဒ်မ ၁၄ (၁) အရ အနည်းဆုံး ထောင် ၆ လ၊ အပြစ်ပေးရမည်ဖြစ်သည်။ မြို့နယ်တရားရုံးသည်ထောင်ဒဏ် ၆ လ ကျခံစေရန်နှင့်ချုပ်ရက် ၅ လ ၆ ရက်ကိုနုတ်ပယ်စေရန်ညွှန်ကြားခြင်းသည် ဥပဒေနှင့်လျော်ညီသော်လည်း၊ ကျန်ထောင်ဒဏ် ၂၄ ရက်အစား ဒဏ်ငွေ ၁၀၀ိပေးစေရန် အမိန့်မှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးကျော်မောင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံး ရှေ့နေ ဦးဘိုးသာ။

ဤပြင်ဆင်မှုကို တနင်္သာရီတိုင်း တရားရေးကော်မတီ၏ ထောက်ခံတင်ပြချက်အရ ဗဟိုတရားရုံးမှ အမှုတွင် ကြားနာခြင်းဖြစ်သည်။ ဦးကျင်စိန်ဆိုသူ၏ နေအိမ်တွင်နိုင်ငံခြား အိမ်သုံးလူသုံး ပစ္စည်းကျပ် ၅၀၀၀ ဖိုးခန့် ဖမ်းဆီးရမိ သောကြောင့် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ၊ ထားဝယ်မြို့နယ် တရားရုံးကစွဲချက်တင်သောအခါ အပြစ်ရှိကြောင်း ဝန်ခံသည်။ ထို့ကြောင့် ဦးကျင်စိန် အပေါ် ထောင်ဒဏ် ၆ လကျခံစေရန်နှင့် ယင်းထောင်ဒဏ်အနက်မှ ချုပ်ရက် ၅ လနှင့် ၆

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၇ (က)။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့စွဲပါ တနင်္သာရီတိုင်း တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးကျင်စိန်။

ရက်နုတ်ပြီး၊ ကျန်ထောင်ဒဏ် ၂၄ ရက်အစားဒဏ်ငွေ ကျပ် ၁၀၀၀ ပေးဆောင်စေရန်နှင့်ပျက်ကွက်လျှင်နောက်ထပ် ထောင်ဒဏ် ၆ လကျခံစေရန်အမိန့်ချမှတ်သည်။

ဤသို့မြို့နယ်တရားရုံး၏ အမိန့်မှာ တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း တနင်္သာရီတိုင်း တရားရေးကော်မတီ၏ တင်ပြချက်ကို တနင်္သာရီတိုင်း တရားရုံးက လက်မခံသောကြောင့် ယခုတဖန် ဗဟိုတရားရုံးသို့ တင်ပြခြင်းဖြစ်လေသည်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ အနည်းဆုံး ထောင်ဒဏ် ၆ လ အပြစ်ပေးရမည်ဖြစ်သည်။ မြို့နယ် တရားရုံးသည် ထောင်ဒဏ် ၆ လ ကျခံစေရန်နှင့်ချုပ်ရက် ၅ လ ၆ ရက်ကို နုတ်ပယ်ပေးရန် ညွှန်ကြားခြင်းသည် ဥပဒေနှင့်လျော်ညီသော်လည်း ကျန်ထောင်ဒဏ် ၂၄ ရက်အစား ဒဏ်ငွေ ကျပ် ၁၀၀၀ ပေးစေရန်အမိန့်မှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည်။ ထို့ကြောင့် ထားဝယ်မြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားခံရသူ ဦးကျင်စိန်သည် ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် ၆ လကျခံစေရန်နှင့် ဒဏ်ငွေ ၁၀၀၀ ပေးဆောင်ရန် အကယ်၍ ဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်လျှင် နောက်ထပ် ထောင်ဒဏ် ၆ လ ကျခံစေရန် အမိန့်ချမှတ် လိုက်သည်။ ဦးကျင်စိန်သည် ထောင်ဒဏ်မှ ကျခံပြီးသည့် ချုပ်ရက်များကို နုတ်ခွင့်ရှိသည့် အပြင် အမှုမှာ ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့ မတိုင်မီကကျူးလွန်ခဲ့ခြင်း ဖြစ်သောကြောင့် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရဒဏ်ပြစ်ဒဏ် ၃ ပုံတပုံလျှော့၍ခံစားနိုင်ရန် အမိန့် ချမှတ်လိုက်သည်။

ပြစ်မှုစောဒကမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးထွန်းအောင်ကျော်၊ ဦးလွင်မောင်၊ ဦးကြည်မြ၊ ဗိုလ်မှူးကြီးလှမောင်၊ ဦးစိုးလှိုင်နှင့် ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးခွေး၊ အမှတ် ၇၇၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ပြွန်တံဆာ *

† ၁၉၇၆
ဇန်နဝါရီလ ၃၁ ရက်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁)၊ လျှောက်ထားခံရသူသည် ကားပိုင်ရှင်တဦးဖြစ်ခြင်း၊ လုပ်ငန်းပမာဏ အရ ရေနံနှင့်ရေနံထွက်ပစ္စည်းကို မည်မျှလက်ဝယ်ထားရှိနိုင်ခြင်း၊ အစိုးရကသာ ဝယ်ယူ ရောင်းချရန် သတ်မှတ်သော ကုန်ပစ္စည်းများကို ရပ်ကွက်အတွင်း မူလတန်ဖိုးဖြင့် ရောင်းချ ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်ပါပြစ်မှုကို ကျူးလွန်ရာရောက် မရောက်။

ဆုံးဖြတ်ချက်။ ။ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေအတွဲ ၅ တွင် ခေတ်ဟီနှင့်ပတ်သက်သော ဥပဒေကိုပြဋ္ဌာန်းပါရှိသည်။ ယင်းဥပဒေပုဒ်မ ၈ တွင် လူတဦးတယောက်သည် ခေတ်ဆီ ၆ ဂါလံထက် မပိုလျှင် သိုလှောင်ထားရန်အတွက် ခွင့်ပြုမိန့်မလိုကြောင်း ဖော်ပြထားပေသည်။ တဖန်ပုဒ်မ ၉ တွင် မော်တော်ကား ပိုင်ရှင်ဖြစ်ခဲ့လျှင် မိမိမော်တော်ကား၌ မူလပါရှိပြီးဖြစ်သော ခေတ်ဆီများ အပြင်၊ စည်းကမ်းနှင့်အညီ ခေတ်ဆီဂါလံ ၂၀ ကို အပိုသောင်ထားရန်အတွက် ခွင့်ပြုမိန့်မလိုကြောင်း ဖော်ပြထားသည်။ လျှောက်ထားခံရသူထံမှ ဖမ်းဆီးရမိသော ခေတ်ဆီများမှာ ၁၃၂ ဂါလံဖြစ်သဖြင့်၊ ဥပဒေခွင့်ပြုချက်ထက် ပိုမိုသိုလှောင်ထားရှိခြင်းမှာ ထင်ရှားသည်။ ဦးခွေးသည် မိမိအိမ်မှ ဖမ်းဆီး ခြင်းခံရသောပစ္စည်းများကို သိုလှောင်ခြင်း၊ အမြတ်တင် ရောင်းချခြင်းမဟုတ်ပဲ ရပ်ကွက်တွင် မူလတန်ဖိုးဖြင့် မျှဝေသုံးစွဲခြင်းသာဖြစ်ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က သုံးသပ်ထားကြောင်း တွေ့ရှိရသည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၃ (၃) အရ ပြစ်မှုမြောက်ရန်မှာ ပြန်လည် ရောင်းချမှုသာဖြစ်သောကြောင့် အရင်းအတိုင်း ပြန်လည်ရောင်းချခြင်း၊ အရှုံးခံ၍ ပြန်လည်ရောင်း ချခြင်း၊ အမြတ်ဖြင့် ပြန်လည်ရောင်းချခြင်း စသည်တို့မှာ ပြဿနာမဟုတ်ကြောင်း တင်ပြသည်။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁)။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုစောဒကမှုအမှတ် ၃။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြစ်မှုအမှတ် ၂၄၆ (ခ)တွင် ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့စွဲပါ ဗဟိုတရားစီရင်ရေးအဖွဲ့၏အမိန့်ကိုစောဒကတက်မှု။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ဦးခွေး၊ အမှတ် ၇၇၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ပြွန်တံဆာ။

ပုဒ်မ ၁၃ (၁) တွင် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ "အစိုးရကအာဝယ်ယူရောင်းချရန် သတ်မှတ်သောကုန်ပစ္စည်းများကို ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပြန်လည်ရောင်းချရန်အလို့ငှာ ဝယ်ယူခြင်း ရယူခြင်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းစသော ကုန်သွယ်ရေးလုပ်ငန်းများကို ပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုလုပ်သည်ကိုအားပေးခြင်း" ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် အငြင်းမထွက်သောအချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များအရ လျှောက်ထားခံရသူသည် နိုင်ငံတော်ကသာ လုပ်ပိုင်ခွင့်ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ပြန်လည်ရောင်းချခြင်းပြစ်မှုတို့ကို ကျူးလွန်ကြောင်းထင်ရှားလျက်ရှိပေသည်။

စောဒကတရားလိုအတွက်။ ။ဗဟိုဥပဒေရုံး၊ ဦးမျိုးထွန်းလင်း၊ ညွှန်ကြားရေးမှူး။

စောဒကတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေ၊ ဦးရဲထွန်း။

ဤအမှုမှာ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၆ (ခ) တွင် ချမှတ်သော၊ ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်ကို ဥပဒေနှင့် မညီညွတ်ဟု ယူဆသောကြောင့်၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ယင်း၏ ဥပဒေပုဒ်မ ၇ (ခ) အရ၊ စောဒကတင်သွင်းသောအမှုဖြစ်သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ ညောင်လေးပင်မြို့နေ ဦးခွေး၏နေအိမ်တွင် ဓာတ်ဆီ၊ ချော်ဆီ၊ စက်ဆီနှင့် ရေနံဆီများ မှောင်ခိုရောင်းချလျက် ရှိကြောင်းသတင်း ရရှိသောကြောင့် ရှာဖွေရေးအဖွဲ့က ဦးခွေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေသော အခါတွင်—

(၁) ဂီယာဆီ .... ၉ ဂါလံ၊
(၂) အမဲဆီ .... ၆ဂ ဂါလံ၊
(၃) ဓာတ်ဆီ .... ၁၃၂ ဂါလံ၊
(၄) ဒီဇယ်ဆီ .... ၅၇ ဂါလံ၊
(၅) ရေနံဆီ .... ၂၃၀ ဂါလံ၊
(၆) ရေနံချေး .... ၁၁၅ ဂါလံ၊
(၇) စက်ဆီ .... ၅၇ ဂါလံ၊
(၈) ပေပါလွတ် .... ၄၇ လုံး၊
(၉) ဓာတ်ဆီပုံးလွတ် .... ၄ လုံး၊
(၁၀) ဓာတ်ဆီဘုံဘိုင် .... ၁ ခု၊

တို့ကိုတွေ့ရှိသိမ်းဆည်းခဲ့သည်။ ပစ္စည်းများစုစုပေါင်းတန်ဖိုးမှာ ၂၁၆၆ ကျပ် ၁၇ ပြားဖြစ်သည်။ ဤသို့ တွေ့ရှိသောကြောင့် ဦးခွေးနှင့် သားမောင်ငွေသိန်းတို့ အပေါ်

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေအရ၊ ညောင်လေးပင်မြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးခွေး၊ အမှတ် ၇၇၊ ရန်ကုန်းမန္တလေး ကားလမ်း၊ မြွန်တံဆာ။

မြို့နယ်တရားရုံးက တရားခံများအပေါ် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ၊ အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ထောင်ဒဏ် ၁ နှစ်ကျခံစေရန်နှင့် သက်သေခံ ပစ္စည်းများကို ပြည်သူပိုင်သိမ်းစေရန် အမိန့်ချမှတ်သည်။ ဦးခွေးနှင့် မောင်ငွေသိန်း တို့ကတိုင်းတရားရုံးသို့ အယူခံသောအခါတွင် ဦးခွေးအပေါ် ထောင်ဒဏ် ၁ နှစ် အစား၊ ထောင်ဒဏ် ၆ လသို့ပြောင်းလဲသတ်မှတ်၍ မောင်ငွေသိန်းကို အမှုမှအပြီး အပြတ်လွှတ်စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးခွေးကမကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသောအခါ၊ ဗဟို တရားစီရင်ရေးအဖွဲ့က ဦးခွေး အပြီးအပြတ် လွှတ်စေရန်နှင့် သက်သေခံ ပစ္စည်းများကိုလည်း ဦးခွေး သို့ပြန်လည်ပေး စေရန်အမိန့်ချမှတ်ခဲ့သည်။

ယင်းကဲ့သို့အမိန့်ချမှတ်ခဲ့ခြင်းကို၊ သက်သေခံဥပဒေပုဒ်မ ၃ တွင်ပါရှိသော ဥပဒေ အကြောင်းခြင်းရာများအပေါ် မူတည်၍၊ ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့က စာဒကမှု တင်သွင်းခြင်းဖြစ်သည်။ သက်သေခံဥပဒေပုဒ်မ ၃ ၌၊ တရားရုံးသည်အမှု တွင်ပေါ်ပေါက်သော အကြောင်းခြင်းရာများကို စဉ်းစားသောအခါ၌ အမှုအခြေ အနေအရ အရေးယူသင့်သော အကြောင်းခြင်းရာများ တည်ရှိတန်ရာသည်ဟု ယူဆလျှင် ယင်းအကြောင်း ခြင်းရာများသည် ပေါ်လွင်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးခွေးအား အမှုမှအပြီးအပြတ် လွှတ်ရာတွင် အထောက်အထားပြုသော အချက်များမှာ ဦးခွေးသည် မိမိ၏ လုပ်ငန်းပမာဏအရ ရေနံထွက်ကုန်ပစ္စည်းများကို လက်ဝယ်ထားရှိခြင်း၊ ယင်းပစ္စည်းများကို အမြတ်တင်၍ ရောင်းချရန်သို့လှောင်ခြင်းမဟုတ်ပဲ၊ ရပ်ကွက်တွင် လိုအပ်သည့်အခါ၌ မူလတန်ဖိုးဖြင့် မျှဝေသုံးစွဲခြင်း ဖြစ်ပွားသောကိစ္စသည် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေအရ ဘောင်မဝင်ခြင်း အစရှိသောအချက် များအပေါ်တွင်မူတည်၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းအကြောင်း ပြချက်များကို ဥပဒေအရ ဝေဖန်သုံးသပ်ရန် လိုအပ်ပေသည်။

ဦးခွေးတွင် ခတ်ဆီတင် မော်တော်ကား ၂ စီး၊ လူနှင့်ကုန်တင် မော်တော်ကား ၄ စီး၊ စုစုပေါင်းကား ၆ စီးရှိသည်။ ဖမ်းဆီးရမိသော ရေနံနှင့်ရေနံထွက်ပစ္စည်းမှာ လုပ်ငန်းပမာဏအရ လက်ဝယ်ထားနိုင်ကြောင်း ဗဟိုတရားရေးစီရင်အဖွဲ့က ယူဆထား

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးခွေး၊ အမှတ် ၇၇၊ ရန်ကုန်မန္တလေး ကားလမ်း၊ မြန်တံဆာ။

လေသည်။ သို့ရာတွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဦးခွေးထံမှ ဖမ်းဆီးရမိသောပစ္စည်းများသည်၊ သာမန်အားဖြင့် မော်တော်ကား ပိုင်ရှင်တဦး သိုလှောင်ထားရှိနိုင်သည့် ပမာဏထက် ပိုမိုများပြားနေကြောင်း တင်ပြသည်။ မည်မျှမည်မျှ ပိုမိုများကြောင်းကိုးကားဖော်ပြခြင်းမပြုခဲ့ပေ။

ဤအချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု မြန်မာနိုင်ငံ ဥပဒေအတွဲ ၅ တွင် ဓာတ်ဆီနှင့်ပတ်သက်သော ဥပဒေ၌ ပြဋ္ဌာန်းပါရှိသည်။ ယင်းဥပဒေပုဒ်မ ဂ တွင် လူတဦးတယောက်သည် ဓာတ်ဆီ ၆ ဂါလံထက် မပိုလျှင်၊ သိုလှောင်ထားရန်အတွက် ခွင့်ပြုမိန့်မလိုကြောင်း ဖော်ပြထားလေသည်။ တဖန်ပုဒ်မ ၉ တွင်၊ မော်တော်ကား ပိုင်ရှင်ဖြစ်ခဲ့လျှင်၊ မိမိမော်တော်ကား၌ မူလပါရှိပြီးဖြစ်သော ဓာတ်ဆီများ အပြင် စည်းကမ်းနှင့်အညီ ဓာတ်ဆီဂါလံ ၂၀ ကိုအပို ဆောင်းထားရန်အတွက် ခွင့်ပြုမိန့် မလိုကြောင်းဖော်ပြထားသည်။ ဦးခွေးထံမှ ဖမ်းဆီးရမိသော ဓာတ်ဆီများမှာ ၁၃၂ ဂါလံဖြစ်သည်။ ယင်းဓာတ်ဆီများကို သိုလှောင်ထားရှိခြင်းမှာ ပြဋ္ဌာန်းထားသော သက်ဆိုင်ရာဥပဒေ၏ ခွင့်ပြုချက်ထက်ပိုမိုများပြားနေကြောင်းထင်ရှားသည်။ ဤကဲ့သို့ ဓာတ်ဆီနှင့်သက်ဆိုင်သော အက်ဥပဒေကို ကိုးကားခြင်းသည် ယင်းဥပဒေအရ အပြစ်ရှိ မရှိဟူသောအချက်ကို စဉ်းစားရန် မဟုတ်ပဲ၊ ဦးခွေးထံမှပိုမိုခြင်းရှိ မရှိ ချင့်ချိန်နိုင်ရန် အတွက်သာဖြစ်သည်။

ဦးခွေးသည် မိမိအိမ်မှ ဖမ်းဆီးခြင်းခံရသော ပစ္စည်းများကို သိုလှောင်ခြင်း၊ အမြတ်တင်ရောင်းချခြင်းမဟုတ်ပဲ၊ ရပ်ကွက်တွင်မူလတန်ဖိုးဖြင့် မျှဝေသုံးစွဲခြင်းသာ ဖြစ်ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က သုံးသပ်ထားကြောင်း တွေ့ရှိရသည်။ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့က ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၃ (၃) အရ ပြစ်မှုမြောက်ရန်မှာ၊ ပြန်လည် ရောင်းချမှုသာဖြစ်သောကြောင့် အရင်းအတိုင်း ပြန်လည် ရောင်းချခြင်း၊ အရှုံးခံ၍ ပြန်လည်ရောင်းချခြင်း၊ အမြတ်ဖြင့် ပြန်လည်ရောင်းချခြင်း စသည်တို့မှာ ပြဿနာ မဟုတ်ကြောင်းတင်ပြသည်။ ထို့ကြောင့် ဗဟိုတရားစီရင်ရေးအဖွဲ့နှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့တို့သည် ဖြစ်ပျက်သည့် အကြောင်းခြင်းရာ တမျိုးတည်းပေါ်တွင် တရားဥပဒေကြောင်း ယူဆချက်နှင့် စပ်လျဉ်း၍ ကွဲပြားခြားနားလျက် ရှိပေသည်။

အမှုကိုလေ့လာသောအခါတွင်၊ ဦးခွေးသည် ကျပ် ၂၀၀၀ ကျော်တန်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းများကို သိုလှောင်ထားရှိခြင်းနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ဖမ်းဆီးရမိခြင်းနှင့် ပတ်သက်၍ သော်လည်းကောင်း အငြင်းမထွက်ပေ။ ထို့ပြင်ဦးခွေးသည် ရေနံနှင့် ရေနံထွက် ပစ္စည်းများကို၊ ရပ်ကွက်တွင် မူလတန်ဖိုးဖြင့် ရောင်းချခြင်းနှင့်ပတ်သက်၍လည်းအငြင်းမထွက်ချေ။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁) ပုဒ်မ ၁၃ (၁) တွင် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍—

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးခွေး၊ အမှတ် ၇၇၊ ရန်ကုန်-မန္တလေး ကားလမ်း၊ ပြွန်တံဆာ။

> "အစိုးရကသာ ဝယ်ယူရောင်းချရန်သတ်မှတ်သော ကုန်ပစ္စည်းများကို ပုဂ္ဂိုလ်တဦးချင်းအနေဖြင့် ပြန်လည်ရောင်းချရန် အလို့ငှာဝယ်ယူခြင်း၊ ရယူခြင်း၊ ကြိတ်ခွဲပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းစသော ကုန်သွယ်ရေးလုပ်ငန်းများကို ပြုလုပ်ခြင်း၊ ဤကဲ့သို့ ပြုလုပ်သည်ကို အားပေးခြင်း"

ဟူ၍ဖော်ပြထားသည်။

ထို့ကြောင့် အငြင်းမထွက်သော အချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာသုံးသပ်ရာတွင်၊ ဦးခွေးသည် နိုင်ငံတော် အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ် ထားရှိခြင်းနှင့် ပြန်လည်ရောင်းချခြင်း ပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားလျက်ရှိပေသည်။ ဤကဲ့သို့ ထင်ရှားလျက်နှင့် ဦးခွေးအား အပြစ်မရှိဟု ယူဆခြင်းမှာ ဥပဒေ၏ရည်ရွယ်ချက်ကို ပျက်ပြယ်နိုင်ဖွယ်ရာ ရှိပေလိမ့်မည်။ ထို့ကြောင့် ဗဟိုတရားစီရင်ရေးအဖွဲ့၏ တွေ့ရှိချက်တွင်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရ၊ ဘောင်မဝင်ပါဟု ဆိုခြင်းကို ကျွန်ုပ်တို့လက်မခံနိုင်ချေ။ ယင်းစီရင်ချက်နှင့် အမိန့်ကို ပယ်ဖျက်၍ ဦးခွေးအပေါ်၌ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေပုဒ်မ ၁၄ (၁) အရ၊ တိုင်းတရားရုံးက ချမှတ်ထားသော ထောင်ဒဏ် ၆ လကျခံစေရန်နှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ကိုအတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးကြည်မြတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၅

ဩဂုတ်လ ၁၂ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်စံထွန်း *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂)၊ တရားခံအား ပြစ်ဒဏ်တိုးမြှင့်လိုလျှင်ရှင်းအား ကြားနာရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ ပြင်ဆင်မှုကြားနာသော တရားရုံးသည် တရားခံအပေါ် အပြစ်ဒဏ်တိုးမြှင့်လိုလျှင် တရားခံအား အကြောင်းကြားစာထုတ်၍ ကြားနာရန်လိုအပ်သည်။ ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမှာ ဥပဒေအရ လွဲမှားလျက်ရှိသည်။ တရားခံအားကြားနာခြင်းမရှိပဲ အပြစ်ဒဏ်တိုးမြှင့်ပေးသောအမိန့်မှာ ဥပဒေနှင့်ဆန့်ကျင်လျက်ရှိသည်။

ပြင်ဆင်ရန် လျှောက်ထား သူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့်(၁) ဦးဘသန်း။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။

လျှောက်ထားသူ မောင်စံထွန်းအပေါ် တောင်ကုတ်မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)၊ ၃၂၆ အရ၊ ထောင်ဒဏ် ၇ နှစ်နှင့် ထောင်ဒဏ် ၃ နှစ်တို့ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်သည်။ ရခိုင်ပြည်နယ် တရားရုံးက အပြစ်ဒဏ်ကို တိုးမြှင့်၍၊ ထောင်ဒဏ် တသက်တကျွန်း ကျခံစေရန် အမိန့်ချသည်။ ဤသို့ အမိန့်ချရခြင်းမှာ သေဆုံးသူ၏ ဇနီးက အပြစ်ဒဏ် နည်းလွန်းကြောင်း လျှောက်ထားသောကြောင့်ဖြစ်သည်။ ပြည်နယ် တရားရုံးသည် တရားခံအပေါ် အကြောင်းကြားခြင်း မရှိပဲ ယင်းကွယ်ရာတွင် အမှုကိုကြားနာ၍ အပြစ်ဒဏ် တိုးမြှင့်ပေးကြောင်း ပေါ်ပေါက်သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၇ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃ (ခ) တွင် ချမှတ်သော၊ ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါ၊ ရခိုင်ပြည်နယ် (သံတွဲမြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကို ပြန်၍ ဆင်ခြင်မှု။

[ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၃၉ (၂) အရ၊ ပြင်ဆင်မှုကြားနာသော တရားရုံးသည် တရားခံအပေါ် အပြစ်ဒဏ် တိုးမြှင့်လိုလျှင် တရားခံအား အကြောင်းကြားစာထုတ်၍ ကြားနာရန် လိုအပ်သည်။ ယင်းသို့ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမှာ ဥပဒေအရ လွဲမှားလျက်ရှိသည်။ တရားခံအား ကြားနာခြင်းမရှိပဲ အပြစ်ဒဏ် တိုးမြှင့်ပေးသော အမိန့်မှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိသည် ဖြစ်သောကြောင့် ရခိုင်ပြည်နယ် တရားရုံး၏ အပြစ်ဒဏ် တိုးမြှင့်သည့်အမိန့်ကို ပယ်ဖျက်၍ ပြင်ဆင်မှုကို တရားဥပဒေနှင့် လျော်ညီစွာ ထပ်မံကြားနာပြီး လိုအပ်သည့် အမိန့်ကို ချမှတ်စေရန် ညွှန်ကြားလိုက်သည်။

၁၉၇၆

မောင်စံထွန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

ပြစ်မှုဆိုင်ရာစေ့ဒကမှု

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးလွင်မောင်၊ ဗိုလ်မှူးကြီးလှမောင်၊ ဗိုလ်မှူးကြီး
ထွန်းအောင်ကျော်၊ ဦးသန့်စင်၊ ဦးကြည်မြနှင့်ဦးစိုးလှိုင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
မတ်လ ၅ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ထွန်းမြင့်ကြူ *

သက်သေခံဥပဒေပုဒ်မ ၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁)(ခ)။၁၀၉/၂၀၁/၁၀၉၊ ညီအရင်းဖြစ်သူကိုသတ်ပြီး၊ အလောင်းကိုဖျောက်ဖျက်ရန် စေခိုင်းမှု လူသတ်မှုကို အပြီးအပြတ်လွှတ်ခဲ့ခြင်း၊ အကျင့်စာရိတ္တကောင်းသူမဟုတ်သည့်ပြင်ကြံရာပါများဖြစ်ခြင်း အကြောင်းကြောင့် သက်သေ၏ ထွက်ချက်များကိုအလေးမထားနိုင်၊ ထွက်ဆိုချက်များ ယုတ္တိမတန်ဟုယူဆခဲ့ခြင်း၊ သက်သေထွက်ချက်များ ကွဲလွဲချက်များပါဝင်ကြောင်း တွေ့ရှိခြင်း၊ သက်သေခံဥပဒေပုဒ်မ ၃ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ရန် ယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်ရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။ခင်မောင်ကြူနှင့်မြင့်ဦးတို့သည် အကျင့်စာရိတ္တကောင်းသူများမဟုတ်သည့်ပြင် ပြစ်မှုကျူးလွန်ရာ၌ ကြံရာပါများဖြစ်ခဲ့ကြ၍ ၎င်းတို့၏ထွက်ချက်များကိုအလေးမထားနိုင်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ယူဆထားသည်။ သို့ရာတွင် ဤအချက်မျှဖြင့် ယင်းတို့၏ထွက်ဆိုမှုအားလုံးကိုငြင်းပယ်ရန် အကြောင်းလုံလောက်မည်မထင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။သက်သေသည် အကျင့်စာရိတ္တမကောင်းသူဖြစ်၍ မမှန်မကန်ထွက်ဆိုနိုင်မည်ဟုသံသယကင်းဖွယ်ရာဖြစ်နိုင်သော်လည်း၊ ယင်း၏ထွက်ဆိုချက်မှာယုတ္တိကန်သောအချက်အလက်များပါဝင်ပြီး ယင်ရှားသော အထောက်အထားပေါ်လွင်ခဲ့လျှင် ယင်း၏ထွက်ဆိုချက်ကို သက်သေခံအဖြစ် ထည့်သွင်းစဉ်းစားရမည်သာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုများတွင် သက်သေထွက်ချက်များ၌ အနည်းနှင့်အများဆိုသလို ကွဲလွဲချက်များရှိနိုင်ပေသည်။ ကွဲလွဲချက်ရှိတိုင်း သက်သေ၏ထွက်ချက်တခုလုံးကိုစွန့်ပယ်ရန်မဟုတ်ပေ။ တရားစီရင်ရေးအဖွဲ့အနေဖြင့် အဓိကကျသော အချက်များတွင် ကွဲလွဲမှုမရှိပဲ အထောက်အထားပြည့်စုံနေလျှင်အဓိကမကျသောကွဲလွဲချက်များကိုထည့်သွင်းစဉ်းစားရန်လိုမည်မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဗဟိုတရားစီရင်ရေးအဖွဲ့သည်ခင်မောင်ကြူနှင့်မြင့်ဦးတို့၏ထွက်ချက်များကို တသီးတခြားခွဲထုတ်စဉ်းစားခဲ့ခြင်းဖြစ်ရာ၊ ဤကဲ့သို့ စဉ်းစားမှုမပြုပဲ အခြားသက်သေခံ

* ၁၉၇၅ခုနှစ်၊ ပြစ်မှုဆိုင်ရာ စေ့ဒကမှုအမှတ် ၁။

† ၁၉၇၄ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၇ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့စွဲပါ ဗဟိုတရားစီရင်ရေးအဖွဲ့၏ အမိန့်ကိုစေ့ဒကဝင်မှု။

၁၉၇၆

ထွန်းမြင့်ကြူ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်။

အထောက်အထားများနှင့် ပူးပေါင်းစဉ်းစား၍ ဖြစ်တန်ရာသောအကြောင်းခြင်းရာများ ရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရဖြစ်မှုပေါ်လွင်ထင်ရှားခြင်းရှိ မရှိစသည်တို့ကို ယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်မှုသာလျှင် သက်သေခံဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်နှင့်ညီညွတ်ပေမည်။

အယူခံ တရားလိုအတွက်။ ။ဦးမျိုးထွန်းလင်း။

အယူခံ တရားခံအတွက်။ ။ဦးကျော်မြင့်၊ ဒေါ်တင်တင်မြင့်နှင့် ဦးရဲထွန်း။

ညီအရင်းဖြစ်သူ သန့်လွင်ကြူအားသတ်ပြီး အလောင်းကို ဖျောက်ဖျက်ရန် ဖေခိုင်းမှုဖြင့် ထွန်းမြင့်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ နှင့် ၂၀၁/၁၀၉ တို့အရ တရားစွဲဆိုခဲ့သည်။ အထူးရာဇဝတ်ရုံးအမှတ် ၅/၁၉၇၃ (ရန်ကုန်) က ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉ သတ်မှတ် စစ်ဆေးကြားနာပြီး၊ ထွန်းမြင့်ကြူအပေါ် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ၊ သေဒဏ်ကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁/၁၀၉ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ အထူးရာဇဝတ်ရုံးများဆိုင်ရာ အတည်ပြုအဖွဲ့ (၂)က အမိန့်အမှတ် ၁/၁၉၇၄ ဖြင့်အတည်ပြုခဲ့သည်။ ထွန်းမြင့်ကြူက အယူခံသည်။ ဗဟိုတရားစီရင်ရေးအဖွဲ့က ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၇ သတ်မှတ်၍ ကြားနာပြီး ထွန်းမြင့်ကြူအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် သေဒဏ်ကျခံစေရန် အမိန့်ကို ပယ်ဖျက်ကာ ယင်းစွဲချက်နှင့် ပက်သက်၍ အပြီးအပြတ်လွှတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁/၁၀၉ အရ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ကိုမူ အတည်ပြုခဲ့သည်။ ယင်းသို့အပြီးအပြတ် လွှတ်ခဲ့ခြင်းကြောင့် အရေးကြီးသည့် ဥပဒေပြဿနာ ပေါ်ပေါက်ပါသည်ဟု အကြောင်းပြလျက် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၈ (ခ)နှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇ (စ)တို့အရ စောဒကမှု တင်သွင်းခြင်းဖြစ်သည်။

အမှုဖြစ်ပွားပုံမှာ ဤသို့ဖြစ်သည်။ ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း အမှတ် ၁၅၆ တွင် ဦးစံကြူနှင့်ဇနီး ဒေါ်အေးကျော့တို့သည် သားသမီး ၆ ယောက် (ထွန်းမြင့်ကြူ၊ ကိုထွန်းကြည်၊ မသင်းသင်းကြူ၊ မစန်းရီ၊ သန့်လွင်ကြူ၊ ခင်မောင်ကြူ)နှင့် အတူ နေထိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဦးစံကြူ သေဆုံးခဲ့သည်။ ထိုနောက်စီးပွားရေး အဆင်မပြေမှုကြောင့် ထွန်းမြင့်ကြူနှင့် ကိုထွန်းကြည်တို့ စကားများကြပြီး ကိုထွန်းကြည်သည် ပဲခူးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မစန်းရီနှင့် ခင်မောင်ကြူတို့သည်

၁၉၇၆

ထွန်းမြင့်ကြူ
နှင့်
မြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

၁၉၇၇ ခုနှစ်၊ မတ်လတွင် စားမေးပွဲများ ဖြေဆိုပြီးနောက် ပဲခူးမြို့သို့ ရောက်ရှိနေခိုက် ဒေါ်အေးကျော့သည် ကမ္ဘာအေးစေတီလမ်း နေအိမ်မှ ပျောက်သွားသည်။ နောက်များမကြာမီ သန့်လွင်ကြူလည်း ထိုနေအိမ်မှ ပျောက်သွားပြန်သည်။ ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခင်မောင်ကြူက မိခင် ဒေါ်အေးကျော့နှင့် အစ်ကို သန့်လွင်ကြူတို့ ပျောက်ဆုံးနေကြောင်း မိမိနှင့် ရင်းနှီးသူ ဆစ်ဒနီဂိုရှိအား ပြောပြသည်။ ဆစ်ဒနီဂိုရှိက အထောက်တော် တဦးအား သတင်းပေးသည်။ ယင်းသတင်းအရ အမျိုးသားထောက်လှမ်းရေးအဖွဲ့က ခင်မောင်ကြူနှင့် မြင့်ဦးတို့အား စစ်ဆေးသောအခါ သဲလွန်စများ ရရှိသဖြင့် ဆက်လက်ဆောင်ရွက်ရန် အင်းစိန်မြို့ မှုခင်းတပ်ဖွဲ့သို့ လွှဲအပ်ခဲ့သည်။ အင်းစိန်မြို့ မှုခင်းတပ်ဖွဲ့က စုံစမ်းစစ်ဆေးသောအခါ ခင်မောင်ကြူနှင့် မြင့်ဦးတို့သည် ထွန်းမြင့်ကြူက ငွေပေး၍ စေခိုင်းချက်အရ သန့်လွင်ကြူအားသတ်ပြီး အလောင်းကို မြှုပ်နှံဖျောက်ဖျက်ခဲ့ကြောင်း အထောက်အထားများ ရရှိသဖြင့် ထွန်းမြင့်ကြူအပေါ်တွင် အထူးရာဇဝတ်ရုံးအမှတ် ၅/၁၉၇၃ (ရန်ကုန်) ၁၉၇၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉ သတ်မှတ်၍ တရားစွဲဆိုခြင်းဖြစ်သည်။ ဒေါ်အေးကျော့နှင့် ထွန်းမြင့်ကြူတို့ စကားများကြရာမှ ထွန်းမြင့်ကြူက လက်လွန်ခြေလွန်ဖြစ်ကာ ဒေါ်အေးကျော့အား သတ်ခဲ့ပြီး အလောင်းကိုမြှုပ်နှံဖျောက်ဖျက်ခဲ့ကြောင်းအထောက်အထားများ ရရှိသဖြင့် ထွန်းမြင့်ကြူအပေါ်တွင် အထူးရာဇဝတ်ရုံးအမှတ် ၅/၁၉၇၃ (ရန်ကုန်) / ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀ သတ်မှတ်၍ သီးခြားတရားစွဲဆိုခဲ့သည်။

အမှုတွင် ခင်မောင်ကြူနှင့် မြင့်ဦးတို့အား အစိုးရ သက်သေများအဖြစ် တရားလိုဘက်မှ ပြခဲ့သည်။ ထွန်းမြင့်ကြူ ခိုင်းစေချက်အရ သန့်လွင်ကြူအား သတ်ပြီး အလောင်းကို မြှုပ်နှံဖျောက်ဖျက်ခဲ့ပုံကို ခင်မောင်ကြူ (လိုပြ ၂)နှင့် မြင့်ဦး (လိုပြ ၃) တို့က ခရေစေ့တွင်းကျ ထွက်ဆိုခဲ့ကြသည်။ ခင်မောင်ကြူသည် ဦးသန်းစိန် (လိုပြ ၂၉) နာယကအဖြစ် ပါဝင်သော မြို့နယ်တရားစီရင်ရေးအဖွဲ့ ရှေ့မှောက်၌ ဖြောင့်ချက်ပေးခဲ့သည်။ ခင်မောင်ကြူ၏ ဖြောင့်ချက်သည် သက်သေခံအမှတ် "ဂ"ဖြစ်သည်။ မြင့်ဦးသည် ဦးကံရှိန် (လိုပြ ၃၀) နာယကအဖြစ်ပါဝင်သော မြို့နယ်တရားစီရင်ရေးအဖွဲ့ရှေ့မှောက်၌ ဖြောင့်ချက်ပေးခဲ့သည်။ မြင့်ဦး၏ဖြောင့်ချက်သည်သက်သေခံအမှတ် "က"ဖြစ်သည်။

ခင်မောင်ကြူက ထွက်ဆိုသည်မှာ မိခင်ဖြစ်သူ ဒေါ်အေးကျော့သည် ပဲခူးမြို့သို့ မရောက်လာသဖြင့် ခင်မောင်ကြူက အိမ်တွင် ဒေါ်အေးကျော့ရှိ မရှိ ထွန်းမြင့်ကြူသို့ တယ်လီဖုန်းဆက်၍ မေးမြန်းသောအခါ ထွန်းမြင့်ကြူက ပြန်လည်ဖြေကြားခြင်း မပြုပဲ အရေးကြီးသောစကား ပြောလိုသည်ဟုဆိုကာ ခင်မောင်ကြူအား လှည်းတန်းဈေးရှိ စေတနာရှင် လက်ဖက်ရည်ဆိုင်မှ စောင့်နေရန် ချိန်းဆိုသည်။ ခင်မောင်ကြူသည်

၁၉၇၆

ထွန်းမြင့်ကြူ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

ထိုဆိုင်မှ စောင့်နေစဉ် ထွန်းမြင့်ကြူသည် ကိုယ်ပိုင် ဟီလ်မင်ကားဖြင့် ရောက်လာပြီး ခင်မောင်ကြူအား လွတ်လပ်ရေး ပန်းခြံဆီသို့ ခေါ်ဆောင်သွားသည်။ ကားပေါ်တွင် ထွန်းမြင့်ကြူက ခင်မောင်ကြူအား မသင်းသင်းကြူ၏ လက်ဝတ်လက်စားများကို ယူသလားဟု မေးသည်။ ခင်မောင်ကြူက မိန်းမတောင်းရန် ငွေလိုသဖြင့် ခိုးယူမိကြောင်း ဝန်ခံသည်။ ထွန်းမြင့်ကြူက မသင်းသင်းကြူ အမြတ်တနိုးထားသော ပစ္စည်းများဖြစ်၍ ပြန်ပေးရန် တောင်းသည်။ ထိုလက်ဝက်လတ်စားများကို မိခင် ဒေါ်အေးကျော့ယူသည်ဟု ထင်မှတ်၍ မေးမြန်းမိရာမှ စကားများကြပြီး လက်လွန်သွားသဖြင့် ဒေါ်အေးကျော့ သေဆုံးသွားကြောင်း၊ အလောင်းကို လုံခြုံသောနေရာတွင် မြှုပ်နှံထားကြောင်း ထွန်းမြင့်ကြူက ပြောပြသည်။ ဤကိစ္စကို သန့်လွင်ကြူ သိသွားပါက အမှုပေါ်လာမည် စိုးရသောကြောင့် သန့်လွင်ကြူအား သတ်ပြီး အလောင်းကို ဖျောက်ဖျက်ပစ်ရန် ခင်မောင်ကြူအား ခိုင်းစေသည်။ ခိုင်းစေသည့်အတိုင်း ဆောင်ရွက်လျှင် ခင်မောင်ကြူ အလိုရှိသော ငွေကိုပေးမည်ဟု ထွန်းမြင့်ကြူက ပြောသည်။ လက်ထပ်ရန် ငွေလိုနေသော ခင်မောင်ကြူက ဆောင်ရွက်ပေးမည်ဟု ပြန်ပြောသည်။ ထွန်းမြင့်ကြူ၏ အစီအစဉ်မှာ ခင်မောင်ကြူသည် ဧပြီလ နောက်ဆုံးရက်သတ္တပတ်တွင် ည ၁၀ နာရီအချိန်ခန့်၌လာရန် ၊ထိုအချိန်၌ နောက်ဖေးတံခါးမကြီးကလန့်မချပဲထားမည်။ အိမ်တွင် သန့်လွင်ကြူ တယောက်တည်း ရှိနေစေမည်။ သတ်ခ ငွေ ၃၀၀၀ ကျပ်ကို စားပွဲအံဆွဲတွင် အသင့်ထည့်ထားမည် စသည်တို့ဖြစ်သည်။ ဤအစီအစဉ်အတိုင်း ခင်မောင်ကြူသည် မြင့်ဦးနှင့်အတူ သွားရောက်၍ သန့်လွင်ကြူအား သတ်ပြီး အလောင်းကို ထွန်းမြင့်ကြူ၏အိပ်ခန်း အောက်တည့်တည့်၌ မြှုပ်နှံလိုက်သည်ဟု ခင်မောင်ကြူက ထွက်ဆိုခဲ့ပေသည်။

ဗဟိုတရားစီရင်ရေး အဖွဲ့က ခင်မောင်ကြူ၏ ထွက်ချက်ကို ယုံကြည်လက်ခံရန် မသင့်ကြောင်း အောက်ပါ အချက်များကို ဖော်ပြလျက် သုံးသပ်ခဲ့သည်။

ထွန်းမြင့်ကြူက မိခင်ဖြစ်သူအား ခြေလွန်လက်လွန် သတ်မိခဲ့ကြောင်း ပြောပြပြီး၊ ညီဖြစ်သူ သန့်လွင်ကြူကိုလည်း သတ်ပေးရန် စေခိုင်းသောအခါတွင် မိခင်ပျောက်၍ သောကဗျာပါဒများနေသည့် ခင်မောင်ကြူ စိတ်လှုပ်ရှားမှု မရှိလှပဲ သဘောတူခဲ့သည်ဆိုသောအချက်၊ မြင့်ဦးကို ခင်မောင်ကြူက ရန်ကုန်သို့လိုက်လျှင် ငွေရပေါက်ရှိကြောင်းသာပြော၍ ခေါ်လာပြီး ထွန်းမြင့်ကြူ၏ အိမ်အနီးကျမှ သန့်လွင်ကြူကို သတ်လျှင် အစ်ကို ထွန်းမြင့်ကြူထံမှ ငွေရမည်ဖြစ်ကြောင်း ပြောပြလိုက်သောအခါ မြင့်ဦးက ချက်ချင်းလက်ခံ သဘောတူလိုက်သည် ဆိုသောအချက်၊ သတ်ခငွေ ၃၀၀၀ ကျပ်အနက် ၉၀၀ ကျပ်ကို မြင့်ဦးအားပေးပြီး ကျန်ငွေကို ခင်မောင်ကြူ ယူသည်ဟု ဆိုရာ၌ ဤမျှရလာက်သောငွေဖြင့် ရန်ငြိုးမရှိသော အစ်ကို သန့်လွင်ကြူအား ရက်

၁၉၇၆

ထွန်းမြင့်ကြူ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

ရက်စက်စက် သတ်ဖြတ်လိုက်သည် ဆိုသောအချက် စသည်တို့ဖြစ်သည်။ ဤအချက်များကို ယုတ္တိမတန်ဟု ဗဟိုတရားစီရင်ရေး အဖွဲ့က ယူဆထားရာ၊ ထိုယူဆချက်များသည် ထွက်ဆိုချက်များတွင် ခြုံငုံ၍ ပါရှိသော အကြောင်းခြင်းရာများနှင့် ကိုက်ညီခြင်း မရှိဟု ကျွန်ုပ်တို့ သုံးသပ်မိကြသည်။ ခင်မောင်ကြူနှင့် မြင့်ဦးတို့သည် ငွေရမည်ဆိုလျှင် ဘယ်ပြစ်မှုမဆို ကျူးလွန်ရန် ဝန်လေးကြမည် မဟုတ်သည့် ငွေဆာနေသော မိုက်ရူးရဲကလေးများ ဖြစ်ကြရာ ငွေကြေးဖြင့် မက်လုံးပေးလိုက်ခြင်းကြောင့် ထွန်းမြင့်ကြူ၏ ခိုင်းစေချက်ကို လွယ်လင့်တကူ လက်ခံခဲ့သော အချက်ကိုလည်း ထည့်သွင်းစဥ်းစားသင့်ပေသည်။

ငွေလိုချိန်မှာ ငွေရ၍ သန့်လွင်ကြူကို သတ်ရပါသည်ဟု ခင်မောင်ကြူက ထွက်ဆိုရာ၌ ထွန်းမြင့်ကြူ ထားခဲ့သည်ဆိုသော ငွေ ၃၀၀၀ ကျပ်ကို သန့်လွင်ကြူအား မသတ်ပဲ စားပွဲအံဆွဲမှ ယူသွားလျှင်လည်း ဖြစ်နိုင်ပါလျက် လွယ်လွယ်နှင့် ရနိုင်သော ငွေကို လွယ်လွယ်မယူပဲလူသတ်ပြီးမှ ယူသည်ဟုဆိုသည်ကို မယုံကြည်ကြောင်း၊ ထွန်းမြင့်ကြူသည် မိခင်အားသတ်၍ ရာဇဝတ်ကောင် ဖြစ်ကြောင်း ခင်မောင်ကြူ သိပြီးဖြစ်သဖြင့် ထွန်းမြင့်ကြူက အန္တရာယ်ပေးနိုင်မည် မဟုတ်သောကြောင့် ၎င်းအား ကြောက်စရာ မလိုကြောင်း ဗဟိုတရားစီရင်ရေး အဖွဲ့က အကြောင်းပြထားလေသည်။ ဤနေရာ၌ အစ်ကိုကြီး ထွန်းမြင့်ကြူအား အစဥ်ကြောက်ရွံ့ ရိုသေနေခဲ့ရသည့် ခင်မောင်ကြူ ဘဝကိုလည်း စဥ်းစားသင့်ပေသည်။ ထွန်းမြင့်ကြူ ဒေါသထွက်မိလျှင် စိတ်လိုက်မာန်ပါ လုပ်တတ်ကြောင်း၊ လူသတ်မှုတခုကိုလည်း ကျူးလွန်ထားကြောင်း ခင်မောင်ကြူ သိထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း ခင်မောင်ကြူသည် ထွန်းမြင့်ကြူအား မလန်ဆန်ဝံ့တော့ပဲ ထွန်းမြင့်ကြူ စီစဥ်သည့်အတိုင်း ဆောင်ရွက်ပေးခဲ့ရခြင်းသာ ဖြစ်ပေမည်။

ဧပြီလ နောက်ဆုံးပတ်တွင် သတ်ရမည်ဟု ဆိုသော်လည်း နေ့ရက်အတိအကျ သတ်မှတ်ပေးခြင်း မရှိသဖြင့် ခင်မောင်ကြူသည် သန့်လွင်ကြူအား သတ်ရန် လာရောက်သောအခါ နေအိမ်၌ သန့်လွင်ကြူ ရှိမရှိ ကြိုတင်ခန့်မှန်းရန် လွယ်မည် မဟုတ်ခြင်း၊ သို့သော်ငြားလည်း သန့်လွင်ကြူ တယောက်တည်း အဆင်သင့် ရှိနေသဖြင့် ကိစ္စပြီးအောင် ဆောင်ရွက်နိုင်သည် ဆိုခြင်းတို့ကိုလည်း ဗဟိုတရားစီရင်ရေး အဖွဲ့က သံသယဖြစ်ခဲ့သည်။ သို့ရာတွင် ထွန်းမြင့်ကြူသည် ထိုကဲ့သို့သော အခြေအနေကို စီစဥ်ရန်ခဲယဥ်းလှမည် မဟုတ်ပေ။ ထွန်းမြင့်ကြူ အနေဖြင့် ထိုအချိန်ပိုင်းအတွင်း အိမ်၌သန့်လွင်ကြူ တယောက်တည်း ရှိနေရေးအတွက် မသင်းသင်းကြူအား အခြားတနေရာသို့ ရောက်ရှိနေရန် ဖန်တီးမည်ဆိုလျှင် မဖြစ်နိုင်စရာ အကြောင်းမရှိပေ။

ညဉ့် ၁၀ နာရီ အချိန်ခန့်တွင် မှောင်ကြီးမည်းမည်းထဲမှာ စေ့ထားသောအိမ်မကြီးတံခါးကို ခင်မောင်ကြူကတို့ တွန်းဖွင့်ရာ အသံမည်သွားသောကြောင့် လူနိုးသံကြားပြီး လူတယောက် မီးခလုတ်ဖွင့်ရန် အိမ်လယ်ခန်းဘက်သို့ လာသံကြားရကြောင်း၊ ထိုအခါ ခင်မောင်ကြူက အနီးမှ အသင့်ရှိသော တုတ်ကိုယူ၍ ရိုက်လိုက်ရာ ထိုသူ လဲကျသွားကြောင်း၊ မြင့်ဦးက ထိုလူအား ချုပ်ကိုင်ထားပြီး ခင်မောင်ကြူက အသင့်ပါလာသော ဓားဖြင့် ထိုးလိုက်ကြောင်း၊ ထိုနောက် မီးခလုတ်ကိုဖွင့်ကြည့်ရာ ရင်အုံတွင် ဓားတန်းလန်းနှင့် လဲနေသည့် သန့်လှိုင်ကြူကို တွေ့ရကြောင်း၊ မသေပဲ လှုပ်နေသေးသောကြောင့် မြင့်ဦးက ဓားနှင့်ထိုးလိုက်မှ သန့်လှိုင်ကြူ သေသွားကြောင်း၊ ဤကဲ့သို့ မှောင်နှင့်မည်းမည်းတွင် သန့်လှိုင်ကြူ ဟုတ်မဟုတ် မသေချာမီကပင် တုတ်နှင့်ရိုက်၊ဓားနှင့်ထိုးသည် ဆိုသည့်အချက်၊လူသတ်ရန် ဓားမြှောင်ကိုယူလာပြီးမှ ဘယ်ကပေါ် လာမှန်းမသိသော တုတ်နှင့်ရိုက်၍ လဲသွားသော ထိုသူကို မြင့်ဦးက ချုပ်ကိုင်ထားစဉ် လူ ၂ ဦး မည်သူမည်ဝါ မသိအောင် မှောင်မှောင်မည်းမည်းတွင် ခင်မောင်ကြူကဓားနှင့်ထိုးလိုက်သောအခါ မိမိထိုးလိုသူ၏ ရင်အုံကို မိမိရရကြီး ထိုးနိုင်သည်ဟု ဆိုသည့်အချက်၊ ဤအချက်များသည်လည်း မဖြစ်နိုင်ဟု ဗဟိုတရားစီရင်ရေး အဖွဲ့က ယူဆခဲ့သည်။ အမှန်မှာ ခင်မောင်ကြူသည် ထွန်းမြင့်ကြူ၏ အစီအစဉ်အရ အိမ်၌ သန့်လှိုင်ကြူ တယောက်တည်းသာ ရှိနေမည်ဖြစ်ကြောင်း ကြိုတင် သိထားပြီး ဖြစ်သည်။ ထို့ပြင် ခင်မောင်ကြူသည် ထိုအိမ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူဖြစ်၍ ထိုအိမ်၏ အနေအထားနှင့် အိမ်တွင်း ပစ္စည်းများ၏ အနေအထားကို သိသူဖြစ်သည်။ ခင်မောင်ကြူ၏ထွက်ချက်၌ အခန်းထဲမှ ထွက်လာသောသူကို အနီးရှိ တုတ်ဖြင့်ရိုက်လိုက်ရာ ထိုသို့ လဲကျသွားပါသည်ဟု ပါရှိသည်။ ခင်မောင်ကြူ၏ ယင်းထွက်ချက်ကို မှုခင်းဆရာဝန်ကြီးက ထောက်ခံခဲ့သည်။ ဆရာဝန်ကြီးက သန့်လှိုင်ကြူ၏ အရိုးစု၌ ဦးခေါင်းခွံ၏ လက်ဝဲဘက် မျက်ခုံးရိုး နှာတံဘက်ပေါ်တွင် ချိုင့်ဝင်နေသည့် ကွဲအက်ဒဏ်ရာတခု တွေ့ရသည်ဟု ထွက်ဆိုသည်။ ထိုသို့လျှင် ခင်မောင်ကြူက သန့်လှိုင်ကြူအား တုတ်နှင့် တချက် ရိုက်လိုက်ပါသည်ဆိုသည့် ထွက်ချက်မှာ ယုတ္တိရှိသည်။

သန့်လှိုင်ကြူအားသတ်၍ အလောင်းကို မြှုပ်နှံလိုက်ပြီးနောက် လူသတ်သည့်ကိစ္စနှင့် ပတ်သက်၍ ခင်မောင်ကြူသည် ထွန်းမြင့်ကြူထံသို့ သတင်းပို့ခြင်း၊ ထွန်းမြင့်ကြူနှင့် ဆွေးနွေးခြင်း၊ မေးမြန်းပြောဆိုခြင်းများ လုံးဝမပြုလုပ်ကြ၊ မတွေ့ကြတော့ပဲ သာမန် အသေးအဖွဲ ကိစ္စတရပ်ကဲ့သို့ နေလိုက်ကြသည် ဆိုသောအချက်သည် သဘာဝနှင့် ဆန့်ကျင်နေသဖြင့် ယုတ္တိမတန်ဟု ဗဟိုတရားစီရင်ရေး အဖွဲ့က သုံးသပ်ခဲ့သည်။ ဤအချက်နှင့် ပတ်သက်၍ ဖြစ်မှုကျူးလွန်ပြီးနောက်ပိုင်းတွင် ထွန်းမြင့်ကြူသည် ပဲခူးမြို့ရှိ ဆွေမျိုးများထံသို့ သွားရောက်စဉ် ခင်မောင်ကြူနှင့် တွေ့ဆုံခဲ့ကြောင်း

၁၉၇၆

ထွန်းမြင့်ကြူ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော် ။

၁၉၇၆

ထွန်းမြင့်ကြူ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ထိုမျှသာမကသေး ထွန်းမြင့်ကြူသည် ခင်မောင်ကြူအား မိမိနှင့် အတူနေစေရန် ကုက္ကိုင်းနေအိမ်သို့ပင် ခေါ်လာခဲ့ကြောင်း သက်သေခံ အထောက်အထားများ ရှိပေသည်။ ထိုအချိန်များတွင် ခင်မောင်ကြူနှင့် ထွန်းမြင့်ကြူတို့သည် ဆွေးနွေးမေးမြန်း ပြောဆို နိုင်ကြပေလိမ့်မည်။

ခင်မောင်ကြူနှင့် မြင့်ဦးတို့သည် အကျင့်စာရိတ္တ ကောင်းသူများ မဟုတ်သည့်ပြင်၊ ပြစ်မှုကျူးလွန်ရာ၌ ကြံရာပါများ ဖြစ်ခဲ့ကြ၍ သူတို့၏ ထွက်ချက်များကို အလေးမထားနိုင်ဟု ဗဟိုတရားစီရင်ရေး အဖွဲ့က ယူဆထားသည်။ သို့ရာတွင် ဤအချက်မျှဖြင့် ယင်းတို့၏ ထွက်ဆိုမှုအားလုံးကို ငြင်းပယ်ရန် အကြောင်းလုံလောက်မည် မထင်ပေ။ သက်သေသည် အကျင့်စာရိတ္တ မကောင်းသူဖြစ်၍ မမှန်မကန် ထွက်ဆိုလိမ့်မည်ဟု သံသယ မကင်းဖွယ်ရာ ဖြစ်နိုင်သော်လည်း ယင်း၏ ထွက်ဆိုချက်မှာ ယုတ္တိတန်သော အချက်အလက်များ ပါဝင်ပြီး ထင်ရှားသော အထောက်အထား ပေါ်လွင်ခဲ့လျှင် ယင်း၏ ထွက်ဆိုချက်ကို သက်သေခံအဖြစ် ထည့်သွင်း စဉ်းစားရမည်သာ ဖြစ်သည်။

ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ထွက်ဆိုချက်များတွင် ကွဲလွဲချက်များ ပါဝင်ကြောင်း တွေ့ရသည်။ အမှုများတွင် သက်သေထွက်ချက်များ၌ အနည်းနှင့် အများဆိုသလို ကွဲလွဲချက်များ ရှိနိုင်ပေသည်။ ကွဲလွဲချက်ရှိတိုင်း သက်သေ၏ ထွက်ချက် တခုလုံးကို စွန့်ပယ်ရန် မဟုတ်ပေ။ တရားစီရင်ရေး အဖွဲ့အနေဖြင့် အဓိက ကျသော အချက်များတွင် ကွဲလွဲမှု မရှိပဲ အထောက်အထား ပြည့်စုံနေလျှင် အဓိကမကျသော ကွဲလွဲချက်များကို ထည့်သွင်းစဉ်းစားရန် လိုမည် မဟုတ်ချေ။ အဓိကကျသော အချက်ကို ယုံကြည်လက်ခံရန်သာ ဖြစ်သည်။ ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ဆိုချက်များတွင် အဓိကကျသော အချက်များဖြစ်သည့် သန့်လွင်ကြူ၏ အလောင်း တူးဖော်ရရှိခြင်း၊ ထွန်းမြင့်ကြူက ပဲခူးမြို့သို့ စာများ ရေးသားခြင်း၊ သင်းသင်းကြူ၏ လက်ဝတ်လက်စားများ ခင်မောင်ကြူထံမှ ပြန်လည်ရရှိခြင်းတို့မှာ မှန်ကန်နေကြောင်း အထောက်အထားများ ခိုင်လုံစွာ တွေ့ရှိရသည်။ ဗဟိုတရားစီရင်ရေး အဖွဲ့သည် ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ချက်များကို တသီးတခြား ခွဲထုတ်စဉ်းစားခဲ့ခြင်း ဖြစ်ရာ ဤသို့ စဉ်းစားမှု မပြုပဲ အခြား သက်သေခံ အထောက်အထားများနှင့် ပူးပေါင်းစဉ်းစား ဖြစ်တန်ရာသော အကြောင်းခြင်းရာများ ရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှုပေါ်တွင် ထင်ရှားခြင်း ရှိ မရှိ စသည်တို့ကို ယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်မှသာလျှင် သက်သေခံ ဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ပေမည်။

† ၁၉၇၆

ထွန်းမြင့်ကြူ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်။

ထွန်းမြင့်ကြူ၏ ခိုင်းစေချက်အရ၊ သန့်လွင်ကြူအား သတ်ပြီး အလောင်းကို မြှုပ်နှံ ဖျောက်ဖျက်ခဲ့ကြောင်း ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ချက်များကို ထောက်ခံသည့် အထောက်အထားများစွာ တွေ့ရပေသည်။ မသင်းသင်းကြူ၏ လက်ဝတ်လက်စားများ ပျောက်သွားသဖြင့် ထွန်းမြင့်ကြူက မိခင် ဒေါ်အေးကျော့အား စွပ်စွဲရာမှ စကားများကြပြီး ထွန်းမြင့်ကြူက လက်လွန်ခြေလွန်ဖြစ်ကာ ဒေါ်အေးကျော့အား သတ်မိကြောင်း၊ ထွန်းမြင့်ကြူသည် ခင်မောင်ကြူအား ဖွင့်ဟပြောပြပြီး ဤကိစ္စကို သန့်လွင်ကြူ ယခု မသိသေးသော်လည်း နောင်တွင် သိနိုင်သည်။ သန့်လွင်ကြူ သိသွား၍ ဤကိစ္စပေါ်သွားလျှင် ထွန်းမြင့်ကြူအဖို့ အန္တရာယ် ရှိနိုင်သဖြင့် သန့်လွင်ကြူအား နှုတ်ပိတ်ရန်လိုသည်။ ထို့ကြောင့် ထွန်းမြင့်ကြူစိတ်၌ သန့်လွင်ကြူအား သေစေလိုသောဆန္ဒ ဖြစ်ပေါ်စေနိုင်သည်။ ဤစိတ်ဆန္ဒအရ ထွန်းမြင့်ကြူက ခင်မောင်ကြူအား ငွေပေးပြီး သန့်လွင်ကြူကို သတ်၍ အလောင်းကို ဖျောက်ဖျက်ရန် ခိုင်းစေခဲ့ခြင်းမှာ မဖြစ်နိုင်စရာ မရှိပေ။ ခင်မောင်ကြူကလည်း မိန်းမခိုးနန် ငွေလိုနေခိုက် ဖြစ်သဖြင့် ထွန်းမြင့်ကြူ၏ ခိုင်းစေချက်ကို လက်ခံ၍ မြင့်ဦးနှင့်အတူ သွားရောက် ကျူးလွန်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ခင်မောင်ကြူနှင့် မြင့်ဦးတို့ ထွက်ချက်တွင် အရေးအကြီးဆုံးမှာ အစ်ကို၏ စေခိုင်းချက်ကြောင့် သန့်လွင်ကြူကိုသတ်၍ အိမ်တွင်း၌ မြှုပ်နှံထားခဲ့ပါသည်ဆိုသည့် အချက်ပင်ဖြစ်သည်။

ထွန်းမြင့်ကြူသည် ဒေါ်အေးကျော့နှင့် သန့်လွင်ကြူတို့ မရှိတော့ကြောင်း သိပါလျက်နှင့် အသက်ရှင်လျက် ရှိနေဘိသကဲ့သို့ ဒေါ်အေးကျော့နှင့် သန့်လွင်ကြူတို့၏ အမည်များဖြင့် ပဲခူးမြို့ရှိ ဆွေမျိုးများထံ လုပ်ကြံစာများ ရေးသားခဲ့သည့်အပြင်၊ အခြေအနေကို အကဲခတ်ရန် ဆွေမျိုးများထံသို့ ကိုယ်တိုင်သွားရောက် စုံစမ်းခဲ့ကြောင်း၊ ခင်မောင်ကြူ (လိုပြ ၂)၊ မစန်းရီ (လိုပြ ၄)၊ ဒေါ်မိ (လိုပြ ၅) နှင့်ကိုထွန်းကြည် (လိုပြ ၆) တို့၏ ထွက်ချက်များနှင့် သက်သေခံစာများ (သက်သေခံ အမှတ် က၊ က-၁၊ ဃ နှင့် င) အရ ပေါ်လွင်သည်။ လက်ရေးကျွမ်းကျင်သူ ဦးဖေသောင်း (လိုပြ ၁၄) က ထွန်းမြင့်ကြူ၏ လက်ရေးဖြစ်ကြောင်း ထင်မြင်ချက်ပေးသည်။ ထွန်းမြင့်ကြူ၏ ယင်းအပြုအမူများသည် ပင် အဖြစ်မှန်ကို ဖုံးဖိလိုသည့် မရိုးမဖြောင့်မှုများ ဖြစ်ပေသည်။

ထို့အပြင် ဒေါ်အေးကျော့နှင့် သန့်လွင်ကြူတို့ ပဲခူးတွင် မရှိပဲလျက် ပဲခူးမြို့သို့ ပြောင်းရွှေ့သွားလေဟန်ဖြင့် ထိုသူများ၏ အမည်များကို အိမ်ထောင်စု စာရင်းမှ ပယ်ဖျက်ပေးရန် ရလကသို့ ထွန်းမြင့်ကြူသည် လျှောက်ထားခဲ့ကြောင်း ဦးထိုက်

၁၉၇၆

ထွန်းမြင့်ကြူ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

(လိုပြ ၇) က ထွက်ဆိုသည်။ မိမိကျူးလွန်ခဲ့သည့် ပြစ်မှုကို ဖုံးကွယ်ရန် ထွန်းမြင့်ကြူ သည် ကြိုးပမ်းခဲ့ကြောင်း အထောက်အထား တရပ်ဖြစ်သည်။

မိခင်နှင့် ညီသေဆုံးမှုအတွက် ထွန်းမြင့်ကြူ လုံးဝမသိဟု ဆိုပါလျှင် မိမိ၏ မိခင် ရင်းနှင့် ညီအရင်းတို့ ပျောက်ဆုံးနေပါလျက် ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်ကြားခြင်း၊ မိမိကိုယ်တိုင် လိုက်လံရှာဖွေခြင်း စသည့်သဘာဝအားဖြင့် ဆောင်ရွက်သင့်သည် များကို စုဆောင်း ဆောင်ရွက်သင့်ပေသည်။ ယခုမူ တစုံတရာ မလုပ်ဆောင်ပဲ နေခဲ့ခြင်းသည်ပင်လျှင် ထန်းမြင့်ကြူ၏ မရိုးမဖြောင့်သော အတွင်းသဘောကို ပေါ် လွင်စေသည်။

ဖြစ်ရပ်ကို ယုံကြည်ရမည့် အထောက်အထား တရပ်မှာ ခင်မောင်ကြူနှင့် မြင့်ဦး တို့ ညွှန်ပြသောနေရာ၌ သန့်လွင်ကြူ၏ အလောင်းကို တွေ့ရှိရခြင်း ဖြစ်ပေသည်။ ထိုနေရာသည် ထွန်းမြင့်ကြူ၏ အိပ်ခန်းအောက်တည့်တည့်၌ တည်ရှိသဖြင့် အခြား သူများ လာရောက်မြှုပ်နှံရန် မဖြစ်နိုင်လောက်အောင် ခဲယဉ်းသည့်နေရာ ဖြစ်သည်။ ခင်မောင်ကြူနှင့် မြင့်ဦးတို့ လိုက်လံပြသချက်အရ တရားရေး ကော်မတီ ဥက္ကဋ္ဌ ဦးအုံးစိန် (လိုပြ ၁၅)၊ ရလက အတွင်းရေးမှူး ဦးသန်းဝင်း (လိုပြ ၁၆) နှင့် မြို့နယ် ဆရာဝန်ကြီး ဒေါ်မမလေး (လိုပြ ၂၄) တို့၏ရှေ့တွင် တူးဖော်သောအခါ သန့်လွင်ကြူ ၏အလောင်းမှ ကြွင်းကျန်သည့် အရိုးစုကို တွေ့ရသည်။ ထိုအရိုးစုကို ပြစ်မှုဆိုင်ရာ ဆရာဝန်ကြီး ဦးခင်မောင်တိတ် (လိုပြ ၂၇) က စစ်ဆေးကြည့်ရှုသောအခါ တင်ပဆုံ ရိုးသည် ညာဘက်သို့ အနည်းငယ်စောင်းနေကြောင်း တွေ့ရှိရသဖြင့် အသက်ရှင်စဉ်က သေဆုံးသူသည် လမ်းလျှောက်လျှင် ညာဘက်သို့ စောင်းပြီး လျှောက်လိမ့်မည်ဟု ထင်မြင်ချက်ပေးသည်။ သန့်လွင်ကြူ လမ်းလျှောက်လျှင် ခါးစောင်း၍ လျှောက် တတ်ကြောင်း ခင်မောင်ကြူ၏ ထွက်ချက်နှင့် ညီညွတ်ပေသည်။ ထို့အပြင် ဆရာဝန် ကြီးက ဦးခေါင်းခွံရိုး၏ လက်ဝဲဘက်မျက်ခုံးရိုး နှာတံဘက်ပေါ်တွင် ချိုင့်ဝင်နေသည့် ကွဲအက်ဒဏ်ရာတခု တွေ့ရကြောင်း ထွက်ဆိုသည်။ ခင်မောင်ကြူက သန့်လွင်ကြူ အား တုတ်ဖြင့် ဦးခေါင်းကို တချက်ရိုက်ခဲ့သည်ဟု ထွက်ဆိုခဲ့ရာ ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ချက်ကို ထောက်ခံသည့် အချက်တရပ် ဖြစ်ပေသည်။

ခင်မောင်ကြူနှင့် မြင့်ဦးတို့၏ ထွက်ချက်များနှင့် အထက်ဖော်ပြပါ သက်သေခံ အထောက်အထားများကို စုပေါင်းစဉ်းစားသောအခါ သန့်လွင်ကြူ သေဆုံးရခြင်း နှင့်ပတ်သက်၍ ထွန်းမြင့်ကြူ၌ တာဝန်ရှိကြောင်း ကျွန်ုပ်တို့ သုံးသပ်မိပေသည်။

ထွန်းမြင့်ကြူက အချင်းဖြစ်ပွားချိန်၌ မိမိသည် မိုးညိုမြို့သို့ ရောက်ရှိနေပါသည်ဟု ထွက်ဆိုသော်လည်း ခိုင်လုံအောင် သက်သေ မပြနိုင်ပေ။ ဦးလှမောင်နှင့် ဦးကျင်

ဆွေ (ခံပြ ၃ နှင့် ၄) တို့သည် ထွန်းမြင့်ကြူအား တိတိကျကျ ထောက်ခံထွက်ဆိုခြင်း မပြုနိုင်ကြချေ။

၁၉၃၆

ထွန်းမြင့်ကြူ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

အမှုတခုလုံးကို ခြုံငုံ၍ သုံးသပ်ကြည့်လျှင် ထွန်းမြင့်ကြူသည် ခင်မောင်ကြူနှင့် မြင့်ဦးတို့ကို ငွေပေးပြီး နည်းပေးလမ်းပြပြု၍ သန့်လွင်ကြူအား အသတ်ခိုင်းကြောင်း ထင်ရှားသည့်အပြင်၊ ခင်မောင်ကြူနှင့် မြင့်ဦးတို့ကလည်း ထွန်းမြင့်ကြူ၏ ခိုင်းစေချက်အရ သန့်လွင်ကြူကို ကြိုတင်ကြံစည်၍သတ်ပြီး အလောင်းကို မြှုပ်နှံဖျောက်ဖျက်ခဲ့ကြောင်း ထင်ရှားစွာ တွေ့ရှိရပေသည်။ မူလရုံးက ထွန်းမြင့်ကြူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ သေဒဏ်ကျခံစေရန်နှင့် ပုဒ်မ ၂၀၁/၁၀၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ်ကျခံစေရန် ချမှတ်ခဲ့သည့် အမိန့်သည် ဥပဒေအရ မှန်ကန်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဗဟိုတရားစီရင်ရေး အဖွဲ့က ထန်းမြင့်ကြူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ နှင့် စပ်လျဉ်း၍ အပြီးအပြတ် လွှတ်ခဲ့ခြင်းကို ကျွန်ုပ်တို့ ပယ်ဖျက်ပြီး မူလရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာစေဒကမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးလွင်မောင်၊ဗိုလ်မှူးကြီး လှမောင်၊ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ဦးသန့်စင်၊ဦးကြည်မြနှင့်ဦးစိုးလှိုင်တို့ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
မတ်လ
၅ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ထွန်းမြင့်ကြူ *

သက်သေခံဥပဒေပုဒ်မ ၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ၃၀၂(၂)/၂၀၁၊မိခင်အရင်းဖြစ်သူကိုသတ်ပြီး၊ အလောင်းကိုဖျောက်ဖျက်မှု၊လူသတ်မှုကိုအပြီးအပြတ်လွှတ်ခဲ့ခြင်း၊အမှန်တရားကိုဖော်ထုတ်ရာတွင် အထောက်အထားများကို ဆက်စပ်စဥ်းစားရုံသာမက၊ ကွင်းဆက်မပြတ်သုံးသပ်ရန်လည်းလိုခြင်း၊ ဖြစ်တန်ရာသော အကြောင်း ရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှုပေါ်လွင်ထင်ရှားခြင်းရှိ မရှိ၊ ယထာဘူတကျကျသုံးသပ်ဆုံးဖြတ်မှသာသက်သေခံဥပဒေပုဒ်မ ၃ ၏ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဗဟိုတရားစီရင်ရေးအဖွဲ့သည် ခင်မောင်ကြူ၏ ထွက်ချက်ကိုအခြားအထောက်အထားများနှင့် ဆက်စပ်၍ စဥ်းစားသော်လည်း အမှန်တရားကိုဖော်ထုတ်ရာတွင်မှုစဥ်းစားချက်တို့ကို ကွင်းဆက်မပြတ်သုံးသပ်ခြင်းမပြုခဲ့သဖြင့်ကောက်ချက်ချရာတွင် အမှန်ကိုဖော်ထုတ်နိုင်စွမ်းမရှိခဲ့ပေ။အခြားသက်သေခံအထောက်အထားများနှင့်ပူးပေါင်းစဥ်းစားမှသာလျှင် ဖြစ်တန်ရာသောအကြောင်းခြင်းရာများ ရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှုပေါ်လွင်ထင်ရှားခြင်း ရှိ မရှိစသည်တို့ကိုယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး သက်သေခံဥပဒေပုဒ်မ ၃ ၏ပြဋ္ဌာန်းချက်များနှင့်လည်းညီညွတ်မည်ဖြစ်ကြောင်းစေဒက အမှုအမှတ် ၁ တွင် ကျွန်ုပ်တို့အကျယ်တဝင့်ရှင်းပြထားပြီးဖြစ်သည်။

တရားလိုအတွက်။ ။ဦးမျိုးထွန်းလင်း။

တရားခံအတွက်။ ။ဦးကျော်မြင့်၊ ဒေါ်ဟင်တင်မြင့်နှင့် ဦးရဲထွန်း။

မိခင်ရင်းဖြစ်သူ ဒေါ်အေးကျော့အား သတ်ပြီး အလောင်းကို ဖျောက်ဖျက်မှုဖြင့် ထွန်းမြင့်ကြူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂)/၂၀၁ အရ၊ တရားစွဲဆိုခဲ့သည်။ အထူးရာဇဝတ်ရုံးအမှတ် ၅/၁၉၇၃ (ရန်ကုန်) က ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ စေဒကမှုအမှတ် ၂။

† ၁၉၇၄ ခုနှစ်ပြစ်မှုဆိုင်ရာ အယူခံမှု ၆၈ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့စွဲပါဗဟိုတရားစီရင်ရေးအဖွဲ့၏အမိန့်ကိုစေဒကဝင်မှု။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ထွန်းမြင့်ကြူ။

အမှုကြီး အမှတ် ၁၀ သတ်မှတ်၍ ကြားနာပြီး ထွန်းမြင့်ကြူအပေါ်တွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂) အရ၊ တသက်တကျွန်းဒဏ်နှင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀၁ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်တို့ကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ အထူးရာဇဝတ်ရုံးများဆိုင်ရာ အတည်ပြုအဖွဲ့ (၂) က အမိန့် အမှတ် ၂/၁၉၇၄ ဖြင့် အတည်ပြုခဲ့သည်။ ထွန်းမြင့်ကြူက အယူခံသောအခါ ဗဟိုတရားစီရင်ရေးအဖွဲ့က ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၆ဂ အဖြစ် သတ်မှတ်၍ ကြားနာပြီး ထွန်းမြင့်ကြူအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် တသက်တကျွန်းဒဏ် ကျခံစေရန် အမိန့်ကို ပယ်ဖျက်ပြီးလျှင် အပြီးအပြတ်လွှတ်ခဲ့သည်။ ထွန်းမြင့်ကြူအပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀၁ အရ၊ ပြစ်မှုထင်ရှားခြင်းနှင့် ထောင်ဒဏ် ၃ နှစ်ကျခံစေရန် အမိန့်ကိုမူ အတည်ပြုခဲ့သည်။ အပြီးအပြတ် လွှတ်ခဲ့ခြင်းနှင့် ပတ်သက်၍ အရေးကြီးသည့် ဥပဒေပြဿနာ ပေါ်ပေါက်ပါသည်ဟု အကြောင်းပြလျက် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေ ပုဒ်မ ၁ဂ (ခ) နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ ပုဒ်မ ၇ (စ) အရ၊ စောဒကမှု တင်သွင်းခြင်းဖြစ်သည်။

ဒေါ်ဒွေးကျော့အား သတ်သည့်အမှုအပြင် ညီအရင်းဖြစ်သူ သန့်လွင်ကြူအား သတ်ပြီး အလောင်းကို ဖျောက်ဖျက်ရန် ငွေပေး၍ စေခိုင်းမှုနှင့် ပတ်သက်၍လည်း ထွန်းမြင့်ကြူအပေါ်၌ စွဲဆိုသည့် အမှုတမှုရှိပေသည်။ ယင်းအမှုနှစ်မှုမှာ တမှုနှင့် တမှု ဆက်နွယ်လျက်ရှိပြီး သန့်လွင်ကြူအား သတ်သည့်အမှုတွင်လည်း ဗဟိုတရားစီရင်ရေးအဖွဲ့က ချမှတ်သည့် အမိန့်ကို ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့က မကျေနပ်သဖြင့် ပြည်သူ့ တရားသူကြီးအဖွဲ့သို့ စောဒကမှု တင်သွင်းထားလေသည်။

ဒေါ်အေးကျော့အား သတ်သည့်အမှုနှင့် ပတ်သက်၍ အမှုဖြစ်ပွားပုံ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဦးစံကြူ နှင့် ဇနီး ဒေါ်အေးကျော့ တို့တွင် သားသမီး ၆ ယောက်ရှိရာ ထွန်းမြင့်ကြူ၊ ကိုထွန်းကြည် (လိုပြ ၆)၊ မသင်းသင်းကြူ၊ မစန်းရီ (လိုပြ ၇)၊ သန့်လွင်ကြူ တို့ဖြစ်ကြသည်။ ထိုမိသားစုသည် ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၁၅၆ တွင် နေထိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဦးစံကြူ သေဆုံးခဲ့သည်။ ထို့နောက် ထွန်းမြင့်ကြူနှင့် ကိုထွန်းကြည်တို့သည် စီးပွားရေး လုပ်ငန်းနှင့် ပတ်သက်၍ စကားများကြသဖြင့် ဒေါ်အေးကျော့က ကိုထွန်းကြည်အား ပဲခူးမြို့တွင်ရှိသော အဒေါ်ဖြစ်သူ ဒေါ်မိ (လိုပြ ၅) ထံ သွားရောက် နေထိုင်စေခဲ့သည်။ မစန်းရီနှင့် ခင်မောင်ကြူ

၁၉၇၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ထွန်းမြင့်ကြူ။

တို့သည် ၁၉၇၀ ခုနှစ်၊ မတ်လတွင် စာမေးပွဲများကို ဖြေဆိုကြပြီး၍ ပဲခူးမြို့သို့ ရောက်ရှိနေထိုင်စဉ်၊ ဒေါ်အေးကျော့သည် ကမ္ဘာအေးစေတီလမ်း နေအိမ်မှ ပျောက်သွားသည် နောက်မျာ:မကြာမီ သန့်လွင်ကြူလည်း နေအိမ်မှ ပျောက်သွားပြန်သည်။ ဤကိစ္စမှာ ၃ နှစ်ခန့် ပတိမ်မြုပ်နေခဲ့ပြီးနောက် ၁၉၇၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခင်မောင်ကြူက မိခင် ဒေါ်အေးကျော့နှင့် အစ်ကို သန့်လွင်ကြူ ပျောက်ဆုံးနေကြောင်း ကိုဆစ်ဒနီဂို့ရှ် (လိုပြ ၈) အား ပြောပြသည်။ ဆစ်ဒနီဂို့ရှ်က အထောက်တော်တဦးအား သတင်းပေးသည်။ ထိုသတင်းအရ အမျိုးသား ထောက်လှမ်းရေးအဖွဲ့က ခင်မောင်ကြူနှင့် မြင့်ဦးတို့အား စစ်ဆေးခဲ့ပြီးလျှင် ဆက်လက်ဆောင်ရွက်ရန် အင်းစိန်မြို့ မှုခင်းတပ်ဖွဲ့သို့ လွှဲအပ်ခဲ့သည်။ အင်းစိန်မြို့ မှုခင်းတပ်ဖွဲ့က စုံစမ်း စစ်ဆေးသောအခါ ထွန်းမြင့်ကြူသည် မိခင် ဒေါ်အေးကျော့နှင့် စကားများရာမှ လက်လွန်ခြေလွန်ဖြစ်ကာ ဒေါ်အေးကျော့အား သတ်မိပြီး အလောင်းကို မြှုပ်နှံ ဖျောက်ဖျက်ခဲ့ကြောင်း အထောက်အထားများရရှိသဖြင့်ထွန်းမြင့်ကြူအပေါ်တွင် အထူးရာဇဝတ်ရုံးအမှတ် ၅/၁၉၇၃ (ရန်ကုန်)၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၀ သတ်မှတ်၍ တရားစွဲဆိုခဲ့လေသည်။

အမှုတွင် အဓိက သက်သေမှာ ခင်မောင်ကြူ (လိုပြ ၂) ဖြစ်သည်။ ခင်မောင်ကြူ၏ ထွက်ချက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ခင်မောင်ကြူသည် မိန်းမခိုးရန် ငွေလိုသဖြင့် ၁၉၇၀ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်တွင် မသင်းသင်းကြူ၏ လက်ပတ် လက်စား များကို ခိုးယူပြီး အချို့ကို ရောင်းစား၍ အချို့ကို မြင့်ဦးထံ၌ အပ်နှံထားသည်။ ထိုနောက် ဒေါ်အေးကျော့ ပဲခူးမြို့သို့ ရောက်ရှိချိန်တန်လျက် ရောက်မလာသောအခါ ခင်မောင်ကြူသည် မသန်းသန်းဌေး (လိုပြ ၇) အား ကမ္ဘာအေး စေတီလမ်း နေအိမ်သို့ စေလွှတ်ပြီး မိခင် ဒေါ်အေးကျော့ ရှိ မရှိစုံစမ်းသည်။ မသန်းသန်းဌေး သွားရောက် မေးမြန်းသောအခါ ထွန်းမြင့်ကြူက ဒေါ်အေးကျော့ ပဲခူးသို့ သွားကြောင်း ပြောပြလိုက်သည်။ သို့ရာတွင် မိခင် ဒေါ်အေးကျော့ ပဲခူးသို့ မရောက်ရှိ ကြောင်းကို မစန်းရီထံမှ ကြားသိရသဖြင့် ခင်မောင်ကြူသည် ရန်ကုန်သို့ လိုက်လာပြီး ထွန်းမြင့်ကြူထံတယ်လီဖုန်းဆက်၍ မိခင် ဒေါ်အေးကျော့ အိမ်၌ရှိ မရှိ မေးမြန်းသည်။ ထွန်းမြင့်ကြူ ပြန်လည်ဖြေကြားခြင်းမပြုပဲ၊ အရေးကြီးသော စကားပြောကြားလိုသည်ဟုဆိုပြီး ခင်မောင်ကြူအား လှည်းတန်းရှိ စေတနာရှင် လက်ဖက်ရည်ဆိုင်မှ စောင့်နေရန် ချိန်းလိုက်သည်။ ထွန်းမြင့်ကြူသည် ထိုနေရာသို့ကိုယ်ပိုင် ဟီလ်မင်ကားဖြင့် ရောက်လာပြီး ခင်မောင်ကြူအား လွတ်လပ်ရေးပန်းခြံဆီသို့ ခေါ်ဆောင်သွားသည်။ ကားပေါ်တွင် ထွန်းမြင့်ကြူက ခင်မောင်ကြူအား မသင်းသင်းကြူ၏ လက်ဝတ် လက်စားများကို ယူသလားဟု မေးရာ၊ ခင်မောင်ကြူက မိန်းမတောင်းရန် ငွေလို

သဖြင့် ခိုးယူမိကြောင်း ဝန်ခံသည်။ ထွန်းမြင့်ကြူက မသင်းသင်းကြူ အမြတ်တနိုး ထားသော ပစ္စည်းများဖြစ်၍ ပြန်ပေးရန် ခင်မောင်ကြူထံမှ တောင်းသည်။ ထွန်းမြင့်ကြူက ထိုလက်ဝတ်လက်စားများကို မိခင်ဒေါ်အေးကျော့ ယူသည်ဟု ထင်မှတ်၍ မေးမိရာမှ ဒေါ်အေးကျော့နှင့် စကားများကြပြီး လက်လွန်သွားသဖြင့် ဒေါ်အေးကျော့ သေဆုံးသွားကြောင်းကို ခင်မောင်ကြူအား ပြောပြသည်။ ဒေါ်အေးကျော့၏ အလောင်းကို လှုံခြုံသော တနေရာတွင် မြှုပ်နှံထားကြောင်းကိုလည်း ထွန်းမြင့်ကြူက ခင်မောင်ကြူအား ဖွင့်ပြောသည်။ ဒေါ်အေးကျော့ သေဆုံးရခြင်း ကို သန့်လွင်ကြူ တနေ့ နေ့တွင် သိသွားလျှင် အန္တရာယ်ရှိနိုင်သဖြင့် သန့်လွင်ကြူအား သတ်၍ အလောင်းကို ဖျောက်ဖျက်ပစ်ရန် ထွန်းမြင့်ကြူက ခင်မောင်ကြူအား ခိုင်းစေသည်။ ခိုင်းစေသည့်အတိုင်း ဆောင်ရွက်လျှင် ခင်မောင်ကြူ အလိုရှိသော ငွေကိုပေးမည်ဟု ထွန်းမြင့်ကြူကပြောသည်။ လက်ထပ်ရန် ငွေလိုနေသဖြင့် ခင်မောင်ကြူသည် မြင့်ဦး ကို အဖော်ခေါ်၍ ထွန်းမြင့်ကြူခိုင်းစေသည့်အတိုင်း သန့်လွင်ကြူအား သတ်ပြီး အလောင်းကို အိမ်အောက်တွင် မြှုပ်နှံ ဖျောက်ဖျက်ခဲ့သည်။ ခင်မောင်ကြူသည် သတ်ခငွေ ၃၀၀၀ိ ကို ထွန်းမြင့်ကြူထံမှ ရရှိခဲ့လေသည်။

ခင်မောင်ကြူ၏ထွက်ချက်များတွင် အဓိကကျသော အချက် သုံးချက်ကိုကျွန်ုပ်တို့ တွေ့ကြရသည်။ ပထမအချက်မှာ ဤအမှုစတင်ဖြစ်ပွားရသည့် မသင်းသင်းကြူ၏ လက်ဝတ်လက်စားများ ပျောက်မှု၌ ခင်မောင်ကြူက ခိုးယူခဲ့ပါသည် ဆိုသော အချက်ဖြစ်ပြီး ဒုတိယအချက်မှာ ထွန်းမြင့်ကြူသည် မိခင်ဒေါ်အေးကျော့ နှင့် စကားများရာမှ လက်လွန်သွားသဖြင့် ဒေါ်အေးကျော့ သေဆုံးခဲ့ရသည်ဆိုခြင်းနှင့် တတိယအချက်မှာမူ ဒေါ်အေးကျော့ အလောင်းကို လုံခြုံသောတနေရာ၌ မြှုပ်နှံ ထားသည်ဆိုသည့် အချက်ဖြစ်သည်။

ပထမအချက်နှင့် ပတ်သက်၍ မသင်းသင်းကြူ၏ လက်ဝတ်လက်စားများကို ခင်မောင်ကြူသည် လက်ထပ်ရန် ငွေလိုသဖြင့် ခိုးယူခဲ့ခြင်းမှာ မှန်ကန်ကြောင်း တွေ့ရ ပေသည်။ ခင်မောင်ကြူသည် လက်ဝတ်လက်စားအချို့ကို ရောင်းစား၍ အချို့ကို ကိုမြင့်ဦးထံ၌ အပ်နှံခဲ့သည်ဟု ထွက်ဆိုသည်။ ယင်းအချက်မှန်ကန်ကြောင်း မြင့်ဦး (လိုပြ ၃) နှင့် ဒေါ်မိ (လိုပြ ၅) တို့က တရားရုံး၌ထွက်ဆိုခဲ့သည်။ ခိုးယူခဲ့သည့် မသင်းသင်းကြူ၏ လက်ဝတ်လက်စားအချို့ကို ထွန်းမြင့်ကြူက တောင်းသဖြင့် ခင်မောင်ကြူက ပြန်ပေးကြောင်းကို မြင့်ဦး (လိုပြ ၃) ၊ ဒေါ်မိ (လိုပြ ၅) နှင့် ကိုထွန်းကြည် (လိုပြ ၆) တို့က တရားရုံး၌ထွက်ဆိုခဲ့သောကြောင့် မသင်းသင်းကြူ၏ လက်ဝတ်လက်စားများကို ခိုးယူမိပါသည်ဟု ဝန်ခံသောအချက်သည် ယုတ္တိတန် ပေ သည်။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။
နှင့်
ထွန်းမြင့်ကြူ။

ဒုတိယအချက်နှင့်ပတ်သက်၍ ရပ်ကွက်လူကြီး ဦးအောင်သန်း (လိုပြ ၉) က ထောက်ခံထွက်ဆိုသည်။ ဦးအောင်သန်း၏ထွက်ဆိုချက်မှာ အချင်းဖြစ်ပွားသည့်ညက ထွန်းမြင့်ကြူအိမ်ဘက်ဆီမှ အော်သံများကြားသဖြင့် သတင်းမေးရန်သွားသောအခါ ထိုအိမ်တွင် တိတ်ရိကော်ဒါဖွင့်ထားသောအသံကို ကြားရကြောင်း၊ အော်သံများ အကြောင်းကိုမေးရာတွင် ထွန်းမြင့်ကြူက ညီမကိုဆုံးမတာပါဟု ပြောကြောင်း၊ ထို့ကြောင့် ပြန်လာခဲ့ရကြောင်း၊ ထိုရက်မတိုင်မီက ထွန်းမြင့်ကြူအိမ်တွင် ဒေါ်အေးကျော့အား မြင်တွေ့ရကြောင်း၊ နောက်ပိုင်းတွင်မူ ဒေါ်အေးကျော့ကို မမြင်တွေ့ရတော့ကြောင်းတို့ ဖြစ်သည်။

တတိယအချက်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ထွန်းမြင့်ကြူကိုယ်တိုင်က မြှုပ်နှံထားသော ဒေါ်အေးကျော့၏ အလောင်းနေရာကို ညွှန်ပြခဲ့သည်။ ဤသို့ညွှန်ပြသဖြင့် ဗဟန်းမြို့နယ် တရားရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းစိန် (လိုပြ ၁၀)၊ ရလကအတွင်းရေးမှူး ဦးသန်းတင် (လိုပြ ၁၉) နှင့် ဗဟန်းမြို့နယ် ဆရာဝန်ကြီး ဒေါ်မမလေး (လိုပြ ၂၀) တို့ရှေ့တွင် တူးဖော်ကြည့်သောအခါ ဒေါ်အေးကျော့အလောင်း၏အရိုးစုကို တွေ့ကြရသည်။ ဒေါ်အေးကျော့၏ ဆွေမျိုးများက အရိုးစုနှင့်အတူ တွေ့ရသောပစ္စည်းများအရ ဒေါ်အေးကျော့၏အလောင်းဖြစ်ကြောင်း ထွက်ဆိုကြသည်။ ဒေါ်အေးကျော့အလောင်းတွေ့ရသောနေရာသည် ထွန်းမြင့်ကြူ၏ခြံဝင်းအတွင်းအိမ်နှင့်မနီးမဝေးတွင်ရှိသည့် ပစ္စည်းများထားသော အဆောက်အအုံအတွင်း၌ဖြစ်သည်။ အခြားပြင်ပ လူတဦးဦးက ဒေါ်အေးကျော့ကိုသတ်ပြီး ဤကဲ့သို့သော နေရာမျိုး၌ မြှုပ်နှံထားရန်မှာ ခဲယဉ်းလှကြောင်း တွေ့ရှိခဲ့ရခြင်းအားဖြင့် ခင်မောင်ကြူ၏ ထွက်ဆိုချက်မှန်ကန်ကြောင်း ယူဆရပေသည်။

သို့ရာတွင် ဗဟိုတရားစီရင်ရေးအဖွဲ့က ခင်မောင်ကြူ၏ထွက်ချက်ကို ယုံကြည်လက်ခံရန် မသင့်ကြောင်း အချက်များဖော်ပြလျက် ဝေဖန်သုံးသပ်ခဲ့သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့သည် ခင်မောင်ကြူ၏ ထွက်ချက်ကို အခြားအထောက်အထားများနှင့် ဆက်စပ်၍ စဉ်းစားသော်လည်း အမှန်တရားကို ဖော်ထုတ်ရာတွင်မူ ထိုစဉ်းစားချက်တို့ကို ကွင်းဆက်မပြတ် သုံးသပ်ခြင်းမပြုခဲ့သဖြင့် ကောက်ချက်ချရာတွင် အမှန်ကို ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပေ။ အခြားသက်သေခံ အထောက်အထားများနှင့် ပူးပေါင်းစဉ်းစားမှသာလျှင် ဖြစ်တန်ရာသော အကြောင်းခြင်းရာများရှိ မရှိ၊ ယင်းအကြောင်းခြင်းရာများအရ ပြစ်မှုပေါ်လွင်ထင်ရှားခြင်း ရှိ မရှိစသည်တို့ကိုယထာဘူတကျစွာ သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး၊ သက်သေခံ ဥပဒေ ပုဒ်မ ၃ ၏ပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မည်ဖြစ်ကြောင်း စောဒကမှု အမှတ် ၁ တွင် ကျွန်ုပ်တို့က အကျယ်တဝင့် ရှင်းပြထားပြီးဖြစ်သည်။

၁၉၇၆

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ထွန်းမြင့်ကြူ။

ခင်မောင်ကြူသည် အကျင့်စာရိတ္တကောင်းသူ မဟုတ်သဖြင့် ယင်း၏ထွက်ချက်ကို အလေးမထားသင့်ဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ယူဆခဲ့သည်။ ဤအချက်မျှဖြင့် ခင်မောင်ကြူ၏ ထွက်ဆိုချက်အားလုံးကို ငြင်းပယ်ရန် အကြောင်းလုံလောက်မည် မဟုတ်ပေ။ သက်သေတဦးသည် အကျင့်စာရိတ္တ မကောင်းသူဖြစ်၍ မမှန်မကန် ထွက်ဆိုလိမ့်မည်ဟု သံသယမကင်းဖွယ်ရာ ဖြစ်နိုင်သော်လည်း ထိုသူ၏ထွက်ချက်မှာ ယုတ္တိတန်သော အချက်အလက်များပါဝင်ပြီး ထင်ရှားသောအထောက်အထားများပေါ်လွင်ခဲ့လျှင် ထိုထွက်ချက်ကို သက်သေခံအဖြစ် ထည့်သွင်း စဉ်းစားရမည်သာဖြစ်သည်။

ထွန်းမြင့်ကြူနှင့် စပ်လျဉ်း၍ မရိုးသားမှုတို့ကိုလည်း အထောက်အထားများ တွေ့ရလေသည်။ ထွန်းမြင့်ကြူသည် ဒေါ်အေးကျော့နှင့် သန့်လွင်ကြူမရှိတော့ကြောင်း သိပါလျက်နှင့် အသက်ရှင်နေသေးဘိသကဲ့သို့ ဒေါ်အေးကျော့နှင့် သန့်လွင်ကြူတို့၏ အမည်များဖြင့် ပဲခူးမြို့ရှိ ဆွေမျိုးများထံ စာရေးသားခဲ့သည့်အပြင် အခြေအနေကိုအကဲခတ်ရန် ထိုဆွေမျိုးများထံသို့ ကိုယ်တိုင် သွားရောက်စုံစမ်းခဲ့ကြောင်း ခင်မောင်ကြူ (လိုပြ ၂) မစန်းရီ (လိုပြ ၄)၊ ဒေါ်မီ (လိုပြ ၅) နှင့် ကိုထွန်းကြည် (လိုပြ ၆) တို့၏ထွက်ချက်များနှင့် သက်သေခံစာများအရ ပေါ်လွင်သည်။ လက်ရေးကျွမ်းကျင်သူ ဦးဖေသောင်း (လိုပြ ၁၇) က ထွန်းမြင့်ကြူ၏ လက်ရေးဖြစ်ကြောင်း ထင်မြင်ချက်ပေးသည်။ ယင်းထွက်ဆိုချက်များအရ ထွန်းမြင့်ကြူသည်၊ ဖြစ်ရပ်မှန်ကို ဖုံးဖိလိုကြောင်း ပေါ်လွင် ထင်ရှားပေသည်။ ထို့အပြင် ဒေါ်အေးကျော့နှင့် သန့်လွင်ကြူတို့ ပဲခူးတွင် မရှိပါပဲလျက် ပဲခူးမြို့သို့ပြောင်းရွှေ့သွားလေဟန်ဖြင့် ထိုသူများ၏ အမည်များကို အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ပေးရန် ရလကသို့ ထွန်းမြင့်ကြူသည် လျှောက်ထားခဲ့ကြောင်း ဦးတိုက် (လိုပြ ၈) ကထွက်ဆိုသည်။ ဤအချက်သည်လည်း ဖြစ်ရပ်မှန်ကို ဖုံးကွယ်ရန် ထွန်းမြင့်ကြူ ကြိုးပမ်းခဲ့ကြောင်း အထောက်အထားတရပ် ဖြစ်သည်။

ဗဟိုတရားစီရင်ရေးအဖွဲ့သည် ခင်မောင်ကြူ၏ ထွက်ဆိုချက်၌ ကွဲလွဲချက်များ ပါဝင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။ အမှုများတွင် သက်သေထွက်ချက်များ၌ ကွဲလွဲချက်များရှိနိုင်သည်။ ကွဲလွဲချက်ရှိတိုင်း သက်သေ၏ထွက်ချက်တခုလုံးကို စွန့်ပယ်ရန်မဟုတ်ပေ။ တရားစီရင်ရေးအဖွဲ့အနေဖြင့် အဓိကကျသောအချက်များတွင် ကွဲလွဲမှုမရှိပဲ အထောက်အထားလုံလောက်လျှင် ကွဲလွဲချက်များကို ထည့်သွင်း စဉ်းစားရန်မလိုချေ။ အဓိကကျသောအချက်ကို ယုံကြည်လက်ခံရမည်သာဖြစ်သည်။

ထွန်းမြင့်ကြူကလည်း အချင်းဖြစ်ပွားချိန်၌ မိမိသည် မိုးညှင်းမြို့သို့ ရောက်ရှိနေပါသည်ဟု ထွက်ဆိုသည်။ သို့သော် ခိုင်လုံသော သက်သေမပြနိုင်ပေ။ သက်သေ

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ထွန်းမြင့်ကြူ။

ဦးလှမောင် (ခံပြ ၃) နှင့် ဦးကျင်ရွှေ (ခံပြ ၄) တို့၏ ထွက်ချက်သည်လည်း ထွန်းမြင့်ကြူအား တိတိကျကျ ထောက်ခံထွက်ဆိုခြင်း မပြုနိုင်ကြောင်း တွေ့ရှိရသည်။

အမှုတခုလုံးကို ကွင်းဆက်မပြတ် ခြုံငုံ၍ သုံးသပ်ကြည့်လျှင် ထွန်းမြင့်ကြူသည် မိခင်ဒေါ်အေးကျော့အား သတ်ပြီး အလောင်းကို မြှုပ်နှံဖျောက်ဖျက်ခဲ့ကြောင်း ထင်ရှားစွာ တွေ့ရှိရပေသည်။ မူလရုံးက ထွန်းမြင့်ကြူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ၊ တသက်တကျွန်းဒဏ်နှင့် ပုဒ်မ ၂၀၁ အရ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်တို့ကို တပေါင်းတည်းကျခံစေရန် ချမှတ်ခဲ့သည့်အမိန့်သည် ဥပဒေအရမှန်ကန်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဗဟိုတရားစီရင်ရေးအဖွဲ့က ထွန်းမြင့်ကြူအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂) နှင့် စပ်လျဉ်း၍ အပြီးအပြတ်လွှတ်ခဲ့ခြင်းကို ကျွန်ုပ်တို့ ပယ်ဖျက်ပြီး မူလရုံးအမိန့်ကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

† ၁၉၇၆

စက်တင်ဘာလ ၂၉ ရက်။

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးထွန်းအောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ပါဆူပါတီးရှားမား *

နိုင်ငံခြားသားများ မှတ်ပုံတင်ဥပဒေပုဒ်မ ၅(၁)၊ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊ နိုင်ငံသားအဖြစ် လက်ခံရန်လျှောက်ထားပြီးဖြစ်၍အဖြစ်မရှိပါဟုထုချေခြင်း၊နိုင်ငံသားအဖြစ် လက်ခံရန်လျှောက်ထားကာမျှဖြင့် နိုင်ငံသားတဦး ဖြစ်လာခြင်း ရှိ မရှိ၊ ပြစ်မှုကျူးလွန်ခြင်း ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ပါဆူပါတီးက နိုင်ငံသားအဖြစ် မိမိအား လက်ခံပါရန် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လျှောက်ထားခဲ့ပြီးဖြစ်၍ မိမိ၌အပြစ်မရှိပါဟု တင်ပြသည်။ သို့ရာတွင် ယင်းကဲ့သို့ လျှောက်ထားရုံမျှဖြင့် ပါဆူပါတီးသည် နိုင်ငံသား ဖြစ်မလာပေ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၇(၁) အရ သက်ဆိုင်ရာဝန်ကြီးက နိုင်ငံသားဖြစ်မှုလက်မှတ်ကို ထုတ်မပေးသမျှကာလပတ်လုံး ပါဆူပါတီးသည် နိုင်ငံခြားသားအဖြစ်ဆည်ရှိနေသဖြင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်လျှောက်ထားရန် ဥပဒေအရ တာဝန်ရှိပေသည်။ ယင်းသို့လျှောက်ထားရန် တာဝန်ရှိပါလျက်မလျှောက်ထားခဲ့သဖြင့် ပါဆူပါတီးအပေါ်တွင်အပြစ်ရှိလေသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးလှသောင်း။

အယူခံတရားခံအတွက်။ ။

အယူခံတရားခံ ပါဆူပါတီး (ခေါ်) ပါဆူပါတီးရှားမားသည် နိုင်ငံခြားသားတဦးဖြစ်သည်။ ပါဆူပါတီးသည် နိုင်ငံတော်အစိုးရ သစ်တောဌာနတွင် စာပို့လုလင်အဖြစ် ဆောင်ရွက်လုပ်ကိုင်ခဲ့စဉ်က နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန် ယာယီအားဖြင့် ကင်းလွတ်ခွင့်ရရှိခဲ့သည်။ ပါဆူပါတီးအား ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့သည်။ ထိုကဲ့သို့ ရပ်စဲခြင်းခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၅။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၀၇ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့စွဲပါ ဗန်းမော်မြို့နယ်၊ တရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၇၆

ပါဆူပါတီး ရှားမား နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပါဆူပါတီးသည် နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားရမည်ဖြစ်သည်။ ယင်းသို့မလျှောက်ထားခဲ့သဖြင့် ပါဆူပါတီးသည် နိုင်ငံခြားသားများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၅ (၁) အရ တရားစွဲဆိုခြင်းခံရသည်။ ဗန်းမော်မြို့နယ်တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀၇ ဟုသတ်မှတ်၍ စစ်ဆေးကြားနာပြီး ပါဆူပါတီးအား အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် နိုင်ငံတော်အတွက် ဗဟိုဥပဒေရုံးက ဗဟိုတရားရုံးသို့ အယူခံခြင်းဖြစ်သည်။

မူလအမှုတွင် မှတ်တမ်းတင်ထားသော သက်သေခံအထောက်အထားများအရ ပါဆူပါတီးသည် နိုင်ငံခြားသားတဦးဖြစ်ကြောင်း အငြင်းမထွက်ပေ။ ပါဆူပါတီးက နိုင်ငံသားအဖြစ် မိမိအား လက်ခံပါရန် ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လျှောက်ထားခဲ့ပြီးဖြစ်၍ မိမိ၌ အပြစ်မရှိပါဟု တင်ပြသည်။ သို့ရာတွင် ယင်းကဲ့သို့ လျှောက်ထားရုံမျှဖြင့် ပါဆူပါတီးသည် နိုင်ငံသား ဖြစ်မလာပေ။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု ဥပဒေပုဒ်မ ၇ (၁) အရ သက်ဆိုင်ရာ ဝန်ကြီးက နိုင်ငံသားဖြစ်မှုလက်မှတ်ကို ထုတ်မပေးသမျှကာလပတ်လုံး ပါဆူပါတီးသည် နိုင်ငံခြားသားအဖြစ် တည်ရှိနေသဖြင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားရန် ဥပဒေအရ တာဝန်ရှိပေသည်။ ယင်းသို့လျှောက်ထားရန် တာဝန်ရှိပါလျက် မလျှောက်ထားခဲ့သဖြင့် ပါဆူပါတီးအပေါ်တွင် အပြစ်ရှိပေသည်။ ပြစ်မှုအလျောက် အပြစ်ဒဏ်ကို စဉ်းစားရာ၌ ပါဆူပါတီးရှားမားသည် မြန်မာနိုင်ငံအတွက် တာဝန်ထမ်းရွက်ခဲ့ဘူးသော ဝန်ထမ်းကောင်းတဦးဖြစ်ကြောင်း မမေ့သင့်ပေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြု၍ အယူခံတရားခံပါဆူပါတီးအား မူလရုံးက အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး ပါဆူပါတီးရှားမားအား နိုင်ငံခြားသားများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၅ (၁) အရ ငွေဒဏ် ၅၀ိ (ငွေငါးဆယ်ကျပ်တိတိ) ဆောင်စေရန်၊ မဆောင်ပါက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁ လ (တစ်လ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင်၊ ဦးသန့်စင်ကျို ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးဝမ်စိန် *

† ၁၉၇၆

နိုဝင်ဘာလ ၃ ရက်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ နှင့် ၂၅၉၊ တရားလိုမလာ၍ တရားခံအားလွှတ်ခြင်း၊ ဝရမ်းမှုတွင် တရားခံအားစွဲချက်မတင်မီ တရားလိုမလာသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ အပြီးအပြတ်လွှတ်ခြင်း၊ ဥပဒေအရ မှန်ကန်မှုရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ သည်သာမန်မှုများ စွဲဆိုခြင်းနှင့်သက်ဆိုင်သည်။ ထိုအမှုအမျိုးအစားတွင် တရားရုံးသို့တရားလိုလာရောက်ရန် ပျက်ကွက်လျှင် တရားခံအား အမှုမှ အပြီးအပြတ်လွှတ်နိုင်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ၂၅၉ သည် ဝရမ်းမှုများနှင့် သက်ဆိုင်သည်။ ထိုအမှုအမျိုးအစားတွင် တရားရုံးသို့တရားလိုလာရောက်ရန် ပျက်ကွက်လျှင် တရားခံအားစွဲချက်မတင်မီ အချိန်ကာလတွင်စွဲချက်မတင်ပဲ အမှုမှပြန်လွှတ်နိုင်သည်။ တရားလိုဦးမင်းစိန်က တရားခံဦးဝမ်စိန်မှာပေါ် စွဲဆိုသောအမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရဖြစ်သောကြောင့် ဝရမ်းမှုအမျိုးအစားဖြစ်သည်။ ယင်းအမှုကို တရားရုံးက တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခြင်းသည်တရားဥပဒေအရမှားယွင်းလျက်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးကျော်ဒင်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် တရားရုံးတွင် တရားလို ဦးမင်းစိန်က တရားခံ ဦးဝမ်စိန်အား၊ မိမိဇနီးကို ခိုးယူပေါင်းသင်းကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၇ အရ၊ ဦးတိုက်လျှောက်ထားသော အမှုကို စစ်ဆေးကြားနာသည်။ တရားလိုနှင့် တရားလိုပြ သက်သေ (၅) ဦးတို့ကို စစ်ဆေးပြီး တရားလိုသည် ရုံးချိန်းနေ့များတွင် အကြိမ်ကြိမ် လာရောက်ရန် ပျက်ကွက်သောကြောင့် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၂၄၇ အရ တရားခံ ဦးဝမ်စိန်အား ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် အမှုမှ

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၃။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုကြီးအမှုအမှတ် ၅၄ တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် မနေ့စွဲပါ မရမ်းကုန်းမြို့နယ်တရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၇၆

ဦးဝမ်စိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်။

အပြီးအပြတ်လွှတ်ခဲ့သည်။ ထိုသို့ အပြီးအပြတ်လွှတ်သော အမိန့်ကို မကျေနပ်သောကြောင့် နိုင်ငံတော်ကိုယ်စား ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၁၇ အရ အယူခံဝင်သော အမှုဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၂၄၇ သည် သာမန်မှုများစွဲဆိုခြင်းနှင့် သက်ဆိုင်သည်။ ထိုအမှုအမျိုးအစားတွင် တရားရုံးသို့ တရားလိုလာရောက်ရန် ပျက်ကွက်လျှင် တရားခံအား အမှုမှ အပြီးအပြတ် လွှတ်နိုင်သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၂၅၉ သည် ဝရမ်းမှုများနှင့် သက်ဆိုင်သည်။ ထိုအမှုအမျိုးအစားတွင် တရားရုံးသို့ တရားလိုလာရောက်ရန် ပျက်ကွက်လျှင် တရားခံအား စွဲချက်မတင်မီ အချိန်ကာလတွင် စွဲချက်မတင်ပဲအမှုမှ ပြန်လွှတ်နိုင်သည်။

တရားလို ဦးမင်းစိန်က တရားခံ ဦးဝမ်စိန် အပေါ် စွဲဆိုသော အမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၇ အရ ဖြစ်သောကြောင့် ဝရမ်းမှု အမျိုးအစားဖြစ်သည်။ ယင်းအမှုကို တရားရုံးက တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခြင်းသည် တရားဥပဒေအရ မှားယွင်းလျက်ရှိသောကြောင့် မရမ်းကုန်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၄/၇၄ တွင် တရားခံ ဦးဝမ်စိန်အား အမှုမှ အပြီး အပြတ်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ တရားဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန် အမှုကို ပြန်ပို့လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအမြစ်သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်ဟန်အေး*

† ၁၉၇၆ အောက်တိုဘာလ ၈ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀၊ မိမိကိုယ်ကို ခုခံကာကွယ်ရာ၌ မည်သည့်အခါ လူကိုသေစေရန်အထိ ပြုမူနိုင်ခြင်း၊ လက်သီးနှင့်ထိုးသောသူကို ထင်းချောင်းဖြင့် ပြန်ရိုက်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုအပ်သည်ထက် ပိုမိုပြုလုပ်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် မိမိကိုယ်ကိုခုခံကာကွယ်ရာ၌ မည်သည့်အခါ လူသေစေရန်အထိ ပြုနိုင်ကြောင်းဖော်ပြထားသည်။ ယင်းဖော်ပြချက်များအနက် ပထမအချက်မှာ ကာကွယ်ခုခံခြင်းမပြုလျှင် သေဘေးသို့ ရောက်စေရန် စိုးရိမ်ဘွယ် ဖြစ်စေသောအကြောင်းရှိခြင်းနှင့် ဒုတိယအချက်မှာ ခုခံကာကွယ်ခြင်းမပြုလျှင် အပြင်းအထန်နာကျင်စေရန် စိုးရိမ်ဘွယ်ရာအကြောင်းရှိခြင်းဖြစ်သည်။

အယူခံတရားခံ မောင်ဟန်အေးနှင့် သေဆုံးသူ မောင်တင်ဝင်းတို့မှာ လူငယ်များဖြစ်ကြ၍ အချင်းဖြစ်ပွားသောအချိန်မှာ ဘုန်းကြီးကျောင်းတွင် အလှူလုပ်နေစဉ်ဖြစ်သည်။မောင်တင်ဝင်းသည် မောင်ဟန်အေးအား လက်သီးနှင့် ထိုးပြီးနောက်၊ မောင်ဟန်အေးကို အသက်သေဆုံးသည်အထိ၊ သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရရှိစေသည်အထိ ပြုမူလိမ့်မည်ဟု စိုးရိမ်ဘွယ်ရာ အချက်များမပေါ်ပေါက်ချေ။ လက်သီးနှင့်ထိုးသော သူတယောက်ကိုထင်းချောင်းနှင့်ပြန်ရိုက် ခြင်းမှာလည်းလိုအပ်သော ခုခံကာကွယ်ပိုင်ခွင့်ထက်ပိုမိုလျက်ရှိသည်ဟု ဆိုရပေမည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးသိန်းထွန်း။

အယူခံတရားခံအတွက်။ ။မလာ။

အယူခံတရားခံ မောင်ဟန်အေးသည် မောင်တင်ဝင်းဆိုသူအား မီးဆိုက်သည့် ထင်းချောင်းဖြင့် ရိုက်သောကြောင့် မောင်တင်ဝင်း သေဆုံးရသည်။ ထို့ကြောင့် မောင်ဟန်အေးအပေါ် ‡ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ အရ၊ တရားစွဲဆိုတင်ပို့ရာ

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုကြီးအမှုအမှတ် ၃၄၈ တွင်ချမှတ်သော၊ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့စွဲပါ ပေါင်းတည်မြို့နယ် ပြည်သူ့တရားရုံး၏အမိန့်ကိုအယူခံမှု။

၁၉၇၆
မောင်ဟန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ပေါင်းတည်မြို့နယ် တရားရုံးက ယင်းဥပဒေ ပုဒ်မ ၃၀၄ အရ၊ စစ်ဆေးကြားနာပြီး၊ မောင်ဟန်အေးကို အမှုမှ အပြီး အပြတ်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို နိုင်ငံတော်ကိုယ်စား ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၁၇ အရ၊ အယူခံဝင်ခြင်းဖြစ်သည်။

မောင်ဟန်အေးက မောင်တင်ဝင်းကို ထင်းချောင်းဖြင့် ရိုက်သောကြောင့် မောင်တင်ဝင်း သေဆုံးရကြောင်း အငြင်းမပွားချေ။ အချင်းဖြစ်ပွားသော နေ့က ဘုန်းကြီးကျောင်းတွင် အလှူရှိသောကြောင့် မောင်ဟန်အေးသည် ရေနွေးအိုးတည်နေစဉ် မောင်တင်ဝင်းက လက်သီးဖြင့် ထိုးသောကြောင့် လဲကျသွားသည်။ ထိုအခါတွင် မောင်ဟန်အေးက မီးဆိုက်သည့် ထင်းချောင်းကိုယူ၍ မောင်တင်ဝင်းအား ရိုက်လိုက်ခြင်းဖြစ်လေသည်။ မောင်တင်ဝင်းသည် အချင်းဖြစ်ပွားပြီး ၅ ရက်ခန့် အကြာ သေဆုံးသည်။ ဆရာဝန်က မောင်တင်ဝင်း၏ ချိုစောင်းတွင်ရရှိသော ဒဏ်ရာမှာ သေလောက်သည့် ဒဏ်ရာဖြစ်ကြောင်း ထွက်ဆိုသည်။

မြို့နယ်တရားရုံးက မောင်ဟန်အေးအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းမှာ မောင်ဟန်အေးသည် မိမိအသက်ဘေးအန္တရာယ်ကို ခုခံကာကွယ်ပိုင်ခွင့်ရှိသောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၉၆ အရ၊ ပြစ်မှုမမြောက်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် မိမိအား လက်သီးနှင့် ထိုးသူတဦးကို သေဆုံးသည်အထိ ပြုမူခြင်းသည် ခုခံကာကွယ်ပိုင်ခွင့်အရ ပြုမူခြင်း မှန် မမှန်ကို စိစစ်ရန် လိုအပ်ပေသည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၀ တွင် မိမိကိုယ်ကို ခုခံကာကွယ်ရာ၌ မည်သည့်အခါ လူသေစေရန်အထိပြုနိုင်ကြောင်း ဖော်ပြထားသည်။ ယင်းဖော်ပြချက်များအနက် ပထမအချက်မှာ ကာကွယ်ခုခံခြင်း မပြုလျှင် သေဘေးသို့ ရောက်စေရန် စိုးရိမ်ဘွယ်ဖြစ်စေသောအကြောင်းရှိခြင်းနှင့် ဒုတိယအချက်မှာ ခုခံကာကွယ်ခြင်း မပြုလျှင် အပြင်းအထန်နာကျင်စေရန် စိုးရိမ်ဘွယ် အကြောင်းရှိခြင်းဖြစ်သည်။

အယူခံတရားခံ မောင်ဟန်အေးနှင့် သေဆုံးသူ မောင်တင်ဝင်းတို့မှာ လူငယ်များဖြစ်ကြ၍ အချင်းဖြစ်ပွားသော အချိန်မှာ ဘုန်းကြီးကျောင်းတွင် အလှူလုပ်နေစဉ်ဖြစ်သည်။ မောင်တင်ဝင်းသည် မောင်ဟန်အေးအား လက်သီးနှင့် ထိုးပြီးနောက် မောင်ဟန်အေးကို အသက်သေဆုံးသည်အထိ သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာ ရရှိစေသည်အထိ ပြုမူလိမ့်မည်ဟု စိုးရိမ်ဘွယ်ရာ အချက်များ မပေါ်ပေါက်ချေ။ လက်သီးနှင့် ထိုးသော သူတယောက်ကို ထင်းချောင်းနှင့် ပြန်ရိုက်ခြင်းမှာလည်း လိုအပ်သော ခုခံကာကွယ်ပိုင်ခွင့်ထက် ပိုမိုလျက်ရှိသည်ဟု ဆိုရပေမည်။ ထို့ကြောင့် မောင်ဟန်အေးသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄ အရ၊ လူသေမှု ကျူးလွန်ကြောင်း ထင်ရှားသည်။ ယင်းဥပဒေ ပုဒ်မအရ တသက်တကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်ထိ ထောင်ဒဏ်

၁၉၇၆

မောင်ဟန်အေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဖြစ်စေ ချမှတ်နိုင်သည်ဖြစ်သော်လည်း၊ မောင်ဟန်အေးမှာ အသက်ငယ်ရွယ်သူ တယောက်ဖြစ်ကြောင်း စဉ်းစားရမည်ဖြစ်သည်။ ရုံးရှေ့တွင် မောင်ဟန်အေး၏ အစစ်ခံချက်၌ အသက် ၁၇ နှစ်ရှိကြောင်း ဖော်ပြထားသည်။ ၁၉၇၄ ခုနှစ်၊ မေလတွင် အစစ်ခံခြင်းဖြစ်သောကြောင့် ယခုအချိန်တွင် မောင်ဟန်အေးသည် ၁၉ နှစ်ကျော်မျှသာ ရှိပေလိမ့်မည်။ အသက်ငယ်ရွယ်သူဖြစ်သောကြောင့် အပြစ်ဒဏ်နှင့် ပတ်သက်၍ သက်ညှာစွာ စဉ်းစားရမည်ဖြစ်သော်လည်း၊ လူတဦးတယောက်၏ အသက်ကို သေစေသည် အထိ ပြစ်မှုကျူးလွန်ခဲ့သူတဦးဖြစ်ကြောင်းလည်း ပူးတွဲစဉ်းစားရမည်ဖြစ်သည်။

အယူခံတရားခံ မောင်ဟန်အေးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသောကြောင့် ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။ အချုပ်ခံရသော နေ့ရက်များကို အပြစ်ဒဏ်မှ နုတ်ပယ်စေရမည်အပြင် ၁၉၇၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့စွဲပါ နိုင်ငံတော်ကောင်စီရုံး၏ကြေငြာချက်အမှတ် (၁) အရ၊ လွတ်ငြိမ်းချမ်းသာခွင့်လည်း ခံစားစေရမည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
နိုဝင်ဘာလ
၁၈ ရက်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နှင့်
၁။ အလီဘူစိန်။ ၂။ မောင်တင်စိန် *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ အရေးယူခြင်း၊ အကြောင်းခြင်းရာတရပ်ကို သက်သေများက တဘက်စီထွက်ဆိုနေကြလျှင် ပတ်ဝန်းကျင် အခြေအနေနှင့် နှစ်ဘက်မငြင်းကွယ်နိုင်သော အကြောင်းခြင်းရာများအပေါ် မူတည်စဉ်းစားရခြင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ အကျုံးဝင်စေရန် လိုအပ်သော အင်္ဂါရပ်များ။

ဆုံးဖြတ်ချက် ။အမှုတွင် ဒဂုံမေသင်္ဘောက လမ်းမှားသည်ဟု ထွက်ဆိုကြသော သက်သေများကတဘက်၊ ဘီ-၃၆ ရေယာဉ်ကလမ်းမှားသည်ဟု ထွက်ဆိုကြသော သက်သေများကတဘက် ရှိနေကြသောကြောင့် ပတ်ဝန်းကျင်အခြေအနေနှင့် နှစ်ဘက်မငြင်းကွယ်နိုင်သော အကြောင်းခြင်းရာများအပေါ် မူတည်စဉ်းစားရပေမည်။ ဘီ-၃၆ ရေယာဉ်သည် မအူပင်ဆိပ်ကမ်းမှ ထွက်ခွါလာခဲ့ခြင်း၊ ဒဂုံမေသင်္ဘောသည် မိမိခရီးစဉ်အတိုင်း မရစုန်မောင်းနှင်လာစဉ် တိုက်မိခြင်း၊ ဒဂုံမေသင်္ဘောသည် တောသားကြီးသင်္ဘောကို လွတ်ကင်းစွာမောင်းနှင်ခဲ့ပြီးနောက်မှ ဘီ-၃၆ ရေယာဉ်နှင့် တိုက်မိရခြင်းတို့ကြောင့် ဒဂုံမေသင်္ဘော၏လမ်းကြောင်း မှားသည်ဟု မဆိုနိုင်ခြင်း၊ တိုက်မိသော သင်္ဘောနှစ်စီးသည် တစီးနှင့်တစီးနီးကပ်သောအချိန်တွင်မှ တွေ့မြင်ကြခြင်း အစရှိသောအချက်များမှာ နှစ်ဘက်မငြင်းကွယ်နိုင်သောအချက်များဖြစ်၏။ ယင်းအချက်များကို ထောက်ရှုလျှင်ဒဂုံမေသင်္ဘောလမ်းမှားသည်ဟုမဆိုနိုင်ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇ အကျုံးဝင်စေရန်မှာ အသက်ကိုဖြစ်စေ၊ အခြားသူတို့၏လုံခြုံရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာ သော်လည်းကောင်း ပြုလုပ်ရမည်ဖြစ်ပေသည်။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးလှသောင်း။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးလှသင်း။

၁၉၇၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၃ နာရီခန့် အချိန်တွင် အစိုးရ ရေယာဉ် အမှတ် ဘီ-၃၆ သည် ခရီးသည်များနှင့် သင်္ဘောသား စုစုပေါင်း ၂၄ ဦးခန့်ကို တင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀။

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၅၇၄ တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့စွဲပါ၊ မအူပင်မြို့ ပြည်သူ့တရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ၁။ အလီဟူစိန် ၂။ မောင်ထင်စိန်

ဆောင်လျက် မအူပင်ဆိပ်ကမ်းမှ ပုသိမ်မြို့သို့ ထွက်ခွာစဉ် ဝါးခယ်မမှ ရန်ကုန်သို့ ခုတ်မောင်းလာသော ဒဂုံမေ နှစ်ထပ်သင်္ဘောနှင့် တိုက်မိသည်။ ရေယာဉ် ဘီ-၃၆ ၏ လက်ဝဲဘက်စက်ခန်း ရှေ့ပိုင်း ပေါက်ပြဲသောကြောင့် နီးကပ်ရာ ဆိပ်ကမ်းသို့ တိုးကပ်ယင်းကမ်းစပ်တွင် တိမ်းမှောက်သွားသည်။ ပစ္စည်းအချို့ ဆုံးရှုံး၍ ရေယာဉ်တွင် လိုက်ပါလာသူအချို့ ဒဏ်ရာ အနည်းငယ်စီ ရကြသည်။

ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဒဂုံမေ သင်္ဘောမှ တက်မကိုင် အလီဟူစိန်နှင့် စက်ခန်းအုပ် မောင်တင်စိန်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အရ စွဲချက်တင် စစ်ဆေးပြီး မအူပင်မြို့နယ် တရားရုံးက တရားခံနှစ်ဦးစလုံးကို အပြီးအပြတ် လွှတ်ခဲ့သော အမိန့်ကို ဗဟိုဥပဒေရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၄၁၇ အရ အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလိုက တင်ပြသည်မှာ ဘီ-၃၆ ရေယာဉ်သည် မအူပင်ဆိပ်ကမ်းမှ ပုသိမ်ဘက်သို့ ထွက်ခွာလာစဉ် ဒဂုံမေသင်္ဘောက ဥသြတချက်ပေး၍ မြစ်လယ်တွင် စုန်ဆင်းလာရာဘီ-၃၆ သင်္ဘောကလည်း ဥသြတချက်ပေးပြီး လက်ျာဘက်သို့ ခုတ်မောင်းပေးသော်လည်း၊ မြစ်လယ်မှ စုန်ဆင်းလာသော ဒဂုံမေသင်္ဘောက ဘီ-၃၆ ရေယာဉ်ကို ဝင့်၍ တိုက်မိပါသည်။ ဒဂုံမေသင်္ဘောသည် ရေကြောင်းစည်းကမ်းအရ မြစ်လက်ျာဘက်သို့ကပ်၍ ခုတ်မောင်းရမည်ဖြစ်သော်လည်း၊ မြစ်လယ်မှ ခုတ်မောင်းသဖြင့် တိုက်ခိုက်မှုဖြစ်ပွားရသောကြောင့် တက်မကိုင်နှင့် စက်ခန်းအုပ်တို့သည် သင်္ဘောကို မဆင်မခြင်ပေါ့လျော့စွာ မောင်းနှင်ကြောင်းဖြစ်သည်။

အယူခံတရားခံများက အချင်းဖြစ်ပွားစဉ် ဒဂုံမေသင်္ဘောသည် မအူပင်ဆိပ်ကမ်း၌ ဆိုက်ထားသော တွဲများကိုကျော်၍ ထွက်လာသော ဘီ-၃၆ ရေယာဉ်ကို အနီးရောက်မှ တွေ့မြင်ရသောကြောင့် စက်ကိုရပ်လိုက်သော်လည်း အရှိန်နှင့်တိုက်မိကြောင်း ဒဂုံမေသင်္ဘောမှာ ရေစုန်နှင့် မောင်းလာသော သင်္ဘောဖြစ်၍ ရေဆန်မောင်းသော ဘီ-၃၆ ရေယာဉ်က ရေစုန်မှလာသည့် သင်္ဘောကို ပြည်တွင်းမြစ်ကြောင်းသွားလာရေး ဥပဒေအရ ဦးစားပေးရမည်ဖြစ်သော်လည်း ဦးစားမပေးပဲ မောင်းနှင်ကြောင်း တင်ပြသည်။

ဒဂုံမေသင်္ဘောသည် ဘီ-၃၆ ရေယာဉ်နှင့် မတွေ့ဆုံမီ ရန်ကုန်မှ ပုသိမ်သို့ ရေဆန်သွားသော တောသားကြီး သင်္ဘောနှင့် ဆုံမိကြသေးသည်။ တောသားကြီးသင်္ဘော တက်မကိုင်ကိုအောင်မြင့် (လိုပြ-၁၄) က မိမိသင်္ဘောနှင့် ဒဂုံမေသင်္ဘောတို့ တွေ့ဆုံသောအချိန်တွင် ထုံးစံအတိုင်း မိမိကလက်ျာဘက်သို့ ဆလိုက်ထိုး၍ မောင်းပါသည်။ စုန်ဆင်းလာသော သင်္ဘောကလည်း လက်ျာဘက်သို့ ဆလိုက်ထိုး၍ မောင်းပါသည်။ မိမိသင်္ဘောကို လွန်သွားပြီးနောက် ဒဂုံမေသင်္ဘောသည် ဘီ-၃၆ ရေယာဉ်နှင့် တိုက်မိခြင်းဖြစ်ကြောင်း သိရပါသည်ဟု ထွက်ဆိုသည်။ ထို့ကြောင့် ဒဂုံမေသင်္ဘောနှင့် တော

သားကြီး သင်္ဘောတို့ ဆုံတွေ့နေစဉ် အချိန်တွင် လွတ်လွတ်ကင်းကင်း မောင်းနှင်နိုင်ခဲ့သော်လည်း မကြာမီ ဘီ-၃၆ ရေယာဉ်နှင့် ဆုံမိသောအခါမှ တိုက်ခိုက်မှုဖြစ်ပွားရသောကြောင့် ဒဂုံမေသင်္ဘောက ရေကြောင်းလွဲမှား မောင်းနှင်သည်ဟူ၍ မဆိုနိုင်ချေ။

ဘီ-၃၆ ရေယာဉ်သည် အချင်းဖြစ်ပွားစဉ် မအူပင်ဆိပ်ကမ်းမှ ထွက်ခွာစဖြစ်သောကြောင့် ရေကြောင်းအတိုင်းသွားလာလျက်ရှိသော အခြားသင်္ဘောများ ရှိ မရှိ သတိပြုရမည်ဖြစ်သည်။ သင်္ဘောနှစ်စီးသည် တစီးနှင့် တစီး စောစောက ကြိုတင်တွေ့မြင်နိုင်လျှင် တိုက်ခိုက်မှု ဖြစ်ပွားနိုင်ရန် အကြောင်းမရှိချေ။ ဒဂုံမေသင်္ဘောတွင် လိုက်ပါလာသော ခရီးသည် ဦးအုန်းကျော် (ခံပြ-၇) က ဒဂုံမေသင်္ဘောသည် ရောဝတီသင်္ဘောတစီးနှင့် ဆုံမိသောကြောင့် စက်အရှိန်လျှော့၍ မောင်းလာစဉ် ရောဝတီသင်္ဘောနောက်မှကပ်၍ လိုက်လာသော ဘီ-၃၆ ရေယာဉ်နှင့် တိုက်မိကြောင်း၊ တိုက်မိသောနေရာမှာလည်း မြစ်ကွေ့ဖြစ်ကြောင်း ထွက်ဆိုသည်။ ထို့ကြောင့် သင်္ဘောနှစ်စီး တိုက်မိရခြင်းမှာ ဘီ-၃၆ ရေယာဉ်သည် ဆိပ်ကမ်းရှိတဲ့များကို ရုတ်တရက်ကျော်၍ ထွက်လာခြင်း၊ အရှေ့မှာလည်း တောသားကြီးသင်္ဘောရှိနေခြင်းတို့ကြောင့် အနီးရောက်ခါမှ ကပ်၍မြင်ရသော ဒဂုံမေသင်္ဘောက မလွဲမရှောင်သာ တိုက်မိခြင်းဖြစ်ပေသည်။

အမှုတွင် ဒဂုံမေသင်္ဘောက လမ်းမှားသည်ဟု ထွက်ဆိုကြသော သက်သေများက တဘက်၊ ဘီ-၃၆ ရေယာဉ်က လမ်းမှားသည်ဟု ထွက်ဆိုကြသော သက်သေများက တဘက် ရှိနေကြသောကြောင့် ပတ်ဝန်းကျင် အခြေအနေနှင့် နှစ်ဘက် မငြင်းကွယ်နိုင်သော အကြောင်းခြင်းရာများအပေါ် မူတည် စဉ်းစားရပေမည်။ ဘီ-၃၆ ရေယာဉ်သည် မအူပင်ဆိပ်ကမ်းမှ ထွက်ခွာလာစဖြစ်ခြင်း၊ ဒဂုံမေသင်္ဘောသည် မိမိခရီးစဉ်အတိုင်း ရေစုန်မောင်းနှင်လာစဉ် တိုက်မိခြင်း၊ ဒဂုံမေသင်္ဘောသည် တောသားကြီးသင်္ဘောကို လွတ်ကင်းစွာ မောင်းနှင်ခဲ့ပြီးနောက်မှ ဘီ-၃၆ ရေယာဉ်နှင့် တိုက်မိရခြင်းတို့ကြောင့် ဒဂုံမေသင်္ဘော၏ လမ်းကြောင်းမှားသည်ဟု မဆိုနိုင်ခြင်း၊ တိုက်မိသောသင်္ဘောနှစ်စီးသည် တစီးနှင့် တစီး နီးကပ်သောအချိန်တွင်မှ တွေ့မြင်ကြခြင်း အစရှိသော အချက်များမှာ နှစ်ဘက်မငြင်းကွယ်နိုင်သော အချက်များဖြစ်၏။ ယင်းအချက်များကို ထောက်ရှုလျှင် ဒဂုံမေသင်္ဘောလမ်းမှားသည်ဟု မဆိုနိုင်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ အကျုံးဝင်စေရန် လူ့အသက်ကိုဖြစ်စေ၊ အခြားသူတို့၏ လုံခြုံရေးကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် အရမ်းသော်လည်းကောင်း၊ ပေါ့လျော့စွာသော်လည်းကောင်း ပြုလုပ်ရမည်ဖြစ်ပေသည်။ အယူခံတရားခံများသည် သင်္ဘောကို အရမ်းမောင်းနှင်သည် သို့မဟုတ် ပေါ့လျော့စွာမောင်းနှင်သည်ဟူသော အချက် မပေါ် ပေါက်ချေ။ မူလရုံး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် အကြောင်းမရှိသောကြောင့် အယူခံကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နှင့်

မောင်အောင်ကျော် *

† ၁၉၇၆ မေ လ ၂၇ ရက်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေအရ အရေးယူခြင်း၊ ဥပဒေကို မသိပါဟူ၍လည်းကောင်း၊အခြားသူများအပေါ် အရေးမယူ၊ မိမိတဦးတည်းအပေါ် အရေးယူပါသည်ဟူ၍လည်းကောင်း တင်ပြချက်များမှာ ပြစ်မှု ကျူးလွန်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံ၏ချေပချက်တွင် မိမိအပြင် နတ္တလင်းမြို့နယ်တွင် လက္ကား မှတ်ပုံတင်သူ ၁၆၆ ဦးရှိသည့်အနက် စာရင်းမှန်မှန်ပေးပို့သူများ ၃ ဦးမျှသာရှိပြီး ပြတ် တောင်း ပြတ်တောင်းပို့သူများ ၄-၅-၆ ဦးခန့်သာရှိကြောင်းဖြစ်သည်။ ထို့ပြင် လက္ကား မှတ်ပုံတင်သမားများ အား လစဉ်ဇယားများကို မှန်မှန်ပေးပို့ရန် သက်ဆိုင်ရာမှ မညွှန်ကြားကြောင်းလည်း တင်ပြသည်။ သို့ရာတွင် ဤအချက်များမှာ လက်ခံစဉ်းစားသင့်သော အချက်များမဟုတ်ချေ။ ဥပဒေမသိရှိပါဟူ၍ လည်းကောင်း၊ အခြားသူများအပေါ် အရေးမယူ၊ မိမိတဦးတည်းအပေါ် တွင် အရေးယူပါသည်ဟူ၍ လည်းကောင်း တင်ပြချက်များမှာ ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်စေနိုင်သောအကြောင်းအချက် များအဟုတ်ချေ။

အယူခံတရားလိုအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးဘသန်း။

အယူခံတရားခံအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးသန်းအောင်။

အယူခံတရားခံ ဦးအောင်ကျော်သည် နတ္တလင်းမြို့တွင် ပဲခွဲစက်ပိုင်ရှင်ဖြစ်သည်။ ဦးအောင်ကျော်သည် လက္ကားမှတ်ပုံတင်ရရှိသူတဦးဖြစ်၍ ယင်းမှတ်ပုံတင်အရ ကုလားပဲ၊ ပဲကြီး၊ မြေပဲတောင့်နှင့် နှမ်းတို့ကို လုပ်ကိုင်ခွင့်ရသူဖြစ်သည်။ ၁၉၇၂ ခုနှစ်အတွင်း စုစကာစစ်ဆင်ရေးအရ၊ အမျိုးသားထောက်လှမ်းရေးနှင့် စသုံးလုံးဌာနတို့က ဦးအောင်ကျော်၏ နေအိမ်နှင့် ပဲစက်ကို ဝင်ရောက်စစ်ဆေးသောအခါ တွင် ဦးအောင်ကျော်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၁၄၊

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၄၂ တွင်၊ ချမှတ်သော ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့စွဲပါ နတ္တလင်းမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင် အောင်ကျင်။

သည် လက္ကားမှတ်ပုံတင်ထားခြင်းမရှိသော နံနံစေ့နှင့် ကြံသကာများကိုပါ လက္ကားရောင်းဝယ်ခြင်းပြုလုပ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် လိုအပ်သော ပစ္စည်းစာရင်း၊ ငွေစာရင်းတို့ကိုထားရှိရန် ပျက်ကွက်သည်ဟူ၍ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရတရားစွဲဆိုသည်။ ထိုအမှုကို မြို့နယ်တရားစီရင်ရေးအဖွဲ့မှ စစ်ဆေးပြီး အပြီးအပြတ်လွှတ်ခဲ့သဖြင့် ဗဟိုဥပဒေရုံးက အယူခံခြင်းဖြစ်သည်။

တရားလိုသက်သေများ၏ ထွက်ဆိုချက်အရ ဦးအောင်ကျင်သည် မိမိကိုလက္ကားမှတ်ပုံတင်စာရင်းတွင် ပါဝင်ခြင်းမရှိသော နံနံစေ့နှင့် ကြံသကာများကို ခွဲခကော်မရှင်စားအဖြစ် အနည်းအကျဉ်းသာ ရောင်းချခြင်း ဖြစ်သောကြောင့် ယင်းအချက်နှင့်ပတ်သက်၍ စွဲချက်မတင်ပဲ လက္ကားမှတ်ပုံတင် စည်းကမ်းအရ လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီထံသို့ တလတကြိမ် ပေးပို့ရန် စာရင်းများ ထားရန် ပျက်ကွက်သည်ဟူ၍ စွဲချက်တင်သည်။ အယူခံတရားခံသည် နတ္တလင်းမြို့နယ် လက္ကားမှတ်ပုံတင် ထားသူတဦးဖြစ်ကြောင်း အငြင်းမထွက်ချေ။ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ကုန်သွယ်ရေးဌာနမှ ၁၉၆၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲဖြင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် ၁၂ တွင် ပုဂ္ဂလိက ကုန်သည်များ ပစ္စည်းများကိုလက္ကားရောင်းဝယ်ခွင့် မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ညွှန်ကြားချက်များ ဖော်ပြပါရှိသည်။ ကုန်ပစ္စည်းများကို လက္ကားရောင်းဝယ်ရန် မှတ်ပုံတင်ရရှိသည့် ပုဂ္ဂလိက ကုန်သည်များသည် အောက်တွင်ဖော်ပြပါ စည်းကမ်းများကို အတိအကျလိုက်နာရမည်ဟူ၍ ရေးသား ဖော်ပြ ပြီးနောက် အချက် ၃ ချက်ကို အောက်ပါအတိုင်း ဖော်ပြသည်။ ၎င်းတို့မှာ—

၁။ လုပ်ငန်းနှင့်ပတ်သက်၍ ထားရိုးထားစဉ် ငွေစာရင်းများကို ထားကြရမည်။

၂။ ဝယ်ယူရောင်းချသည့် ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ထားရိုး ထားစဉ်ထားရှိရမည့် ကုန်ပစ္စည်းလယ်ဂျာ (Stores Ledger) များကိုထားကြရမည်။

၃။ ဝယ်ယူရောင်းချသည့် ကုန်ပစ္စည်း တခုချင်းအလိုက် အရေအတွက်နှင့် တန်ဖိုးငွေများကို ဖော်ပြသော ပူးတွဲပါ ကုန်ပစ္စည်း စာရင်းဇယားပုံစံအတိုင်းပြုလုပ်၍ မှတ်ပုံတင် ပြုလုပ်သည့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီရုံးနှင့် သက်ဆိုင်ရာ မြို့နယ်/မြို့မ/ဒေသစိတ် ကုန်သွယ်ရေးသို့ တလလျှင် တကြိမ် ပေးပို့ကြရမည်။

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် မောင် အောင်ကျင်။

အယူခံတရားခံ၏ ချေပချက်တွင် မိမိအပြင် နတ္တလင်းမြို့နယ်တွင် လက္ကားမှတ်ပုံတင်သူ ၁၆၆ ဦးရှိသည့်အနက် စာရင်းမှန်မှန် ပေးပို့သူများ ၃ ဦးမျှသာ ရှိပြီး၊ ပြတ်တောင်း ပြတ်တောင်း ပို့သူများ ၄-၅-၆ ဦးခန့်သာ ရှိကြောင်း ဖြစ်သည်။ ထို့အပြင်လက္ကားမှတ်ပုံတင် သမားများအား လစဉ်ဇယားများကို မှန်မှန်ပေးပို့ရန် သက်ဆိုင်ရာမှ မညွှန်ကြားကြောင်းလည်း တင်ပြသည်။ သို့ရာတွင် ဤအချက်များမှာ လက်ခံစဉ်းစားသင့်သော အချက်များ မဟုတ်ချေ။ ဥပဒေမသိရှိပါဟူ၍ လည်းကောင်း၊ အခြားသူများအပေါ် အရေးမလုပ်၊ မိမိတဦးတည်းအပေါ်တွင် အရေးယူပါသည်ဟူ၍ လည်းကောင်း တင်ပြချက်များမှာ ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်စေနိုင် သော အကြောင်းအချက်များမဟုတ်ချေ။ အယူခံတရားခံသည် လက္ကားမှတ်ပုံတင်သူ တဦးဖြစ်ကြောင်း အငြင်းမထွက်ချေ။ ထို့အပြင် လက္ကား မှတ်ပုံတင် ရရှိသူများ လိုက်နာရမည့် စည်းကမ်းကို လိုက်နာရန် ပျက်ကွက်ကြောင်းလည်း အငြင်းမထွက်ချေ။ ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၇ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁) ပုဒ်မ ၁၃၊ ပုဒ်မငယ် (၁) တွင်—

> "ဤဥပဒေအရ အစိုးရက ပြဋ္ဌာန်းသည့် အချက်များ ဖောက်ဖျက်ခြင်းနှင့် ဤသို့ ဖောက်ဖျက်ခြင်းကို အားပေးခြင်း"

ဟူ၍ဖော်ပြပါရှိသည်။ ထို့ကြောင့် အယူခံတရားခံ ဦးအောင်ကျင် အပေါ် နတ္တလင်းမြို့နယ်တရားရုံးက အပြီးအပြတ် လွှတ်သည့်အမိန့်ကို ပယ်ဖျက်၍ ဦးအောင်ကျင်သည် ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေး စနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေကို ပြင်သည့် ဥပဒေပုဒ်မ ၁၄ (၁) အရ ပြစ်မှုထင်ရှားသော ကြောင့်ထောင်ဒဏ် ၆ လကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးလှင်မောင်တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၆
ဧပြီလ
၅ ရက်။

ဦးဘိုလေး

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ကျင့်သုံးခဲ့ခြင်း၊ ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းနှင့် သေသူ၏ ရမ်းကားမှုကြောင့် လက်လွန်ခြေလွန်ဖြစ်ခဲ့ရ၍ သက်ညှာစွာ စဉ်းစားသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံ အထောက်အထားများအရ ဦးဘိုလေးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရပြစ်မှုထင်ရှားကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့၏တွေ့ရှိချက်မှာမှန်ကန်သည်။ သို့ရာတွင်ဦးဘိုလေးသည်ပထမအကြိမ် ကျူးလွန်သူတဦးဖြစ်ခြင်းနှင့် သေသူ၏ ရမ်းကားမှုကြောင့် လက်လွန်ခြေလွန်ဖြစ်ခဲ့ရခြင်း စသည့်အချက်များကို ထောက်ထားလျက်ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာစွာ စဉ်းစားသင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးဝမ်ဟုတ်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟို ဥပဒေဝန်ထမ်း အဆင့် (၁)
ဦးသိန်းထွန်း။

ဆုတောင်းပြည့် ဘုရားကျောင်းမှ ရုပ်ပွားတော်များ ပျောက်ဆုံးသဖြင့် မောင်ကြည်လှ (လိုပြ ၃)က ဘုရားသူခိုးများအား ဆဲဆိုမိသည်၊ လေး-ငါးရက်ခန့် ကြာသောအခါ ညနေတွင် မောင်ထွန်းကြိုင် (သေသူ)သည်။ အရက်မူးလျက် မောင်ကြည်လှ၏ အိမ်ရှေ့သို့ ရောက်လာပြီး ဘုရားသူခိုးဟု ပြောဆိုကာ ရန်စသည်။ မောင်ထွန်းကြိုင်က မောင်ကြည်လှအား ဆဲဆိုနေစဉ် မောင်ထွန်းကြိုင်၏ညီ မောင်အောင် (လိုပြ ၈) လာ၍ မောင်ထွန်းကြိုင်အား ဆွဲခေါ်သည်။ မောင်ထွန်းကြိုင်သည် မောင်ကြည်လှ၏ အိမ်ကို ဦးဘိုလေး (လျှောက်ထားသူ)၏ အိမ်ရှေ့သို့ ရောက်သည့်တိုင်အောင်

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၈၉ (ခ)။

†၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်၅ တွင်ချမှတ်သော၊ ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့စွဲပါ ရမည်းသင်းမြို့နယ်ထိုင် မန္တလေးတိုင်း တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဦးဘိုလေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မောင်ကြည်လှအား ဆဲဆိုနေသဖြင့် ဦးဘိုလေး၏ဇနီး ဒေါ်ညို (လိုပြ ၂)က ထမင်းချက်နေရာမှ မောင်ထွန်းကြိုင်အား မဆဲရန် ဝင်ပြောသည်။ မောင်ထွန်းကြိုင်က ဒေါ်ညိုအားဆဲသည်။ ဒေါ်ညိုကပြန်ဆဲသည်။ မောင်ထွန်းကြိုင်က ဒေါ်ညို၏အိမ်ကို ခဲနှင့်ပေါက်သည်။ ရလကအဖွဲ့ဝင် ဦးအောင်ချစ် (လိုပြ ၁)ရောက်လာပြီး မောင်ထွန်းကြိုင်အား ဆွဲခေါ်သွားစေသည်။

ထိုနေ့ည ၉ နာရီအချိန်ခန့်တွင် ဦးဘိုလေးသည် ခရမ်းခင်းမှ ပြန်ရောက်လာပြီး ဇနီးဒေါ်ညို ခူးခတ်ပေးသော ညစာကိုစားရန် အိမ်ရှေ့ခန်း ထမင်းစားပွဲ၌ ထိုင်နေစဉ် အရက်မူးနေသော မောင်ထွန်းကြိုင်သည် ဘုရားသာမက ဦးဘိုလေး၏ နှမကိုပါခိုးမည်။ ဦးဘိုလေးတို့ လင်မယားကိုလည်း သတ်မည်ဟုကြိမ်းဝါးလျက် ဦးဘိုလေး၏အိမ်ပေါ်သို့ ပြေးတက်လာသည်။ မောင်ထွန်းကြိုင်၏ ကြိမ်းဝါးသံကို မောင်ကြည်လှ (လိုပြ ၃)နှင့် ဦးလှကျော် (လိုပြ ၄)တို့ကြားလိုက်ရသည်။

လက်ထဲတွင် ဓားကိုင်လျက် ပြေးဝင်လာသော မောင်ထွန်းကြိုင်အား ဦးဘိုလေးက အိမ်တံခါးပေါက်ကို ကန့်လန့်ထိုးသော ဝါးတုတ်ဖြင့် ရိုက်ချလိုက်သည်။ ဦးခေါင်းနောက်စေ့ကို ရိုက်မိ၍ မောင်ထွန်းကြိုင် လဲကျသွားသောအခါ ၎င်း၏လက်ထဲမှ လွတ်ကျသောဓါးကို ဦးဘိုလေးက ကောက်ယူပြီး မောင်ထွန်းကြိုင်အား ဆင့်ကာဆင့်ကာခုတ်သည်၊ မောင်ထွန်းကြိုင်သည် ဦးဘိုလေး၏ အိမ်လှေကားရင်း၌ သေဆုံးသွားသည်။

ဦးဘိုလေးက ရွာအနီး ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ အဖမ်းခံသည်။ နောက်နေ့တွင် ရမည်းသင်းမြို့နယ် တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မြင့် (လိုပြ ၁၀) ထံ၌ ဦးဘိုလေးက ဖြောင့်ချက်ပေးသည်။ ဦးဘိုလေး၏ ဖြောင့်ချက်သည် သက်သေခံ အမှတ် (ဂ)ဖြစ်သည်။

မောင်ထွန်းကြိုင်၏ အလောင်းတွင် တုတ်ဒဏ်ရာတချက်နှင့် ဓားဒဏ်ရာတချက်တွေ့ရှိရကြောင်း၊ တုတ်ဒဏ်ရာကြောင့် ဦးခေါင်းခွံရိုးကွဲပြီး ဦးနှောက်ထဲ စိုက်ဝင်သွားသဖြင့် ယင်းဒဏ်ရာသည် ကေန်မုချသေရမည့် ဒဏ်ရာဖြစ်ကြောင်း၊ ဓားဒဏ်ရာများသည် သာမန် ဒဏ်ရာများသာဖြစ်ကြောင်း ဆရာဝန် ဒေါ်ခင်မေ (လိုပြ ၉)က ထွက်ဆိုသည်။

ဦးဘိုလေးက မိမိလက်ချက်ကြောင့် မောင်ထွန်းကြိုင် သေဆုံးရခြင်းကို မငြင်းကွယ်ပေ။ သို့ရာတွင် ကာကွယ်ခုခံပိုင်ခွင့်အရ ပြုမူခဲ့ခြင်းဖြစ်၍ ပြစ်မှုမမြောက်ပါဟု ထုချေသည်။

၁၉၇၆

ဦးဘိုလေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

မောင်ထွန်းကြိုင် လဲကျသွားပြီးနောက် ၎င်းအားဓားနှင့် ၃ ချက်မျှ ထပ်မံခုတ်ခြင်းအားဖြင့် ဦးဘိုလေးသည် ကာကွယ်ခုခံပိုင်ခွင့်ကို လိုသည်ထက်ပို၍ ကျင့်သုံးခဲ့သည်ဟု ရမည်းသင်းမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမကြီးအမှတ် ၁၆၂၆ ၌ ကောက်ယူဆုံးဖြတ်လျက် ဦးဘိုလေးအား၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မန္တလေးတိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမအမှတ် ၅ ၌ အတည်ပြုခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော သက်သေခံ အထောက်အထားများအရ၊ ဦးဘိုလေး အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားကြောင်း မူလရုံးနှင့် တိုင်းတရားရုံးတို့၏ တွေ့ရှိချက်မှာ မှန်ကန်သည်။ သို့ရာတွင် ဦးဘိုလေးသည် ပထမ အကြိမ် ကျူးလွန်သူတဦး ဖြစ်ခြင်းနှင့် သေသူ၏ ရမ်းကားမှုကြောင့် လက်လွန်ခြေလွန် ဖြစ်ခဲ့ရခြင်း စသည့် အချက်များကို ထောက်ထားလျက် ပြစ်ဒဏ်သတ်မှတ်ရာ၌ သက်ညှာစွာ စဉ်းစားသင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် လျှောက်ထားသူ ဦးဘိုလေး အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းကို ကျွန်ုပ်တို့ အတည်ပြုသော်လည်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ နှစ်ကိုပယ်ဖျက်၍ ၎င်းအစား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ် (လေးနှစ်) ကျခံစေရန် လျှော့ပေါ့ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရ ဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင်၊ ဦးကြည်မြ တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ရှင်

†၁၉၇၆ နိုဝင်ဘာလ ၃ ရက်။

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးစံလှိုင်) *

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄၊ တနှစ်အတွင်း ကျူးလွန်သော အလားတူပြစ်မှုနှစ်ရပ်ကို နှစ်မှုခွဲ၍ စွဲဆိုခြင်း၊ တမှုတည်းတွင် ပူးပေါင်း မစွဲဆိုသဖြင့် ဥပဒေအရ မှားယွင်းမှု ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူက မိမိအပေါ် တရားစွဲဆိုရာတွင် နှစ်မှုခွဲ၍စွဲဆိုခြင်းသည် ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ အရ မှားယွင်းကြောင်းတင်ပြသည်။ ပုဒ်မ ၂၃၄ အရ တနှစ်အတွင်း ကျူးလွန်သော အလားတူပြစ်မှုများနှင့်ပတ်သက်၍ စွဲချက်သုံးရပ်ထက်မပိုလျှင် တမှုတည်းစွဲဆိုနိုင်သည်။ စွဲချက်သုံးရပ်ကို အမှုတမှုတည်းတွင် ပူးပေါင်းစွဲဆိုပိုင်ခွင့်ရှိသော်လည်း မလွှဲမသွေပူးပေါင်းစွဲဆိုရမည်ဟူ၍ ပြဋ္ဌာန်းခြင်းမဟုတ်ချေ။ ရည်ရွယ်ချက်မှာ တရားခံပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ စွဲချက်များတမှုတည်းတွင် ပူးပေါင်းပြုလုပ်ခြင်းအားဖြင့် တရားခံ၏ ခုခံချေပသော အခွင့်အရေးကို မထိခိုက်စေရန်ဖြစ်သည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးညွန့်လှိုင်။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးကျော်သိန်း။
ဗဟိုဥပဒေရုံး ညွှန်ကြားရေးမှူး ဦးထွန်းရွှေ။

လျှောက်ထားခံရသူ ဦးစံလှိုင်သည် ပဲခူးမြို့နယ် ကုန်သွယ်ရေးမှ ကုန်ကြမ်းချည်ထည်ကို ကုန်ချောချည်ထည် ယက်လုပ်ပေးရန် လျှောက်ထားသူ ဦးမောင်ရှင်အား ပေးရမည်။ ဦးမောင်ရှင်က ကုန်ချောချည်ထည်များကို ဦးစံလှိုင်သို့ပေးရန် တာဝန်ရှိသော်လည်း အလွဲသုံးစားပြုလုပ် ပျက်ကွက်သည်ဟူ၍ ဦးမောင်ရှင်အပေါ် ဦးစံလှိုင်ကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ နှင့် တရားစွဲဆိုသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၅ (ခ)၊ ၇၆ (ခ)။

†, ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆ (က)၊ ၁၅ (က)တွင်ချမှတ်သော ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ ပဲခူးတိုင်း (ပဲခူးမြို့) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

ငထ ဝၤင ၠလိၢ်ထဲအဂ့ၢ်အကတၢ်ာ် ဒီး ဝၤင ၠလိၢ်ထဲအ ဂ့ၢ်အဂၤ ဧၢ်ပၢ်ထီၣ်အါအါ
ၠလိၢ်ထၣ်ဖၣ်ခဲလၢၤ ငထၢ်အိၣ်အိၣ်ဒၣ်လဲ ဒၣ်ဝံၤဒီးတၢ်သ့ ၠလိၢ်ထဲဒီးနီၢ်လိၢ်ၤ ၤၢ်(၉)
ယၢ်အဝဲထဲသ့တ ဂ့ၢ်ဒီးတၢ်ဘၣ်ဝ ၠလိၢ်ထဲအိၣ်ဒၣ်အိၣ်ဒၣ်လဲ ငထဲဂ့ၢ်သ့ ၤၢ်ဘိၣ်တၢ်
ယဒၣ်လိၣ်ဒီး ဒၣ်ဝံၤတၢ်ဒီး နီၢ်ကနီၢ်ကဲ ယၤဒၣ်ဘၣ်ဝ ၠလိၢ်ထဲလိၢ် ဖြဲၣ်ထဲတဂၤ ဒီးပၢ်ဖိၣ်ဒီးဧၢ်
ၤဂ့ၢ်ဒီးသ့ ။ၠလိၢ်ထဲမ့ၢ်ဒၣ်ဖြဲၣ် ဝၤင ၠလိၢ်ထၣ်ဖၣ်ခဲလၢၤ ဒၣ်ဝံၤဒီးတၢ်ဘၣ်ဝ မ့ၢ်ဒၣ်ဘၣ်ကၠိၣ်
ၤၠလိၢ်လၢထဲမ့ၢ် ဒၣ်ၠလိၢ်ထဲဒၣ်ဂ ဝၤင ၠလိၢ်ထၣ်ဖၣ်ခဲလၢၤ ဒၣ်ဒီးဘၣ်ဝ မ့ၢ်ဒၣ်လိၣ်ဒီး ဂ့ၢ်နီၢ်
ယၢ် ငၢ် လနီၢ် ၁၉၄၃ ငၤမၤ ထီၣ်ဒီးၠလိၢ်ဒီး ။ၠလိၢ်ထဲဂ့ၢ်ဘၣ် ၤဒၣ်ဘၣ်ဒၣ်ဂ ဝၤင
ၠလိၢ်ထၣ်ဖၣ်ခဲလၢၤ ဗဲဂ့ၢ်ဒီးတၢ်ဘၣ်ဝ မ့ၢ်ဒၣ်ဘၣ်ကၠိၣ် ဒၣ်ဒီးခဲ ၤၠလိၢ်လၢထဲမ့ၢ်
ၤဒၣ်ဘၣ်ဒၣ်ယလၢဝၤင ၠလိၢ်ထၣ်ဖၣ်ခဲလၢၤ ၤဗဲဂ့ၢ်ဒီးတၢ်ဘၣ်ဝ (ယ) ယၢ်အဝဲထဲသ့တ
မ့ၢ်ဒၣ်လိၣ်ဒီး ဒၣ်ဝံၤနီၢ်ယၢ် ၆၀ လၢ ၁၉၄၃ ငၤမၤ ၤၠလိၢ်ထဲဂ့ၢ် (၄) ယၢ်အဝဲထဲသ့တ
နီၢ်ဂ့ၢ်ဒၣ်ဘိၣ်တၢ် ၤဂ့ၢ်ဒီးတၢ်ဘၣ်ဝ ယၢ်ထၣ်ဖၣ်ခဲလၢၤ ၤအိၣ်ဂ့ၢ်နီၢ် ငထဲမ့ၢ်ငထ
ဒၣ်ထဲဂ့ ၤၠလိၢ်လယဒၣ်ဘၣ်ကၠိၣ် ။ၠလိၢ်ထဲဂ့ၢ် (၉) ယၢ်အဝဲထဲသ့တ ဂ့ၢ်ဒီးတၢ်ဘၣ်ဝ
ၠလိၢ်ထဲအိၣ်ဒၣ် ငၤငဂ့ၢ်လဲ ဒီး(ယ) ယၢ်အဝဲထဲသ့တ ဂ့ၢ်ဒီးတၢ်ဘၣ်ဝ ၤဒၣ်ထၣ်ဖၣ်ခဲလၢၤ
ယၢ်ထဲဂ့ၢ်နီၢ် ၤၠလိၢ်ထဲဂ့ၢ်ဒၣ်ဂ့ၢ် ၂ ဂ့ၢ်ဒီးတၢ်ဘၣ်ဝ ဘိၣ်တၢ် ယဒၣ်လိၣ်ဒီး

။ၠလိၢ်ထဲဂ့ၢ်သ့

ၤဒၣ်ဘၣ်ဒၣ်ထဲအဂ့ၢ်အ ၤငအဂ့ ဖြဲၣ်လိၢ်ထဲ ၂ဂၤအိၣ်ဖၣ်ဂၤဒၣ်ဘၣ်ဝ ငထဲမ့ၢ်ယၢ်လဲ
ၤငၤငဧၢ် ၤဂ့ၢ်ဒီးတၢ်သ့ ။ၠလိၢ်ထဲဂ့ၢ်ခဲ ယၢ်ၤဂ့ၢ်ဒၣ်ဘၣ်ထဲမ့ၢ် ဝၤင ၠလိၢ်ထဲအ
ဒၣ်ဒီးဘၣ်ဝဂ့ ၤၠလိၢ်လၢထဲမ့ၢ် ဝၤင ၠလိၢ်ထဲအၠလိၢ်လဲ ငၢ်ခဲလၢၤ ဒၣ်ဒီးဘၣ်ဝ
မ့ၢ်ဒၣ်လိၣ်ဒီး ဖြဲၣ်ထဲတဂၤ ဒီးဂ့ၢ်အကတၢ်ာ် ဒၣ်ဂ့ၢ်အိၣ် ။ၠလိၢ်ထဲဂ့ၢ်ခဲ ယၢ်ၠလိၢ်လဲ
ဒၣ်ဘၣ်ထဲမ့ၢ် ဝၤင ၠလိၢ်ထဲအၠလိၢ်လဲ ငၢ်ခဲလၢၤ ဒၣ်ဒီးဘၣ်ဝဂ့ ၤၠလိၢ်လၢထဲ
မ့ၢ်ဂ့ၢ်ဘၣ် ဖြဲၣ် ဝၤင ၠလိၢ်ထဲအၠလိၢ်လဲ ငၢ်ခဲလၢၤ ဒၣ်ဒီးဘၣ်ဝမ့ၢ်ဒၣ်လိၣ်ဒီး ဧၢ်ၠလိၢ်ထ
ယ၂၁၂၁ ဒၣ်ဒီးငကၤဒၣ်ဘၣ်ဝ ဂ့ၢ်အဂၤ ။ၠလိၢ်ထဲဂ့ၢ် ၤဒၣ်ဘၣ်ဂ့ၢ် ဖြဲၣ်လိၢ်ထဲ
၂၁ဒီးငကၤဒၣ်ဘၣ်ဝ ဧၢ်ဒၣ်ဘၣ်ဂ့ၢ် ၤငအဂ့ ဧၢ်ၠလိၢ်ထဲဂ့ၢ်သ့ ယဒၣ်ဘၣ်ကၠိၣ်

။ၠလိၢ်ထဲဂ့ၢ်ဒၣ်ဘၣ်လဲမ့ၢ်ယၢ် ၤၢ်ဘိၣ်တၢ်ထဲဂ ဒၣ်ဘၣ်ထဲ
ဒၣ်ဂ့ၢ်ထဲ ၤၠလိၢ်လၢထဲအဝဲ ၤၢ်ဘိၣ်တၢ် ၤဒၣ်ဒီဧၢ် ယဒၣ်ဘၣ်ကၠိၣ် ၤၢ်နီၢ်အဒီးသ့ ။(ဒၣ်လိၣ်ဒီး)
။ၠလိၢ်ထဲယၢ်ဖၣ်နီၢ်ဂ့ၢ် နီၢ်ဗၢ်ဖၣ် လ(၅) ယၢ်ဒၣ်ထဲ ဒၣ်လၢနီၢ်ဒၣ်ထဲ ဝၤ၆ ဝဲယၢ် ၤနီၢ်ထဲဒၣ်နီၢ်
ယၢ်ထဲအဧၢ်ယၢ်ယၢ် ဂ့ၢ်အကတၢ်ာ် ဒီးလ(၅) ယၢ်ဒၣ်ထဲ ဒၣ်လၢနီၢ်ဒၣ်ထဲ ဝၤ၆ ဂဲနီၢ်ဖိဂ့ၢ်
ဝဲယၢ် ယၢ်ထဲအဧၢ်ယၢ်ယၢ် ဂ့ၢ်အဂၤ ၂၁ဒၣ်ဘၣ်ကၠိၣ် ဖြဲၣ်ငၤငဲအဝဲ ဒၣ်ထဲဒၣ်ဖြဲၣ်ဂ့ၢ်
ယၤဘိၣ်တၢ် ဂ့ၢ်ဒီၤဧၢ် ၤၢ်ဧၢ် ။ၠလိၢ်ထဲဂ့ ဧၢ်အၤငဧၢ် ယၢ်ထီၣ်ထဲ ၆၅ ၠလိၢ်လဲၠလိၢ် ဒၣ်ဘၣ်ကၠိၣ်
ၠလိၢ်ထဲယၢ်ယၢ်ဂ့ၢ်အကတၢ်ာ် ၤဖြဲၣ်ဧၢ် ယၢ်ထီၣ်ထဲအ ဝၢ် ၠလိၢ်လဲၠလိၢ် ၠလိၢ်ထဲယၢ် ၂၁ဒီးငကၤဒၣ်ဘၣ်ဝ
ယၢ် ဂ့ၢ်အဂၤ ဒၣ်ဘၣ်ထဲဂ့ၢ်ဂ့ၢ်ဒီး ဧၢ်ဒၣ်ဘၣ်ယၢ်ယၢ် မ့ၢ်ဒၣ်ဘၣ်ကၠိၣ် ၅၆၉၀

၁၉၇၆

ဦးမောင်ရှင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးစံလှိုင်)။

ဖြစ်သည်။ ထို့အပြင် ဦးမောင်ရှင်သည် ကိန်းဂဏန်း ၁၅၀ နှင့် ၁၇၀ တို့ကို ၃၅၀ နှင့် ၃၇၀ ဟူ၍ ပြုပြင်ထားကြောင်း သက်သေခံချက်ရှိသည်။

လျှောက်ထားသူ ဦးမောင်ရှင်က မိမိအပေါ် တရားစွဲဆိုရာတွင် ၂ မှုခွဲ၍ စွဲဆိုခြင်းသည် ကျင့်ထုံးဥပဒေပုဒ်မ ၂၃၄ အရ မှားယွင်းကြောင်း တင်ပြသည်။ ပုဒ်မ ၂၃၄ အရ တနှစ်အတွင်း ကျူးလွန်သော အလားတူ ပြစ်မှုများနှင့် ပတ်သက်၍ စွဲချက် ၃ ရပ်ထက် မပိုလျှင် တမှုတည်း စွဲဆိုနိုင်သည်။ စွဲချက် ၃ ရပ်ကိုအမှု တမှုတည်းတွင် ပူးပေါင်းစွဲဆိုပိုင်ခွင့်ရှိသော်လည်း မလွဲမသွေ ပူးပေါင်းစွဲဆိုရမည်ဟူ၍ ပြဋ္ဌာန်းခြင်း မဟုတ်ချေ။ ရည်ရွယ်ချက်မှာ တရားခံ ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ စွဲချက်များ တမှုတည်းတွင် ပူးပေါင်း ပြုလုပ်ခြင်းအားဖြင့် တရားခံ၏ ခုခံချေပသော အခွင့်အရေးကို မထိခိုက်စေရန်ဖြစ်သည်။

ယခုဖြစ်ပွားသော အမှုတွင် တရားခံအပေါ် သီးခြား ၂ မှုခွဲ၍ စွဲဆိုခြင်းသာဖြစ်သည်။ မည်သို့မျှ နစ်နာနိုင်ဖွယ်ရာ ရှိမည်မဟုတ်ချေ။ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာနှင့် ပတ်သက်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့သည် ထပ်တူထပ်မျှ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ဥပဒေ အကြောင်းအရာနှင့် ပတ်သက်၍လည်း လွဲမှားခြင်း မရှိချေ။ ထို့ကြောင့် ပြင်ဆင်မှုကို ပယ်လိုက်သည်။ ဤအမိန့်သည် ဆက်စပ်သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၆ (ခ)/၇၅ အတွက်လည်း အကျုံးဝင်စေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆

စက်တင်ဘာလ ၁၄ ရက်။

ကိုမြင့်အောင်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)၊ နှစ်ဦးနှစ်ဘက် ရန်ဖြစ်ရာတွင် လူအများကလည်းဝိုင်းရိုက်ကြခြင်း၊ တရားခံကလည်း တုတ်နှင့်ရိုက်၊ ဓားစူးနှင့်ထိုးပါသည်ဟု ဝန်ခံထားခြင်း။ အခြားသူတဦးတယောက်က ပုဆိန်နှင့်ပေါက်၊ ဓားနှင့်ခုတ်နိုင်သည်ဟု တွေးတောယူဆရန်လိုမလို၊ ပုဒ်မ ၃၀၂ (၂) အစား၊ ပုဒ်မ ၃၂၆ အရ အပြစ်ဒဏ်သတ်မှတ်ခြင်းက ပိုမိုလျော်ကန်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်မြင့်အောင်နှင့် မောင်ဆင့်တို့သည် တဦးက ဓားစူး၊ တဦးကတုတ်ကိုင်ဆောင်၍ ဘက်ပြိုင်ရန် ဖြစ်ကြောင်း အငြင်းမထွက်ချေ။ မောင်မြင့်အောင်ကိုယ်တိုင်ကလည်း မောင်ဆင့်ကိုတုတ်နှင့်ရိုက်၊ ဓားစူးနှင့်ထိုးကြောင်း ဝန်ခံသည်။ ဆရာဝန်က မောင်ဆင့်သေဆုံးရသောဒဏ်ရာမှာ ဓားရှည်၊ ဓားမ၊ ပုဆိန်တို့အရ ဖြစ်နိုင်သည်ဟု ထွက်ဆိုသည်။ သို့သော် မောင်မြင့်အောင်နှင့် မောင်ဆင့်တို့ အပြန်အလှန် ရန်ဖြစ်၍ အပြန်အလှန် ဒဏ်ရာရရှိပြီး၊ မောင်မြင့်အောင်ကိုယ်တိုင်က တုတ်နှင့်ရိုက်ကြောင်း၊ ဓားစူးနှင့်ထိုးကြောင်း ဝန်ခံထားသောအမှုတွင် အခြားသူတဦးတယောက်က ပုဆိန်နှင့် ပေါက်နိုင်သည်၊ ဓားနှင့်ခုတ်နိုင်သည်ဟူ၍ တွေးယူကြံဆရန် လိုအပ်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ စဉ်းစားရာတွင် မောင်ဆင့်ကို မောင်မြင့်အောင်အပြင် အခြားလူများကလည်း ဝိုင်းရိုက်ကြသေးကြောင်းသက်သေခံချက်ရှိနေသည် ဖြစ်သောကြောင့် မောင်မြင့်အောင်အပေါ် တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ အပြစ်ဒဏ်သတ်မှတ်မည့်အစား၊ ပုဒ်မ ၃၂၆ အရ အပြစ်ဒဏ်သတ်မှတ်ခြင်းကပိုမိုလျော်ကန်ပေမည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးအောင်သူ။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးသိန်းထွန်း။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၈ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈ တွင် ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့စွဲပါ မန္တလေးတိုင်း (ရမည်းသင်းရုံးထိုင်) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ကိုမြင့်အောင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

လျှောက်ထားသူ မောင်မြင့်အောင်ကို ရမည်းသင်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ ထောင်ဒဏ် ၈ နှစ် အပြစ်ပေးသည်။ မန္တလေးတိုင်းတရား ရုံးက အပြစ်ဒဏ်ကို လျှော့ပေါ့၍ ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချသည်။ ယင်းအမိန့်ကို မောင်မြင့်အောင်က ဗဟိုတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ် သည်။

မောင်မြင့်အောင်နှင့် သေဆုံးသူ မောင်ဆင့်တို့သည် အရက်သောက်၍ ဖဲကစား ကြသည်။ ဖဲဝိုင်းတွင် မောင်ဆင့်နှင့် ကိုစိန်ညွန့်ဆိုသူတို့ စကားများသောကြောင့် မောင်မြင့်အောင်က ဖျန်ဖြေရာမှ မောင်ဆင့်နှင့် မောင်မြင့်အောင်တို့လည်း မပြေမလည် ဖြစ်ကြသည်။ မောင်မြင့်အောင် မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသောအခါတင်မောင် ဆင့်က အိမ်ရှေ့မှ နေပြီး မိုက်ချင်ထွက်ခဲ့ဟု ခေါ်သဖြင့် မောင်မြင့်အောင်က ကုတ်ကိုင်ပြီး ထွက်လာသည်။ မောင်ဆင့်က မောင်မြင့်အောင်ကို ဓားစူးနှင့်ထိုး၍ မောင်မြင့်အောင်က တုတ်နှင့် ပြန်လည်ရိုက်သည်။ ထိုအချိန်တွင် လူများဝိုင်းလာပြီး မောင်ဆင့်ကို ရိုက်နှက် ကြသည်။ မောင်ဆင့်လဲသွားစဉ် မောင်မြင့်အောင်က ဓားစူးနှင့် မောင်ဆင့်ကျောကို ထိုးသည်။ ရန်ပွဲပြီးသောအခါ မောင်ဆင့်သေဆုံးပြီး မောင်မြင့်အောင်မှာလည်း ဒဏ်ရာရရှိသောကြောင့် ဆေးရုံတွင် အပြင်လူနာအဖြစ် ဆေးကုရသည်။

ဆရာဝန် ဆေးစစ်ချက်အရ သေဆုံးသူ မောင်ဆင့်၏ ဒဏ်ရာများမှာ လက်ဝဲ မျက်စေ့နှင့် လက်ဝဲနားရွက်တွင် ကွဲအက်လျက် တုံးသောလက်နက်ဖြင့် ဦးနှောက်ထိခိုက် စေသော ဒဏ်ရာတချက်နှင့် လက်ဝဲနောက်ကျောတွင် အရေပြားဖောက်ထွင်းသော ဒဏ်ရာ ၃ ချက်တွေ့ရှိရသည်။ ဦးနှောက်ထိခိုက်စေသော ဒဏ်ရာကို ဓားရှည်၊ ဓားမ၊ ပုဆိန်တို့ဖြင့်ပြုလျှင် ရရှိနိုင်ကြောင်းလည်း ဆရာဝန်ကထွက်ဆိုသည်။ ထို့ကြောင့် မောင်မြင့်အောင်က မောင်ဆင့်သေဆုံးရခြင်းမှာ မိမိတဦးတည်း လက်ချက်အရသာ မဖြစ်နိုင်ပါ။ လူအများ ဝိုင်းရိုက်သော လက်ချက်အရလည်း ဖြစ်နိုင်သောကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ခြင်းမရှိနိုင်ကြောင်း တင်ပြသည်။

မောင်မြင့်အောင်နှင့် မောင်ဆင့်တို့သည် တဦးကဓားစူး၊ တဦးကတုတ်ကိုင်ဆောင်၍ ဘက်ပြိုင်ရန်ဖြစ်ကြောင်း အငြင်းမထွက်ချေ။ မောင်မြင့်အောင် ကိုယ်တိုင်ကလည်း မောင်ဆင့်ကိုတုတ်နှင့်ရိုက် ဓားစူးနှင့် ထိုးကြောင်း ဝန်ခံသည်။ ဆရာဝန်က မောင်ဆင့် သေဆုံးရသော ဒဏ်ရာမှာ ဓားရှည်၊ ဓားမ၊ ပုဆိန်တို့အရ ဖြစ်နိုင်သည်ဟု ထွက်ဆို သည်။ သို့သော် မောင်မြင့်အောင်နှင့် မောင်ဆင့်တို့ အပြန်အလှန် ရန်ဖြစ်၍ အပြန် အလှန်ဒဏ်ရာရရှိပြီး၊ မောင်မြင့်အောင်ကိုယ်တိုင်က တုတ်နှင့်ရိုက်ကြောင်း၊ ဓားစူးနှင့်

၁၉၇၆

ကိုမြင့်အောင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ထိုးကြောင်း ဝန်ခံထားသောအမှုတွင် အခြားသူ တဦးတယောက်က ပုဆိန်နှင့် ပေါက်နိုင်သည်။ ဓားနှင့်ခုတ်နိုင်သည်ဟူ၍ တွေးယူကြံဆရန် လိုအပ်မည်မဟုတ်ပေ။

ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်၍ စဉ်းစားရာတွင် မောင်ဆင့်ကို မောင်မြင့်အောင် အပြင် အခြားသူများကလည်း ဝိုင်းရိုက်ကြသေးကြောင်း သက်သေခံချက် ရှိနေသည်ဖြစ်သောကြောင့် မောင်မြင့်အောင် အပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ အပြစ်ဒဏ်သတ်မှတ်မည့်အစား၊ ပုဒ်မ ၃၂၆ အရ အပြစ်ဒဏ် သတ်မှတ်ခြင်းက ပိုမိုလျော်ကန်ပေမည်။ အပြစ်ဒဏ်မည်မျှ ပေးသင့်ကြောင်း စဉ်းစားရာတွင် မောင်မြင့်အောင်သည် မူလ မောင်ဆင့်နှင့် မောင်စိန်ညွန့်တို့ စကားများခြင်းကိုဖျ န်ဖြေသူသာဖြစ်ကြောင်း၊ မောင်ဆင့်က အိမ်ရှေ့သို့ လာရောက်၍ ရန်စခြင်း၊ မောင်ဆင့်ကဓားစူးနှင့် ထိုးသောကြောင့် တုတ်နှင့်ပြန်ရိုက်ခြင်းအစရှိသော အချက်များကြောင့် သက်ညှာစွာ စဉ်းစားသင့်သည်ဟု ယူဆသည်။ ထို့ကြောင့် လျှောက်ထားသူ မောင်မြင့်အောင်အပေါ် မန္တလေးတိုင်း တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ ထောင်ဒဏ် (၇) နှစ်ကျခံစေသော အမိန့်ကို ပယ်ဖျက်၍ မောင်မြင့်အောင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ ထောင်ဒဏ် (၅)နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်နှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

(ဦးလော်စစ်ဟန်)
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
(ဦးလော်စစ်ဟန်) *

†၁၉၇၆
ဖေဖော်ဝါရီလ
၂၅ ရက်။

မြို့နယ်တရားရုံး၏ စွဲချက်ကို ပြည်နယ်/တိုင်းတရားရုံးက စွဲချက်ပုံစံကို အစအဆုံးပြင်ဆင်ရေးသားခြင်းပြုနိုင်သလော၊ စွဲချက်တွင်တရားခံအနေဖြင့် မိမိခုခံဖြေရှင်းရမည့်အချက်ကို သိရှိနားလည်နိုင်လျှင် စွဲချက်ထပ်မံပြင်ဆင်ရန် လို မလို။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၅ (ခ)/၇၅ တွင် ဗဟိုဥပဒေရုံးက တိုင်းတရားရုံးသည် စွဲချက်ကိုပြင်ဆင်နိုင်ခွင့်ရှိသည်မှန်သော်လည်း ယင်း၏ဆောင်ရွက်ချက်မှာ ဥပဒေနှင့် မညီညွတ်ကြောင်းတင်ပြသည်။ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေပုဒ်မ ၃၀ (ခ) အရ တိုင်းတရားရုံးသည် သက်ဆိုင်ရာတိုင်းအတွင်းရှိ မြို့နယ်တရားရုံးကချမှတ်သော ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု စီရင်နိုင်ခွင့်ရှိသည်။ မြို့နယ်တရားရုံး၏စွဲချက်ကို မှားယွင်းသည်ဟူ၍ ယူဆလျှင်လည်း ပြင်ဆင်ရန် ညွှန်ကြားနိုင်ပေသည်။ သို့ရာတွင် စွဲချက်ပုံစံကိုအစအဆုံး ပြင်ဆင်ရေးသားပြီး တိုင်းတရားစီရင်ရေး အဖွဲ့ဝင်များက လက်မှတ်ရေးထိုးပေးရန်ကား မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မူလတရားရုံး၏ စွဲချက်တွင် ဦးလော်စစ်ဟန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား လက်နက်ကိုင်နောက်လိုက်အင်အား ၈၀၀ ကျော်ကို ဦးစီး၍ စစ်မက်ဘက်ပြိုင်ရန် တောခိုသွားသည်ဖြစ်၍ ပြစ်မှုဆိုင်ရာအက်ဥပဒေပုဒ်မ ၁၂၂(၁)အရ စွဲချက်တင်ကြောင်းဖော်ပြထားသည်။ ဤစွဲချက်တို ဖတ်ရှုရခြင်းအားဖြင့် ဦးလော်စစ်ဟန်သည် မိမိအပေါ် မည်သည့်ဥပဒေပုဒ်မအရ စွဲချက်တင်ထားကြောင်း သိရှိနိုင်သည်။ နိုင်ငံတော်အား စစ်မက်ဘက်ပြိုင်ရန် တောခိုခြင်းသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်းသာဖြစ်သောကြောင့် အခြားအဓိပ္ပာယ်ကောက်ယူရန် မဖြစ်နိုင်ချေ။ စွဲချက်တင်ခြင်းခံရသော ဦးလော်စစ်ဟန်အနေဖြင့်လည်း မိမိခုခံဖြေရှင်းရမည့် အချက်ကို ကောင်းစွာ သိရှိနားလည်နိုင်မည်ဖြစ်သည်။

တိုင်းတရားရုံးက ပြင်ဆင်ထားသောစွဲချက်တွင် ဦးလော်စစ်ဟန်၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ စွဲဆိုသည့်ဘက်မှ တင်ပြသောသက်သေထွက်ချက်နှင့် သက်သေခံအထောက်အထားများကို မှီး၍ အသေးစိတ်ဖော်ပြထားသည်။ ဤသို့အသေးစိတ်ဖော်ပြထားခြင်းအားဖြင့် ဦးလော်စစ်ဟန်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၇ (ခ)။ / ၃၁၅ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆ တွင် ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

ဦးလော်စစ်ဟန်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယလစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးလော်စစ် ဟန်)။

သည့် ယင်းဖော်ပြပါကိစ္စရပ်အားလုံးတို့ကို တခုမကျန် ကျူးလွန်ခဲ့ပြီး ယင်းကဲ့သို့ အားလုံးစုပေါင်း ကျူးလွန်မှသာ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကိုကျူး လွန်ရာရောက်သည်ဟူသောသဘောမျိုး သက်ရောက်နိုင်ပေသည်။ ထို့ကြောင့် စွဲချက်တင်ရာတွင် တရားခံသိရှိနားလည်စေရန်အတွက် ပြစ်မှု ကျူးလွန်ခြင်းနှင့်ပတ်သက်သော လိုအပ်သည့်အချက်အလက်များဖော်ပြရမည်ဖြစ်သော်လည်း စွဲဆို သည့်ဘက်မှတင်ပြသော သက်သေခံချက်အားလုံးတို့ကိုစွဲချက်ဘွင်ထည့်သွင်းဖော်ပြရန်လိုမည်မဟုတ် ချေ။ အဓိကစဉ်းစားရန်မှာ စွဲဆိုချက်ကို ဖတ်ရှုရခြင်းအားဖြင့် တရားခံက မိမိအပေါ်တွင် မည်သည့် အကြောင်းခြင်းရာအပေါ် မူတည်၍မည်သည့်ဥပဒေပုဒ်မအရ စွဲဆိုခြင်းဖြစ်ကြောင်း သိရှိ နားလည်နိုင်ခြင်းရှိ မရှိဖြစ်သည်။ ထို့ကြောင့် ပြည့်စုံလုံလောက်လျက်ရှိသော မူလတရားရုံး၏စွဲချက်ကို တိုင်းတရားရုံးက ထပ်မံပြင်ဆင်ရန်မလိုဟုယူဆသည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဒေါက်တာ ဦးမောင်၊ ဗဟိုတရားရုံးရှေ့နေ။

ပြင်ဆင်ရန် လျှောက်ထားခံရသူအတွက်။ ။ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ဦးလော်စစ်ဟန်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ ကိုးကန့်နယ်မြေတွင် ကာကွယ်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေး အဖွဲ့ကို အစိုးရပိုင်းတိုင်း စစ်ဌာနချုပ်က အသိအမှတ်ပြုခြင်း ရုပ်စဲ၍ လက်နက်များ သိမ်းဆည်း ရန် ဆောင်ရွက်သော အခါတွင် ဦးလော်စစ်ဟန်သည် ရှမ်းပြည်နယ်မြောက်ပိုင်း လွတ်လပ်ရေး တပ်ပေါင်းစုတွင် ခေါင်းဆောင်အဖြစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် လက်နက်ကိုင် တပ်ဖွဲ့များကို တိုက်ခိုက်သည်။ ထို့နောက် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် သွားရာမှ ထိုင်းအစိုးရက ဖမ်းဆီး၍ မြန်မာနိုင်ငံသို့ ပြန်ပို့သော ကြောင့် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် တရားစွဲဆိုခြင်း ခံရလေသည်။

မြို့နယ် တရားရုံးက ဦးလော်စစ်ဟန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ (၁) အရ၊ စွဲချက်တင်သောအခါတွင် တိုင်းတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားသည်။ တိုင်းတရားရုံးက မြို့နယ်တရားရုံးစွဲချက်ကို ပယ်ဖျက်၍ စွဲချက်အသစ် ရေးဆွဲပြီး စွဲချက်အသစ်အရ စစ်ဆေးရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားခံ ဦးလော်စစ် ဟန်က မကျေနပ်ချေ။ အမှုစွဲဆိုသော ဗဟိုဥပဒေရုံးကလည်း မကျေနပ်ချေ။ ဦးလော် စစ်ဟန်က တိုင်းတရားရုံးသည် စွဲချက်ကို အပြီးအပြတ် ပယ်ဖျက်ခြင်း မပြုသော ကြောင့် မကျေနပ်ခြင်းဖြစ်သည်။ ဗဟိုဥပဒေရုံးက တိုင်းတရားရုံးသည် မူရင်းစွဲချက်ကို ပယ်ဖျက်၍ စွဲချက်အသစ် ရေးဆွဲသောကြောင့် မကျေနပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဗဟိုတရားရုံးသို့ အပြန်အလှန်ပြင်ဆင်မှု အသီးသီး တင်သွင်းခြင်းဖြစ်၍ ဤအမိန့်သည် ၂ မှုစလုံး အကျုံးဝင်စေရမည်။

၁၉၇၆

ဦးလော်စစ်ဟန်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးလော်စစ်ဟန်)။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၇ (ခ)/၇၅ တွင် ဦးလော်စစ်ဟန်က မိမိအပေါ် စွဲချက်တင်နိုင်ရန်အချက်အလက်များ ပြည့်စုံခြင်း မရှိကြောင်း တင်ပြသည်။ အမှုကို လေ့လာသောအခါတွင် တရားလိုပြ သက်သေများ၏ ထွက်ချက်အရ ဦးလော်စစ်ဟန်သည် ကိုးကန့် ကာကွယ်ရေးအဖွဲ့ ခေါင်းဆောင်ဖြစ်ကြောင်း၊ ယင်းကာကွယ်ရေး အဖွဲ့ကို ဖျက်သိမ်းရန်နှင့် လက်နက်များ ပြန်လည်ပေးအပ်ရန် သက်ဆိုင်ရာမှ တောင်းဆိုသော အခါ လိုက်နာခြင်း မပြုပဲ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ နောက်ပိုင်းတွင် ဦးလော်စစ်ဟန်၏ ကာကွယ်ရေး အဖွဲ့နှင့် တပ်မတော်တို့ အကြိမ်ကြိမ် တိုက်ပွဲများ ဖြစ်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်၊ မေလအတွင်း ဦးလော်စစ်ဟန်သည် မြောက်ပိုင်း ရှမ်းပြည် တော်လှန်ရေး ဥက္ကဋ္ဌအဖြစ် နိုင်ငံတော် အစိုးရကို စနစ်တကျ ပြန်လည်တိုက်ခိုက်ရန် စီစဉ်ကြကြောင်း ပေါ်ပေါက်သည်။ ဦးလော်စစ်ဟန်၏ ဗဟိုတရားရုံးရှေ့နေ တင်ပြသော တိုက်ပွဲများတွင် ဦးလော်စစ်ဟန်ကိုယ်တိုင် မပါဝင်ခြင်း၊ ညွှန်ကြားမိန့် မပေးခြင်း အစရှိသော အကြောင်းပြချက် များမှာလည်း လက်ခံစဉ်းစားသင့်သည် မဟုတ်ချေ။ ထို့အပြင် ကိုးကန့်ကာကွယ်ရေး အဖွဲ့၏ လက်နက်မျိုးစုံမှာ နိုင်ငံတော်က ထုတ်ပေးထားသော လက်နက်များ မဟုတ်ပဲ၊ မိမိတို့ကိုယ်တိုင် နည်းအမျိုးမျိုးနှင့် ရှာဖွေစုဆောင်း ထားရသော လက်နက်များ ဖြစ်သောကြောင့် ပြန်လည်ပေးအပ်ရန် မသင့်ဟူသော တင်ပြချက်မှာလည်း လက်ခံစဉ်းစားသင့်သည် မဟုတ်ချေ။

ဦးလော်စစ်ဟန်အတွက် လိုက်ပါ ဆောင်ရွက်သော ဗဟိုတရားရုံး ရှေ့နေက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၁)ကို ရည်ညွှန်း၍ လျှောက်ထားသည်မှာ စွဲဆိုသည့်ဘက်မှ လုံလောက်သော သက်သေခံ အထောက်အထားများ တင်ပြနိုင်စွမ်း မရှိလျှင် တရားခံကို စွဲချက်မတင်ပဲပြန်လွှတ်ရမည် ဖြစ်ကြောင်းနှင့် စွဲချက်တင်ပြခြင်းမှာ အပြစ်ပေးခြင်းဟု မဆိုနိုင်သော်လည်း မလိုလားအပ်သော စွဲချက်တင်မှုများ မရှိသင့်ကြောင်း လျှောက်လဲသည်။ သို့ရာတွင် ဤအမှုနှင့် ပတ်သက်၍ ဦးလော်စစ်ဟန် အပေါ်တွင် စွဲချက်တင်ရန် လုံလောက်သော အမှုအကြောင်းခြင်းရာများ ရှိနေသည်။ ယင်းသို့ ရှိနေကြောင်းကိုလည်း မူလတရားရုံးနှင့် တိုင်းတရားရုံးတို့က သဘောတူညီခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် စွဲချက်ကိုပယ်ဖျက်၍ ဦးလော်စစ်ဟန်အား ပြန်လွှတ်ရန် မသင့်ဟု ကျွန်ုပ်တို့ ယူဆသည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၅ (ခ)/၇၅ တွင် ဗဟိုဥပဒေရုံးက တိုင်းတရားရုံးသည် စွဲချက်ကို ပြင်ဆင်နိုင်ခွင့်ရှိသည် မှန်သော်လည်း ယင်း၏ ဆောင်ရွက်ချက်မှာ ဥပဒေနှင့် မညီညွတ်ကြောင်း တင်ပြသည်။ ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၃၀ (စ)အရ၊ တိုင်းတရားရုံးသည် သက်ဆိုင်ရာ တိုင်းအတွင်းရှိ မြို့နယ်တရားရုံးက ချမှတ်သော ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု စီရင်နိုင်ခွင့်ရှိသည်။ မြို့နယ် တရားရုံး၏

၁၉၇၆

ဦးလော်စစ်ဟန်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ဦးလော်စစ်ဟန်)။

စွဲချက်ကို မှားယွင်းသည်ဟူ၍ ယူဆလျှင်လည်း ပြင်ဆင်ရန် ညွှန်ကြားနိုင်ပေသည်။ သို့ရာတွင် စွဲချက်ပုံစံကို အစအဆုံး ပြင်ဆင်ရေးသားပြီး တိုင်းတရားစီရင်ရေး အဖွဲ့ဝင်များက လက်မှတ်ရေးထိုးပေးရန်ကား မဟုတ်ပေ။

ဦးလော်စစ်ဟန်အပေါ် စွဲချက်တင်ခြင်းမှာ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု အရဖြစ်သည်။ မူလတရားရုံး၏ စွဲချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်——

"ဦးလော်ရှောက်ချီ၏ သားဖြစ်သူ ဦးလော်စစ်ဟန်ကို အောက်ပါအတိုင်း စွဲချက် တင်လိုက်သည်။ ၁၉၇၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် (၁၃........ခုနှစ်၊............................လ........ရက်) နေ့ဖြစ်စေ၊ သို့မဟုတ် ၎င်းနေ့ရက် ခန့်၌ဖြစ်စေ ....မြို့အပိုင်.................... ရပ်ရွာတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံအား လက်နက်ကိုင် နောက်လိုက်အင်အား ၇၀၀ ကျော်ကို ဦးစီး၍ စစ်မက်ဘက်ပြိုင်ရန် တောခိုသွားသည်ဖြစ်၍ ပြစ်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၂၂ (၁) အရ၊ ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုကို ကျူးလွန်သည်ဖြစ်၍ ယင်းပုဒ်မဖြင့် စွဲချက် တင်လိုက်သည်။ မည်သည့်အတွက် အပြစ် မပေးထိုက်ကြောင်း ထုချေပါ။

ဤရုံးမှ စစ်ဆေး ဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။"

တိုင်းတရားရုံးက ပြင်ဆင်ပေးသော စွဲချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်——

"၁၉၆၅ ခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးခရိုင်ရှိ ကိုးကန့်နယ်၊ နယ်မြေတာကွယ်ရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရက သင်နှင့် သင့်အဖွဲ့အား ရရန်ပုံငွေမှ သင့်တင့်သည့် လစာများပေး၍ ကာကွယ်ရေးအဖွဲ့ ဖွဲ့စေခဲ့ကြောင်း၊ ဦးစွာလူ ၁၅၀ ခန့်နှင့် လက်နက် ၁၀ ဖွဲ့စည်းပြီး၊ ၁၉၇၃ ခုနှစ်၊ ဧပြီလတွင် လူ ၁၃၀၀ ခန့်နှင့်လက်နက်ပေါင်း ၇၀၀ ကျော်ထိတိုးတက်သွားကြောင်း၊ အစိုးရကာကွယ်ရေး အဖွဲ့အားလုံး ၃၉ ဖွဲ့ခန့်ကို ၁၉၇၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ထိ အချိန်တိုးပေးရန် တောင်းဆိုခဲ့ရာတွင် ခွင့်ပြုလိုက်ကြောင်း၊ သို့သော် သင်နှင့် သင့်အဖွဲ့သည် ၁၉၇၃ ခုနှစ်၊ မေလတွင် မန်လင်မှ လွယ်ဆေးဒေသသို့ ထွက်ခွာသွားကြပြီး၊ လွယ်

မော်အဖွဲ့၊ တိုင်ဝမ် ထောက်လှမ်းရေးအဖွဲ့၊ အက်စ်အေ သောင်းကျန်းသူများအဖွဲ့၊ တရုတ်ဖြူ တပ်မ ၃၊ ၅ အဖွဲ့၊ ဗိုလ်လိုက်အူနှင့် တိုက်စေးတို့ အဖွဲ့နှင့် တွေ့ဆုံပူးပေါင်း၍ ၁၉၇၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လွတ်မြောက်ရေး တပ်မတော် တပ်ပေါင်းစု ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှာ သင်၏အမိန့်နှင့် အစိုးရ၏ မာန်အောင် စစ်ဆင်ရေး၊ အောင်လံလှိုင် စစ်ဆင်ရေးများ တိုက်ပွဲ ဖြစ်ပွားကြကြောင်း၊ သင်၏ တပ်ဖွဲ့များ ပြိုကွဲပျက်ပြားပြီး၊ ထိုင်း နိုင်ငံဘက်သို့ ထွက်ပြေး သွားကြကြောင်း။ ထိုင်းနိုင်ငံ အစိုးရက သင့်ကို ဖမ်းဆီးပြီး ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် မြန်မာ နိုင်ငံတော်သို့ ပို့စေခဲ့သဖြင့် မြန်မာနိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်သူဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂ (၁) အရ၊ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည် ဖြစ်၍ ဤရုံးက ထိုပြစ်မှုအတွက် စစ်ဆေးစီရင်ရန် ယင်းပုဒ်မဖြင့် စွဲချက်တင်လိုက်သည်။

မည်သည့်အတွက် အပြစ် မပေးထိုက်ကြောင်း ထုချေပါ။"

၁၉၇၆

ဦးလော်စစ်ဟန်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးလော်စစ် ဟန်)။

အထက်ပါ စွဲချက်များကို နှိုင်းယှဉ်လေ့လာသော အခါတွင် "မူလ တရားရုံး၏ စွဲချက်တွင် ဦးလော်စစ်ဟန်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအား လက်နက်ကိုင် နောက်လိုက်အင်အား ၇၀၀ ကျော်ကို ဦးစီး၍ စစ်မက်ဘက်ပြိုင်ရန် တောခိုသွားသည် ဖြစ်၍ ပြစ်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၂၂ (၁) အရ၊ စွဲချက်တင်ကြောင်း ဖော်ပြထားသည်။ ဤစွဲချက်ကို ဖတ်ရှုရခြင်းအားဖြင့် ဦးလော်စစ်ဟန်သည် မိမိအပေါ် မည်သည့်ဥပဒေ ပုဒ်မအရ စွဲချက်တင်ထားကြောင်း သိရှိနိုင်သည်။ နိုင်ငံတော်အား စစ်မက်ဘက်ပြိုင်ရန် တောခိုခြင်းသည် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်ခြင်းသာ ဖြစ်သောကြောင့် အခြားအဓိပ္ပာယ် ကောက်ယူ၍ မဖြစ်နိုင်ချေ။ စွဲချက်တင်ခြင်း ခံရသော ဦးလော်စစ်ဟန် အနေဖြင့်လည်း မိမိခုခံ ဖြေရှင်းရမည့် အချက်ကို ကောင်းစွာ သိရှိ နားလည်နိုင်မည်ဖြစ်သည်။

တိုင်းတရားရုံးက ပြင်ဆင်ထားသော စွဲချက်တွင် ဦးလော်စစ်ဟန်၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ စွဲဆိုသည့်ဘက်မှ တင်ပြသော သက်သေထွက်ချက်နှင့် သက်သေခံ အထောက်အထားများကိုမှီး၍ အသေးစိတ် ဖော်ပြထားသည်။ ဤသို့ အသေးစိတ် ဖော်ပြထားခြင်းအားဖြင့် ဦးလော်စစ်ဟန်သည် ယင်းဖော်ပြပါ ကိစ္စရပ် အားလုံးတို့ကို

၁၉၇၆

ဦးလော်စစ်ဟန်၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးလော်စစ်ဟန်)။

တခုမကျန် ကျူးလွန်ခဲ့ပြီး၊ ယင်းကဲ့သို့ အားလုံးစုပေါင်း ကျူးလွန်မှသာ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ရာ ရောက်သည်ဟူသော သဘောမျိုး သက်ရောက်နိုင်ပေသည်။ ထို့ကြောင့် စွဲချက်တင်ရာတွင် တရားခံသိရှိ နားလည်စေရန် အတွက် ပြစ်မှုကျူးလွန်ခြင်းနှင့် ပတ်သက်သော လိုအပ်သည့် အချက်အလက်များ ဖော်ပြရမည် ဖြစ်သော်လည်း စွဲဆိုသည့်ဘက်မှ တင်ပြသော သက်သေခံချက် အားလုံးတို့ကို စွဲချက်တွင် ထည့်သွင်းဖော်ပြရန် လိုမည်မဟုတ်ချေ။ အခိက စဉ်းစားရန်မှာ စွဲချက်ကို ဖတ်ရှုရခြင်းအားဖြင့် တရားခံက မိမိအပေါ်တွင် မည်သည့် အကြောင်းခြင်းရာအပေါ် မူတည်၍ မည်သည့်ဥပဒေ ပုဒ်မအရ စွဲဆိုခြင်းဖြစ်ကြောင်း သိရှိနားလည်နိုင်ခြင်းရှိ မရှိဖြစ်သည်။ ထို့ကြောင့်ပြည့်စုံလုံလောက်လျက်ရှိသော မူလတရားရုံး၏ စွဲချက်ကို တိုင်းတရားရုံးက ထပ်မံပြင်ဆင်ရန် မလိုဟုယူဆသည်။ ”

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၇ (ခ)/၇၅ တွင် လျှောက်ထားသူ ဦးလော်စစ်ဟန်က စွဲချက်များ ပယ်ဖျက်ပေးရန် လျှောက်လွှာကို ပလပ်လိုက်သည်။ အပြန်အလှန်ဖြစ်သော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၁၅ (ခ)/၇၅ ဗဟိုဥပဒေရုံး၏ လျှောက်လွှာကို ခွင့်ပြုပြီး စွဲချက်နှင့် ပတ်သက်သော ရန်ကုန်တိုင်း တရားရုံးအမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုပြီး၊ မူရင်းစွဲချက်အရ အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်၊ ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်လှစိုး

နှင့်

မတင်တင်ဝင်း *

† ၁၉၇၆

နိုဝင်ဘာလ ၃၀ ရက်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ အရ၊ မယားအတွက်စားစရိတ်လျှောက်ထားခြင်း၊ လက်ထပ်ပါမည်ဟု လိမ်လည်ဖြားယောင်းပြောဆိုပြီး ကာမစပ်ယှက်မှုဖြင့်အမျိုးသမီးကတိုင်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ အရေးယူခဲ့ခြင်း၊ အချစ်နယ်ကျူး၍ကိုယ်ဝန်ရှိကြောင်း စာချုပ်၌ဖော်ပြပြီးလျော်ကြေးရယူခဲ့ခြင်း၊ ယင်းသည် တရားဝင်ဇနီးဟုဆိုနိုင် မဆိုနိုင်။

ဆုံးဖြတ်ချက်။ ။စားစရိတ်အမှုကိုစွဲဆိုခြင်းမပြုမီ မတင်တင်ဝင်းသည် မောင်လှစိုးအပေါ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ မိမိအားလက်ထပ်ပါမည်ဟု လိမ်လည်ဖြားယောင်းပြောဆို၍ ကာမစပ်ယှက်သောအမှုစွဲဆိုခဲ့သည်။ ယင်းသို့စွဲဆိုခြင်းအားဖြင့် မတင်တင်ဝင်းသည် မောင်လှစိုးနှင့် တရားဝင်လက်ထပ်ခြင်းမရှိကြောင်းဝန်ခံသည့်သဘောသက်ရောက်သည်။ မတင်တင်ဝင်းကိုယ်တိုင်အစစ်ခံရာတွင်လည်း မောင်လှစိုးနှင့် တရားဝင်လက်ထပ်ခြင်းမရှိကြောင်း၊ တရားဝင်လက်ထပ်ခြင်းမပြု၍ လိမ်လည်မှုအရ တရားစွဲဆိုခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ မတင်တင်ဝင်းသည် မောင်လှစိုးထံမှ သဘောတူလျော်ကြေးငွေ ၁၅၀၀ိ ရယူခဲ့ပြီးဖြစ်၍ လျော်ကြေးငွေနှင့်ပတ်သက်၍ စာချုပ်ရာတွင်လည်း မောင်လှစိုးနှင့် သဘောတူအချစ်နယ်ကျူးခဲ့သောကြောင့် ကိုယ်ဝန် ၂ လရှိခဲ့ကြောင်း ဖော်ပြထားသည်။

အထက်ပါအချက်များကို စုပေါင်းသုံးသပ်လျှင် မတင်တင်ဝင်းသည် မောင်လှစိုး၏ တရားဝင်ဇနီးမဟုတ်ကြောင်း ထင်ရှားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။တရားရုံးချုပ်ရှေ့နေ ဦးဘိုးသာ။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးခင်မောင်(၄)။

လျှောက်ထားသူ မောင်လှစိုးကို လျှောက်ထားခံရသူ မတင်တင်ဝင်းအား၊ လစဉ် မယားစရိတ် ကျပ် ၅၀ နှင့် ကလေးစရိတ် ကျပ် ၃၀ ပေးစေရန် မော်လမြိုင်မြို့နယ် တရားရုံးက အမိန့်ချမှတ်သည်။ မွန်ပြည်နယ်တရားရုံးက လျှောက်ထားသူ၏ အယူခံကို ပယ်

* ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၅ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၃ (မ) တွင်ချမှတ်သော ၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့စွဲပါ မွန်ပြည်နယ် (မော်လမြိုင်မြို့) တရားရုံး၏အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၅၅

မောင်လှစိုး
နှင့်
မတင်တင်ဝင်း

သည်။ ကလေးစရိတ်ပေးရန်နှင့် ပတ်သက်၍ လျှောက်ထားသူက မည်သို့မျှ အရေးဆိုခြင်းမရှိပေ။ မယားစရိတ်နှင့် ပတ်သက်၍သာ မတင်တင်ဝင်းမှာ မိမိ၏တရားဝင် ဇနီးမဟုတ်သောကြောင့်၊ မပေးထိုက်ကြောင်း တင်ပြသည်။

စားစရိတ်အမှုကို စွဲဆိုခြင်းမပြုမီ မတင်တင်ဝင်းသည် မောင်လှစိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၇ အရ မိမိအား လက်ထပ်ပါမည်ဟု လိမ်လည် ဖြားယောင်းပြောဆို၍ ကာမစပ်ယှက်သော် အမှုစွဲဆိုခဲ့သည်။ ယင်းသို့စွဲဆိုခြင်းအားဖြင့် မတင်တင်ဝင်းသည် မောင်လှစိုးနှင့် တရားဝင်လက်ထပ်ခြင်း မရှိကြောင်း ဝန်ခံသည့် သဘောသက်ရောက်သည်။ မတင်တင်ဝင်းကိုယ်တိုင် အစစ်ခံရာတွင်လည်း မောင်လှစိုးနှင့် တရားဝင်လက်ထပ်ခြင်း မရှိကြောင်း၊ တရားဝင်လက်ထပ်ခြင်းမပြု၍ လိမ်လည်မှုအရ တရားစွဲဆိုခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။ မတင်တင်ဝင်းသည် မောင်လှစိုးထံမှ သဘောတူလျော်ကြေးငွေ ၁၅၀၀ ကို ရယူခဲ့ပြီးဖြစ်၍ လျော်ကြေးငွေနှင့် ပတ်သက်၍ စာချုပ်ရာတွင်လည်း မောင်လှစိုးနှင့် သဘောတူ အချစ်နယ်ကျွံခဲ့သောကြောင့် ကိုယ်ဝန် ၂ လ ရှိခဲ့ကြောင်း ဖော်ပြထားသည်။

အထက်ပါ အချက်များကို စုပေါင်း သုံးသပ်လျှင် မတင်တင်ဝင်းသည် မောင်လှစိုး၏ တရားဝင်ဇနီး မဟုတ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က မောင်လှစိုးအပေါ် လစဉ် မယားစရိတ် ကျပ် ၅၀ ပေးစေရန် အမိန့်ကို ပယ်ဖျက်၍၊ လစဉ်ကလေးစရိတ် ကျပ် ၃၀ ကိုသာ မြို့နယ်တရားရုံးမှ ဆုံးဖြတ်သည့်အတိုင်း ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှမောင်နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဝေါင်စောင်မူ ပါ ၂

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ချန်သွန်ရှောင်)*

† ၁၉၇၆
နိုဝင်ဘာလ
၃ ရက်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃၊ ထောင်ဒဏ် ၃ လအထိ အပြစ်ပေးနိုင်သောပြစ်မှုတွင် တိုင်လျှောက်သူမလာ၍ အမှုပိတ်ခြင်း၊ ထိုပြစ်မှုဖြင့်ပင် တိုင်လျှောက်သူက ထပ်မံတရားစွဲဆိုရာ တရားရုံးက လက်ခံအရေးယူခြင်း၊ ထပ်မံပြီးတရားစွဲနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ပုဒ်မ ၄၂၆ အရစွဲဆိုသောအမှုတွင် အများဆုံး ထောင်ဒဏ် ၃ လအာ အပြစ်ပေးနိုင်သည်ဖြစ်၍ ထောင်ဒဏ် ၆ လအထိ အပြစ်ပေးနိုင်သောအမှုများကို စစ်ဆေးသည့် နည်းအတိုင်းစစ်ဆေးရမည်ဖြစ်သည်။ ဦးတိုက်လျှောက်သည့် ထောင်ဒဏ် ၆ လအပြစ်ပေးနိုင်သော အမှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၂၄၇ အရ ချိန်းဆိုသောနေ့၌ တိုင် လျှောက်သူမလာလျှင် အမှုကိုရွှေ့ဆိုင်းရန် အကြောင်းမရှိပါက တရားခံကိုအပြီးအပြတ် လွှတ်ရမည်ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပထမစွဲဆိုသည့်အမှုတွင် မူလတရားရုံးက ပိတ်လိုက်သည်ဟုဆိုစေကာမူ အကျိုးသက်ရောက်မှုမှာ လျှောက်ထားသူများဖြစ်သည့် တရားခံများကို အပြီးအပြတ်လွှတ်လိုက်ခြင်းပင်ဖြစ်လေသည်။ တရားခံအား အပြီးအပြတ်လွှတ်လိုက်လျှင် ထိုအမှုပါအကြောင်းအရာများအရထပ်မံ၍ တရားမစွဲဆိုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ တွင်ပြဋ္ဌာန်းထားသည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဦးရဲခေါင်ညွန့်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။(လျှောက်ထားခံရသူ ၂ အတွက်)ဦးသန်းအောင်၊ ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးဘသန်း။

လျှောက်ထားသူ ဝေါင်စောင်မူနှင့် ဒေါ်သန်းတင်တို့သည် လျှောက်ထားခံရသူ ချန်သွန်ရှောင်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေကလေးလမ်းရှိ အိမ်အမှတ် ၁၅/၁၇ မှ

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၇၅ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၉၀ တွင်ချမှတ်သော ၁၉ - ခုနှစ်။

၁၉၇၆

ဝေါင်စောင်မှု ပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ချန်သွန်ရှောင်)

အိမ်ငှားများဖြစ်သည်။ ယင်းတို့သည် အိမ်သို့သွယ်ထားသည့် ရေပိုက်ကို ဖျက်ဆီးသဖြင့် အိမ်ရှင်နှင့် အခြား အိမ်ငှားများ ရေမရသောကြောင့် အိမ်ရှင် ချန်သွန်ရှောင်က ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂၆ အရ၊ တိုင်လျှောက်ရာ တာမွေမြို့နယ် တရားရုံးက အမှုအမှတ် ၆၉၈/၇၃ အရ၊ လက်ခံခဲ့သည်။ တရားလိုအား စစ်ဆေးပြီးနောက် ချိန်းဆိုသည့် နေ့ရက်များတွင် တရားလိုဘက်မှ သက်သေများ လာရောက်ရန် အကြိမ်များစွာ ပျက်ကွက်ခဲ့သည်။ နောက်ဆုံး ၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်အမှုခေါ်သည့်အခါ တရားလိုသက်သေများ မလာရောက်သည့်အတွက် မူလ မြို့နယ်တရားရုံးက အမှုကို ပိတ်လိုက်သည်။ ထို့နောက် ချန်သွန်ရှောင်က လျှောက်ထားသူအပေါ် ယခင် ကျူးလွန်သည်ဆိုသည့် ပုဒ်မ ၄၂၆ အရပင် ထပ်မံတိုင်လျှောက်ရာ တာမွေမြို့နယ် တရားရုံးက အမှု အမှတ် ၁၂၉၀/၇၄ အရ၊ လက်ခံ အရေးယူခဲ့သည်။ လျှောက်ထားသူများက ပထမအမှုတွင် အပြီးသတ် လွှတ်ခဲ့ပြီးဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ အရ၊ ဒုတိယအမှုကို စွဲဆိုပိုင်ခွင့် မရှိဟုဆိုပြီး ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ (က) အရ၊ နောက်ထပ် စွဲဆိုသည့် အမှုကို ပိတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

ပုဒ်မ ၄၂၆ အရ၊ စွဲဆိုသော အမှုတွင် အများဆုံး ထောင်ဒဏ် ၃ လသာ အပြစ်ပေးနိုင်သည်ဖြစ်၍ ထောင်ဒဏ် ၆ လအထိ အပြစ်ပေးနိုင်သော အမှုများကို စစ်ဆေးသည့် နည်းအတိုင်း စစ်ဆေးရမည်ဖြစ်သည်။ ဦးတိုက်လျှောက်ထားသည့် ထောင်ဒဏ် ၆ လ အပြစ်ပေးနိုင်သော အမှုများတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၄၇ အရ၊ ချိန်းဆိုသောနေ့၌ တိုင်လျှောက်သူ မလာလျှင် အမှုကို ရွှေ့ဆိုင်းရန် အကြောင်းမရှိပါက တရားခံကို အပြီးအပြတ် လွှတ်ရမည်ဟုပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပထမစွဲဆိုသည့် အမှုတွင် မူလကရားရုံးက ပိတ်လိုက်သည်ဟု ဆိုစေကာမူ အကျိုးသက်ရောက်မှာ လျှောက်ထားသူများဖြစ်သည့် တရားခံများကို အပြီးအပြတ် လွှတ်လိုက်ခြင်းပင် ဖြစ်လေသည်။ တရားခံအား အပြီးအပြတ်လွှတ်လိုက်လျှင် ထိုအမှုပါ အကြောင်းအရာများ အရ ထပ်မံ၍ တရားမစွဲဆိုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ တွင် ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ နောက်ထပ်စွဲသည့် တာမွေမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၂၉၀/၇၄ ကို ချေဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှ္မင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်၊ ဦးသန့်စင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဇန်နဝါရီလ ၁၄ ရက်။

ကိုသက်ထွန်း (ခေါ်) ကျစ်မှန်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးဂရင်ထိုင်)*

ပြစ်မှုများမှ အပြီးအပြတ်လွှတ်ရန် ချမှတ်သည့်အမိန့်ကိုပြည်နယ်တရားရုံးတွင်ပြင်ဆင်မှုလျှောက်ထားနိုင် မနိုင်၊ အပြီးအပြတ် လွှတ်သည့် အမိန့်ကို မကျေနပ်လျှင် မည်သို့ဆောင်ရွက်နိုင်သည်ကိုညွှန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံး၏ အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းကို ပြည်နယ်တရားရုံးက လက်ခံ၍ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုဖွင့်ပြီး ဆောင်ရွက်ခြင်းသည် သတ်မှတ်ပြဋ္ဌာန်းထားသည့်လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီခြင်းမရှိကြောင်း ပေါ်လွင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုများအပြီးအပြတ်လွှတ်ရန် ချမှတ်ခဲ့သည့် တရားရုံး၏အမိန့်ကို မကျေနပ်ခဲ့လျှင် ဗဟိုဥပဒေရုံးကသာလျှင် ဗဟိုတရားရုံးသို့ အယူခံလျှောက်ထားနိုင်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်ခြင်းကို မကျေနပ်သောသူသည် ဗဟိုဥပဒေရုံးသို့လျှောက်ထားနိုင်သည်။ ဗဟိုဥပဒေရုံးက စိစစ်၍ အယူခံသင့်သည်ဟု ယူဆလျှင် ဗဟိုတရားရုံးသို့အယူခံမှုတင်ရန်ဖြစ်သည်။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံး ရှေ့နေကြီး ဦးမြစိန်။
ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဗဟိုဥပဒေရုံး၊ ဦးသိန်းအောင်။
ဦးမြသောင်း။
ဗဟိုတရားရုံး ရှေ့နေကြီး ဒေါ်မေမေနု။

လျှောက်ထားသူ ကိုသက်ထွန်း (ခေါ်) ကျစ်မှန် အပေါ်တွင် လျှောက်ထားခံရသူ ဦးဂရင်ထိုင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ တောင်ကြီးမြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၉၀ သတ်မှတ်၍ စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူအား အပြီးအပြတ်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၁ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉ တွင် ချမှတ်သော တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်တရားရုံး၏အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

၁၉၇၆

ကိုသက်ထွန်း (ခ) ကျစ်မှန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။ (ဦးဂရင်ထိုင်)

လွှတ်စေရန် အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူက မကျေနပ်သဖြင့် ပြင်ဆင်မှု လျှောက်ထားရာ၊ တောင်ကြီးမြို့နယ်ရုံးထိုင် ရှမ်းပြည်နယ် တရားရုံးက ပြင်ဆင်မှု အမှတ် ၉ သတ်မှတ်၍ ဆောင်ရွက်သည်။

လျှောက်ထားသူက အဆိုပါ ပြည်နယ်တရားရုံးမှ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို ပယ်ဖျက်ပေးပါရန် ဗဟိုတရားရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

ပြစ်မှုများမှ အပြီးအပြတ်လွှတ်ရန် ချမှတ်ခဲ့သည့် တရားရုံး၏အမိန့်ကို မကျေနပ်ခဲ့လျှင် ဗဟိုဥပဒေရုံးကသာလျှင် ဗဟိုတရားရုံးသို့ အယူခံ လျှောက်ထားနိုင်ခွင့်ရှိသည်။ အပြီးအပြတ်လွှတ်ခြင်းကို မကျေနပ်သောသူသည် ဗဟိုဥပဒေရုံးသို့ လျှောက်ထားနိုင်သည်။ ဗဟိုဥပဒေရုံးက စိစစ်၍ အယူခံသင့်သည်ဟု ယူဆလျှင် ဗဟိုတရားရုံးသို့ အယူခံမှု တင်ရန်ဖြစ်သည်။

ယခုကိစ္စတွင် မူလရုံး၏ အပြီးအပြတ် လွှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ပေးပါရန် ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းကို ပြည်နယ်တရားရုံးက လက်ခံ၍ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုဖွင့်ပြီး ဆောင်ရွက်ခြင်းသည် သတ်မှတ် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီခြင်း မရှိကြောင်း ပေါ်လွင်သည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က)အရ၊ ကိုယ်ပိုင်စီရင်ခွင့်ကို ကျင့်သုံးလျက် တောင်ကြီးမြို့ရုံးထိုင် ရှမ်းပြည်နယ် တရားရုံး၏ ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉ ကိုပယ်ဖျက်လိုက်သည်။ ဤပြင်ဆင်မကို ခွင့်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်၊ ဗိုလ်မှူးကြီး လှမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသာဝင်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးမောင်မောင်တာ) *

† ၁၉၇၆

ဖေဖော်ဝါရီလ ၂၀ ရက်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ နှင့် ၄၂၇ တို့အရ သာမန်မှုနှင့် ဝရမ်းမှုပူးတွဲ၍ စွဲဆိုလျှင်ဝရမ်းမှု စစ်ဆေးသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရန်လိုမလို၊ အမှုကိုကြားနာရန်ချိန်းဆိုသော နေ့တွင် တရားလိုမလာရောက်သဖြင့် တရားခံအား ပြန်လွှတ်ထားသည့်အခြေအနေရှိလျှင် တရားလိုသည်တရားခံအပေါ် အမှုသစ်စွဲဆိုနိုင် မစွဲဆိုနိုင်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၄၁ မှာ သာမန်မှုဖြစ်၍ ယင်းဥပဒေပုဒ်မ ၄၂၇ မှာ ဝရမ်းမှုဖြစ်သဖြင့် သာမန်မှုနှင့် ဝရမ်းမှုကိုပူးတွဲ၍ စွဲဆိုလျှင် ဝရမ်းမှု စစ်ဆေးသည့်နည်းလမ်းအတိုင်းဆောင်ရွက်ရသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမှုကို ကြားနာရန်ချိန်းဆိုသောနေ့တွင် တရားလိုမလာရောက်သဖြင့် အမှုကိုပယ်ဖျက်သည်။ ယင်းသို့အမှုကိုပယ်သည့်အခါ တရားခံအား ပြန်လွှတ်ထားကြောင်း အမိန့်တရပ်ချမှတ်ရမည်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ နှင့် ၄၂၇ အရ ပြစ်မှုများသည် ကျေအေးနိုင်သော ပြစ်မှုများဖြစ်သောကြောင့် တရားခံအားပြန်လွှတ်ထားရန် တိတိကျကျအမိန့်ချမှတ်ခြင်းမပြုမိခဲ့သော်လည်း တရားခံအား ပြန်လွှတ်ထားသည့် အခြေအနေရှိလျှင် တရားလိုသည့်တရားခံအပေါ် အမှုသစ်စွဲဆိုနိုင်သည်။ ယင်းသို့စွဲဆိုခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ က တားမြစ်ပိတ်ပင်ခြင်းမပြုပေ။

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဒေါက်တာ ဗတင်။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးသာဝင်းသည် ဗိုလ်တထောင်မြို့နယ် တရားရုံး၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀ ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ နှင့် ၄၂၇ တို့အရ

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၅၄။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၀ တွင်ချမှတ်သော ဗိုလ်တထောင်မြို့နယ် တရားရုံး၏အမိန့်ကိုပြန်၍လျှောက်ထားမှု။

၁၉၇၆

ဦးသာဝင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးမောင်မောင် တာ)။

တရားစွဲဆိုခြင်း ခံနေရသူဖြစ်သည်။ ထိုအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က)အရ၊ ပယ်ဖျက်ပေးပါရန် ဦးသာဝင်းက ဗဟိုတရားရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူ ဦးမောင်မောင်တာ၏ အဆိုမှာ ဦးမောင်မောင်တာသည် ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၇၅ ရှိ ဦးသာဝင်းပိုင်သော ၃ ထပ်တိုက်ရှိ ဂိုဒေါင်ကို ဦးသာဝင်းထံမှ ငှားရမ်းပြီး ပစ္စည်းများ သိုလှောင်ခဲ့သည်၊ ထိုနေ့ ဦးသာဝင်းသည် ဂိုဒေါင်၏ ဝင်ပေါက်ကို ပိတ်လိုက်သဖြင့် ဦးမောင်မောင်တာသည် ဂိုဒေါင်ထဲသို့မဝင်နိုင်တော့ပဲ ဦးမောင်မောင်တာ၏ ပစ္စည်းအချို့လည်းပျက်စီးခဲ့ရသည်။ ထို့ကြောင့် ဦးမောင်မောင်တာက ဦးသာဝင်း အပေါ်တွင် ဂိုဒေါင်ဝင်ပေါက် ပိတ်သည့် အတွက် မတရားတားဆီး ကန့်ကွက်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရလည်းကောင်း၊ ပစ္စည်းအချို့ ပျက်စီးသည့်အတွက် အကျိုးဖျက်ဆီးမှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရလည်းကောင်း တရားစွဲဆိုခြင်းဖြစ်သည်။

ဦးမောင်မောင်တာသည် ဦးသာဝင်း အပေါ်တွင် အလားတူ အမှုတမှု ယခင်က စွဲဆိုခဲ့ဘူးသည်။ ယင်းအမှုသည် ဗိုလ်တထောင်မြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀၆ ဖြစ်သည်။ ထိုအမှုကို ကြားနာရန် ချိန်းဆိုသောနေ့တွင် တရားလို ဦးမောင်မောင်တာ မလာရောက်သဖြင့် တရားရုံးက ထိုအမှုကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဦးမောင်မောင်တာက ဦးသာဝင်း အပေါ်တွင် ဗိုလ်တထောင်မြို့နယ် တရားရုံး၊ ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၀ ကိုထပ်မံ စွဲဆိုရခြင်းဖြစ်သည်။

ဗိုလ်တထောင်မြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး ၃၀၆ တွင် တရားလိုမလာ၍ အမှုကို ပယ်လိုက်သည်ဟူ၍သာအမိန့်ချမှတ်ခဲ့သည်။ တရားခံအား ပြန်လွှတ်ထားသည်၊ သို့မဟုတ် အပြီးအပြတ်လွှတ်သည် စသည်ဖြင့် တိကျကျ အမိန့်ချမှတ်ခဲ့ခြင်း မရှိပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ အရ၊ တလအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀ အထိ ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သောကြောင့် သာမန်အမှုဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ၊ ၂ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သောကြောင့် ဝရမ်းမှုဖြစ်သည်။ သာမန်မှုနှင့် ဝရမ်းမှုကို ပူးတွဲစွဲဆိုလျှင် ဝရမ်းမှု စစ်ဆေးသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရသည်။ ဦးတိုက်လျှောက်ထား စွဲဆိုသည့် ဝရမ်းမှု၌ စစ်ဆေးရန် ချိန်းဆိုသည့် နေ့ရက်တွင် တရားလို မလာရောက်ပါက၊ စွဲဆိုထားသော ပြစ်မှုမှာလည်း ဥပဒေအရ ကျေအေးနိုင်သောပြစ်မှု၊ သို့မဟုတ် ရဲက အရေးယူပိုင်ခွင့် မရှိသော

၁၉၇၆

ဦးသာဝင်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ဦးမောင်မောင်
တာ)။

ပြစ်မှုဖြစ်ပြီး၊ စွဲချက်မတင်ရသေးလျှင်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ အရ၊ တရားခံအား ပြန်လွှတ်ထားရန် အမိန့်ချမှတ် နိုင်သည်ဟု ပြဋ္ဌာန်းထားပေသည်။

ဤပြဋ္ဌာန်းချက်အရ၊ ဗိုလ်တထောင်မြို့နယ် တရားရုံးက ယခင်အမှုတွင် တရားလို မလာသဖြင့် အမှုကို ပလပ်သောအခါ တရားခံအား ပြန်လွှတ်ထားကြောင်း အမိန့် တရပ် ချမှတ်ရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၁ နှင့် ၄၂၇ အရ၊ ပြစ်မှုများသည် ကျေအေးနိုင်သော ပြစ်မှုများ ဖြစ်သောကြောင့် ပေတည်း။ တရားခံအား ပြန်လွှတ်ထားရန် တိတိကျကျ အမိန့်ချမှတ်ခြင်း မပြုမိခဲ့ သော်လည်း တရားခံအား ပြန်လွှတ်ထားသည့် အခြေအနေရှိလျှင် တရားလိုသည် တရားခံအပေါ် အမှုသစ် စွဲဆိုနိုင်သည်။ ယင်းသို့ စွဲဆိုခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ က တားမြစ်ပိတ်ပင်ခြင်းမပြုပေ။

ဦးမောင်မောင်တာက ဦးသာဝင်းအပေါ်တွင် အမှုသစ် ထပ်မံ စွဲဆိုခြင်းကို ဗိုလ်တထောင်မြို့နယ် တရားရုံးက လက်ခံခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းခြင်း မရှိသဖြင့် ထိုအမှုကို ဗဟိုတရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ (က)အရ ပယ်ဖျက်ရန် အကြောင်းမရှိပေ။ ထို့ကြောင့် ဦးသာဝင်း၏ လျှောက်လွှာကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြကို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၆

ဒီဇင်ဘာလ ၁၅ ရက်။

ဦးသန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၀၇၊ ပုဒ်မ ၁၁၂ အရ လိုက်နာဆောင်ရွက်ရန်လိုအပ်ခြင်း၊ ပဏာမအမိန့်ဖြင့် ထုချေရှင်းလင်းစေရခြင်း၊ လိုက်နာဆောင်ရွက်ရန်မှာ အမှုတွင်အရေးကြီးသောလိုအပ်ချက်တရပ်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၁၀၇ အရ အရေးယူသော အမှုများတွင် ကျင့်ထုံးပုဒ်မ ၁၁၂ အရ ဆောင်ရွက်ရန်လိုအပ်သည်။ ကျင့်ထုံးပုဒ်မ ၁၀၇ ဖြင့်အရေးယူသောအခါတွင် တရားရုံးသည် အမှုစတင်စစ်ဆေးခြင်းမပြုမီ၊ ပဏာမအမိန့်ဖြင့် စွပ်စွဲခံရသူအား အဘယ်ကြောင့် တနှစ်ထက်မပိုသော အချိန်ကာလအတွင်း သင့်တော်မည်ထင်သောခံဝန်ချုပ်နှင့်မထားသင့်သည်ကိုထုချေရှင်းလင်းစေရန် ပြောကြားရမည်ဖြစ်သည်။---

ထပ်မံဆုံးဖြတ်ချက်။ ။ကျင့်ထုံးပုဒ်မ ၁၁၂ အရ လိုက်နာဆောင်ရွက်ရန်မှာ အမှုတွင်အရေးကြီးသော လိုအပ်ချက်တရပ်ပင်ဖြစ်သည်။ စွပ်စွဲခံရသူတဦးအား မည်သည့်ကိစ္စ၊ မည်ကဲ့သို့အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းသိစေမှသာလျှင်၊ ထိုသူအနေဖြင့် ပြည့်ပြည့်ဝဝ ခုခံထုချေနိုင်ပေလိမ့်မည်။

ပြင်ဆင်ရန် လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးထွန်းလွင်။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

လျှောက်ထားသူ ဦးသန်း အပေါ်တွင် ဗဟန်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၇ အရ အရေးယူ ထားသော အမှုကို ချေဖျက်ပေးရန် ရန်ကုန်တိုင်းတရားရုံးသို့ လျှောက်ထားသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ရောက်ရှိလာသောအမှုဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၁၀၇ မှာ အများပြည်သူတို့ ငြိမ်သက်အေးချမ်းစွာ နေထိုင်ခြင်းကို ဖျက်ဆီးစေရန် ပြုလုပ်မည်ဟု ယူဆသူအပေါ်၊ ယင်းသို့မပြုလုပ်နိုင်ရန်အတွက် ကာလအပိုင်းအခြား သတ်မှတ်၍ လုံလောက်သော အာမခံ ပြုလုပ်စေခြင်း

* ၁၉၇၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆၆။

† လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ အရ စွဲဆိုထားသော ဗဟန်းမြို့နယ်တရားရုံးပြစ်မှုကြီးအမှတ် ၁၃၀/၇၄ ကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်း။

၁၉၇၆ — ဦးသန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်။

ဖြစ်သည်။ ဦးသန်းသည် ရပ်ကွက် လူငယ်များကို ဆူပူစေရန်နှင့် ငြိမ်ဝပ်ပိပြားရေး ထိခိုက်စေရန် ဥပဒေနှင့် ဆန့်ကျင်သော အပြုအမူများ ပြုလုပ်လိမ့်မည်ဟူ၍ ဗဟန်းရဲစခန်းမှ စခန်းမှူးနှင့် ရဲတပ်ကြပ်တို့က စွပ်စွဲချက် ပြုလုပ်သည်။ အမှုမှာ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဦးသန်းသည် ဗဟန်းမြို့နယ် အတွင်း ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေရန် ပြုလုပ်လိမ့်မည်ဟူသော သတင်းကို ရဲတပ်ကြပ် ဦးသန်းလွင်က စုံစမ်းရရှိခဲ့ခြင်းဖြစ်သည်။

ကျင့်ထုံး ဥပဒေပုဒ်မ ၁၀၇ အရ အရေးယူသော အမှုများတွင် ကျင့်ထုံးပုဒ်မ ၁၁၂ အရ ဆောင်ရွက်ရန်လိုအပ်သည်။ ကျင့်ထုံးပုဒ်မ ၁၀၇ ဖြင့် အရေးယူသောအခါတွင် တရားရုံးသည် အမှုစတင်စစ်ဆေးခြင်း မပြုမီ ပဏာမ အမိန့်အနေဖြင့် စွပ်စွဲခံရသူအား အဘယ့်ကြောင့် တနှစ်ထက်မပိုသော အချိန်ကာလအတွင်း သင့်တော်မည်ထင်သော ခံဝန်ချုပ်နှင့် မထားသင့်သည်ကို ထုချေရှင်းလင်းစေရန် ပြောကြားရမည်ဖြစ်သည်။ သို့မှသာလျှင် စွပ်စွဲခံရသူ အနေဖြင့် မိမိအပေါ် မည်သည့်အကြောင်းကြောင့် အရေးယူထားကြောင်းသိရှိပြီး ခုခံချေပနိုင်မည်ဖြစ်သည်။ ဦးသန်းနှင့် ပတ်သက်၍ ကျင့်ထုံးပုဒ်မ ၁၁၂ အရ လိုအပ်ချက်များကို ဆောင်ရွက်ခြင်းမရှိခဲ့ချေ။

လူတဦး တယောက်အပေါ်တွင် ဖြစ်မှုကြောင်းအရ အရေးယူသောအခါ၌၊ လွတ်လပ်သော သက်သေထွက်ချက်များရှိရမည်။ ယခုအမှုတွင် ရဲတပ်ကြပ်နှင့် ရဲစခန်းမှူးတို့၏ ထွက်ချက်များမှ အပ သက်သေခံ အထောက်အထားမရှိချေ။ သတင်းစုံစမ်းသိရှိသော ရဲတပ်ကြပ်ကိုယ်တိုင်ကလည်း တဆင့်ကြား သတင်းမျှသာ ဖြစ်ကြောင်းဝန်ခံချက်ရှိသည်။ ကျင့်ထုံးပုဒ်မ ၁၁၂ အရ လိုက်နာဆောင်ရွက်ရန်မှာ အမှုတွင် အရေးကြီးသောလိုအပ်ချက်တရပ်ပင် ဖြစ်သည်။ စွပ်စွဲခံရသူ တဦးအား မည်သည့်ကိစ္စ မည်ကဲ့သို့ အရေးယူမည်ဖြစ်ကြောင်း ရှင်းလင်းသိစေမှသာလျှင် ထိုသူအနေဖြင့် ပြည့်ပြည့်ဝဝခုခံ ထုချေနိုင်ပေလိမ့်မည်။

လျှောက်ထားသူ ဦးသန်းအပေါ် အရေးယူထားခြင်းမှာ ဦးသန်းသည်၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ရပ်ကွက်လူငယ်များကို ဆူပူစေရန် ပြုလုပ်လိမ့်မည်ဟူသော သတင်းအရ ဖြစ်သောကြောင့် ယခုအချိန်တွင် အဆိုပါ နေ့ရက်ကို များစွာ ကျော်လွန်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ယင်းသတင်းပေါ် မူတည်၍ ဦးသန်းအား ဆက်လက်အရေးယူရန် အကြောင်းလည်းရှိတော့မည်မဟုတ်ချေ။ အထက်ပါအချက်အလက်များကို ခြုံငုံသုံးသပ်လျှင် ဦးသန်း၏ အပေါ် အရေးယူလျက်ရှိသောအမှုကို ဆက်လက် ဆောင်ရွက်ရန်လိုအပ်မည် မဟုတ်သောကြောင့် ဗဟန်းမြို့နယ် တရားရုံး ပြစ်မှုလေး အမှတ် ၁၃၀/၇၄ အမှုကို ချေဖျက်၍ လျှောက်ထားသူ ဦးသန်းအား အမှုမှ လွတ်ရန်အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်၊ ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆

မေလ ၃ ရက်။

မောင်သန်း

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

(မောင်တင်မောင်) *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇၊ သက်သေခံဥပဒေပုဒ်မ ၆၀ တဆင့်ကြား သက်သေခံချက်သည် သက်သေခံမဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူအပေါ် စွဲချက်တင်ထားခြင်းမှာ မူလအမှုတိုင်တန်းသော တရားလိုကိုယ်တိုင်နှင့် သက်သေများ၏တဆင့်ကြားစကားအရဖြစ်သည်။ တဆင့်ကြားသက်သေခံချက်မှာ သက်သေခံဥပဒေပုဒ်မ ၆၀ အရ၊ သက်သေခံမဝင်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ၊ ဦးဇမောင် (သာယာဝတီ)။

ပြင်ဆင်ရန်လျှောက်ထားခံရသူအတွက်။ ။ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)။

လျှောက်ထားသူ မောင်သန်း အပေါ် သူတပါး သားမယား ခိုးယူပေါင်းသင်းမှုနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ၊ စွဲချက်တင်ခြင်းကိုပယ်ဖျက်ပေးရန် လျှောက်ထားသောအမှုဖြစ်သည်။

မောင်တင်မောင်ဆိုသူသည် ဇနီး မအုံးရီနှင့် ကွဲကွာနေရာမှ မအုံးရီသည် လျှောက်ထားသူ မောင်သန်းနှင့် အတူတကွ ပေါင်းသင်းနေထိုင်ကြောင်း သတင်းကြားရသောကြောင့် တရားစွဲဆိုသည်။ တရားလိုနှင့် သက်သေများကို စစ်ဆေးပြီး မြို့နယ်တရားရုံးက လျှောက်ထားသူအပေါ် ပုဒ်မ ၄၉၇ အရ၊ စွဲချက်တင်သည်။ တိုင်းတရားရုံးကယင်းအမိန့်ကို အတည်ပြုသည်။

---

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၄၀ (ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ୨ (က) တွင်ချမှတ်သော၊ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့စွဲပါ ပဲခူးတိုင်း (သာယာဝတီမြို့ရုံးထိုင်) တရားရုံး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

မောင်တင်မောင်၏အမှု တိုင်တန်းချက်နှင့် ပတ်သက်၍ တရားလိုပြ သက်သေများ
ခဲ့သော သက်သေဦးကြီးရွှေ၊ မောင်ဟန်မြင့်နှင့် ဒေါ်သန်းတို့က ကိုယ်တိုင်မသိပါ၊
ပြောသံကြားရပါသည်ဟု ထွက်ဆိုသည်။ တရားလိုပြ သက်သေ မစန်းရီကလည်း
ပိုမျှ ထောက်ခံထွက်ဆိုခြင်း မရှိချေ။

လျှောက်ထားသူ အပေါ်တွင် စွဲချက်တင်ထားခြင်းမှာ မူလအမှုတိုင်တန်းသော
လို ကိုယ်တိုင်နှင့် သက်သေများ၏ တဆင့်ကြားစကားအရ ဖြစ်သည်။ တဆင့်
သက်သေခံချက်မှာ သက်သေခံ ဥပဒေပုဒ်မ ၆၀ အရ၊ သက်သေခံမဝင်ချေ။
ဤသို့ လျှောက်ထားသူ မောင်သန်း အပေါ် သာယာဝတီမြို့နယ် တရားရုံးပြစ်မှု
ဆိုင်ရာ အမှုအမှတ် ၁၄၇/၇၄ တွင် စွဲချက်တင်ထားခြင်းကို ပယ်ဖျက်၍ မောင်သန်း
အမှုမှ ပြန်လွှတ်လိုက်သည်။

၁၉၇၆

မောင်သန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(မောင်တင်
မောင်)။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်၊ ဦးကြည်မြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇွန်လ ၂၆ ရက်။

၁။ ဦးသွင်၊ ၂။ ဒေါ်တင်နု

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(မသန်းသန်းဝင်း) (ဒေါ်ကျင်ရွှေ) *

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁၊ ပြစ်မှုမြောက်ရန်လိုအပ်ချက်၊ တရားမကြောင်းအရစွဲဆိုသင့်သော အမှုကိုပြစ်မှုဆိုင်ရာအနေဖြင့် မှားယွင်းစွဲဆိုခြင်းအားဖြင့် အရေးယူနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုမြောက်စေရန်အတွက် နစ်နာစေလိုသောအကြံဖြင့် တဦးတယောက်အပေါ် ပြစ်မှုကျူးလွန်သည်ဟုမမှန်မကန် စွပ်စွဲရမည်ဖြစ်လေသည်။ ယင်းပုဒ်မအရ တရားစွဲဆိုရာတွင်လည်း သက်ဆိုင်ရာ တရားရုံးကစာဖြင့်ရေးသား တိုင်တန်းရန်လိုအပ်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) တွင်ဖော်ပြထားလေသည်။

သေဆုံးသူ၏သမီးဖြစ်ကြောင်း အဆိုပြုသူက သေဆုံးသူ၏တူနှင့် တူမများဖြစ်သည်ဟုအဆိုရှိသူများအပေါ် သေဆုံးသူ၏ပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟု စွဲဆိုခြင်းမှာ တဘက်သားနစ်နာစေလိုသော အကြံဖြင့် စွဲဆိုခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။ တရားမကြောင်းအရ စွဲဆိုသင့်သောအမှုမျိုးကို ပြစ်မှုဆိုင်ရာအနေဖြင့် စွဲဆိုခြင်းသာဖြစ်လေသည်။ တရားမကြောင်းအရ အချက်များကိုဖော်ပြ၍ တရားရုံး၌ ပြစ်မှုဆိုင်ရာအဖြစ် မှားယွင်းစွာ တိုင်ကန်းခြင်းအားဖြင့် ပုဒ်မ ၂၁၁ အရအရေးယူနိုင်မည်မဟုတ်ချေ။

ပြင်ဆင်ရန်လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးချိန်ပိုး။

ပြင်ဆင်ရန်လျှောက်ထားခံရသူများအတွက်။ ။ဥပဒေ ဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

ဤအမိန့်သည် ဆက်စပ်သော အမှုအတွက်လည်း အကျုံးဝင်သည်၊ ဦးသန်းဆိုသူ ကွယ်လွန်သောအခါတွင် ယင်း၏ ကျန်ရစ်သော ပစ္စည်းများကို အလွဲသုံးစား ပြုလုပ်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၅၂ (ခ)၊ ၄၅၃(ခ)။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၊ ၁၂ တွင် ချမှတ်သော ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့စွဲပါ၊ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကိုပြန်၍ဆင်ခြင်မှု။

၁၉၇၆

၁။ ဦးသွင်
၂။ ဒေါ်တင်နု
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
(မသန်းသန်းဝင်း) (ဒေါ်ကျင်ရွှေ)။

သည်ဟူ၍ မသန်းသန်းဝင်းက ဦးသန်း၏ တူနှင့် တူမများဖြစ်ကြသော ဦးသွင်နှင့် ဒေါ်တင်နုတို့အပေါ် တရားစွဲဆိုသည်။ မသန်းသန်းဝင်းမှာ ဦးသန်း၏ ဒုတိယဇနီး ဒေါ်စောကြည်၏ သမီးဖြစ်သည်။ ယင်းအမှုကို ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၀၇ (ခ)/၇၃ တွင် ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁ (က) အရ ပယ်ဖျက်လိုက်သည်။

ဦးသွင်နှင့် ဒေါ်တင်နုတို့က မိမိတို့အပေါ် စွဲဆိုထားသော အမှုကို ဗဟိုတရားရုံးက ပယ်ဖျက်လိုက်ပြီးသည့်နောက်တွင် တဖန် မသန်းသန်းဝင်းအပေါ်၌ မိမိတို့အား နစ်နာစေရန် အကြံဖြင့် ပြစ်မှုကျူးလွန်ကြောင်း မဟုတ်မမှန်စွဲဆိုသည်ဟူ၍ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁၁ အရ အလုံမြို့နယ် တရားရုံးတွင် လျှောက်ထားသည်။ ယင်းလျှောက်လွှာကို ပလပ်သောကြောင့် တိုင်းတရားရုံးသို့ ပြင်ဆင်မှုတက်သောအခါတွင်လည်း အောင်မြင်ခြင်းမရှိချေ။ ထို့ကြောင့် ဗဟိုတရားရုံးသို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ ပြစ်မှုမြောက်စေရန်အတွက် နစ်နာစေလိုသော အကြံဖြင့် တဦးတယောက်အပေါ် ပြစ်မှုကျူးလွန်သည်ဟု မမှန်မကန် စွပ်စွဲရမည် ဖြစ်ပေသည်။ ယင်းပုဒ်မအရ တရားစွဲဆိုရာတွင်လည်း သက်ဆိုင်ရာ တရားရုံးက စာဖြင့် ရေးသားတိုင်တန်းရန် လိုအပ်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) တွင် ဖော်ပြထားပေသည်။ မသန်းသန်းဝင်းက ဦးသွင်နှင့် ဒေါ်တင်နုတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ အရ စွဲဆိုသော အမှုတွင် မသန်းသန်းဝင်းသည် ဦးသွင်နှင့် ဒေါ်တင်နုတို့အပေါ် မမှန်မကန် စွဲဆိုကြောင်း မပေါ်ပေါက်ချေ။ အမှုကို ပယ်ဖျက်လိုက်သော ဗဟိုတရားရုံး၏ စီရင်ချက်တွင်လည်း တရားမကြောင်းအရ အရေးယူရမည့်ကိစ္စကို ပြစ်မှုဆိုင်ရာ သဘောနှင့် အရေးယူရန် မသင့်ကြောင်းသာ ဖော်ပြ၍ မမှန်မကန် လီဆယ်၍ စွဲဆိုကြောင်း ဖော်ပြခြင်းမရှိချေ။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ မှာ သေဆုံးသူ၏ ကျန်ရစ်ခဲ့သော ပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုလုပ်ခြင်းဖြစ်သည်။ သေဆုံးသူ၏ သမီးဖြစ်ကြောင်း အဆိုပြုသူက သေဆုံးသူ၏ တူနှင့် တူမများဖြစ်သည်ဟု အဆိုရှိသူများအပေါ် သေဆုံးသူ၏ ပစ္စည်းများကို အလွဲသုံးစားပြုလုပ်သည်ဟု စွဲဆိုခြင်းမှာ တဘက်သား နစ်နာစေလိုသော အကြံဖြင့် စွဲဆိုခြင်းဖြစ်သည်ဟု မယူဆနိုင်ချေ။ တရားမကြောင်းအရ စွဲဆိုသင့်သော အမှုမျိုးကို ပြစ်မှုဆိုင်ရာ အနေဖြင့် စွဲဆိုခြင်းသာ ဖြစ်ပေသည်။ တရားမကြောင်းအရ အချက်များကို ဖော်ပြ၍ တရားရုံး၌ ပြစ်မှုဆိုင်ရာ အဖြစ်မှားယွင်းစွာ တိုင်တန်းခြင်းအားဖြင့် ပုဒ်မ ၂၁၁ အရ အရေးယူနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် မူလတရားရုံးနှင့် တိုင်းတရားရုံးတို့၏ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မရှိသည့်အတွက် အမှုကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဒိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်၊ ဦးစိုးလှိုင်တို့ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဇန်နဝါရီလ
၁၃ ရက်။

ဦးအောင်ကျော်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ဦးဘဆိုင်) *

ပြည်သူ့ဝန်ထမ်းတဦးဖြစ်သူအား ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရား ဆောင်ရွက်စဉ်ပြုမှုမှုနှင့် ပတ်သက်၍ ကြိုတင်ခွင့်ပြုမိန့်မရရှိပဲ တရားရုံးက တရားခံအဖြစ် ထည့်သွင်းတရားစွဲဆိုခြင်းသည် ဥပဒေနှင့်ညီ မညီ။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ဝန်ထမ်းတဦးအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်စဉ် ပြုမှုမှုနှင့်ပတ်သက်၍ ယင်းပြည်သူ့ဝန်ထမ်းအား တရားစွဲဆိုနိုင်ရန် ကြိုတင်ခွင့်ပြုမိန့်လိုသည်၊ ကြိုတင်ခွင့်ပြုမိန့်မရရှိပဲ တရားရုံးက ၎င်းပြည်သူ့ဝန်ထမ်းအားတရားခံအဖြစ်ထည့်သွင်းစွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၇ (၁) ၏ ပြဋ္ဌာန်းချက်နှင့်မညီညွတ်သဖြင့် ဥပဒေအရမှားယွင်းပေသည်၊

လျှောက်ထားသူအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးကိုယု။

လျှောက်ထားခံရသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁) ဦးဘသန်း။

ဇီးကုန်းမြို့ သစ်ထုတ်ရေး ဒေသ၌ မျောတိုင်များ ကုက်ကုပ်ခဲ့သော ကျွဲခေါင်း ဦးအောင်မောင်းသည် ပေးသွင်းပြီး ဖြစ်သည့် မျောတိုင် ၃၁၇ လုံးကို ခိုးယူ၍ တံဆိပ်များနှင့် နံပါတ်များကို ဖျက်၍ လည်းကောင်း၊ မျောတိုင်များကို ဖြတ်တောက်၍ လည်းကောင်း ပုံပြင်လျက် လိမ်လည်ကာ ထပ်မံပေးသွင်းပြီး ငွေထုတ်ယူသောကြောင့် ဦးအောင်မောင်း အား အရေးယူပါရန် ဇီးကုန်းမြို့၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း၊ သစ်ထုတ်ရေးဌာနခွဲ၊ မန်နေဂျာ ဦးဘဆိုင်က ပြည်သူ့ရဲ တပ်ဖွဲ့သို့ တိုင်ကြားခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့က စုံစမ်းပြီး ဦးအောင်မောင်း အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ တရားစွဲဆိုခဲ့သည်။ ဇီးကုန်းမြို့နယ် တရားရုံးက ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၈ သတ်မှတ်၍ စစ်ဆေး ကြားနာခဲ့သည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ ၉၂။

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၁၈ တွင်ချမှတ်သော ဇီးကုန်းမြို့နယ်တရားရုံး၏အမိန့်ကိုလျှောက်ထားမှု။

၁၉၇၆

ဦးအောင်ကျော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ဦးဘဆိုင်)။
၎င်းအယူခံမှုတွင် ဦးကိုကြီးက အကြောင်းပြသည်မှာ မူလမြို့နယ် တရားရုံး ချမှတ်သည့် ဒီကရီမှာ အပြီးသတ် ဒီကရီ မဟုတ်ပါ။ အပြီးသတ် ဒီကရီ မချမှတ်သေးပဲ ဇာရီမှု မပြုလုပ်နိုင်သေးပါ။ တရားမကျင့်ထုံး အမိန့် ၂၀ နည်းဥပဒေ ၁၈ (၂) အရ ပစ္စည်းခွဲဝေသည့် အမှုများတွင် ပဏာမ ဒီကရီ ချမှတ်ပြီးနောက် စုံစမ်း စစ်ဆေးမှု ပြုလုပ်ပြီးမှ အပြီးသတ် ဒီကရီ ချမှတ်ရပါသည်။ ယခုအမှုမှာ စုံစမ်း စစ်ဆေးမှု မပြုလုပ်ရသေးပါ။ ပစ္စည်းတန်ဖိုးအပေါ် တံဆိပ်ခေါင်း ရုံးခွန်တော်များ ထမ်းဆောင်ရန် လိုပါသည် ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ၎င်းအယူခံမှုတွင် စဉ်းစားဆုံးဖြတ်ပေးရန် နှစ်ချက်သာ ရှိသည်။ မူလ တရားရုံး၏ ဒီကရီမှာ အပြီးသတ် ဒီကရီ ဟုတ် မဟုတ်နှင့် ဇာရီမှု မပြုလုပ်မီ ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော် ပေးဆောင်ရန် လို မလို ဟူသော အချက်များ ဖြစ်သည်။

မူလရုံးတွင် ဒေါ်ပေ စွဲဆိုသည့်အမှုမှာ လင်မယား ကွာရှင်းပေးရန်နှင့် ပစ္စည်း ခွဲဝေပေးရန် ဖြစ်သည်။ ယင်းကဲ့သို့ စွဲဆိုသည့် အမှုများတွင်အမှုစစ်ဆေးပြီးနောက် ပထမဦးစွာ ပဏာမ ဒီကရီ ချပေးပြီးမှ ဆက်လက်ဆောင်ရွက်ပြီး အပြီးသတ် ဒီကရီ ချပေးရမည်ဟု ဥပဒေက မဆိုပေ။ ယခုအမှုတွင် မူလတရားရုံးက အမှုစစ်ဆေးစဉ် အခါကပင် မည်သည့် ပစ္စည်းများကို မည်သူရထိုက်သည် မည်သည့် ပစ္စည်းများမှာ မည်သူ့လက်ဝယ်တွင် ရှိသည်၊ မည်သည့် ပစ္စည်းများကို မည်ကဲ့သို့ ခွဲဝေရမည် အစရှိသည်တို့ကို တပေါင်းတည်း စစ်ဆေး၍ အဆုံးအဖြတ်ပေးပြီး ဖြစ်သည်။ သို့ဖြစ်၍ မူလတရားရုံးက ချမှတ်သည့်အမိန့်မှာ အပြီးသတ် ဒီကရီပင် ဖြစ်သည်။

မူလရုံးတွင် အမှုစွဲဆိုစဉ်ကပင် အဆိုလွှာ၌ မည်သည့်အကြောင်းကြောင့် ရုံးခွန်တော် ၂၀ ကျပ် တပ်ထားသည်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။ ယင်းအချက်နှင့်

၁၉၇၆

ဦးကိုကြီး နှင့် ဒေါ်ပေ။

ပတ်သက်၍ မူလရုံးတွင် တရားပြိုင်ဖြစ်ခဲ့သည့် အယူခံတရားလိုက မကန့်ကွက်ခဲ့ချေ။ ရုံးခွန်တော် တံဆိပ်ခေါင်းနှင့် ပတ်သက်၍လည်း မူလရုံး၏ ဒီကရီတွင် မည်ကဲ့သို့မျှ အမိန့်ချမှတ်ထားခြင်း မရှိချေ။ ထို့ကြောင့် ဇာရီမှုတွင် ရုံးခွန်တော် ကိစ္စနှင့်ပတ်သက်၍ အရေးဆိုပိုင်ခွင့် မရှိတော့ချေ။

သို့ဖြစ်၍ မူလမြို့နယ် တရားရုံးနှင့် အယူခံတိုင်း တရားရုံးတို့၏ အမိန့်များကို အတည်ပြု၍ ဤအယူခံကို ပလပ်လိုက်သည်။ ရှေ့နေစရိတ် ၇၅ ကျပ် ခွင့်ပြုသည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးထွန်းအောင်ကျော်၊ ဦးလွင်မောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ကျင်အေး

နှင့်

ဦးဘလွင် ပါ ၂ ဦး *

† ၁၉၇၅ မေလ ၇ ရက်။

သေသူသည်၊ ၎င်းအတွက် သပိတ်သွတ်ခြင်း၊ အသုဘစရိတ်ကျခံခြင်း၊ ငွေထောက်ပံ့ခြင်း စသည့် ကိစ္စတို့ကို ဆောင်ရွက်ခဲ့သူ၏ အလုပ်သမားဖြစ်သည်ဟု ယူဆနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။ဒေါ်ကျင်အေးသည် မိမိအိမ်တွင် မောင်အေးဝင်းအတွက် သပိတ်သွတ်ခြင်း၊ အလုပ်စရိတ် ၁၀၀၀ိ ကျော်အကုန်အကျခံခြင်းကြောင့် မောင်အေးဝင်း၏ အလုပ်ရှင်ဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပေ။ မိမိ၏အိမ်ရှေ့တွင် သေဆုံးခဲ့သည့်အတွက် ဗုဒ္ဓဘာသာလူမျိုးတယောက် အနေဖြင့် ဤကဲ့သို့ဆောင်ရွက်ခဲ့သည်ဟု ယူဆနိုင်ပေသည်။ ဦးဘလွင်၏ မိသားစုအား ရန်ကုန်သို့ လာရန် ငွေ ၁၀၀ိ ပေးခြင်း၊ အပြန်တွင်လည်း ငွေ ၂၀ိ ပေးမည်ဟုပြောခြင်းတို့မှာ ဒေါ်ကျင်အေး သည်မိမိအိမ်ရှေ့တွင် ရန်ကုန်မြို့၌ ဆွေမျိုးမရှိပဲနေသည့် သူငယ်တယောက်သေဆုံးသည့်အတွက် ကရုဏာထား၍ ဆောင်ရွက်ခဲ့သည်ဟုလည်း ဆိုနိုင်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မတီက မောင်အေးဝင်းသည် ဒေါ်ကျင်အေးပိုင်ဘတ်စ်ကားနှင့် တနည်းနည်းပတ်သက်သူတဦးဖြစ်ရမည်ဟု ဆုံးဖြတ်ထားကြောင်း လည်းတွေ့ရသည်။ ပတ်သက်ရုံမျှဖြင့် မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ အလုပ်သမားဖြစ်သည် ဟု မဆိုနိုင်ချေ။

အယူခံတရားလိုအတွက်။ ။ဦးဇော်မင်း။

အယူခံတရားခံအတွက်။ ။မစ္စတာအက်(စ်)ကေဂို့ရှ်၊ ဥပဒေဝန်ထမ်းအဆင့် (၁)။

သေသူ မောင်အေးဝင်းဆိုသူသည် အယူခံတရားလို ဒေါ်ကျင်အေး၏ အိမ်ရှေ့တွင် ပြင်နေသည့် ယင်း၏ တူဖြစ်သူ မောင်သန်းလှိုင်ပိုင် ဘတ်စ်ကား အမှတ် ဂ/ဂ၀၃၆ ကို ကူပြီးပြင်ပေးနေခိုက် လျှပ်စစ်ဓာတ်အားလိုက်ပြီး သေဆုံးခဲ့သဖြင့် မောင်အေးဝင်း၏ ဖခင်ဖြစ်သူ အယူခံ တရားပြိုင် ဦးဘလွင်က အလုပ်သမားလျော်ကြေးကို အယူခံ

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၁၄။

† ၁၉၇၅ ခုနှစ်၊ တရားမအလုပ်သမားလျော်ကြေးမှုအမှတ် ဂ တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မတီရုံး၏ချမှတ်သောအမိန့်ကိုအယူခံမှုဝင်မှု။

၁၉၇၆

ဒေါ်ကျင်အေး နှင့် ဦးဘလှိုင် ပါ ၂ ဦး

တရားလို ဒေါ်ကျင်အေးထံမှ တောင်းရာ အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက လျော်ကြေး ငွေ ၄၃၂ဝိ ပေးစေဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေးဥပဒေ ပုဒ်မ ၃ဝ အရ ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

မောင်အေးဝင်းသည် မိမိ၏အလုပ်သမားမဟုတ်ပါဟု ဒေါ်ကျင်အေးကခုခံခဲ့သည်။ မိမိ၏ ဘတ်စ်ကားမောင်းသူ ဦးစိန်မောင်က မောင်အေးဝင်းကို (၎င်းမသေခင်က) ခေါ်လာပြီး အလုပ်လာတောင်းပေးဘူးကြောင်း၊ အလုပ်ရှိလျှင် ဦးစိန်မောင်ကာတဆင့် ပြောလိုက်မည်ဟု ပြန်ပြောလိုက်ကြောင်း၊ မိမိအနေဖြင့် မောင်အေးဝင်းကို အလုပ်မပေးဘူးကြောင်း ထွက်ဆိုခဲ့သည်။

မောင်အေးဝင်း သေဆုံးမှုတွင် ဒေါ်ကျင်အေးက ယင်း၏အိမ်၌ သပိတ်သွတ်ခြင်း၊ အသုဘစရိတ် ငွေ ၁ဝဝဝိ ခန့် ကုန်ကျခံခဲ့ခြင်းတို့ကို ထောက်ရှု၍လည်းကောင်း ဦးဘလှိုင်၏ မိသားစုများ ရန်ကုန်သို့ လိုက်လာရန် စရိတ်ငွေ ၁ဝဝိ ထုတ်ပေးခြင်း၊ ဦးဘလှိုင်အပြန်တွင် ငွေ ၂ဝဝိ ထောက်ပံ့လိုက်မည်ဟု ပြောလိုက်ခြင်းတို့ အရလည်းကောင်း မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ အလုပ်သမားဖြစ်သည်ဟု အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီက အဆုံးအဖြတ် ပေးထားကြောင်း တွေ့ရလေသည်။ ဒေါ်ကျင်အေးသည် မိမိအိမ်တွင် မောင်အေးဝင်းအတွက် သပိတ်သွတ်ခြင်း၊ အသုဘစရိတ် ၁ဝဝဝိ ကျော် အကုန်အကျခံခြင်းကြောင့် မောင်အေးဝင်း၏ အလုပ်ရှင်ဖြစ်သည်ဟု ယူဆနိုင်မည် မဟုတ်ပေ။ မိမိ၏အိမ်ရှေ့တွင်သေဆုံးခဲ့သည့်အတွက် ဗုဒ္ဓဘာသာ လူမျိုးတယောက် အနေဖြင့် ဤကဲ့သို့ ဆောင်ရွက်ခဲ့သည်ဟု ယူဆနိုင်ပေသည်။ ဦးဘလှိုင်၏ မိသားစုအား ရန်ကုန်သို့လာရန် ငွေ ၁ဝဝိ ပေးခြင်း အပြန်တွင်လည်း ငွေ ၂ဝဝိ ပေးမည်ဟု ပြောခြင်းတို့မှာ ဒေါ်ကျင်အေးသည် မိမိအိမ်ရှေ့တွင် ရန်ကုန်မြို့၌ ဆွေမရှိ မျိုးမရှိပဲ နေသည့် သူငယ်တယောက် သေဆုံးသည့်အတွက် ကရုဏာထား၍ ဆောင်ရွက်ခဲ့သည်ဟုလည်း ဆိုနိုင်ပေသည်။

အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီက မောင်အေးဝင်းသည် ဒေါ်ကျင်အေးပိုင် ဘတ်စ်ကားနှင့် တနည်းနည်း ပတ်သက်သူတဦးဦး ဖြစ်ရမည်ဟု ဆုံးဖြတ်ထားကြောင်းလည်းတွေ့ရသည်။ ပတ်သက်ရုံမျှဖြင့် မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ အလုပ်သမားဖြစ်သည်ဟု မဆိုနိုင်ချေ။

ဤအမှုတွင် မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ အိမ်ရှေ့တွင် ပြင်နေသည့် မော်တော်ကားကို ကူပြီးပြင်နေခဲ့ခြင်းမှ လျှပ်စစ်ဓာတ်လိုက်ပြီး သေဆုံးကြောင်း သက်သေ အထောက်အထားမရှိပေ။ မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ မော်

တော်ကားတွင် စပယ်ယာမကျွင်းနစ်အဖြစ်ဖြင့် အလုပ်လုပ်နေကြောင်း၊ ဒေါ်ကျင်အေးက လုပ်ခ ပေးခဲ့ကြောင်းမှာလည်း သက်သေ အထောက်အထားမရှိပေ။ ဦးဘလွင် အနေဖြင့် မောင်အေးဝင်းသည် မသေခင်က ရန်ကုန်-အုတ်ဖိုပြေးသည့် ကားတွင် တလ ၁၅ဝိ ဖြင့် စပယ်ရာ အလုပ်လုပ်နေကြောင်း စာရရှိခဲ့သည်ဟု ထွက်ဆိုထားသော်လည်း ယင်းစာများကို မတင်ပြနိုင်ခဲ့ချေ။ ယင်းစာများတွင် မည်သည့် မော်တော်ကား၊ မည်သူပိုင်ကားတွင် အလုပ်လုပ်နေသူဖြစ်ကြောင်း ဖော်ပြထားသည်ဟုလည်း မထွက်ဆိုခဲ့ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မောင်အေးဝင်းသည် ဒေါ်ကျင်အေး၏ အလုပ်သမားဖြစ်သည်ဟု ယူဆရန် လုံးဝ အကြောင်းမရှိသဖြင့် လျော်ကြေးစီစစ်ရေးကော်မတီ၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ စရိတ်ခွင့်မပြု။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးလှမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ နိုဝင်ဘာ ၁၂ ရက်။

ဒေါ်ကြည်

နှင့်

ဦးဘတင် *

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (စ) အရ အိမ်ငှါးအား ဖယ်ရှားပေးစေလိုမှုတွင် အိမ်ရှင်သည် မိမိကိုယ်တိုင်နေထိုင်ရန်အတွက် သဘောရိုးဖြင့်တောင်းဆိုခြင်း ဟုတ် မဟုတ်ဆိုသော အချက်ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုသည် ၎င်း၏အခြားအဆောက်အဦးမရှိကြောင်း ပေါ်လွင်သည်။ သထုံမြို့၌ ရန်ကုန်မှရောက်လာပြီး သူ့ဘပါးအိမ်တွင် တည်းခိုနေရကြောင်းမှာလည်း ပေါ်လွင်သည်။ ရန်ကုန်တွင် သားမက်နှင့်အတူ မနေထိုင်လိုကြောင်းလည်း ထွက်ဆိုထားသည်။ အသက်အရွယ် ၇၂ နှစ်ကျော်ပြီဖြစ်၍ သထုံမြို့၌ပင် ဆွေမျိုးများနှင့် တမြို့တည်းအတူလာနေထိုင်လိုကြောင်းလည်းထွက်ဆိုထားသည်။ ထိုအချက်များအရပင်လျှင် ဒေါ်ကြည်သည် မိမိပိုင်အိမ်သို့ မိမိကိုယ်တိုင်အသုံးပြုရန်အတွက် သဘောရိုးဖြင့် ပြန်ရလိုကြောင်း ပေါ်လွင်သည်။ ဒေါ်ကြည်သည် သထုံမြို့သို့ အပြီးအပိုင်ပြန်လည်ပြောင်းရွှေ့လာခြင်း ဟုတ်မဟုတ်ကို ဤအမှုတွင် ထည့်သွင်းစဉ်းစားရန်မလိုပေ။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်ကြီး

အယူခံတရားခံအတွက်။ ။ဦးမြစိုးစိုးဖိုး

သထုံမြို့နယ်တရားရုံး ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၁ တွင် အယူခံတရားလိုထံအယူခံ တရားပြိုင်အပေါ် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂ (၁) (စ) အရ မိမိကိုယ်တိုင် ပြန်လည်နေထိုင်ရန်လိုအပ်ခြင်းဖြင့် မိမိအိမ်ငှားအား ဖယ်ရှားပေးစေလိုမှု စွဲဆိုခဲ့သည်။ မူလမြို့နယ်တရားရုံးက အယူခံတရားလိုစွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးလိုက်သည်။ မွန်ပြည်နယ်တရားရုံးက မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး အမှုကို ပလပ်လိုက်သည်။ သို့ဖြစ်၍ ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၀။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ်/ ၂၇ တွင်၊ ချမှတ်သောသထုံမြို့မွန်ပြည်နယ်ပြည်သူ့တရားရုံး၏ဒီကရီကိုအယူခံမှု။

၁၉၇၆
ဒေါ်ကျင်အေး
နှင့်
ဦးဘလွင်
ပါ ၂ ဦး။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန်အဓိက အချက်မှာ အယူခံတရားလို ဒေါ်ကြည်သည် အခင်းဖြစ် အဆောက်အအုံကို မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးဖြင့် တောင်းဆိုခြင်း ဟုတ် မဟုတ် ဟူသောအချက်ဖြစ်သည်။ အခင်းဖြစ်သော အဆောက်အအုံကို အယူခံတရားလိုနှင့် ၎င်း၏ ကွယ်လွန်သူခင်ပွန်းတို့က ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကတည်းက ပိုင်ဆိုင်ခဲ့ကြောင်းမှာ အငြင်းမထွက်ချေ။ အယူခံတရားလို ဒေါ်ကြည်သည် သမီးနှင့်သားမက်တို့နှင့်အတူ ရန်ကုန်၌ နေထိုင်လာရာမှ မကြာမီက သမီး သေဆုံးသွားသည့်အတွက် သထုံသို့ ပြန်လာခဲ့ကြောင်းမှာလည်း အငြင်းမထွက်ချေ။ မွန်ပြည်နယ်တရားရုံးက အယူခံတရားလိုသည် သထုံသို့ အပြီးအပိုင် ပြန်လည်ပြောင်း လာခြင်းနှင့်ပတ်သက်၍ သက်သေ အထောက်အထားမတင်ပြနိုင်ခြင်းကြောင့် အမှု ပလပ်လိုက်သည်ဟု ဆုံးဖြတ်ထားကြောင်း တွေ့ရသည်။

အယူခံတရားလိုသည် ၎င်းပိုင် အခြားအဆောက်အအုံမရှိကြောင်း ပေါ်လွင်သည်။ သထုံမြို့၌ ရန်ကုန်မှရောက်လာပြီး သူတပါးအိမ်တွင် တည်းခိုနေရကြောင်းမှာလည်း ပေါ်လွင်သည်။ ရန်ကုန်တွင် သားမက်နှင့်အတူ မနေထိုင်လိုကြောင်းလည်း ထွက်ဆို ထားသည်။ အသက်အရွယ် ၇၂ နှစ်ကျော်ပြီဖြစ်၍ သထုံမြို့၌ပင် ဆွေမျိုးများနှင့် တမြို့ တည်းအတူလာနေထိုင်လိုကြောင်းလည်းထွက်ဆိုထားသည်။ ထိုအချက်များအရပင်လျှင် ဒေါ်ကြည်သည် မိမိပိုင်အိမ်ကို မိမိကိုယ်တိုင် အသုံးပြုရန်အတွက် သဘောရိုးဖြင့် ပြန်ရလိုကြောင်း ပေါ်လွင်သည်။ ဒေါ်ကြည်သည် စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ရရှိပါက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဇ) အရ အခင်းဖြစ်အိမ်မှ အိမ်ငှားရွှေ့ပြောင်းပေးသည့် နေ့ရက်ကစ၍ ၃-လအတွင်း မိမိကိုယ် တိုင် နေထိုင်ပါမည်ဟူ၍ ခံဝန်ချုပ်ဆိုရမည်ဖြစ်သည်။ ဒေါ်ကြည်သည် သထုံမြို့သို့ အပြီးအပိုင် ပြန်လည်ပြောင်းရွှေ့လာခြင်း ဟုတ်မဟုတ်ကို ဤအမှုတွင် တည့်သွင်း စဉ်းစားရန်မလိုပေ။

သို့ဖြစ်၍ မွန်ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ မူလ မြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

။ကိုဝင်ထဲနေသွယ်ဖယ်ဗ္ဗ ငထေဓသ္ပဂီင ဗြ

းဖိုးဆဲဂ ထံငွါဂြ္ဂကႏွါဂြန္ရ၊ ကြ္ဂါကြလငွဂ၁ ၊ ၁သိ ၆ငသ္ပဂဲနေကီးဖြူဂ၊ဆဲထ ၊ဖွန္ဓ ၄၁၀၀ +

။ငင သ္ပဂဲနေကိုဝင်ထဲနေဂထ ဂးဆဲထ ၊ဖွန္ဓ ၄၁၀၀

။ငလႏွံႏုငွ်ိ ၁ွန်းငွ်ိ၁ွထႏငွ်ိ။ ။ယွိဝနေ၁ွါကြ်းဆဲထဝ္ဂထဲနေ

။ႏဓဝ္ဂွါင်းငွ်ိ ၁ွန်းငဗ်ဂွဂငငဝိ၈။ ။ယွိဝနေလွ်းဆဲထဝ္ဂထဲနေ

။ငွါဂဗ္ပဂြ်ႏိုႏ၁ွဗ္ဗ

ငလဗနေဓဂဝ် ႏဂထႏိုလ်၁ဝငဂန္ရ် ယဝဝနေဝီယႏ၁ွြဂ်ယထကီ၁နေဗြႏ၁ွ ၁ွ်ထွ်ႏငလႏငြ၁ွန္ဂ ငလငငယဒိဂ ငွါထ်ိုယထႏဗ္ဗ ၁ဂ၁ွိဝငွါဂြငန္ရ် ႏဂြလွ၁ွဝနွ် ၁ွ်ယါဓွွဗ္ဗါဗ နွဗ္ပဝိႏဗ္ဗ ၁ွိဝငွါဂြငန္ရ် ႏြ္ဂႏငီႏကီ၁ ၁ွိဝငွါဂြငန္ရ်ငွါထႏ၁ွ ႏငယ်ွလ္ဂြ်ႏြ္ဂကိ်လွ်ကဓဝ ငွါထွ်ႏငလႏငြ၁ွန္ဂငွါထန္ရွ်ဗ္ဗနွ်ဗိ ငယ်ယ်ပြန္ဓ ။ငွါထွ်ငွါဂ၁ွ်ယထ ငထွ်န်ဓဂဝ်ႏဂထႏိုလ်၁ဝငဂန္ရ် ငကိဝ်ယႏ၁ွြဂ်ယထယ်ကီ၁နေဗြႏ၁ွ ၁ွ်ထွ်ငွါဂြိယႏ်ယငလငငယဒိဂ ငွါထန္ရွ်ဗ္ဗနွ်ဗိ ငယ်ယ်ပြန္ဓ

။ငွါထွ်

ငွါဂ၁ွ္ပႏဂ၁ယွ်ႏနေဗ္ဗ ႏ၁ငယြ၁ိုဂိယ်ႏ်ယ ငွါယြ်ဂ၁ဝယထ ယငလငငွါထငွါဂ ငလဂ်ႏဂြ ႏငႏငွါ၈ ႏ၁ွထွါထ ယန်ဓနေဗြ၁နေ၁ွါယႏနွ်ဝယဂ ငွါထႏ၁ထနေ၁ွြဂ၁နေဂပ္ပထိဓ၁ွ ၁ွန်ဆဲနေ ကိနေ၁ွန် ဆဲနေကိနေ၁ွ္ပ ႏ၁ွ္ပထႏ၁ငယြ၁ယဓ်ဗြႏ၁ွ်ယွ်ငွါထငွါယြ်ဂ၁ဝယထ ငွါငလငင ငွါထငွါဂ၁ွါထငွါထယွ်ထ ၁ွ်ထွ်ဂြ်ႏဂိဗွ်ဗွ်ငွါယြ၁ဝ ငွ်ႏ၁ွိဝနေ၁ွ်ယငဂဓထႏငွ်ိထိ ။ဂဓ၁ွိဝဂငွါဂ၁ွ် ၁ွ်ထႏိဝ်ကိယထဓ ငဝိယ်ကိ ဗြွ်ဗြ်ယ်ါနေငွါထ ၂ဂဓ၁ွ်ငွ်ငွ်ယ်ထိထႏ၁ွိဝ၁ွ ဗြထိ၁ွ ငကိယ်ါနေ ငွါထ၁ွ်ငွါထငွါယြ်ဂ၁ဝယထ ယငလငငွါထငွါဂ ငွါထယငဂဓထႏငွ်ိထိ။ ။ယ်ါနေ၁ွ်ဂြ်ႏ

။ဗ္ဗ၈ ဗွ် ႏ၁ွ်

၁ွ်ယထ၁ွန်ဓဂဝ်ႏဂထႏိုလ်၁ဝငဂန္ရ် ငွါထႏြ္ဂကိ်လွဂဓဝ ႏငလႏငြ၁ွန္ဂငွါထကိယ်ႏယ ငလငငယဒိဂ ၊ယ်ါနေငွါထ၁ွ်ငွါထငွါယြ်ဂ၁ဝယထ ယငလငငွါထငွါ၈ ငွါထယငဂဓထႏငွ်ိထိ

ႏငွ်ိ ၄င ၂ဂိုႏဂ၁ငလႏငဂ်ႏ၁ွါ (၂၉၁) ယွ်ယွ်

၁ွန္ဓ

ႏဂ၁ငလန္ဓဗ၁ွလငဂ္ဂ (၂၉၁) ၁ွ်ြ၁ွငဂ၁ွႏငွ်ိ

၁ွိဝဗ္ဗ၁ကိနေႏဗ၁ွဗ္ဗဆဲထ ဂငငလ၁ွ၀၂

ယွ်ကြ်ငွါယြ်ႏငွ်ိ ၁ွ်ငွါယ၁ွငနေ၁ွ်ဝ ႏယြ်ႏကိလွ် ဗ္ဗြ်နေႏငြဂ၁ွဝကိနေ ၊၁ွဓွန္ဓထႏငွ်ိ ဗ္ဗြ်နေဝိယ်ငွ်ိ

ကိုဝင်ထဲနေဂထဂးဆဲထ

ႏယ်ဗ ၀င
လဂ၁
၅၀၀င +

၁၃

၁၉၇၆ †

ဦးခင်မောင်မြင့် (ခေါ်) ဆီဗာလင်ဂန် ဆာဗေး နှင့် ကိုကို (ခေါ်) ချင်းနယား ဆာဗေးပါ ၁၃ ဦး။

အယူခံတရားလို ဦးခင်မောင်မြင့်နှင့် အယူခံ တရားပြိုင် အမှတ် (၁) မှ (၉) တို့မှာ မော်လမြိုင်မြို့နေ ကွယ်လွန်သူ ဆရာဝန်ကြီး ဒေါက်တာ ဆွန်ဒရှန်၏အစ်ကိုနှင့် ညီမမှ မွေးဖွားသော တူနှင့် တူမများဖြစ်ကြသည်။ အယူခံ တရားပြိုင်အမှတ် (၁၀) မခင်နန်းနွယ်မှာ ဒေါက်တာ ဆွန်ဒရှန်နှင့် ၎င်း၏ဇနီး ဒေါ် နုနုတို့၏ မွေးစားသမီးဖြစ်သည်ဟု အဆိုရှိသည်။ အယူခံ တရားပြိုင်အမှတ် (၁၁) ဒေါ်အေးမှာ ဒေါ်နုနု၏ ညီမဖြစ်ပြီး၊ အယူခံ တရားပြိုင်အမှတ် (၁၂) ဦးမောင်တင်မှာ ဒေါ်နုနု၏မောင် မခင်နန်းနွယ်၏ ဖခင်အရင်းဖြစ်သည်။

မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅/၇၃ တွင် အယူခံတရားလို ဦးခင်မောင်မြင့်တဦးတည်းက တရားလို ပြုလုပ်၍၊ ကွယ်လွန်သူ ဒေါက်တာဆွန်ဒရှန်၏ အမွေပစ္စည်းများကို တရားရုံးမှ စီမံအုပ်ချုပ် ခွဲဝေပေးရန် အယူခံ တရားပြိုင်များ အပေါ် တရားစွဲဆိုခဲ့သည်။ ထို့နောက် မူလအမှုတွင် တရားပြိုင်အမှတ် (၁၃) ဖြစ်သည့် မစန်းစန်းဆိုသူကိုလည်း တရားရုံးက အမှုတွင် တရားပြိုင်အဖြစ်ဖြင့် ထည့်သွင်းခဲ့သည်။ မစန်းစန်းက ၎င်းသည် ဒေါက်တာ ဆွန်ဒရှန်၏ ကိတ္တိမမွေးစားသမီး ဖြစ်သည်ဟု အဆိုရှိခဲ့သည်။

အမှု စွဲဆိုရာ၌ အယူခံတရားလို ဦးခင်မောင်မြင့်က ဒေါက်တာ ဆွန်ဒရှန်မှာ ဟိန္ဒူဘာသာကိုကိုးကွယ်သူဖြစ်၍၊ ၎င်းနှင့်အတူတကွ ဒေါက်တာဆွန်ဒရှန်၏ တူမများ သာလျှင် အမွေစား အမွေခံများဖြစ်ကြ၍၊ ၎င်းတို့အား ဒေါက်တာဆွန်ဒရှန်၏ အမွေပစ္စည်းများကို ခွဲဝေပေးရန် စွဲဆိုခြင်းဖြစ်သည်။ အယူခံ တရားပြိုင်အမှတ် (၁၀)၊ (၁၁)နှင့်(၁၂) တို့က ဒေါက်တာ ဆွန်ဒရှန်သည် ဟိန္ဒူဘာသာကိုကိုးကွယ်သူမဟုတ်ပါ၊ အသက်ရှင်စဉ်က ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူတဦး အဖြစ်ဖြင့် သေဆုံးခဲ့ပါသည်။ အယူခံတရားပြိုင်အမှတ် (၁၀) မခင်နန်းနွယ်မှာ၊ ဒေါက်တာဆွန်ဒရှန်နှင့် ဒေါ်နုနုတို့၏ ကိတ္တိမမွေးစားသမီး ဖြစ်သောကြောင့် ၎င်းသာ တဦးတည်းသော အမွေဆက်ခံထိုက်သူ ဖြစ်ပါသည်ဟု ချေပခဲ့ကြသည်။

အမှုကို မွန်ပြည်နယ် တရားရုံးက ကြားနာ စစ်ဆေးပြီးနောက်၊ ဒေါက်တာ ဆွန်ဒရှန်သည် ဗုဒ္ဓဘာသာကို ကိုးကွယ်သူဖြစ်ကြောင်း၊ မခင်နန်းနွယ်မှာ ဒေါက်တာ ဆွန်ဒရှန်နှင့် ဒေါ်နုနုတို့၏ ကိတ္တိမ မွေးစားသမီးဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ၊ မခင်နန်းနွယ်မှာ တဦးတည်းသော အမွေစား အမွေခံဖြစ်ကြောင်း ဆုံးဖြတ်လျက်၊ အယူခံ တရားလို၏အမှုကို ပလပ်ခဲ့သည်။ သို့ဖြစ်၍ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

† ၁၉၇၆

ဦးခင်မောင်မြင့် (ခေါ်) ဆီဗာလင်ဂန် ဆာဗေး နှင့် ကိုကို(ခေါ်) ချင်းနယား ဆာဗေး ပါ ၁၃ ဦး။

အယူခံ တရားပြိုင်အမှတ် (၁၃) မစန်းစန်းမှာ၊ ဒေါက်တာ ဆွန်ဒရှန်၏ မွေးစားသမီးမဟုတ်ဟု မွန်ပြည်နယ်တရားရုံးက ဆုံးဖြတ်ထားသော်လည်း မစန်းစန်းက အယူခံ တင်သွင်းခြင်း မပြုချေ။ သို့ဖြစ်၍ ၎င်းအား မွေးစားသည် ဆိုသောပြဿနာကို ဤအယူခံမှုတွင် စဉ်းစားရန် မလိုတော့ပေ။

ဤအယူခံမှုတွင် ဆုံးဖြတ်ရန်အဓိကအချက်မှာ ကွယ်လွန်သူ ဒေါက်တာဆွန်ဒရှန်မှာ ဟိန္ဒူဘာသာကို ကိုးကွယ်သူ ဖြစ်သလော၊ သို့မဟုတ် ဗုဒ္ဓဘာသာကို ကိုးကွယ်သူ ဖြစ်သလောဟူသော အချက်ပင်ဖြစ်သည်။ လူတဦးတယောက်သည် မည်သည့်ဘာသာကို သက်ဝင်ယုံကြည်သည်ဆိုသည့်အချက်မှာ၊ ထိုသူ၏ စိတ်တွင်းသဏ္ဌာန်၌ ဖြစ်ပေါ်သည့်အချက်ဖြစ်၍ လွယ်ကူစွာ ကောက်ယူ ဆုံးဖြတ်နိုင်မည် မဟုတ်ပေ။ လူတဦးတယောက်စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့်၊ ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို ၎င်း၏ နောက်ကြောင်းသမိုင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းစသည့် ပတ်ဝန်းကျင် အခြေအနေကို ထည့်သွင်း စဉ်းစားပြီးမှသာ မည်သည့်ဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ခဲ့ကြောင်း အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပေသည်။

ဒေါက်တာ ဆွန်ဒရှန်သည် တမေလ်ဟိန္ဒူ မိဘနှစ်ပါးမှ မွေးဖွားခဲ့သူတဦး ဖြစ်ကြောင်းမှာ အငြင်းမထွက်ချေ။ ၎င်းသည် အသက်ရှင်စဉ်အခါက ဗုဒ္ဓဘာသာကို သက်ဝင် ကိုင်းရှိုင်းခဲ့သူ တဦးဖြစ်ကြောင်း မှန်သည်ဟု အယူခံ တရားလိုက ဝန်ခံခဲ့သည်။ သို့ရာတွင် ဒေါက်တာ ဆွန်ဒရှန်သည် အသက်ရှင်စဉ်အခါက ဟိန္ဒူဘာသာကိုလည်း အမြဲကိုးကွယ်ပြီး၊ ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်သူဖြစ်သဖြင့်၊ ၎င်း၏အမွေပစ္စည်းများကို ဟိန္ဒူဘာသာ ဥပဒေအရ သော်လည်းကောင်း၊ ဗုဒ္ဓဘာသာဓလေ့ထုံးထမ်းအရသော်လည်းကောင်း စီရင်ဆုံးဖြတ်ခြင်း မပြုပဲ၊ မြန်မာနိုင်ငံ ဥပဒေများ၊ အက်ဥပဒေပုဒ်မ ၁၃ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတမှု၊ ညီမျှမှုနှင့်ကောင်းသောစေတနာ ထားရှိမှုများအရ ဆုံးဖြတ်သင့်ပါသည်ဟု အယူခံ တရားလို၏ ရှေ့နေကြီးက တင်ပြခဲ့ပါသည်။

မူလအမှုတွဲရှိ သက်သေခံချက်များနှင့် သက်သေခံစာရွက်စာတမ်းများကို စိစစ်သုံးသပ်လိုက်သည့်အခါ၊ ဒေါက်တာဆွန်ဒရှန်သည် အသက်ရှင်စဉ်အခါက ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ပြီး ကွယ်လွန်အနိစ္စရောက်စဉ်အခါက ဗုဒ္ဓဘာသာဝင် တဦးဖြစ်ကြောင်း ထင်ရှားသည်ဟု ကျွန်ုပ်တို့ ယူဆသည်။ ဒေါက်တာ ဆွန်ဒရှန်သည် ဗုဒ္ဓဘာသာဘုရားသံဃာများကိုရှိခိုးကန်တော့ခြင်း၊ နေ့စဉ်လိုပင်သံဃာများအတွက် ဆွမ်းပို့ခြင်း၊ သံဃာများအား နေအိမ်သို့ ပင့်ဖိတ်၍ ဆွမ်းကျွေးခြင်း၊ ပရိတ်တရားတော် နာခြင်း စသည့်

နိစ္စဘတ် ကုသိုလ်ကောင်းမှုများသာမက ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း ပိဋကတ်သုံးပုံ လှူဒါန်းခြင်းစသည့် မြောက်မြားစွာသော ဒါနကုသိုလ်၊ နိုပေါဘုန်းကြီး ဦးသုမင်္ဂလသာမိနှင့် ဆရာတော် ဦးကုမာရတိအတွက် ပစ္စည်းဒါယကာ ခံယူခြင်း၊ မိမိကိုယ်တိုင် ရဟန်းဘောင်သို့ တက်ရောက်ခြင်းစသော သီလကုသိုလ်၊ အကြိမ်ကြိမ် တရားထိုင်ခြင်း၊ မိမိသေဆုံးသည့်တိုင် တရားအားထုတ်သွားခြင်းစသော ဘာဝနာ ကုသိုလ်၊ အစုစုတို့ကြောင့် ဒေါက်တာ ဆွန်ဒရှန်မှာ ဗုဒ္ဓဘာသာကိုးကွယ်သူ တဦးဖြစ် သည်ဟု ယူဆရမည်ဖြစ်ပေသည်။ ဒေါက်တာ ဆွန်ဒရှန်သည် ဟိန္ဒူဘာသာကို ကိုးကွယ်သူ ဖြစ်ကြောင်းဖြင့် အယူခံတရားလိုဘက်မှ တင်ပြထားသော သက်သေခံချက် များမှာ ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ကြောင်းဖြင့် အယူခံတရားခံများဘက်မှ တင်ပြ သော သက်သေခံချက်များနှင့် နှိုင်းစာလျှင် မပြောပလောက်ပေ။ ဒေါက်တာဆွန်ဒရှန် သည် ဟိန္ဒူဘာသာကို၊ ဘာသာရေးအရမဟုတ်ပဲ၊ လူမှုရေးအရသာ ဆောင်ရွက်ခဲ့သည် ဟု ယူဆရန် ရှိပေသည်။

အယူခံ တရားလိုဘက်မှ ဒေါက်တာဆွန်ဒရှန်သည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို ကိုးကွယ်ခဲ့သူ တဦးဖြစ်ကြောင်း တင်ပြခဲ့သည်။ သို့သော် ဒေါက်တာ ဆွန်ဒရှန်သည် သာမန် ဗုဒ္ဓဘာသာဝင်တဦးထက် လွန်ကဲ၍ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အထိပ် ကောင်းမှု ကုသိုလ်တည်းဟူသော သာသနာ ဘောင်သို့ ကိုယ်တိုင်ဝင်ရောက်ခြင်း၊ အကြိမ်ကြိမ်အဖန်ဖန် တရားအားထုတ်ခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားအား တန်းတခြင်း (သက်သေခံအမှတ် ၁၅ ကိုကြည့်ပါ) ဗုဒ္ဓအာသာ ရဟန်းသံဃောတော်များကို ဆည်းကပ်ကိုးကွယ်ခြင်း၊ မိမိကိုယ်တိုင် မိမိသည် ဗုဒ္ဓ ဘာသာဟု ကြေငြာခြင်းစသည့် အကြောင်းရပ်များအရ၊ ဒေါက်တာ ဆွန်ဒရှန်သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဖြစ်သည်မှတပါး အခြားတနည်းအားဖြင့် ယူဆရန် အ ကြောင်းမရှိပေ။

ဒေါက်တာ ဆွန်ဒရှန်သည် ဗုဒ္ဓဘာသာကိုးကွယ်သူ ဖြစ်သဖြင့် ၎င်း၏ အမွေကို ဆက်ခံခြင်းကိစ္စမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်သာ သက်ဆိုင်မည် ဖြစ်သည်။ ဒေါက်တာ ဆွန်ဒရှန်သည် နိုင်ငံခြားသားဖြစ်သည့် တမေလ်လူမျိုး ဖြစ်လင့်ကစား ၎င်းသည် မြန်မာပြည်တွင် မွေးဖွားပြီး၊ မြန်မာပြည်တွင်း အရိုးထုတ်ရန် ရည်ရွယ်ချက် ဖြင့် နေထိုင်လာပြီး မြန်မာပြည်တွင်ပင် အရိုးထုတ်ခဲ့သည့် ဗုဒ္ဓဘာသာ နိုင်ငံခြားသား ဖြစ်သဖြင့်၊ ၎င်း၏အမေဆက်ခံခြင်းကိစ္စအဝဝကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ သာ စီရင်ဆုံးဖြတ်ရမည်။ ထို့ကြောင့် ၎င်းသေဆုံးသည့်အခါ၊ ၎င်း၏ဇနီး ဒေါ်နုနု တဦးတည်းသာ အမွေဆက်ခံထိုက်သူ ဖြစ်သည်။ ဒေါ်နုနုသေဆုံးသွားပြီးနောက်၊

၁၉၇၆ †
ဦးခင်မောင်မြင့် (ခေါ်) ဆီဗာလင်ဂန် ဆာဗား
နှင့်
ကိုကို (ခေါ်) ချင်းနယား ဆာဗေး ပါ ၁၃ ဦး။

၁၉၇၆

ဦးခင်မောင်မြင့် (ခေါ်) ဆီဗာယင်ဂန် ဆာမေး နှင့် ကိုကို(ခေါ်) ချင်းနယား ဆာမေး ပါ ၁၃ ဦး။

ယင်းပစ္စည်းများကို ဒေါ်နုနု၏ အမွေစား အမွေခံများကသာလျှင် အမွေဆက်ခံထိုက်သည်။ အယူခံတရားလိုက ဒေါက်တာ ဆန်ဒရှန် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို တရားရုံးက စီမံအုပ်ချုပ် ခွဲဝေပေးရန် တရားစွဲဆိုသည့်အခါကပင် ဒေါက်တာဆွန်ဒရှန်၏ အမွေပစ္စည်းများဟူ၍ မတည်ရှိတော့ချေ။ ဒေါက်တာဆွန်ဒရှန် သေဆုံးသည့်အခါက တည်ရှိသည့်ပစ္စည်းများမှာ ဒေါ်နုနုမှတဆင့်၊ ဒေါ်နုနုသေဆုံးပြီးနောက် ဒေါ်နုနု၏ အမွေစား အမွေခံများက ဆက်ခံပြီးဖြစ်သည်။ ထို့ကြောင့် ဤအမှုကို အစကတည်းက စွဲဆိုရန် အကြောင်းမရှိသည့်အတွက်၊ မွန်ပြည်နယ်တရားရုံးက ဤအမှုကို ပလပ်ခဲ့ခြင်းမှာ မှန်ကန်သည်။ သို့သော် မွန်ပြည်နယ်တရားရုံး အနေနဲ့ ဒအမှုကို ပလပ်ရာတွင် အယူခံတရားပြိုင်အမှတ် (၁၀) မခင်နန်းနွယ်သည် ဒေါက်တာ ဆွန်ဒရှန်နှင့် ဒေါ်နုနုတို့၏ ကိတ္တိမမွေးစားသမီး ဖြစ်သည်ဟု အကြောင်းပြခဲ့ခြင်းမှာ မှားယွင်းပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံး အဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေရန် အမိန့်ချမှတ်သည်။ ရှေ့နေစရိတ် ၃၄၀ ကျပ်သတ်မှတ်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးချစ်ထွန်း

နှင့်

၁။ မောင်ညွန့်ဝေ (ခေါ်) မောင်လူ ၂။ ဦးမြ *

† ၁၉၇၆

ဖေဖော်ဝါရီလ ၁၇ ရက်။

မွေးစားမိခင်နှင့်အတူမနေပဲ၊ ရံဖန်ရံခါမျှသာဆက်သွယ်မှုရှိသော အပတိဋ္ဌမွေးစားသားဟု အမည်ခံသူတွင် မွေးစားမိခင်၏အမွေကိုဆက်ခံခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။၁၉၅၆ ခုနှစ်ကစ၍ မောင်ညွန့်ဝေသည် ဒေါ်အေး၏အိမ်တွင် အတူလာနေခဲ့သည်။ ထိုအချိန်အခါက မောင်ညွန့်ဝေသည် အသက် ၂၄ နှစ်ရှိပြီး သက်န်းဝတ်နေယင်းမှ သင်္ကန်းစွန့်ပြီး အတူလာနေခြင်းဖြစ်သည်။ ဒေါ်အေးကရှင်းအား မွေးစားသည်ဟုအဆိုရှိသည်။ ၁၉၆၁ ခုနှစ်တွင် မောင်ညွန့်ဝေသည်အိမ်ထောင်ကျပြီး ဒေါ်အေးနှင့်ခွဲနေခဲ့သည်။ ထိုအိမ်ထောင်နှင့် ၈ လလောက်ပေါင်းပြီးကွဲသွားသည့်အခါ ဒေါ်အေးထံသို့ပြန်၍နေခဲ့သည်။ ထို့နောက် ၂ နှစ်ခန့် အကြာလောက်တွင် မောင်ညွန့်ဝေသည် မခင်ထွေးဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့သည်။ ထိုကဲ့သို့ နောက်ထပ်အိမ်ထောင်ပြုပြီး၊ ၁၉၆၅ ခုနှစ်တွင် ဒေါ်အေး၏ အိမ်ပေါ်မှ လင်မယားနှစ်ယောက် ဆင်းသွားပြီး တခြားနေထိုင်ခဲ့ကြသည်။ ဒေါ်အေးသည် ၁၉၆၈ ခုနှစ်တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။ မောင်ညွန့်ဝေသည် ဒေါ်အေး၏အိမ်ပေါ်မှဆင်းသွားသည့်နေ့မှ ဒေါ်အေးသေသည် အထိ သုံးနှစ်အတွင်း ဒေါ်အေးထံသို့ ၃ ခေါက်ခန့်လာကြောင်းသာ သက်သေအထောက်အထားအရ ပေါ်လွင်သည်။ အထက်တွင်ဖော်ပြသည့်အချက်များကို ထောက်ရှုခြင်းအားဖြင့် မောင်ညွန့်ဝေသည် ဒေါ်အေး၏ အပတိဋ္ဌမွေးစားသားဖြစ်သည်ဟု ဆိုစေဦး ၎င်းသည် ဒေါ်အေး၏အမွေကို ဆက်ခံထိုက်သူတဦးမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ၊ အပတိဋ္ဌ သားသမီးများသည် မွေးစားသည့်မိဘနှင့် တခြားစီခွဲနေလျှင် အမွေဆက်ခံခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုအတွက်။ ။ဒေါ်မြမြအေး။

အယူခံတရားပြိုင်အတွက်။ ။ဦးဝင်းကြည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်၊ တောင်ငူမြို့၊ တိုင်းတရားသူကြီးအဖွဲ့ (၁) ခုံး၏ချမှတ်သော ဆုံးဖြတ်ချက်ကိုအယူခံဝင်မှု။

၁၉၇၆

ဦးချစ်ထွန်း
နှင့်
၁။မောင်ညွန့်
ဝေ (ခေါ်)
မောင်လု
၂။ဦးမြ။

အယူခံတရားလို ဦးချစ်ထွန်းက သူသည် ကွယ်လွန်သူ ဒေါ်အေးဆိုသူ၏ တဦးတည်းသော အမွေစား အမွေခံဖြစ်ကြောင်း သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေငြာပေးရန် တောင်ငူမြို့၊ ပဲခူးတိုင်းတရားရုံး တရားမကြီးမှု အမှတ် ၁/၇၃ တွင်အယူခံ တရားပြိုင် မောင်ညွန့်ဝေအပေါ် တရားစွဲဆိုခဲ့သည်။ မူလမှုံး အယူခံ တရားပြိုင်အမှတ် (၁) မောင်ညွန့်ဝေမှာ ဒေါ်အေး၏ အမွေခံထိုက်သော အပတိဋ္ဌမွေးစားသားဟူ၍လည်းကောင်း၊ မူလမှုတွင် မပါသည့် အယူခံတရားပြိုင် အမှတ် (၂)၊ ဦးမြသည် ဒေါ်အေး၏ ကွယ်လွန်သူခင်ပွန်း ဦးချစ်သင်၏တူ တဝမ်းကွဲတော်သူဖြစ်ပြီး၊ ဒေါ်အေးနှင့်ယခင်ကအတူတကွ နေခဲ့ပြီးစောင့်ရှောက်ထားသဖြင့်အမွေဆက်ခံထိုက်သူ ဟူ၍လည်းကောင်း၊ အဆုံးအဖြတ်ပေးပြီး အယူခံတရားလို ဦးချစ်ထွန်းစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍၊ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားလို၊ အယူခံ တရားပြိုင်များနှင့် ကွယ်လွန်သူ ဒေါ်အေးတို့မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ကြသည်။ အယူခံတရားလို ဦးချစ်ထွန်းသည် ကွယ်လွန်သူ ဒေါ်အေး၏အစ်ကို အရင်းဖြစ်ကြောင်း အငြင်းမထွက်ချေ။ သို့သော် အယူခံ တရားပြိုင်၊ မောင်ညွန့်ဝေမှာ ဒေါ်အေး၏ အပတိဋ္ဌမွေးစားသားဟု အဆိုရှိသည့်အတွက်၊ ဦးချစ်ထွန်းသည် ဒေါ်အေး၏ တဦးတည်းသော အမွေဆက်ခံထိုက်သူ ဟုတ် မဟုတ်ဟု စဉ်းစားရန်ရှိသည်။

၁၉၅၆ ခုနှစ်ကစ၍ မောင်ညွန့်ဝေသည် ဒေါ်အေး၏အိမ်တွင် အတူလာနေခဲ့သည်။ ထိုအချိန်အခါက မောင်ညွန့်ဝေသည် အသက် ၂၄ နှစ်ရှိပြီး သင်္ကန်းဝတ်နေယင်းမှ သင်္ကန်းကိုစွန့်ပြီး အတူလာနေခြင်း ဖြစ်သည်။ ဒေါ်အေးက ၎င်းအားမွေးစားသည်ဟု အဆိုရှိသည်။ ၁၉၆၁ ခုနှစ်တွင် မောင်ညွန့်ဝေသည် အိမ်ထောင်ကျပြီး ဒေါ်အေးနှင့် ခွဲနေခဲ့သည်။ ထိုအိမ်ထောင်နှင့် ၈ လလောက်ပေါင်းပြီး ကွဲသွားသည့်အခါ ဒေါ်အေးထံတွင် ပြန်၍နေခဲ့သည်။ ထို့နောက် ၂ နှစ်ခန့်အကြာလောက်တွင် မောင်ညွန့်ဝေသည် မခင်ထွေးဆိုသူနှင့် နောက်ထပ် အိမ်ထောင်ပြုခဲ့သည်။ ထိုကဲ့သို့ နောက်ထပ် အိမ်ထောင်ပြုပြီး၊ ၁၉၆၅ ခုနှစ်တွင် ဒေါ်အေး၏ အိမ်ပေါ်မှ လင်မယား နှစ်ယောက်ဆင်းသွားပြီး တခြားနေထိုင်ခဲ့ကြသည်။ ဒေါ်အေးသည် ၁၉၆၈ ခုနှစ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။ မောင်ညွန့်ဝေသည် ဒေါ်အေး၏ အိမ်ပေါ်မှ ဆင်းသွားသည့်နေ့မှ ဒေါ်အေးသေသည့်အထိ သုံးနှစ်အတွင်း ဒေါ်အေးထံသို့ ၃ ခေါက်ခန့် လာကြောင်းသာ သက်သေအထောက်အထားအရ ပေါ်လွင်သည်၊ အထက်တွင်ဖော်ပြထားသည့် အချက်များကို ထောက်ရှုခြင်းအားဖြင့် မောင်ညွန့်ဝေသည် ဒေါ်အေး၏ အပတိဋ္ဌမွေးစားသား ဖြစ်သည်ဟု ဆိုစေဦး၊ ၎င်းသည် ဒေါ်အေး၏အမွေကို ဆက်ခံ

၁၉၇၆

ဦးချစ်ထွန်း
နှင့်
၁။ မောင်ညွန့်ဝေ
(ခေါ်)မောင်လူ
၂။ ဦးမြ

ထိုက်သူတဦး မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေအရ၊ အပတိဋ္ဌသားသမီးများသည် မွေးစားသည့်မိဘနှင့် တခြားစီခွဲနေလျှင် အမွေဆက်ခံခွင့် မရှိဟု ပြဋ္ဌာန်းထားသည်။ မောင်ညွန့်ဝေသည် ဒေါ်အေးအိမ်မှ ဆင်းသွားပြီးနောက် ဒေါ်အေးသေသည်အထိ ၃ ခေါက်လောက်သာ ရောက်ကြောင်း၊ မွေးစားမိခင်ကို မပြုစုနိုင်ခဲ့ကြောင်းနှင့် သေဆုံးပြီးမှ ရောက်လာကြောင်း ဝန်ခံထားသည်။ ထိုအချက်များကို ကြည့်ခြင်းအားဖြင့် မောင်ညွန့်ဝေသည် မွေးစားမိခင်နှင့် ရံဖန်ရံခါမျှသာ ဆက်သွယ်မှုရှိကြောင်း ထင်ရှားသည်။

အယူခံ တရားပြိုင်အမှတ် (၂) ဦးမြသည် ဒေါ်အေးမသေခင်က သေဆုံးသွားသည့် ဒေါ်အေး၏ခင်ပွန်း ဦးချစ်သွင်၏တူ ဖြစ်သည်။ ထို့ကြောင့် ဒေါ်အေး၏အမွေကို ဆက်ခံခွင့်ရှိသူတဦး မဟုတ်ပေ။

သို့ဖြစ်၍၊ အယူခံတရားလို ဦးချစ်ထွန်းကဦးတည်းသာ ဒေါ်အေး၏အမွေကို ဆက်ခံပိုင်ခွင့်ရှိသည် ဖြစ်သဖြင့်၊ ဤအယူခံကို ခွင့်ပြုပြီး၊ ဦးချစ်ထွန်းစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။ ရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်အမှတ် (၁)က ကျခံစေရန် အမိန့်ချမှတ်သည်။

တရားမပထမအယူခံမှု

ဉက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဦးကြည်မြတို့ပါဝင်သော ဗဟိုတ
စီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဇူလိုင်လ
၂ ရက်။

ဦးချစ်မောင် (ခေါ်) မူရှဂေဆန်း

နှင့်

အတွင်းဝန် (လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး) *

သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုသည့် အမှုတွင် တောင်းဆိုသည့် သက်သာခွင့် ပေးရန် လိုမလို။

ဆုံးဖြတ်ချက်။ ။တရားလိုသည် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ တရားစွဲဆ ခြင်းဖြစ်သည်။ သီးခြားသက်သာခွင့် ဥပဒေသည် တရားမျှတမှုနှင့် စပ်လျဉ်းသည့် အခြေခံ သဘေ တရားများပေါ်တွင် အခြေခံထားရာ၊ ထိုအခြေခံ သဘောတရား များအရ၊ တရားမျှတမှုသက်သ ခွင့်ကို လိုလားသူသည် မိမိကိုယ်တိုင် အပြစ်ကင်းမဲ့ သန့်ရှင်းမှု ရှိရန် လိုသည်။ ထို့အပြင်သီးခြ သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားစွဲဆိုသည့် အမှုများ၌ တရားရုံးသည် ဆင်ခြင်တုံတရ ကို အသုံးပြုရန် သင့်လျော်သည်ဟု ထင်မြင်မှသာလျှင် သက်သာခွင့် ပေးသည်။ အခါမပ်သိ တရားလိုတောင်းဆိုသည့် သက်သာခွင့်ကိုပေးရမည်ဟု ဥပဒေပြဋ္ဌာန်းထားချက်မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။အစက တရားလိုသည် အမျိုးသား မှတ်ပုံတင် လက်မှတ် ကိုင်ဆော ထားခဲ့သူဖြစ်သည်။ မိမိသဘောဖြင့် မိမိ၏ အကျိုးစီးပွား အခြေစိုက်မည်ဟု ကြံစည်ပြီး နိုင်ငံခြ သား မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူခဲ့ခြင်း ဖြစ်သည်၊ ထို့နောက် ပြစ်မှု စီရင်ခြင်း ခံရသည့် အတွ ပြည်နှင်ဒဏ် အမိန့် ချမှတ်မှသာလျှင် တရားရုံးသို့ လာရောက်၍၊ သက်သာနှင့် တောင်းဆိုခြ ဖြစ်သည်။ ဤကဲ့သို့ ပြုမှုချက်များမှာ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ အပြစ်ကင်းမဲ့ သန့်ရှင်း ရှိခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဒေါ်မြမြအေး။

အယူခံတရားပြိုင်အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) မစ္စတာ အက်စ် ကေ ဂုပ္ပ။

---

* ၁၉၇၀ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၅။

† ၁၉၆၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၂ တွင်၊ နိုင်ငံတော် တရားရုံးချုပ်၊ မူလဘက်ရုံး ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၇၆
ဦးချစ်မောင် (ခေါ်) မူရှုဂေဆန်း နှင့် အတွင်းဝန် (လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရုံး)။

အယူခံတရားလို ဦးချစ်မောင် (ခေါ်) မူရှုဂေဆန်းက သူသည် မြန်မာပြည်တွင် မွေးဖွားပြီး ဘိုးဘွားစဉ်ဆက်မှစပြီး မြန်မာပြည်တွင် နေထိုင်ခဲ့ကြသူများ ဖြစ်သဖြင့် တိုင်းရင်းသားဖြစ်မှု ဥပဒေ ပုဒ်မ ၄ (၂) အရ၊ ပြည်ထောင်စု မြန်မာ နိုင်ငံသားဖြစ်ကြောင်းနှင့် မိမိအပေါ်၌ အယူခံ တရားပြိုင်က ချမှတ် ထားသည့် ပြည်နှင်ဒဏ် အမိန့်သည် တရားမဝင်ကြောင်း မြွက်ဟကြေငြာသည့် ဒီကရီကို ချမှတ်ပေးရန် သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ ယခင် တရားရုံးချုပ် မူလဘက် ဌာနခွဲ (၁) တွင် တရားစွဲဆိုခဲ့သည်။ မူလရုံးက အမှုကို စစ်ဆေးကြားနာပြီး ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍၊ ဤအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

အယူခံ တရားလိုသည် မူလ အစက တိုင်းရင်းသား မှတ်ပုံတင် လက်မှတ် ကိုင်ဆောင်သူ တဦးဖြစ်သည်။ ထို့နောက် ၁၉၆၀ ခုနှစ်တွင် ၎င်း၏ ပုံသဏ္ဍာန် အားဖြင့် ကုလားလူမျိုးဟု ထင်မြင်စရာ အကြောင်းရှိသည်ဟု ဆိုပြီး၊ နိုင်ငံသားဖြစ်မှု ဥပဒေ ပုဒ်မ ၆ (၁) အရ၊ လျှောက်ထားခဲ့သည်။ လုပ်ငန်းများ နိုင်ငံပိုင် ပြုလုပ်ပြီးနောက် ၁၉၆၄ ခုနှစ်တွင်၊ အယူခံ တရားလိုသည်၊ စီးပွားရေး ကျဆင်းသဖြင့် အိန္ဒိယ ပြည်သို့ သွားပြီး အခြေစိုက်ရန် ကြံရွယ်ချက်ဖြင့် နိုင်ငံခြားသား လက်မှတ်ကို ထုတ်ယူခဲ့သည်။ ထို့နောက် အယူခံ တရားလိုသည်။ နိုင်ငံခြားငွေ လဲလှယ်မှု ကြီးကြပ်ရေး ဥပဒေအရ၊ အပြစ်ထင်ရှား စီရင်ခြင်း ခံခဲ့ရသည်။ ထိုကဲ့သို့ အပြစ် ချမှတ်ခြင်း ခံရသည့် အတွက် လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင် ဌာနက အယူခံ တရားလို အား ၁၉၆၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံး ထား၍ မြန်မာပြည်မှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ် အမိန့် တရပ်ကို ချမှတ်ခဲ့သည်။ ဤအချက်များမှာ အငြင်းမပွားသော အချက်များ ဖြစ်သည်။

မူလတရားရုံးက အမှုကို စစ်ဆေးပြီး အကြောင်း အချင်းအရာ အချက် အလက်များအပေါ် အဆုံးအဖြတ် မပေးပဲ အယူခံ တရားလိုသည် ၎င်းတရားစွဲ တောင်းဆိုသည့် သက်သာခွင့်ကို မရသင့်ဟု ဆုံးဖြတ် ပေးခဲ့ခြင်းကို တွေ့ရသည်။ မူလရုံးက တရားစွဲဆိုသည့်အမှု သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ စွဲဆိုသည့် အမှုဖြစ်သည်။ သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားရုံးမှ သက်သာခွင့် ပေးခြင်းမှာ တရားမျှတမှု အပေါ် အခြေတည်၍ ပေးခြင်း ဖြစ်သည်။ အယူခံ တရားလိုသည် အမှုကို စွဲဆိုရာ၌ မိမိအနေဖြင့် အပြစ် ကင်း သန့်ရှင်းစွာဖြင့် စွဲဆို ခဲ့ခြင်း မဟုတ်၊ ထို့ကြောင့် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ ဒီကရီကို မရထိုက်ဟု ဆုံးဖြတ်ခဲ့သည်။

၁၉၇၆
ဦးချစ်မောင် (ခေါ်) မူရှုဂေဆန်း နှင့် အတွင်းဝန် (လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး)*

တရားလိုသည် သီးခြားသက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားစွဲဆိုခဲ့ခြင်း ဖြ
သည်။ သီးခြားသက်သာခွင့် ဥပဒေသည် တရားမျှတမှုနှင့် စပ်လျဉ်းသည့် အခြေ
သဘောတရားများပေါ်တွင် အခြေခံ ထားရာ၊ ထိုအခြေခံ သဘောတရားများ အရ
တရားမျှတမှု သက်သာခွင့်ကို လိုလားသူသည် မိမိကိုယ်တိုင် အပြစ် ကင်းမဲ့သန့်ရှင်
မှု ရှိရန် လိုသည်။ ထို့အပြင် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားစွဲဆ
သည့် အမှုများ၌ တရားရုံးသည် ဆင်ခြင် တုံတရားကို အသုံးပြု၍၊ သင့်လျော်သည်ပ
ထင်မြင်မှသာလျှင် သက်သာခွင့် ပေးသည်။ အခါခပ်သိမ်း တရားလို တောင်းဆိုသည
သက်သာခွင့်ကို ပေးရမည်ဟု ဥပဒေ ပြဋ္ဌာန်းထားချက် မရှိပေ။

အစက တရားလိုသည်၊ အမျိုးသား မှတ်ပုံတင် လက်မှတ် ကိုင်ဆောင် ထားခဲ့သ
ဖြစ်သည်။ မိမိသဘောဖြင့် မိမိ၏ အကျိုးစီးပွား အခြေစိုက်မည်ဟု ကြံစည်ပြီး နိုင်င
ခြားသား မှတ်ပုံတင် လက်မှတ်ကို ထုတ်ယူခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပြစ်မှု စီရ
ခြင်းခံရသည့် အတွက် ပြည်နှင်ဒဏ် အမိန့်ချမှတ် မှသာလျှင် တရားရုံးသို့ လာရောက
၍ သက်သာခွင့် တောင်းဆိုခြင်း ဖြစ်သည်။ ဤကဲ့သို့ ပြုမူချက်များမှာ သဘောရို
ဖြင့် ဆောင်ရွက်ခြင်း၊ အပြစ်ကင်းမဲ့ သန့်ရှင်းမှု ရှိခြင်း ဖြစ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ မူလရုံး၏ အဆုံးအဖြတ်မှာ မှန်ကန်သည်။ ထို့ကြောင့် အယူခံမှုကို ပလပ
လိုက်သည်။ တရားရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံ တရားလိုက ကျခံေ
ရန် အမိန့်ချမှတ်သည်။ ရှေ့နေ စရိတ် ၇၅ ကျပ် သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ဒေါ်ညွန့်၊ ၂။ မစိန်စိန်၊

နှင့်

ဒေါ်မြမေ *

† ၁၉၇၆

စက်တင်ဘာလ ၉ ရက်။

အိမ်လခပေးရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သူအား ပေးရန်ကျန်ရှိသည့် ငွေရမ်းခငွေများကိုပေးသွင်း ခွင့်ပြုသင့် မပြုသင့်

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုတို့သည် အိမ်လခများကို မှန်ကန်စွာပေးရန်တာဝန်ရှိသော်လည်း ထိုတာဝန်ကိုအကြိမ်ကြိမ်ပျက်ကွက်ခဲ့သဖြင့် ၎င်းတို့အားအကြိမ်ကြိမ်တရားစွဲဆိုခဲ့ရသည်။ အကြောင်းမညီညွတ်သဖြင့် သဘောရိုးဖြင့် တကြိမ်တခါပျက်ကွက်ခြင်းကို ခွင့်လွှတ်သင့်သော်လည်းကြိမ်ဖန်များစွာပျက်ကွက်ခြင်းကို သဘောရိုးဟု မဆိုနိုင်သဖြင့် ခွင့်မလွှတ်သင့်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွပလပ်သည်။

အယူခံတရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးမြစိန်။

အယူခံတရားပြိုင်အတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးတင်အောင်။

မန္တလေးမြို့၊ ရတနာဘုမ္မိ အနောက်ရပ်ကွက် အမှတ် ၅၃၄၊ ဦးပိုင်အမှတ် ၁၅ ရှိ မြေနှင့်အိမ်ကို အယူခံတရားပြိုင် ဒေါ်မြမေထံမှ အယူခံတရားလိုအမှတ် (၁) ဒေါ်ညွန့်က တလလျှင် ၅၀ိ နှင့် ငှားရမ်းနေထိုင် လာခဲ့သည်။ အယူခံတရားလို အမှတ် (၂) မစိန်စိန်သည် ဒေါ်ညွန့်၏ သမီးဖြစ်၍ ဒေါ်ညွန့်၏ ကိုယ်စားလှယ်လည်းဖြစ်သည်။ အယူခံ တရားလိုတို့သည် အိမ်လခများကို ပေးရန်ပျက်ကွက်သဖြင့် အယူခံတရားပြိုင်က ၎င်းတို့အား ငှားရမ်းထားသည့် ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုရာ မန္တလေးမြို့နယ်တရားရုံး ၁၉၆၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၁ တွင် အနိုင်ဒီကရီ ရရှိခဲ့သည်။ ထိုဒီကရီအရ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ဇာရီမှုအမှတ် ၈ တွင် အယူခံ တရားလိုတို့အား အချင်းဖြစ် ဥပစာမှ ထွက်ခွာသွားရန် အမိန့်ချမှတ်ခဲ့သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၀ (မန္တလေး)။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ တွင်၊ မန္တလေးမြို့၊ အရှေ့တောင်မြို့နယ် တိုင်းတရားရုံး၏ချမှတ်သော အမိန့်ကိုအယူခံဝင်မှု။

၁၉၇၆

၁။ ဒေါ်ညွန့်
၂။ မစိန်စိန် နှင့် ဒေါ်မြမေ။

ထိုအမိန့်ကို ပယ်ဖျက်ပေးပါရန် အယူခံတရားလိုတို့က မန္တလေး အရှေ့တောင်မြို့
ရုံးထိုင် မန္တလေးတိုင်း တရားရုံး ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ အရ အ
ရာဥ္ဆ အရေးနိမ့်သဖြင့် ဗဟိုတရားရုံးသို့ ထပ်မံ၍ အယူခံခြင်းဖြစ်သည်။

အယူခံတရားလိုတို့က မိမိတို့ပေးရန် ကျန်ရှိသည့် ငှားရမ်းခငွေများကို ပေးသ
ခွင့်ပြုပြီး မူလဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်းထားပါရန် ၁၉၆၇ ခုနှစ်၊ မြို့ပြဆိုင
ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅ အရ လျှောက်ထားသည်။

အယူခံတရားလိုတို့သည် အိမ်လခများကို မှန်ကန်စွာပေးရန် တာဝန်ရှိသော်လ
ထိုတာဝန်ကို အကြိမ်ကြိမ် ပျက်ကွက်ခဲ့သဖြင့် ၎င်းတို့အား အကြိမ်ကြိမ် တရားစွ
ခဲ့ရသည်။ အကြောင်းမညီညွတ်သဖြင့် သဘောရိုးဖြင့် တကြိမ်တခါ ပျက်ကွက်ခြင
ခွင့်လွှတ်သင့်သော်လည်း ကြိမ်ဖန်များစွာ ပျက်ကွက်ခြင်းကို သဘောရိုးဟု မဆို
သဖြင့် ခွင့်မလွှတ်သင့်ပေ။ ယခုအကြိမ်တင် စတင်ပျက်ကွက်သည့်လမှ ရေတွက်လ
၁၀ နှစ်မက ကျော်လွန်နေပြီ ဖြစ်သောကြောင့် ၁၉၆၇ ခုနှစ်၊ မြို့ပြဆိုင
ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅ အရ၊ ခွင့်ပြုပါလျှင်တရားလွန်စည်းကမ်းမဲ့
လျစ်လျူရှုရာရောက်မည်ဖြစ်၍ တရားလမ်း မှန်ကန်လိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပြီး မူလရုံးနှင့် တိုင်းတရားရုံးတ
အမိန့်များကို အတည်ပြုလိုက်သည်။ ရှေ့နေစရိတ် ၅ဝိ သတ်မှတ်သည်။

တရားမအထွေထွေလျှောက်ထားမှု

ဥက္ကဋ္ဌအဖြစ်ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ်ဗိုလ်မှူးကြီးလှမောင်၊ ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရန်ကုန်မြို့

နှင့်

ဦးကျော်ခင်နှင့် ၇ ဦး *

၁၉၇၆

ဇန်နဝါရီလ ၁၄ ရက်။

လက်ထောက် အမြတ်ခွန်မင်းကြီးထံ တင်ပြသောအယူခံလွှာ တွင်မပါရှိသည့်အကြောင်းပြချက်များကို အခွန်အယူခံခုံအဖွဲ့ကတင်ပြခွင့်ပြုခြင်းသည် ဥပဒေအရ မှန်မမှန်။

ဆုံးဖြတ်ချက်။ ။အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေ (၁၀) အရ၊ အခွန်အယူခံခုံအဖွဲ့သည် အယူခံလွှာတွင် မပါရှိသည့်အကြောင်းပြချက်များကို အယူခံအကြောင်းပြချက် ယုတ္တိအသစ်အဖြစ်ဖြင့် တင်ပြခွင့်ပြုနိုင်ကြောင်း ပေါ်လွင်သည်။

ဤကဲ့သို့ အယူခံအကြောင်းပြချက် ယုတ္တိအသစ်ကို တင်ပြခွင့်အမိန့်ချမှတ်ခြင်းမှာ အခွန်အယူခံခုံအဖွဲ့သည် မိမိအား ဥပဒေအရ အပ်နှင်းထားသည့် အာဏာအရ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ဤအဆုံးအဖြတ်ကို လွယ်လင့်တကူဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ ဥပဒေအရ ချင့်ချိန်သုံးသပ်ဆုံးဖြတ်မှုမဟုတ်ပဲ၊ မတရားသဖြင့် တဘက်စောင်းနင်း အဆုံးအဖြတ်ပေးထားသည်ဟု ယူဆမှသာလျှင် ဝင်ရောက်စွက်ဖက်နိုင်မည်ဖြစ်ပေသည်။

လျှောက်ထားသူအတွက်။ ။ဥပဒေဝန်ထမ်း အဆင့် (၁)၊ ဦးလှသောင်း။

လျှောက်ထားခံရသူအတွက်။ ။ဦးပိုင် နှင့် ဦးကိုကို။

လျှောက်ထားခံရသူ အခွန်ထမ်းများအပေါ် ၁၉၆၁-၆၂ အမြတ်ခွန် စည်းကြပ်နှစ်အတွက် ပဲခူးမြို့၊ အမြတ်ခွန်ဝန်ထောက်က အမြတ်ခွန် ဥပဒေပုဒ်မ ၂၈ (၁) (ဂ) အရ၊ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့စွဲဖြင့် ဒဏ်ငွေ ၆၉၃၂၀/၃၀ ပြားတပ်ရိုက်သည့် အမိန့်ကိုချမှတ်ခဲ့သည်။ အခွန်ထမ်းများက ယင်းအမိန့်ကို မကျေနပ်သဖြင့် လက်ထောက် အမြတ်ခွန်မင်းကြီး (အယူခံ) တောင်ပိုင်းတိုင်း၊ ရန်ကုန်မြို့ထံသို့ အယူခံဝင်သော်လည်း၊ မအောင်မြင်သဖြင့် အခွန်အယူခံခုံအဖွဲ့သို့ နောက်တဆင့် အယူခံဝင်ခဲ့လေသည်။ အခွန်အယူခံ ခုံအဖွဲ့တွင်

---

* ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂။

† ၁၉၇၃ ခုနှစ်၊ အမြတ်ခွန် ပြင်ဆင်မှုအမှတ် ၁ တွင်၊ ရန်ကုန်မြို့၊ အမြတ်ခွန်အယူခံခုံရုံး၏ ချမှတ်သောအမှုကိုလျှောက်ထားမှု။

၁၉၇၆

ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရန်ကုန်မြို့ နှင့် ဦးကျော်ခင် နှင့် ၇ ဦး။

အမှုကိုစတင်ကြားနာခြင်း မပြုမီ လျှောက်ထားခံရသူများက အောက်တွင် ဖော်ပြထားသည့် အယူခံအကြောင်းပြချက် အသစ်ကို ထပ်လောင်း၍ တင်သွင်းခဲ့သည်။

"ဝင်ငွေ ထိမ်ချန်သည်။ မမှန်ကန်သော အချက်အလက်များကို တမင်သက်သက် ဖော်ပြသည်ဟူ၍ ပညာရှိ အမြတ်ခွန်ဝန်ထောက်က စွပ်စွဲသော ပြစ်မှုသည် မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ ထုတ်ပြန်ကြေငြာသော အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးဝင်နေပါသဖြင့် ပုဒ်မ ၂၈ (၁) (ဂ) နှင့် (ဃ)အရ၊ ပြစ်ဒဏ်ခတ်ခြင်းမှာ မှန်ကန်မှု မရှိပါကြောင်း"။

ဤကဲ့သို့ ဖြည့်စွက်တင်သွင်းမည့် အကြောင်းပြယုတ္တိအသစ်ကို အခွန်အယူခံခုံအဖွဲ့ အနေဖြင့် လက်ခံစဉ်းစားခြင်း မပြုသင့်ကြောင်း လျှောက်ထားသူများက ကန့်ကွက်ခဲ့သည်။ အခွန်အယူခံ ခုံအဖွဲ့သည် ဤအငြင်းပွားချက်နှင့် စပ်လျဉ်း၍ နှစ်ဘက်ရှေ့နေတို့၏ လျှောက်လဲချက်ကို ကြားနာပြီး၊ ဖြည့်စွက်တင်သွင်းမည့် အကြောင်းပြယုတ္တိ အသစ်ကို အခွန်အယူခံ ခုံအဖွဲ့အနေဖြင့် လက်သင့်ခံ၍ ဆုံးဖြတ်ခွင့်ရှိသည်ဟု ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်မှာ အောက်ပါဥပဒေ အကြောင်းဆိုင်ရာ ပြဿနာတရပ် ပေါ်ပေါက်သည်ဟု လျှောက်ထားသူက ယူဆသဖြင့် ယင်းပြဿနာကို ယခင်က တရားရုံးချုပ်သို့ လွှဲအပ်ရန်အတွက် အမြတ်ခွန်ဥပဒေပုဒ်မ ၆၆ (၁)အရ၊ အခွန်အယူခံခုံရုံးကို လျှောက်ထားခဲ့သည်။

ဥပဒေကြောင်းဆိုင်ရာပြဿနာ

"အမှု အကြောင်းခြင်းရာနှင့် အခြေအနေများကို ထောက်ထား၍ အမြတ်ခွန် ထမ်းများ အနေဖြင့်၊ လက်ထောက် အမြတ်ခွန်မင်းကြီး (အယူခံ)ထံ၌ မတင်ပြခဲ့သော အမြတ်ခွန် အက်ဥပဒေပုဒ်မ ၂၈ (၁) (ဂ) နှင့် (ဃ) အရ၊ ဒဏ်တပ်ရိုက်ခြင်းသည် မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၏ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ ထုတ်ပြန်ကြေငြာသော အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အကျုံးဝင်သည်ဟူသော အကြောင်းပြချက် အသစ်ကို အခွန်အယူခံ ခုံအဖွဲ့က တင်ပြခွင့်ပြုခြင်းသည် ဥပဒေအရ မှန်ကန်ပါသလား"၊

အခွန်အယူခံ ခုံအဖွဲ့က လျှောက်ထားသူ၏ တင်ပြချက်ကို လက်မခံပဲပယ်လိုက်သည့်အတွက် အမြတ်ခွန် ဥပဒေပုဒ်မ ၆၆ (၂) အရ၊ လျှောက်ထားသူများက ဤလျှောက်လွှာကိုတင်ပြခြင်းဖြစ်သည်။

၁၉၇၆

ညွန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရန်ကုန်မြို့ နှင့် ဦးကျော်ခင်နှင့် ၇ ဦး။

အခွန်အယူခံ ခုံရုံးအဖွဲ့က လျှောက်ထားခံရသူများ တင်ပြသည့် အယူခံအကြောင်းပြ ယုတ္တိအသစ်တချက်ကို အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေ (၁၀) အရ လက်ခံစဉ်းစားနိုင်သည်ဟု အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေ (၁၀) က အောက်ပါအတိုင်း ပြဆိုထားသည်။

"The appelant shall not, except by leave of the Tribunal urge or be heard in support of any ground not set forth in the memorandum of appeal; but the tribunal, in deciding the appeal, shall not be confined to the grounds set forth in the memoradum of appeal or taken by leave of the Tribunal under this rule; Provided that the Tribunal shall not rest its decision on any other ground unless the party who may be affected thereby has had; a sufficient opportunity of being heard on that ground."

ဤအတိုင်းဆိုလျှင် အခွန်အယူခံ ခုံအဖွဲ့သည် အယူခံလွှာတွင် မပါရှိသည့် အကြောင်းပြချက်များကို အယူခံ အကြောင်းပြချက် ယုတ္တိအသစ် အဖြစ်ဖြင့် တင်ပြခွင့်ပြုနိုင်ကြောင်း ပေါ်လွင်သည်။ ဤကဲ့သို့ အယူခံ အကြောင်းပြချက် ယုတ္တိအသစ်ကို တင်ပြခွင့်အမိန့် ချမှတ်ခြင်းမှာ အခွန်အယူခံ ခုံအဖွဲ့သည် မိမိအား ဥပဒေအရ အပ်နှင်းထားသည့် အာဏာအရ အဆုံးအဖြတ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ အနေနှင့် ဤအဆုံးအဖြတ်ကို လွယ်လင့်တကူ ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။ ဥပဒေအရ ချင့်ချိန်သုံးသပ် ဆုံးဖြတ်မှုမဟုတ်ပဲ၊ မတရားသဖြင့် တဘက်စောင်းနင်း အဆုံးအဖြတ်ပေးထားသည်ဟု ယူဆမှသာလျှင် ဝင်ရောက်စွက်ဖက်နိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်၍ ဤအမှုတွင် အခွန်အယူခံ ခုံအဖွဲ့၏ အဆုံးအဖြတ်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်း လုံးဝမရှိသဖြင့် ဤလျှောက်လွှာကို စရိတ်မရှိ ပလပ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်နှင့် ဦးသန့်စင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးငွေးတင်

နှင့်

မြို့နယ်အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ၊
ပေတော မြို့ ပါ ၂ ဦး *

† ၁၉၇၆
ဧပြီလ ၂၁ ရက်

အုန်းသီးတက်ခူးခိုင်းရာ အုန်းပင်ပေါ်မှကျ၍ သေဆုံးလျှင် အလုပ်သမားလျော်ကြေးဥပဒေအရ အလုပ်ရှင်က လျော်ကြေးပေးပိုင်ခွင့်ရှိမရှိ။

ဆုံးဖြတ်ချက်။ ။"ပြင်ပအလုပ်သမား" ဆိုသည်မှာ ပစ္စည်းများယူ၍ ပြင်ပတွင်လုပ်ကိုင်ပေး၍ ပြန်အပ်သူကိုဆိုလိုသည်။ ထို့ကြောင့် အုန်းပင်တက်စားသူတဦးသည် ပြင်ပအလုပ်သမားဟု မခေါ်နိုင်ပေ။ ထို့ပြင် ၁၉၆၄ ခုနှစ်၊ အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၄ (က) အရ၊ "အလုပ်သမား" ဆိုသည်မှာမိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်၍ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကြောင်းမှု ပြုနေရသူကိုဆိုသည်။ ပုဒ်မ ၄ (ခ) အရ၊ "အလုပ်ရှင်" ဆိုသည်မှာ အလုပ်သမားအား လုပ်ခကိုပေးရန်တာဝန်ရှိသူကိုဆိုသည်၊ မောင်ကြည်ဝင်းသည် မိမိ၏ကာယအားကို အသုံးပြု၍ အုန်းပင်တက်ခဲ့ခြင်းဖြစ်သည်။ အုန်းပင်တက်ပေးသည့် လခကို အယူခံတရားလိုက ပေးရန်တာဝန်ရှိခဲ့သည်။ ထို့ကြောင့် မောင်ကြည်ဝင်းသည် အလုပ်သမားဖြစ်ပြီး အယူခံတရားလိုသည် မောင်ကြည်ဝင်း၏ အလုပ်ရှင် ဖြစ်သည်။

မောင်ကြည်ဝင်းမသေခင်က ၎င်းအတွက်ဆေးဖိုးဝါးခနှင့် အခြားစရိတ်များအတွက် အယူခံတရားလိုက ငွေ ၁၃၀၀ ကျပ် အကုန်ခံခဲ့သည်။ ထိုငွေကိုလျော်ကြေးပမာဏမှနုတ်သင့်သည်ဟု အယူခံတရားလိုကတင်ပြထားကြောင်းလည်း တွေ့ရသည်။ အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ (၈) (၁) ၏ ခြွင်းချက်အရ အလုပ်သမားတဦးသေဆုံးလျှင်အလုပ်ရှင်က ယင်းအလုပ်သမား မသေမီကစိုက်ထုတ်ပေးကမ်းကုန်ကျသည့်ငွေများရှိလျှင် လျော်ကြေးပမာဏထဲမှငွေ ၁၀၀ ဝိ အထိ နုတ်ခွင့်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဦးဘညွန့်။

အယူခံတရားပြိုင်အတွက်။ ။ဗဟိုဥပဒေရုံး၊ ရှုံးသဟာယ မစ္စတာ အက်စ်၊ ကေ၊ ဂိုရှ်။

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆။

† ၁၉၇၄ ခုနှစ်၊ တရားမလျော်ကြေးမှုအမှတ် ၅ တွင်၊ ပေတောမြို့၊ မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၅

မောင်ဌေးတင်နှင့် မြို့နယ်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ ပေတော မြို့ ပါ ၂ ဦး။

အယူခံတရားလိုနှင့် ၎င်း၏ဇနီး မကြည်ကြည်သန်းတို့သည် ပေတောမြို့နယ်၊ ပြင်ခရိုင်တွင် နေထိုင်ကြသူများ ဖြစ်ကြသည်။ ဈေးရောင်းသည့်လုပ်ငန်း လုပ်ကိုင်စားသောက်ကြသည်။

ဦးဌေးတင်တို့ ခြံဝင်းအတွင်းရှိအုန်းပင်များကို ၎င်း၏ဇနီး မကြည်ကြည်သန်းက သေဆုံးသူ မောင်ကြည်ဝင်းအားတပင်တကျပ်နှုန်းနှင့် အုန်းသီးတက်ခူးခိုင်းရာ မောင်ကြည်ဝင်းသည် အုန်းပင်ပေါ်မှကျ၍ သေဆုံးခဲ့သည်။ မောင်ကြည်ဝင်း၏ ဖခင်က အလုပ်သမားလျော်ကြေး ကော်မတီထံ လျော်ကြေးအတွက် လျှောက်ထားရာ ယင်းကော်မတီက အယူခံတရားလို ဦးဌေးတင်သည် မောင်ကြည်ဝင်း၏ဖခင် ဦးဘစိန်အား အလုပ်သမားလျော်ကြေးငွေ ၂,၁၆၀ ကျပ် ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၃၀ အရ၊ အယူခံဝင်ခြင်းဖြစ်သည်။

မောင်ကြည်ဝင်းကို ဇနီးဖြစ်သူ မကြည်ကြည်သန်းက အုန်းပင် တက်ခိုင်းခြင်းဖြစ်သည်။ ထို့ကြောင့် အယူခံတရားလို ဦးဌေးတင်မှာ လျော်ကြေးပေးရန် တာဝန်မရှိဟု ဤအယူခံမှုတွင် ပထမအချက်အနေနှင့် တင်ပြထားကြောင်း တွေ့ရသည်။ အယူခံတရားလို ဦးဌေးတင်နှင့် ဇနီးဖြစ်သူ မကြည်ကြည်သန်းတို့သည် ဈေးရောင်းသည့် အလုပ်ဖြင့် လုပ်ကိုင်စားသောက်လျက်ရှိသည်။ အုန်းသီးများကို မောင်ကြည်ဝင်းအား အခူးခိုင်းခြင်းမှာလည်း ယင်းအုန်းသီးများကို ရောင်းချရန်အတွက် ဖြစ်သည်။ လင်မယားနှစ်ယောက်စလုံး၏ လုပ်ငန်းအတွက် အုန်းသီးများကို ခူးခဲ့ရခြင်းဖြစ်သဖြင့် မောင်ကြည်ဝင်းအား မကြည်ကြည်သန်း တဦးတည်းက ခိုင်းခဲ့သော်လည်း ခင်ပွန်းဖြစ်သည့် ဦးဌေးတင်၌လည်း တာဝန်ရှိပေသည်။

မောင်ကြည်ဝင်းသည် အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂ (၁) (စစ) တင် ဖော်ပြထားသည့်ပြင်ပ အလုပ်သမား တဦးသာဖြစ်သဖြင့် လျော်ကြေးပေးရန် တာဝန်မရှိဟု ဒုတိယအချက်အနေနှင့် တင်ပြထားကြောင်း တွေ့ရသည်။ "ပြင်ပအလုပ်သမား" ဆိုသည်မှာ ပစ္စည်းများယူ၍ ပြင်ပတွင်လုပ်ကိုင်ပေး၍ ပြန်အပ်သူကိုဆိုသည်။ ထို့ကြောင့် အုန်းပင်တက်စားသူ တဦးသည် ပြင်ပအလုပ်သမားဟု မခေါ်နိုင်ပေ။ ထို့အပြင် ၁၉၆၄ ခုနှစ်၊ အလုပ်သမားများ၏ အခြေခံ ရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေပုဒ်မ ၄ (က)အရ "အလုပ်သမား" ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကိုအသုံးပြု၍ လုပ်ကိုင်၍ရရှိသော လုပ်ခနှင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကိုဆိုသည်။ ပုဒ်မ ၄ (ခ)အရ "အလုပ်ရှင်"ဆိုသည်မှာ အလုပ်သမားအား လုပ်ခကို ပေးရန် တာဝန်ရှိသူကိုဆိုသည်။ မောင်ကြည်ဝင်းသည် မိမိ၏ ကာယအားကို အသုံးပြု၍ အုန်းပင်တက်ခဲ့ခြင်းဖြစ်သည်။ အုန်းပင်တက်ပေးသည့် လုပ်ခကို အယူခံ

၁၉၇၅

မောင်ငွေးတင်
နှင့်
မြို့နယ်
အလုပ်သမား
လျော်ကြေး
စိစစ်ရေး
ကော်မတီ
ပေါ်တော်မြို့ ပါ
၂ ဦး။

တရားလိုက ပေးရန်တာဝန် ရှိခဲ့သည်။ ထို့ကြောင့် မောင်ကြည်ဝင်းသည် အလုပ်သမား ဖြစ်ပြီး အယူခံတရားလိုသည် မောင်ကြည်ဝင်း၏ အလုပ်ရှင်ဖြစ်သည်။

မောင်ကြည်ဝင်း မသေခင်က ၎င်းအတွက် ဆေးဖိုးဝါးခနှင့် အခြားစရိတ်များ အတွက် အယူခံတရားလိုက ငွေ ၁,၃၀၀ ကျပ်အကုန်ခံခဲ့သည်။ ထိုငွေကို လျော်ကြေး ပမာဏမှ နုတ်သင့်သည်ဟု အယူခံတရားလိုက တင်ပြထားကြောင်းလည်း တွေ့ရသည်။ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၈ (၁)၏ ခြွင်းချက်အရ၊ အလုပ်သမားတဦး သေဆုံးလျှင် အလုပ်ရှင်က ယင်းအလုပ်သမား မသေမီက စိုက်ထုတ်ပေးကမ်းကုန်ကျ သည့် ငွေများရှိလျှင် လျော်ကြေးပမာဏထဲငွေမှ ၁၀၀ ကျပ် အထိ နုတ်ခွင့်ရှိသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်ပြီး အလုပ်သမား လျော်ကြေး ပမာဏမှာ ၂,၀၆၀ ကျပ် ဖြစ်သည်ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဗိုလ်မှူးကြီး လှမောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မတင်လှ

နှင့်

ဦးသာဒင် (ခေါ်) ဦးနေဝင်း *

† ၁၉၇၄
ဒီဇင်ဘာလ
၂၇ ရက်။

အဆိုလွှာနှင့်အတူ၊ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စတွင်၊ ယခင်အမှု ဦးမီးသေ အဆုံးအဖြတ်ဖြစ်ခဲ့သည် ဟူသော အချက်နှင့် သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ၊ တရားစွဲဆို နိုင်ခွင့် မရှိဟူသော အချက်တို့ကိုအခြေပြု၍ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ပလပ်နိုင် မနိုင်၊ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို တရားမ ကျင့်ထုံးအမိန့် (၃၃) အရဆောင်ရွက်ရန် ညွှန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။မီးသေအဆုံးအဖြတ်ဖြစ်သည်ဟူသော အချက်မှာ ဤအဆင့်တွင် အဆုံးအဖြတ်ပေးရန်မဟုတ်ပေ၊ ယခုအဆင့်တွင် လူမွဲအဖြစ်တရားစွဲဆိုခွင့် ပြုသင့် မပြုသင့်သာ အဆုံးအဖြတ်ပေးရန်လိုသည်။ လူမွဲအဖြစ်တရားစွဲဆိုခွင့်ပြုပြီး ဤအမှုကို တရားမကြီးမှုအမှတ် တပ်ပြီး အမှုစစ်ဆေးသည့်အခါမှ စဉ်းစားနိုင်မည်ဖြစ်သည်။ ထိုနည်းတူစွာ သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ အပတိဋ္ဌသားသမီးဖြစ်သည်ဟု အဆိုပြု၍ တရားစွဲဆိုနိုင်ခွင့်မရှိဟူသော အချက်မှာလည်း ယခုအဆင့်တွင်စဉ်းစားရန်အချက်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြည်နယ်တရားရုံးမှ လျှောက်ထားသူ၏ လူမွဲအဖြစ်စွဲဆိုခွင့် ပြုရန်လျှောက်လွှာနှင့်ပတ်သက်၍ ဆောင်ရွက်မှုမှာဥပဒေနှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးအမိန့်(၃၃)အရလျှောက်လွှာတင်လျှင်နည်းဥပဒေ(၂)ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီ မညီ ပထမဦးစွာ စိစစ်ရမည်။ ထို့နောက် နည်းဥပဒေ(၃) ပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီလျှင် လျှောက်လွှာကိုပယ်ရမည်။နည်းဥပဒေ(၃)အရ၊ မပယ်မှသာလျှင်နည်းဥပဒေ(၄)အရ၊ နှစ်ဘက်အမှုသည်နှင့် ဥပဒေဝန်ထမ်းထံသို့အကြောင်းကြားစာထုတ်ရမည်။ ၎င်းနောက်နှစ်ဘက်အမှုသည်နှင့် ၎င်းတို့တင်ပြသော သက်သေများကို စစ်ဆေးခြင်းပြုလုပ်ရမည်။ ထိုသို့စစ်ဆေး ကြားနာပြီးနောက် လျှောက်လွှာလက်ခံရန် သို့မဟုတ်ပယ်ရန် သင့်တော်ယူဆသည့်အမိန့်ကို ချမှတ်ရမည်ဖြစ်သည်။

အယူခံတရားလို အတွက်။ ။ဦးမှန်စံလှိုင်။
အယူခံတရားပြိုင်အတွက်။ ။ဦးဝင်းကြည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၀။

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂ တွင်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၄

မတင်လှ နှင့် ဦးသာဒင် (ခေါ်) ဦးမြနေဝင်း။

လျှောက်ထားသူသည် မွန်ပြည်နယ် တရားရုံးတင် ကွယ်လွန်သူ ဒေါ်စိုးမေဆိုသူ၏ အမွေပုံပစ္စည်းများကို တရားရုံးကအုပ်ထိန်းပြီး စီရင်ခန့်ခွဲ ပေးစေလိုမှု စွဲဆိုခဲ့သည်။ ထိုသို့စွဲဆိုရာတွင် ကျသင့်သော ရုံးခွန်တော် အပြည့်ကို ထမ်းဆောင်နိုင်စွမ်း မရှိသဖြင့် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် တရားမကျင့်ထုံးအမိန့် (၃၃) နည်းဥပဒေ (၂)အရ၊ အဆိုလွှာနှင့်အတူ လျှောက်ထားခြင်း ပြုခဲ့သည်။

ထိုလျှောက်လွှာကို လျှောက်ထားခံရသူက ကန့်ကွက်ခဲ့သည်။ ကန့်ကွက်လွှာတွင် လျှောက်ထားခံရသူက လျှောက်ထားသူ စွဲဆိုသော အမှုကို စွဲဆိုရန် အကြောင်း အချင်းအရာ လုံးဝပေါ်ပေါက်ခြင်း မရှိဟူ၍လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ (၁၁)အရ မီးသေဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်သဖြင့် အမှုကို စွဲဆိုနိုင်ခွင့် မရှိဟူ၍ လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အပတိဋ္ဌ မွေးစားသားသမီးတို့သည် အမွေစားအမွေခံ မဟုတ်ဟူ၍လည်းကောင်း စသည်ဖြင့် ကန့်ကွက်ခဲ့သည်။

ထိုကဲ့သို့ ကန့်ကွက်ချက်ကို အခြေပြု၍ မွန်ပြည်နယ်တရားရုံးကလျှောက်ထားသူ၏ လူမွဲအဖြစ်တရားစွဲဆိုခွင့်ပြုရန်လျှောက်လွှာကို ပလပ်လိုက်သည်။ ထိုသို့ပလပ်လိုက်သော အမိန့်တွင် မွန်ပြည်နယ်တရားရုံးက——

(၁) ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် (၉)တွင် ဤရုံးကပင် မတင်လှ သည် ကိတ္တိမသမီး မဟုတ်ဟု ဆုံးဖြတ်ခဲ့ပြီးခြင်း၊

(၂) တရားမကျင့်ထုံးပုဒ်မ (၁၁)အရ၊ ကိတ္တိမသမီးဟုအဆိုပြုကာ လျှောက် ထား ခံရသူအပေါ် ထပ်မံ တရားစွဲဆိုခွင့် မရှိတော့ကြောင်း၊

(၃) ယခင်က ၎င်းသည် အပတိဋ္ဌသမီးဟု အဆိုပြုခဲ့ခြင်း မရှိခဲ့ခြင်း ကြောင့် ယခုအခါတွင် သက်သေခံပုဒ်မ (၁၁၅) အရ အပတိဋ္ဌသမီးဟု ပြောင်း၍ ဆိုခွင့်မရှိကြောင်း၊

(၄) ထို့ကြောင့် ခတင်လှသည်၊ ကိတ္တိမသမီး အဖြစ်လည်းကောင်း၊ အပတိ ဋ္ဌသမီးအဖြစ်လည်းကောင်း တရားစွဲဆိုခွင့် မရှိတော့ဟု ဆုံးဖြတ် ပေးပြီး လျှောက်ထားသူ၏ အမှုစွဲဆိုရန် အကြောင်းမရှိသဖြင့် တရားမ ကျင့်ထုံးအမိန့် (၃၃) နည်းဥပဒေ ၅ (ဃ)အရ လူမွဲအဖြစ် တရားစွဲဆို ခွင့်ပြုရန် လျှောက်လွှာကို ပယ်လိုက်ကြောင်း တွေ့ရသည်။ ထိုသို့ ချမှတ်သော အမိန့်ကို မကျေနပ်၍ ပြင်ဆင်မှုလျှောက်လွှာ တင်ခြင်း ဖြစ်သည်။

အမွေထိန်းစာ လျှောက်ထားမှုဖြစ်သည့် ၁၉၆၄ ခုနှစ်၊ တရားမကြီးမှုအမှတ် (၉) တွင် လျှောက်ထားသူသည် (ဒေါ်စိုးမေ)၏ ကိတ္တိမသမီး မဟုတ်ဟု အဆုံးအဖြတ် ပေးထားခြင်းကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ (၁၁)အရ ဤအမှုမစွဲနိုင်ပေ။

မီးသေအဆုံးအဖြတ် ဖြစ်သည်ဟူသော အချက်မှာ ဤအဆင့်တွင် အဆုံးအဖြတ်ပေးရန်မဟုတ်ပေ။ ယခုအဆင့်တွင် လူမွဲအဖြစ် တရားစွဲဆိုခွင့် ပြုသင့် မပြုသင့်သာ အဆုံးအဖြတ်ပေးရန်လိုသည်။ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုပြီး ဤအမှုကို တရားမကြီးမှုအမှတ်တပ်ပြီး အမှုစစ်ဆေးသည့် အခါမှစ၍စဉ်းစားနိုင်မည်ဖြစ်သည်။ ထိုနည်းတူစွာ သက်သေခံ ဥပဒေပုဒ်မ(၁၁၅)အရ အပတိဋ္ဌသမီးဖြစ်သည်ဟု အဆိုပြု၍ တရားစွဲဆိုနိုင်ခွင့် ရှိ မရှိဟူသော အချက်မှာလည်း ယခုအဆင့်တွင် စဉ်းစားရန် အချက်မဟုတ်ပေ။

ထို့ပြင် ပြည်နယ်တရားရုံးမှ လျှောက်ထားသူ၏ လူမွဲအဖြစ် စွဲဆိုခွင့်ပြုရန် လျှောက်လွှာနှင့် ပတ်သက်၍ ဆောင်ရွက်မှုမှာ ဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရသည်။ တရားမကျင့်ထုံးအမိန့် (၃၃)အရ လျှောက်လွှာတင်လျှင် နည်းဥပဒေ (၂)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီ မညီ ပထမဦးစွာ စိစစ်ရမည်။ ထို့နောက် နည်းဥပဒေ (၃)ပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီလျှင် လျှောက်လွှာကို ပယ်ရမည်။ နည်းဥပဒေ (၃) အရ၊ မပယ်မှသာလျှင် နည်းဥပဒေ (၄)အရ နှစ်ဘက်အမှုသည်နှင့်ဥပဒေဝန်ထမ်းထံသို့ အကြောင်း ကြားစာထုတ်ရမည်။ ၎င်းနောက် နှစ်ဘက် အမှုသည် နှင့်၎င်းတို့ တင်ပြသောသက်သေများကို စစ်ဆေးခြင်း ပြုလုပ်ရမည်။ ထိုသို့စစ်ဆေး ကြားနာပြီးနောက်လျှောက်လွှာလက်ခံရန် သို့မဟုတ် ပယ်ရန်သင့်တော်ယူဆသည့် အမိန့်ကို ချမှတ်ရမည်ဖြစ်သည်။

ဤအမှုတွင်မူကား ပြည်နယ်တရားရုံးသည် နည်းဥပဒေ (၂)နှင့် (၃) တို့ကို ကျော်လွန်ပြီး နည်းဥပဒေ (၄)အရ တဘက်သို့ အကြောင်းကြားစာထုတ်ပြီး အဆုံးအဖြတ်ပေးထားကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤကဲ့သို့ ဆောင်ရွက်ခြင်းမှာ အမိန့် (၃၃)တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ခြင်း မဟုတ်သဖြင့် မွန်ပြည်နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။ ယင်းတရားရုံးသည် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လျှောက်လွှာနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်၍ အမိန့်ချမှတ်ရန် ညွှန်ကြားလိုက်သည်။

၁၉၇၆

မတင်လှ
နှင့်
ဦးသာဒင်
(ခေါ်)
ဦးနေဝင်း။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးလွင်မောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ဦးထွန်းစိန်၊ ၂။ ဒေါ်မြ

နှင့်

ဒေါ်ကျင်ရွှေ (သေ) ၎င်း၏တရားဝင်ကိုယ်စား
ဦးဘာဘာ (သေ) ၎င်း၏တရားဝင်ကိုယ်စားများ
၁။ ဦးဘိုးသိန်း၊ ၂။ ဦးဘိုနီ *

† ၁၉၇၆
ဧပြီလ ၉ ရက်။

တရားရုံးကပေးရန်ကျန်ရှိသော ငှါးရမ်းခကို သတ်မှတ်ရာတွင် အိမ်လခပေးရန် ပျက်ကွက်သည့်လမှ၊ ဇာရီမှုစွဲဆိုပြီး အပ်ဝရမ်းထုတ်ရန် အမိန့်ချမှတ်သည့်နေ့အထိ ပါဝင်ခြင်းရှိ မရှိ ငှါးရမ်းခ ကျန်ငွေများကို အရစ်ကျပေးသွင်းခွင့်ပြုသင့် မပြုသင့်။

ဆုံးဖြတ်ချက်။ ။တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်၌ တရားရုံးများကပေးရန် ကျန်ရှိသောငှါးရမ်းခများကို အောက်ပါအတိုင်း တွက်ချက်သတ်မှတ်သွားကြောင်း တွေ့ရှိရသည်။ တလလျှင် ၅၀ ကျပ်နှုန်းဖြင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ၃ နှစ်အတွက် ၁၈၀၀ ကျပ်၊ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးက အပ်ဝရမ်းထုတ်ရန်အမိန့်ချမှတ်သော ၁၉၇၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့အထိ ၅ နှစ်နှင့် ၇ လအတွက် ၃၃၅၀ ကျပ်၊ စုစုပေါင်း ၅၁၅၀ ကျပ်ဖြစ်သည်။

တလလျှင် ၅၀ ကျပ်သည် အိမ်ရှင်နှင့်အိမ်ငှါးတို့နှစ်ဦးသဘောတူခဲ့သောနှုန်းဖြစ်သည်။ ထိုနှုန်းဖြင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံး၌ အမှုစတင်စွဲဆိုသော ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ၃ နှစ်အတွက် ၁၈၀၀ ကျပ်ပေးစေရန်ချမှတ်ခြင်းသည်။ ကာလစည်းကမ်းသတ် ဥပဒေ၏ နောက်ဆက်တွဲ ပထမဇယား၊ အပိုဒ် ၁၁၀ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သဖြင့် ဥပဒေအရမှန်ကန်သည်။ သို့ရာတွင် ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးက အပ်ဝရမ်းထုတ်ရန် အမိန့်ချမှတ်သော ၁၉၇၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့အထိ ၅ နှစ်နှင့် ၇ လအတွက် ၃၃၅၀ ကျပ် ပေးစေရန် ချမှတ်ခြင်းသည် ဥပဒေနှင့်မညီညွတ်သဖြင့်မှားယွင်းပေသည်။ ထိုအမှုနှင့်စပ်လျဉ်း၍စတင်စွဲဆိုသော ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးကဒီကရီချမှတ်သော ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့အတွက် ၁ နှစ်နှင့် ၂ လအတွက် ၇၀၀ ကျပ်သာရခွင့်ရှိသည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၇။

† ၁၉၇၄ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၄ တွင်၊ မန္တလေး အရှေ့မြောက်မြို့နယ် ရုံးထိုင် မန္တလေးတိုင်း တရားရုံး၏ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

၁၉၇၆

၁။ ဦးထွန်းစိန်၊ ၂။ ဒေါ်မြ
နှင့်
ဒေါ်ကျင်ရွှေ (သေ) ၎င်း၏ တရားဝင် ကိုယ်စားလှယ် ဦးဘာဘ (သေ)၎င်း၏တရားဝင်ကိုယ်စားလှယ်များ ၁။ ဦးဘိုးသိန်း၊ ၂။ ဦးဘိုနီ။

ထို့ကြောင့် တရားရှုံးကပေးဆပ်ရမည့် ငှါးရမ်းခမှာ တရားမစွဲမီ ၃ နှစ်အတွက် ၁၈၀၀ ကျပ်နှင့် တရားစွဲသည့်နေ့မှ ဒီကရီ ချမှတ်သည့်နေ့အထိ ၁ နှစ်နှင့် ၂ လအတွက် ၇၀၀ ကျပ်စုစုပေါင်း ၂၅၀၀ ကျပ်သာလျှင် တရားဥပဒေနှင့်အညီ ပေးအပ်ရန်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရှုံးများသည် မိမိတို့ ငှါးရမ်းနေထိုင်ခဲ့သော ဥပစာအတွက် ငှါးရမ်းခများကို မှန်ကန်စွာ ပေးသွင်းခြင်း မပြုခဲ့သဖြင့် တရားနိုင်တွင်၊ နှစ်နာခဲ့ရလေပြီ။ ငှါးရမ်းခကျန်ငွေများကို အချက်ကျဖြင့်ပေးသွင်းခွင့်ပြုပါလျှင် တရားရှုံးများအား အခွင့်အရေး လိုသည်ထက်ပို၍ ခံစားခွင့်ပြုရာရောက်မည် ဖြစ်သောကြောင့် နှစ်ဦးနှစ်ဘက် တရားမျှတစေရန် တရားရှုံးများအား ထိုအခွင့်အရေးကို ခံစားခွင့်မပြုသင့်ဟုယူဆသည်။

လျှောက်ထားသူအတွက်။ ။ဦးဘငွေ၊ ဗဟိုတရားရုံးရှေ့နေကြီး။

လျှောက်ထားခံရသူအတွက်။ ။ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေကြီး။

အိမ်ရှင် ဒေါ်ကျင်ရွှေက မိမိ၏ အိမ်ငှားများဖြစ်သော ဦးထွန်းစိန်နှင့် ဒေါ်မြတို့ထံမှ ငှားရမ်းခများကို အကြိမ်ကြိမ် တောင်းခံသော်လည်း မရရှိသောကြောင့် ၎င်းတို့အား ငှားရမ်းထားသောမြေနှင့် အဆောက်အအုံမှ ထွက်ခွါသွားစေလိုမှု စွဲဆိုခဲ့သည်။ မန္တလေးမြို့နယ် တရားရုံးက ၁၉၆၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆ သတ်မှတ်၍ စစ်ဆေးကြားနာပြီး၊ ငှားရမ်းခများပေးရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသော တရားပြိုင်များအား ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၂(၁)(က)အရ အချင်းဖြစ်မြေနှင့် အဆောက်အအုံမှ ထွက်ခွာသွားစေရန် စရိတ်နှင့်တကဒီကရီချမှတ်ခဲ့သည်။ တရားပြိုင်များက မကျေနပ်သဖြင့် မန္တလေးမြို့၊ ရာဘက်ခရိုင် တရားမရုံး ၁၉၆၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃ နှင့် နိုင်ငံတော် တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၇၀ ခုနှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၂ တို့အရတဆင့်ပြီး တဆင့် အယူခံခဲ့သော်လည်း အောင်မြင်ခြင်း မရှိခဲ့ပေ။

ထို့နောက် မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံးက ၁၉၇၃ ခုနှစ်၊ ဇာရီမှုအမှတ် ၂၁ တွင် တရားနိုင်၏ လျှောက်ထားချက်အရ ပစ္စည်းအပ်ဝရမ်း ထုတ်ပေးခဲ့သည်။ သို့ရာတွင် ထိုအပ်ဝရမ်းကို အတည်မပြုရသေးမီ တရားရှုံးများက မူလမှုအရ ပေးရန်ကျန်ရှိသော ငှားရမ်းခများကို တလလျှင် ၅၀ ကျပ်နှင့် ငှားရမ်းခအသစ်များကို တလလျှင် ၅၀ ကျပ် (နှစ်ရပ်ပေါင်း တလလျှင် ၁၀၀ ကျပ်)လာစဉ်မှန်ကန်စွာပေးပါမည်။ တကြိမ်ပျက်ကွက်ပါက ပစ္စည်းအပ်ဝရမ်း ထုတ်ပေးပါဟု လျှောက်ထားခဲ့သည်။ မြို့နယ်တရားရုံးက တရားရှုံးများအား၊ ၅၉၅၀ ကျပ် ပေးဆပ်ရန် သို့မဟုတ် ငှားရမ်းထားသောဥပစာမှ ထွက်ခွာသွားရန် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့အထိအချိန်ပေးခဲ့သည်။ ထိုအမိန့်ကို တရားရှုံးများက မကျေနပ်သဖြင့် အယူခံသောအခါ မန္တလေး အရှေ့

၁၉၅၆

၁။ ဦးထွန်းစိန်၊
၂။ ဒေါ်မြ
နှင့်
ဒေါ်ကျင်ရွှေ
(သေ) ၎င်း၏
တရားဝင်ကိုယ်
စားလှယ်
ဦးဘာဘာ
(သေ) ၎င်း၏
တရားဝင်ကိုယ်
စားလှယ်များ
၁။ ဦးဘိုးသိန်း၊
၂။ ဦးဘိုနီ။

မြောက်မြို့နယ်ရုံးထိုင် မန္တလေးတိုင်း တရားရုံးက ၁၉၇၄ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၄ တွင် ကြားနာ၍ တရားရှုံးများက ပေးရန်ကျန်သော ငှားရမ်းခစုစုပေါင်း ၅၁၅၀ ကျပ်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး၊ တရားရှုံးများသည် ထိုငှားရမ်းခကျန်ငွေ ၅၁၅၀ ကျပ်ကိုပေးသွင်းလျှင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅ အရ၊ ဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်းထားရမည်ဖြစ်ကြောင်း ထိုသို့ပေးသွင်းခြင်း မပြုလျှင် အပ်ဝရမ်း ထုတ်စေရမည်ဖြစ်ကြောင်း၊ အဆိုပါ ငှားရမ်းခကျန်ငွေကို အရစ်ကျ ပေးသွင်းရန်ကိစ္စမှာ မူလရုံး၏ အမိန့်အတိုင်း ဖြစ်စေရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ တရားရှုံးများက ယင်းအမိန့်ကိုလည်းမကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်သည်။

တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်၌ တရားရှုံးများက ပေးရန်ကျန်ရှိသော ငှားရမ်းခများကို အောက်ပါအတိုင်း တွက်ချက် သတ်မှတ်ထားကြောင်း တွေ့ရှိရသည်။ တလလျှင် ၅၀ ကျပ်နှုန်းဖြင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ၃ နှစ်အတွက် ၁၈၀၀ ကျပ်၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးက အပ်ဝရမ်းထုတ်ရန် အမိန့်ချမှတ်သော ၁၉၇၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့အထိ ၅ နှစ်နှင့် ၇ လအတွက် ၃၃၅၀ ကျပ်၊ စုစုပေါင်း ၅၁၅၀ ကျပ်ဖြစ်သည်။

တလလျှင် ၅၀ ကျပ်သည် အိမ်ရှင်နှင့် အိမ်ငှားတို့ နှစ်ဦးသဘောတူခဲ့သော နှုန်းဖြစ်သည်။ ထိုနှုန်းဖြင့် ၁၉၆၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံး၌ အမှုစတင်စွဲဆိုသော ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ခုနှစ်အအတွက် ၁၈၀၀ ကျပ်ပေးစေရန် ချမှတ်ခြင်းသည် ကာလစည်းကမ်းသတ် ဥပဒေ၏ နောက်ဆက်တွဲ ပထမဇယား၊ အပိုဒ် ၁၁၀ ပါပြဋ္ဌာန်းချက်နှင့် ညီညွတ်သဖြင့် ဥပဒေအရ မှန်ကန်သည်။ သို့ရာတွင် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးက အပ်ဝရမ်းထုတ်ရန် အမိန့်ချမှတ်သော ၁၉၇၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့အထိ ၅ နှစ်နှင့် ၇ လအတွက် ၃၃၅၀ ကျပ်ပေးစေရန် ချမှတ်ခြင်းသည် ဥပဒေနှင့် မညီညွတ်သဖြင့် မှားယွင်းပေသည်။ ထိုအမှုနှင့် စပ်လျဉ်း၍ စတင်စွဲဆိုသော ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ မူလရုံးက ဒီကရီချမှတ်သော ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့အတွက် ၁ နှစ်နှင့် ၂ လအတွက် ၇၀၀ ကျပ်သာရရှိခွင့်ရှိသည်။

ထို့ကြောင့် တိုင်းတရားရုံးက သတ်မှတ်ခဲ့သော တရားရှုံးများက ပေးဆပ်ရမည့် ငှားရမ်းခစုစုပေါင်း ၅၁၅၀ ကျပ်ကိုပယ်ဖျက်ပြီး ၎င်းအစား တရားမစွဲမီ ၃ နှစ်အတွက် ၁၈၀၀ ကျပ်နှင့် တရားစွဲဆိုသည့်နေ့မှ ဒီကရီချမှတ်သည့်နေ့အထိ ၁ နှစ်နှင့် ၂ လ အတွက် ၇၀၀ ကျပ်၊ စုစုပေါင်း ၂၅၀၀ ကျပ်သာလျှင် တရားဥပဒေနှင့်အညီ ပေးအပ်ရန်ရှိသည်ဟု ကျွန်ုပ်တို့ ပြင်ဆင်သတ်မှတ်လိုက်သည်။

တရားရှုံးများသည် မိမိတို့ငှားရမ်းနေထိုင်ခဲ့သော ဥပစာအတွက် ငှားရမ်းခများကို မှန်ကန်စွာ ပေးသွင်းခြင်း မပြုခဲ့သဖြင့် တရားနိုင်တွင် နစ်နာခဲ့ရလေပြီ၊ ငှားရမ်းခ ကျန်ငွေများကို အရစ်ကျဖြင့် ပေးသွင်းခွင့် ပြုပါလျှင် တရားရှုံးများအား အခွင့်အရေး များ လိုသည်ထက်ပို၍ ခံစားခွင့်ပြုရာရောက်မည် ဖြစ်သောကြောင့် နှစ်ဦးနှစ်ဘက် တရားမျှတစေရန် တရားရှုံးများအား ထိုအခွင့်အရေးကို ခံစားခွင့် မပြုသင့်ဟု ယူဆသည်။ ထို့ကြောင့် ငှားရမ်းခ ကျန်ငွေများကို အရစ်ကျ ပေးသွင်းခွင့်ပြုရန် တရားရှုံးများ၏လျှောက်ထားခြင်းကို ကျွန်ုပ်တို့ ပယ်ချလိုက်သည်။

လျှောက်ထားသူ တရားရှုံးများသည် ငှားရမ်းခကျန်ငွေ ၂၅၀၀ ကျပ်ကို တကြိမ်တည်း ပေးသွင်းရန်ဖြစ်သည်။ ယင်းသို့ ပေးသွင်းပါလျှင် ဒီကရီအတည်ပြုခြင်းကို ရပ်ဆိုင်း ထားစေရမည်။ မပေးသင်းပါက ဒီကရီကို အတည်ပြုရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် စေရမည်။ ဤပြင်ဆင်မှုကို စရိတ်မရှိ ပလပ်လိုက်သည်။

၁၉၇၆

၁။ ဦးထွန်းစိန်၊
၂။ ဒေါ်မြ
နှင့်
ဒေါ်ကျင်ရွှေ
(သေ) ၎င်း၏
တရားဝင်ကိုယ်
စားလှယ်
ဦးဘာဘာ
(သေ) ၎င်း၏
တရားဝင်ကိုယ်
စားလှယ်များ
၁။ ဦးဘိုးသိန်း၊
၂။ ဦးဘိုနီ။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးထွန်းအောင်ကျော် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
နိုဝင်ဘာလ
၁၀ ရက်။

၁။ မောင်ထွန်းထွန်းအောင်
၂။ မနှစ်နှစ်ထွေး
၃။ မငြိမ်းငြိမ်းထွေး
၄။ မနီနီထွေး
၅။ မစုစု
၆။ မောင်အေးမောင်

နှင့်

၁။ ဒေါ်ပြုံးရီ
၂။ ဒေါ်ခင်စိန်
၃။ မမြင့်မြင့်ဌေး *

သွေးထက်ဝက် တူမသည်၊ သွေးရင်းတူ တူမများနှင့် တန်းတူအမွေဆက်ခံနိုင်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ထုံးတမ်းအမွေခန်း တရားဥပဒေအရ မျိုးဆက်နီးသူက မျိုးဆက်ဝေးသူအားအမွေမှထုတ်ပယ်နိုင်သည်။ မျိုးဆက်နီးဝေးတူညီလျှင်သွေးရင်းဆွေမျိုးကသွေးထက်ဝက်ဆွေမျိုးကိုအမွေမှထုတ်ပယ်နိုင်သည်၊ ယခုအမှုတွင် သွေးထက်ဝက် တူမဖြစ်သော ဒေါ်ပြုံးရီက သွေးရင်းတူ တူမများနှင့်အတူ အမွေဆက်ခံနိုင်ခွင့်ရှိသည်ဟု ပဲခူးတိုင်း တရားရုံးက ဆုံးဖြတ်ခြင်းသည်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် လျော်ညီခြင်းမရှိချေ။

အယူခံတရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးအောင်မြင့်။
အယူခံတရားပြိုင်အတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးမောင်စိန်။

ပြည်မြို့နယ်၊ ပေါင်းတည်မြို့နေ ဒေါ်သိန်းကြည်သည် ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဒေါ်သိန်းကြည် ကျန်ရစ်သော ပစ္စည်းအရပ်ရပ်ကို ပြည်မြို့နယ်၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီက ထိန်းသိမ်းထားပြီး၊ ၁၉၇၃ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့စွဲပါ လက်ကမ်းကြော်ငြာများဖြင့်လည်းကောင်း၊ ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နှင့် ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ ဗိုလ်တထောင်သတင်းစာ ကြော်ငြာများအရလည်းကောင်း ကွယ်လွန်သူ ဒေါ်သိန်းကြည်၏ တရားဝင် အမွေစား အမွေခံများရှိလျှင် လာရောက်တင်ပြရန် ကြော်ငြာခဲ့သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၄။

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင်၊ ၁၉၇၅ ခုနှစ်၊မတ်လ ၂၀ ရက်နေ့၊ ပဲခူးတိုင်း၊ (ပြည်မြို့ရုံးထိုင်) တရားရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ကိဒဆ ထဲဆ၃်နးငါကဓါ ထဲး၃ဗးလ်ဒ ယဗ္ဗးဂိ၂ဆဒ ငလဒ၃ရိကထဲ ၃ယ၃ယထးလ်ဒ
၃ထဲကိဆဲစဲက ။၃ိလ၃န်ကဂ၃ထဲ ကိကိဒဆ ၃ယး၂ါကိဒ၃ယဝ၃ယထးလ်ဒ ယး၂ါကိဒ
း၃ဗးလဒ ၃ါလ၃ိထဲ းဝဒးန်၃ယထး၂ါက ။၃ိလ၃န်ကဂ၃ထဲကိကိဒဆ းငဆလ်းဝဒ
၃ယထး၂ါက ယလ်းန်၃ယထး၂ါက ဗဆဒဒဂငါးထဲယ းန်၃ကိဒဆ း၃ဂယး၃ထဲလဒဝငကန်ရိ

။၃ိလ၃ရိဗ်ကု၂ဗ ၃ိဒ၃န်၃ယထ ကိဒဆထဲးန်၃ယ ၃န်းငါကဓါ
ထဲး၃ဗးလ်ဒ း၃ိလဗ္ဗးဂိ၂ဆဒ ငလဒ၃ရိကထဲ ၃ယဝ၃ယထးလ်ဒ ငကငန်ထဂိ န်ဗးငဓး၃ိဓ
။ဗါဒ၃ယထဲကး၃ါဆ း၃ငယါဒ၃ယါကလ်ဗ် ၃ိဒ၃န်၃ဝဂ ၃ရိဆဓကိဒဆ းငဓကိဒဆ း၃ိလ
ငကန်၃ဝ၃ဓ၂ဆဒ လ်ငယဒယး၃ဝကိ ။ဗါဒ၃ယထဲကး၃ါဆ း၃ငယါဒ၃ရိ းငါကဓကိဒဆ
းငဓကိဒဆ ၃၃ိယါးန်၃လ၂ဆဒ ၃ိလးငါကဓါ ထဲး၃ဗးလ်ဒ ၃၃ိယါးန်၃လ၂ဆဒ

။၃ိလ၃ရိး၃ရိ၃ဝဓကဆ ၃လ်းဗ်းထဲယ၃ကိ န်ဗးဂဒင၃ါယါဒ
ဟ၃ယရိ း၃ငယါဒ၃ရိးငါကဓကိဒဆ းငဓကိဒဆ ၃၃ိယါးန်၃လ၂ဆဒ ထလ်န်လ်၃ကယ ၃ါလငလ
းငါကဓါ ထဲ း၃ဗးလ်ဒ၃ဝဂ ၃ရိယါကဂ ၃ယန်ဓဆး၃က ယးငါကလ်းထဲယ ဓကဆ
။၃ိလ၃ယကါဓန်၃ဓဆ း၃ငယါဒ၃ယ၃ဝ၃ယထ း၃ိလဗ္ဗးဂိ၂ဆဒ ငလဒ၃ရိကထဲ ၃ယဝ၃ယ
ထးလ်ဒ ယငငလးငါကဓါ ထဲး၃ဗးလ်ဒ ၃ယကိဒဆ ၃၃ိယါးန်၃လ၂ဆဒ ။၃ိလ၃ရိး၃ဓ
ငန်းငယါ၃ယငယငယ၂ဂဒဆး၃က ၃ငယါဒငလဒ၃ယ၃ယါ း၃ိလန်ဗ၃ဓ၃ဂိ၃ယထဲဒ
ငလ၃ယးဗ်းထဲယ ၃ရိဆ၃ိလးဝဒ ၃ယထး၂ါကိဒ ငကန်၃ဝ၃ဓ၂ဆဒ လ်ငယဒယး၃ဝကိ
။၃ိလးငလ၃ယငါလဒဂါဒ း၃ငယါဒယါ၃ရိ းငါကဓကိဒဆ းငဓကိဒဆ ၃၃ိယါးန်၃လ၂ဆဒ
း၃ိလ၃ဝဓ ယ၃န်၃ဝ၃ဓ၂ဆဒ (၂) ၃ကဆ ၃န်ဗ္ဗးဂိ၂ဆဒ (၃) ၃ကဆ ၃ဂိးထဲယ
ဓကဆ ။၃ိလ၃ဓဗ်းထဲယ န်ဗးဂဒင၃ါယါဒဟ၃ယရိ း၃ငယါဒ၃ရိးငါကဓကိဒဆ းငဓကိဒဆ
၃၃ိယါးန်၃လ၂ဆဒ ထလ်န်လ်၃ကယ ၃ါလငလးဒ၃ိ၃ရိ၃ရိ (၄) ၃ကဆ ၃ဂိးထဲယ
ဓကဆ ၃န်၃ဝဓ ယးငါကလ်းထဲယဓကဆ ၃ထဲးဗ်းထဲယး၃ဝ်းဓဂ ၊၃ထဲးဗ်ရိ၃ိရိ

။၃ိလ၃ရိယ်း၃ဝ၃ိ ၃၃ိယါးန်၃လ၂ဆဒ
၃ိလန်၃ဝ၃ဓ၂ဆဒ (၂) ၃ကဆ ၃ဂိးထဲယဓကဆ ။၃ိလ၃ရိကထဲ ၃ယဝ၃ယထးလ်ဒ
၃၃ိယါးန်၃လ၂ဆဒ ၃ငယါဒငလဒ၃ရိး၃ဓ ၃း၃ိ၃ဒး၃ိ ထလ်၃ယဒ၃ငကဒ ၃ယဆဒဒ
။(၄) ထဲဆဒက ၃၃ိယါးန်၃လ၂ဆဒ . ထလ်န်လ်၃ကယ ၃ိလဗ္ဗးဂိ၂ဆဒ (၃) ၃ကဆ၃ဂိးထဲယ
၉၀ ဗ္ဗးဂိ၂ဆဒ ဓကဆ ။၃ိလ၃ယါ၃ရိ းငါကဓါ ၊ထဲး၃ဗးလ်ဒ ၃၃ိယါးန်၃လ၂ဆဒ ၃ငယါဒငလဒ၃ယါ၃ရိ
၃န် းငါးဓလးငလ ၃၃ိဗ်ဒ၃ငကဒ၃ိ ငလဒ၃ရိး၃ဗဆ၃ငကဒ ၃၃ိယါးန်၃လ၂ဆဒ ထလ်
(၅) ၉၀ ၃ငဆဒ န်လ်၃ကယ၃ိလ၃ဓး၃ဝ၃ရိ၃ရိ(၄) ၃ကဆ၃ဂိးထဲယ ၃န်၃ငကဒးဆ၃ငကဒ ၊ဓဓ ။ထဲဒ
း၃ိထဲးန်ထဲ၃ငကဒ
၂ဗ်၄ဓ န်ဓက းဆဒး၃ဝ်း၃ဂ ။ထဲဒ၃န်၃ကဓ ၊၃ငဆဒးန်ထဲးန်ထဲ၃ငကဒ ၃ိးထဲယဓကဆ

၁၉၇၆ — မောင်ထွန်းထွန်း အောင် ပါ (၆) နှင့် ဒေါ်ပြုံးရီ ပါ (၃)။

ဆက်ခံနိုင်ခွင့် ရှိသည်ဟု ပဲခူးတိုင်း တရားရုံးက ဆုံးဖြတ်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် လျော်ညီခြင်း မရှိချေ။ ထို့ကြောင့် ပြည်မြို့ရုံးထိုင် ပဲခူးတိုင်းတရားရုံးက ချမှတ်ခဲ့သော အမိန့်နှင့် ဒီကရီကို ပြင်ဆင်၍ အယူခံတရားလိုများနှင့် ၃ အယူခံတရားပြိုင် (မူလတရားလိုများနှင့် ၃ တရားပြိုင်)တို့က ကွယ်လွန်သူ ဒေါ်သိန်းကြည်၏ အမွေကို ဆက်ခံထိုက်သူများဖြစ်ကြောင်း မြွက်ဟကြေငြာသည့် အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ချမှတ်လိုက်သည်။ ရှေ့နေစရိတ် ကျပ် ၅၀ သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှမောင်နှင့် ဦးထွန်းအောင်ကျော်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆

ဇူလိုင်လ
၈ ရက်။

ဦးပုလေး

နှင့်

ဒေါ်ချစ်*

အယူခံလွှာကို လက်ခံထားပြီး ဒီကရီမိတ္တူကိုနောက်မှ တင်သွင်းရန် ခွင့်ပြုသည့်ကိစ္စ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ၊ " လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှု " ဟူသောစကား၏အဓိပ္ပာယ်။

ဆုံးဖြတ်ချက်။ ။အယူခံလွှာကို လက်ခံထားပြီး ဒီကရီမိတ္တူကိုနောက်မှ တင်သွင်းရန်ခွင့်ပြုလျှင် ယင်းဒီကရီကို ကာလစည်းကမ်းသတ်နေ့ရက်ကျော်လွန်ပြီးမှ တင်သွင်းသော်လည်း အယူခံကို ကာလစည်းကမ်းသတ်အတွင်း တင်သွင်းသည်ဟု မှတ်ယူရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခြင်းဆိုသည်မှာ တရားဝင်လင်မယား အထင်အရှားပေါင်းသင်းနေထိုင်ခြင်းကို ဆိုလိုသည်။ တိတ်တဆိတ်ပေါင်းသင်းစပ်ယှက်မှုမျိုးမဟုတ်ချေ၊အိမ်နီးချင်းတို့ကအတင်းအဖျင်းပြောဆိုခြင်းခံရကာမျှနှင့် တရားဝင်လင်မယားအဖြစ် ရောက်ရှိပြီဟု မဆိုနိုင်ချေ။ ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် တရားဝင်လင်မယားအဖြစ် မိတ်ဆွေသင်္ဂဟများကို ဧည့်ခံကျွေးမွေးခြင်း၊ သာရေးနာရေး အစရှိသည်များသို့ လင်မယားအဖြစ် အတူတကွ သွားရောက်ခြင်းစသော အချက်အလက်များအမှုတွင် မပေါ်ပေါက်ချေ။ မြန်မာ့ဓလေ့ထုံးတမ်းအရ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှုဆိုရာ၌ အကြင်လင်မယားအဖြစ် လူသိရှင်ကြား ပေါင်းသင်းဆက်ဆံမှု အထင်အရှားဖြစ်ရန်လိုပေသည်။ အိမ်တဆောင်မီးတပြောင်ဖြင့် အထင်အရှားလူသိနတ်ကြား အတူတကွပေါင်းသင်းသည့် လင်မယားတို့၏ ပေါင်းသင်းမှုကိုသာ " လင်မယား အဖြစ်ပေါင်းသင်းနေထိုင်မှု " ရှိသည်ဟု ဆိုရပေမည်။

အယူခံ တရားလိုအတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးလှသိန်း။

အယူခံ တရားပြိုင်အတွက်။ ။ဗဟိုတရားရုံးရှေ့နေ ဦးလှတင်။

အယူခံတရားလို ဦးပုလေးက အယူခံ တရားပြိုင် ဒေါ်ချစ်အပေါ်တွင် တံတားမြို့နယ် တရားရုံး၌ လင်မယား ကွာရှင်းလိုမှု စွဲဆိုခြင်းကို ပလပ်ခြင်း ခံရသည်။

---

* ၁၉၇၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၃၂။

† ၁၉၇၄ ခုနှစ်၊တရားမအယူခံမှုအမှတ် ၁ တွင်၊ ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၊ ရန်ကုန်တိုင်း (မြို့နယ်စု-၅) တရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၆
ဦးပုလေး
နှင့်
ဒေါ်ချစ်။

ထို့ကြောင့်ရန်ကုန်တိုင်း တရားရုံးသို့ အယူခံဝင်သော်လည်း အောင်မြင်ခြင်း မရှိချေ။ ယခုတဖန် ဦးပုလေးက ဗဟိုတရားရုံးသို့ ဒုတိယအကြိမ် အယူခံခြင်းဖြစ်လေသည်။

မြို့နယ်တရားရုံးသည် ဦးပုလေးအမှုကို ပလပ်သော အခါတွင် ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် မြန်မာ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ တရားဝင် အကြင်လင်မယား မဟုတ်သောကြောင့် လင်မယား ကွာရှင်းလိုမှု စွဲဆိုရန်အကြောင်းမရှိဟူ၍ အကြောင်းပြခဲ့သည်။ ရန်ကုန်တိုင်း တရားရုံးက ဦးပုလေး၏ အယူခံကို ပလပ်ရာတွင် ဦးပုလေးသည် အယူခံလွှာကို ကာလစည်းကမ်းသတ် ကျော်လွန်မှတင်သွင်းသည်ဟူ၍အကြောင်းပြခဲ့သည်။

ရန်ကုန်တိုင်း တရားရုံးကကာလစည်းကမ်းသတ် အပေါ်တွင် အခြေပြု၍ ဦးပုလေး၏ အယူခံကို ပလပ်ခြင်းနှင့် ပတ်သက်၍ ရှေးဦးစွာ စဉ်းစားရန် လိုအပ်ပေလိမ့်မည်။ တိုင်းတရားရုံးသို့ ဦးပုလေး၏ အယူခံလွှာကို တင်သွင်းသောအခါတွင် မြို့နယ်တရားရုံး၏ ဒီကရီမိတ္တူ ပူးတွဲပါရှိခြင်း မရှိချေ။ ယင်းဒီကရီမိတ္တူကို နောက်မှ တင်သွင်းခဲ့သည်။ ထိုသို့တင်သွင်းချိန်တွင် ကာလစည်းကမ်းသတ် ကျော်လွန်လျက်ရှိပြီးဖြစ်သည်။ အယူခံမှုတင်သွင်းသော အခါတွင် မူလရုံး၏ ဒီကရီမိတ္တူကို ပူးတွဲတင်သွင်းရန် လိုအပ်ကြောင်း မှန်ပေသည်။ သို့သော် တခါတရံ မလွှဲမရှောင်သာသော အကြောင်းရှိ၍ အယူခံလွှာကို အချိန်မီတင်သွင်းပြီး ဒီကရီမိတ္တူကို နောက်မှ တင်သွင်းခွင့်ပြုရန် တောင်းဆိုလေ့ရှိသည်။ ဤကဲ့သို့ အယူခံလွှာကို လက်ခံထားပြီး ဒီကရီမိတ္တူကို နောက်မှ တင်သွင်းရန် ခွင့်ပြုလျှင် ယင်း ဒီကရီကို ကာလစည်းကမ်းသတ် နေ့ရက် ကျော်လွန်ပြီးမှ တင်သွင်းသော်လည်း အယူခံကို ကာလ စည်းကမ်းသတ်အတွင်း တင်သွင်းသည်ဟု မှတ်ယူရမည် ဖြစ်သည်။ ထို့ကြောင့် အမှုအကြောင်းအရာနှင့် ပတ်သက်ပြီး ဆက်လက်စဉ်းစားရန် လိုအပ်သည်ဖြစ်ပေသည်။

၁၉၄၉-၅၀ ခုနှစ်ခန့်တွင် ဒေါ်ချစ်သည် တွံတေးမြို့သို့ ပြောင်းရွှေ့လာပြီး ဦးပုလေးနှင့် တအိမ်တည်းမှာပင် အနှစ် ၂၀ ခန့်အတူတကွ နေထိုင်ကြသည်။ ဦးပုလေးက ဤသို့နေထိုင်ခြင်းမှာ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်း အဆိုပြုသည်။ ဒေါ်ချစ်က မည်သို့မျှ ပတ်သက်ခြင်းမရှိပဲ မိမိထက် အသက်များစွာကြီးသော ဦးပုလေးအား ရိုသေလေးစားသောအားဖြင့် ပြုစုနေထိုင်ခဲ့ကြောင်း အဆိုပြုသည်။ ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် အနှစ် ၂၀ ခန့်တအိမ်တည်း အတူတကွ နေထိုင်ရာတွင် အိမ်နီးနားချင်းများ အပြောအဆိုမလွတ်သည့် အနေအထိုင်မျိုး ရှိနိုင်ပေသည်။ သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခြင်း ဆိုသည်မှာ တရားဝင်လင်မယား အထင်အရှား နေထိုင်ပေါင်းသင်းခြင်းကို ဆိုလိုသည်။ တိတ်တဆိတ် ပေါင်းသင်းစပ်ယှက်မှုမျိုး မဟုတ်ချေ။ အိမ်နီးချင်းတို့က အတင်းအဖျင်း

ပြောဆိုခြင်း ခံရကာမျှနှင့် တရားဝင် လင်မယားအဖြစ် ရောက်ရှိပြီဟု မဆိုနိုင်ချေ။ ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် တရားဝင် လင်မယားအဖြစ် မိတ်ဆွေသင်္ဂဟများကို ညှော်ခံကျွေးမွေးခြင်း၊ သာရေးနာရေး အစရှိသည်များသို့ လင်မယားအဖြစ် အတူတကွ သွားရောက်ခြင်းစသော အချက်အလက်များ အမှုတွင် မပေါ်ပေါက်ချေ။ မြန်မာ့ ဓလေ့ထုံးတမ်းအရ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှု ဆိုရာ၌ အကြင်လင်မယား အဖြစ် လူသိရှင်ကြား ပေါင်းသင်းဆက်ဆံမှု အထင်အရှားဖြစ်ရန်လိုပေသည်။ အိမ် တဆောင် မီးတပြောင်ဖြင့် အထင်အရှား လူသိနတ်ကြား အတူတကွ နေထိုင်ပေါင်း သင်းသည့် လင်မယားတို့၏ ပေါင်းသင်းမှုကိုသာ "လင်မယားအဖြစ် ပေါင်းသင်း နေထိုင်မှု" ရှိသည်ဟု ဆိုရပေမည်။ ၁၉၇၆ ဦးပုလေး နှင့် ဒေါ်ချစ်။

ဦးပုလေးနှင့် ဒေါ်ချစ်တို့ နေထိုင်ရာတွင် ဆွမ်းလောင်းအသင်း စာရင်းရှင်းတမ်း တွင် ဒေါ်ချစ် တဦးတည်း၏ အမည်သာ ပါရှိခြင်း၊ ဒေါ်ချစ်တဦးတည်း၏ အမည်နှင့် ဖိတ်ကြားသော ဖိတ်စာများသာ ရှိနေခြင်း၊ တံ့တေးမြို့၊ ရွှေဆံတော် ဘုရား တန်ဆောင်းဆောက်၍ ကမ္ပည်းထိုးလှူရာတွင် ဒေါ်ချစ်အမည်နှင့် အစ်ကို ကဋ္ဌနာ ဆိုသူ၏ အမည်သာပါရှိပြီး ဦးပုလေး၏နာမည် မပါရှိခြင်း အစရှိသော သက်သေခံ အထောက်အထားများကို ရည်ညွှန်းလျှင် ဦးပုလေးနှင့် ဒေါ်ချစ်တို့သည် လင်မယား အရာမြောက် နေထိုင်ခဲ့ကြသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့်၊ အမှုကို ပယ်လိုက်သည်။

ဘရားမဒုတိယအယူခံမှု

ဒကျင့ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဖိုလ်မှူးကြီး လှမောင်နှင့်ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၇၆
နိုဝင်ဘာလ
၂၅ ရက်။

ဦးဘဟန်

နှင့်

ဦးကြံရင် ပါ ၂ ဦး *

အဆိုလွှာတွင် အိမ်မှဖယ်ရှားစေလိုမှုဟုခေါင်းစဉ်ရေးသားပြီး ရုံးခွန်တော်တံဆိပ်ခေါင်း ၂ဝိ သာ ကပ်၍ တရားစွဲဆိုခြင်းကို လက်ခံနိုင်မနိုင်။

ဆုံးဖြတ်ချက်။ ။အဆိုလွှာ၏ ခေါင်းစဉ်၌အခွင့်အမိန့်အရ နေထိုင်လာသူများအား အိမ်မြေမှထွက်ခွာစေ၍ လက်ရောက်ရလိုမှုဟုခေါင်းစဉ်တပ်ထားကြောင်းမှာမှန်သည်။ သို့သော် အဆိုလွှာကို တပိုဒ်ခြင်းစိစစ်လိုက်သည့်အခါ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့မှာ အိမ်ရှင်အိမ်ငှါးများဖြစ်ကြောင်းပေါ်လွင်ထင်ရှားသည်။ သို့ဖြစ်၍ ခေါင်းစဉ်တွင် မည်သို့ပင်ရေးသားစေကာမူ အဆိုလွှာအရ၊ အယူခံတရားလိုစွဲဆိုသည့်အမှုမှာ အိမ်ရှင်ကအိမ်ငှါးအား တင်ကြိုအကြောင်းကြားစာပေး၍ အိမ်နှင်လိုမှုစွဲဆိုခြင်းဖြစ်ကြောင်းမှာပေါ်လွင်သည်။တောင်စွန်းကျေးရွာတွင် မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး ဥပဒေအာဏာမသက်ရောက်သည့်အတွက် အိမ်ရှင်က အိမ်ငှါးအား ဤအတိုင်းဥစ္စာည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁ဝ၆ အရကြိုတင်အကြောင်းကြားစာပို့ပြီး၊ အိမ်ရှင်အိမ်ငှါးဆက်သွယ်မှုရုပ်သိမ်း၍ တရားစွဲဆိုခွင့်ရှိသည်။

အယူခံ တရားလိုအတွက်။ ။ဦးမောင်မောင်ကြီး။

-အယူခံတရားပြိုင်အတွက်။ ။ဦးချမ်းအေး။

အယူခံတရားလို ဦးဘဟန်သည် အခင်းဖြစ်အိမ်၏ ပိုင်ရှင်များ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် မှန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာတရားရုံးတွင် အယူခံ တရားပြိုင်များအား ဖယ်ရှားထွက်ခွာ သွားစေမှု တရားစွဲဆိုခဲ့သည်။ မူလကျေးရွာတရားရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ် ပေးလိုက်သည်။ အယူခံမွန်ပြည်နယ် တရားရုံးက မူလတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ ဘရားမဒုတိယအယူခံမှုအမှတ် ၇၁။

†, ၁၉၇၄ ခုနှစ်၊တရားမအယူခံမှုအမှတ် ၃၂ တွင်၊ ဘီးလင်းမြို့ မွန်ပြည်နယ်တရားရုံး၏ ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

တောင်စွန်းကျေးရွာတွင် ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေအာဏာ မသက်ရောက်ကြောင်း အငြင်းမထွက်ချေ။

၁၉၇၆

ဦးဘဟန်, နှင့် ဦးကြံရင်ပါ ၂ ဦး။

မူလအမှုတွဲရှိ အဆိုလွှာတွင် အခွင့်ဖြင့် နေသူတို့အား အိမ်မှဖယ်ရှား စေလိုမှုဟု ခေါင်းစဉ်တွင် ရေးသားပြီး ရုံးခွန်တော် တံဆိပ်ခေါင်း ၂ဝ သာကပ်ထားသည်။ အယူခံ တရားပြိုင်တို့မှာ အယူခံ တရားလိုတို့၏ အိမ်ငှားများ ဖြစ်သည့်အတွက် ဤကဲ့သို့ တံဆိပ်ခေါင်း ၂ဝ ကပ်ပြီး ဖယ်ရှားလိုမှု မစွဲနိုင်ပါဟု အယူခံတရားပြိုင်တို့၏ အကျိုးဆောင်က တင်ပြသည်။ အဆိုလွှာ၏ ခေါင်းစဉ်၌ အခွင့်အမိန့်အရ၊ နေထိုင်လာသူများအား အိမ်ခြံမြေမှ ထွက်ခွာစေ၍ လက်ရောက်ရလိုမှုဟု ခေါင်းစဉ်တပ်ထားကြောင်းမှာ မှန်သည်။ သို့သော် အဆိုလွှာကို တပိုဒ်ချင်း စိစစ်လိုက်သည့်အခါ အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့မှာ အိမ်ရှင် အိမ်ငှားများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားသည်။ သို့ဖြစ်၍ ခေါင်းစဉ်တွင် မည်သို့ပင် ရေးသားစေကာမူ အဆိုလွှာအရ၊ အယူခံတရားလို စွဲဆိုသည့်အမှုမှာ အိမ်ရှင်က အိမ်ငှားအား တင်ကြိုအကြောင်းကြားစာပေး၍ အိမ်နှင်လိုမှု စွဲဆိုခြင်းဖြစ်ကြောင်းမှာ ပေါ်လွင်သည်။ တောင်စွန်းကျေးရွာတွင် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေအာဏာ မသက်ရောက်သည့်အတွက် အိမ်ရှင်က အိမ်ငှားအား ဤအတိုင်း ပစ္စည်းပြောင်းလွှဲခြင်း ဥပဒေပုဒ်မ ၁၀၆ အရ၊ ကြိုတင် အကြောင်းကြားစာပို့ပြီး၊ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု ရုပ်သိမ်း၍ တရားစွဲဆိုခွင့် ရှိသည်။

သို့ဖြစ်၍ မွန်ပြည်နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလကျေးရွာ တရားရုံး၏ အမိန့်ကို အတည်ပြုလိုက်သည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်တို့က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ သို့ရာတွင် အယူခံတရားလိုသည် အိမ်နှင်လိုမှုအတွက် ထမ်းဆောင်ရမည့် ရုံးခွန်တော် တံဆိပ်ခေါင်းထပ်မံတင်သွင်းရန် ညွှန်ကြားလိုက်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး လှခမောင်နှင့် ဦးလွင်မောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
နိုဝင်ဘာလ
၁၇ ရက်။

ဦးဘအေး

နှင့်

ဒေါ်ဆာဗီယာ *

အစုစပ်လုပ်ငန်း ဖျက်သိမ်းပေးရန် စွဲဆိုသည့်အမှုတွင် မူလတရားရုံး၌ တရားပြိုင်များအဖြစ်ထည့်သွင်းထားသူများအား အယူခံမှုတွင်၊ အယူခံတရားပြိုင်များအဖြစ် မထည့်သွင်းထားသဖြင့်၊ ယင်းအယူခံမှုကို စွဲနိုင် မစွဲနိုင်။

ဆုံးဖြတ်ချက်။ ။စွဲဆိုသည့်အမှုမှာ အစုစပ်လုပ်ငန်းဖျက်သိမ်းပေးရန်စွဲဆိုသည့်အမှုဖြစ်သည်။ ဤကဲ့သို့သောအမှုမျိုးတွင် အစုဝင်အားလုံးတို့မှာအမှုသည်များအဖြစ်ပါရှိရန်လိုအပ်သူများဖြစ်သည်။ ပထမ အယူခံရုံးဖြစ်သည့် မွန်ပြည်နယ်တရားရုံးက အခင်းဖြစ်လုပ်ငန်းမှာ အစုစပ်လုပ်ငန်းဖြစ်ကြောင်း မအိုးနှင့် မတင်ညွန့်ကြည်တို့မှာ အစုစပ်များဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤအယူခံမှုတွင် ယင်းတို့အား အယူခံတရားပြိုင်များအဖြစ် ထည့်သွင်းရန်လိုအပ်ပေသည်။ ဤကဲ့သို့ မထည့်သွင်းခြင်းကြောင့် ဤအယူခံမှုမှာ ဥပဒေအရ မတည်နိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးတင်ညွန့်။

အယူခံတရားပြိုင်အတွက်။ ။ဦးဘိုးသာ။

ဤအမှုမှာ အစုစပ် လုပ်ငန်းကို ဖျက်သိမ်း၍ စာရင်းရှင်းပေးစေလိုမှု ဖြစ်ပြီး အယူခံတရားပြိုင် ဒေါ်ဆာဗီယာက အယူခံ တရားလိုနှင့် ကျန်အစုစပ် နှစ်ဦးတို့အပေါ် ပေါင်မြို့နယ် တရားရုံး၌ စွဲဆိုခဲ့သည်။ မြို့နယ်တရားရုံးက အမှုကို ပလပ်လိုက်သည့်အတွက် မွန်ပြည်နယ် တရားရုံးတွင် အယူခံဝင်ရာ အယူခံရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဒီကရီ ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဤဒုတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၆။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၇ တွင် ပေါင်မြို့၊ မွန်ပြည်နယ်တရားရုံး၏ ချသောဒီကရီကို အယူခံဝင်မှု။

၁၉၇၆

ဦးဘအေး နှင့် ဒေါ်ဆာဗီယာ။

အစုဝင်လုပ်ငန်းမှာ မိးခြစ်လုပ်ငန်းဖြစ်သည်။ အယူခံ တရားလို ဦးဘအေးသည် အယူခံ တရားပြိုင် ဒေါ်ဆာဗီယာ၏ ခင်ပွန်းဖြစ်သည်။ မူလတရားရုံးတွင် တရားပြိုင် အဖြစ် ပါသည့် ကျန်အစုစပ်ရှင်နှစ်ဦးဖြစ်သူ မအုံးညွန့်နှင့် မတင်ကြည်တို့သည် ယင်း တို့၏ သမီးများဖြစ်ကြသည်။

အယူခံ တရားလို ဦးဘအေးက အထက်တွင် ဖော်ပြသည့် မီးခြစ် လုပ်ငန်းမှာ အစုစပ် လုပ်ငန်းမဟုတ်ပါ။ မိသားစု လုပ်ငန်းဖြစ်ပါသည်ဟု ထုချေခဲ့သည်။

ဤအယူခံမှုတွင် စဉ်းစားရန် အဓိက အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ မူလတရားရုံးတွင် တရားပြိုင်များ အဖြစ်ပါဝင်သည့် မအုံးညွန့်နှင့်မတင်ကြည်တို့ကို အယူခံ တရားပြိုင်များအဖြစ် မထည့်သွင်းပဲ ဤအယူခံမှု စွဲဆိုနိုင်သလား ဟူသော အချက်နှင့် ဒုတိယအချက်မှာ အခင်းဖြစ် လုပ်ငန်းသည်အစုစပ် လုပ်ငန်းဟုတ် မဟုတ် ဟူသောအချက်တို့ဖြစ်သည်။

စွဲဆိုသည့်အမှုမှာ အစုစပ်လုပ်ငန်း ဖျက်သိမ်းပေးရန် စွဲဆိုသည့် အမှုဖြစ်သည်။ ဤကဲ့သို့သော အမှုမျိုးတွင် အစုဝင် အားလုံးတို့မှာ အမှုသည်များအဖြစ်ပါရှိရန် လိုအပ်သူများဖြစ်သည်။ ပထမ အယူခံရုံးဖြစ်သည့် မွန်ပြည်နယ်တရားရုံးက အခင်း ဖြစ်လုပ်ငန်းမှာ အစုစပ် လုပ်ငန်းဖြစ်ကြောင်း မအုံးညွန့်နှင့်မတင်ကြည်တို့မှာ အစုစပ် များဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဤအယူခံမှုတွင် ယင်းတို့အား အယူခံ တရားပြိုင်များအဖြစ် ထည့်သွင်းရန် လိုအပ်ပေသည်။ ဤကဲ့သို့ မထည့်သွင်း ခြင်းကြောင့် ဤအယူခံမှုမှာ ဥပဒေအရ မတည်နိုင်ပေ။

အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် အစုစပ်လုပ်ငန်းအတွက် စာချုပ် နှစ်ကြိမ် ချုပ်ခဲ့သည်။ ပထမအကြိမ်မှာ ၁၆-၈-၆၁ ရက်နေ့ကဖြစ်သည်။ စာချုပ် ချုပ်ဆိုပြီးနောက် ဒေါ်ဆာဗီယာက အစုစပ် လုပ်ငန်း ဖျက်သိမ်းပေးရန် တရားစွဲဆို ခဲ့သော်လည်း နှစ်ဦးနှစ်ဘက် ရုံးပြင်ပတွင် ကျေအေး၍ အမှုကို ရုပ်သိမ်းခဲ့သည်။ ထို့ နောက် ၁၆-၁-၆၇ ရက်နေ့က အစုစပ်လုပ်ငန်း စာချုပ်အသစ် ထပ်မံချုပ်ခဲ့သည်။ ယင်းစာချုပ်များမှာ ဟန်ဆောင် စာချုပ်များသာ ဖြစ်သည်ဟု ဦးဘအေးက ထုချေ သည်။ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း သက်သေပြရန်မှာ ဦးဘအေး၏ တာဝန်ဖြစ် သည်။ ဦးဘအေးသည် ဤကဲ့သို့ ဟန်ဆောင်စာချုပ် ဖြစ်ပါသည်ဟု လက်ခံနိုင် လောက်သည့် သက်သေ အထောက်အထား တင်ပြနိုင်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် အစုစပ် လုပ်ငန်း ဖြစ်သည်ဟု ဆုံးဖြတ်ရပေမည်။

၁၉၇၆

ဦးသာဒေး နှင့် ဒေါ်ဆာဗီယာ။

မှန်ပြည်နယ်တရားရုံးက အစုစပ်လုပ်ငန်းနှင့် ပတ်သက်ပြီး ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ မတိုင်မီ စာရင်းရှင်းပေးရန် ပဏာမ အမိန့်ချမှတ်သည်ဟု စီရင်ချက်တွင် ပါရှိကြောင်း တွေ့ရသည်။ အစုစပ်လုပ်ငန်း ဖျက်သိမ်းသည့် နေ့ရက်သတ်မှတ်ပြီး ဖျက်သိမ်းကြောင်း ပဏာမ ဒိကရီ ချမှတ်ပေးရမည်ဖြစ်သည်။ ထို့နောက် စာရင်းရှင်းရန်အတွက် စာရင်းများကောက်ရန် ညွှန်ကြားရမည်။ ဤအတိုင်း တရားမ ကျင့်ထုံး ဥပဒေ အမိန့်(၂၀) နည်းဥပဒေ(၁၅) ကပြဋ္ဌာန်းထားသည်။ ထို့ကြောင့် မှန်ပြည်နယ်တရားရုံး၏ အမိန့်ကိုအောက်ပါအတိုင်း ပြင်ဆင်လိုက်သည်။

မူလအမှုစွဲဆိုသည့် ၁၉၇၀ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ကစ၍ အစုစပ်လုပ်ငန်း ဖျက်သိမ်းလိုက်သည်ဟု သတ်မှတ်သည်။ အစုစပ်လုပ်ငန်း ဖျက်သိမ်းကြောင်း ပဏာမ ဒိကရီချမှတ်ပေးလိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ ကုန်ကျသည့် တရားစရိတ်များကို အယူခံ တရားလိုက ကျခံစေရန် အမိန့်ချမှတ်သည်။

တရားမအထွေထွေအယူခံမှု

ဦးကျော်ငြိမ်းကွဲ* (သဘောတူ) ဦးလွှင်မောင်၊ အခွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီး ထွန်းအောင်ကျော်နှင့် ဦးသန့်ဇင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘိုးထွန်း

နှင့်

အလုပ်သမား လျော်ကြေးအရာရှိ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ
စစ်ဆေးရေး ဦးစီးဌာန မြို့နယ်ရုံး ပျဉ်းမနားမြို့ ပါ ၂

† ၁၉၇၆

ဧပြီလ ၂၁ရက်။

ဗါဟီရအလုပ်သမားတဦးအနေဖြင့်မိမိတာဝန်မရှိသည့်ကိစ္စရပ် ဆောင်ရွက်စဉ် ရရှိသည့်ဒဏ်ရာကြောင့် သေဆုံးခြင်းအတွက် အလုပ်သမားလျော်ကြေးရထိုက် မထိုက်။

ဆုံးဖြတ်ချက်။ ။သေဆုံးသူမောင်သိန်းသည် ဆင်ကိုသွားမောင်းသည့်အတွက် ဆင်ကထိုးလိုက်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံမရှိပေ။ ဆင်ကိုသွားမောင်းသဖြင့် ဆင်ကထိုး၍ ဒဏ်ရာရရှိသည်ဟု ဆိုစေကာမူ၊ သေဆုံးသူမောင်သိန်းသည် ဗာဟီရ အလုပ်သမားတဦးအနေဖြင့် သစ်ကွင်းတွင် တာဝန်ထမ်းဆောင်နေစဉ် ဒဏ်ရာရရှိခြင်းဖြစ်သောကြောင့် အလုပ်ခွင်တွင် အလုပ်ချိန်အတွင်း လုပ်ငန်းနှင့်ပတ်သက်၍ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ အယူခံကိုပလပ်လိုက်သည်။ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏အမိန့်ကိုအတည်ပြုလိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးအောင်သူ

အယူခံ တရားပြိုင်အတွက်။ ။ဥပဒေဝန်ထမ်းအဆင့်(၁) မစ္စတာ အက်စ် ကေ ဂို့ရှ်

၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ ညနေ ၅ နာရီလောက်တွင် သေဆုံးသူမောင်သိန်းသည် လယ်ဝေးမြို့နယ်၊ သစ်ပုတ်ပင် သစ်တောဝင်းအမှတ် (၂၁)တဲစခန်းတွင်ဆင်ထိုး၍ ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည်။ မောင်သိန်းသည် အစက အယူခံတရားလို ဦးဘိုးထွန်း၏ ဆင်ဦးစီးအဖြစ် ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သေသည့်အခါက သစ်ကွင်းတွင် ဦးဘိုးထွန်း၏ ဆင်လုပ်ငန်းနှင့် ပတ်သက်၍ ဗာဟီရ အလုပ်သမားအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မောင်သိန်း သေသည့်ကိစ္စနှင့်ပတ်သက်၍ ၎င်း၏ဇနီးသည် အယူခံတရားပြိုင် မတင်လှက အလုပ်သမားလျော်ကြေး တောင်း

---

* ၁၉၇၆ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၇။

† ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၂၃ တွင် (ပျဉ်းမနားမြို့အလုပ်သမားဥပဒေစစ်ဆေးရေး) ရုံး၏ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၆

ဦးဘိုးထွန်း နှင့် အလုပ်သမား လျော်ကြေး အရာရှိ၊ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီး ဌာန မြို့နယ်ရုံး၊ ပျဉ်းမနားမြို့နယ် ပါ ၂ ဦး။

ဆိုရာ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီက ဦးဘိုးထွန်းက မတင်လှအား အလုပ်သမားလျော်ကြေးငွေ ၃၆၀၀ ပေးစေဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၃၀ အရ ဤအယူခံမှုတင် သွင်းခြင်းဖြစ်သည်။

မောင်သိန်းသည် ဗာဟီရ အလုပ်သမား တဦးအနေဖြင့် မိမိတာဝန်မဟုတ်ပဲ ဆင်ကို သွားမောင်းသည့်အတွက် ဆင်ကထိုးလိုက်သဖြင့် ဒဏ်ရာရရှိခဲ့သောကြောင့် တာဝန် မရှိသည့် ကိစ္စရပ်ဆောင်ရွက်စဉ် ဒဏ်ရာရရှိသည့်အတွက် ဦးဘိုးထွန်းသည် အလုပ်သမားလျော်ကြေးပေးရန် တာဝန်မရှိဟုအယူခံတရားလို၏ ရှေ့နေကတင်ပြသည်။

မောင်သိန်းသည် အစက ဦးဘိုးထွန်း၏ ဆင်ဦးစီးအဖြစ် တာဝန် ထမ်းဆောင် ခဲ့ကြောင်းနှင့် သေသည့်အခါက ဦးဘိုးထွန်း၏ ဆင်လုပ်ငန်းနှင့် ပတ်သက်၍ ဗာဟီရ အလုပ်သမားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းမှာ အငြင်းမထွက်ချေ။

မောင်သိန်းသည် ဆင်ကို သွားမောင်းသည့်အတွက် ဆင်က ထိုးလိုက်ကြောင်း သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံ မရှိပေ။ ဆင်ကိုမောင်းသဖြင့် ဆင်ကထိုး၍ ဒဏ်ရာရရှိသည်ဟု ဆိုစေကာမူ၊ မောင်သိန်းသည် ဗာဟီရ အလုပ်သမားတဦးအနေဖြင့် သစ်ကွင်းတွင် တာဝန် ထမ်းဆောင် နေစဉ် ဒဏ်ရာရရှိခြင်း ဖြစ်သောကြောင့် အလုပ်ခွင်တွင် အလုပ်ချိန်အတွင်း လုပ်ငန်းနှင့် ပတ်သက်၍ ဒဏ်ရာရမှုခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ဤအယူခံကို ပလပ်လိုက်သည်။ အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီ၏ အမိန့်ကို အတည်ပြုလိုက်သည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်နှင့် အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင် နှင့် ဗိုလ်မှူးကြီး လှမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမောင်ထွေးပါ ၂

နှင့်

ဦးထွေးတင်ပါ ၂ *

†၁၉၇၆

နိုဝင်ဘာလ ၁၂ ရက်။

အိမ်သခကြေးကိုပေးရန် ဆောင်ရွက်ကြောင်း ပေါ်လွင်သည့်အပြင် အိမ်အနီးအနားတွင်နေထိုင်သူများအား စိတ်ငြိုငြင်စေသည့် နှောင့်ယှက်မှုပြုကြောင်း ပေါ်လွင်သူအား ဥပစာမှ ဖယ်ရှားပေးရန်တရားစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မူလတရားရုံးအမှုတွဲတွင် အယူခံတရားလိုတို့က အိမ်လခကြေးများကိုအယူခံတရားပြိုင်အားပေးသော်လည်း လက်မခံဟု တင်ပြထားကြောင်းတွေ့ရသည်။ ဤတင်ပြချက်နှင့် ပတ်သက်၍ အယူခံတရားလိုတို့က လက်ခံနိုင်လောက်သော သက်သေအထောက်အထား မတင်ပြနိုင်ခဲ့။ မည်သို့ပင်ဖြစ်စေကာမူ အိမ်ရှင်အနေနှင့်အိမ်လခများလက်မခံလျှင် အိမ်ငှားဖြစ်သည့် အယူခံတရားလိုတို့သည် အိမ်လခများကို မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၆ (၁) အရ ငှားရမ်းခကြီးကြပ်ရေးဝန်ထံပေးသွင်းထားနိုင်သည်။အယူခံတရားလိုတို့သည် ဤကဲ့သို့ဆောင်ရွက်ထားခြင်းမပေါ်လွင်ချေ။ထို့ပြင်မူလမြို့နယ်တရားရုံးနှင့်အယူခံမှုနှင့်ပြည်နယ်တရားရုံးတို့က အယူခံတရားလိုတို့သည် အိမ်နီးနားချင်းဖြစ်သည့် အယူခံတရားပြိုင်တို့အား စိတ်ငြိုငြင်စေသည့် အနှောင့်အယှက်ဖြစ်သည့် ပြုကျင့်မှုများကို ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်ပေးခြင်းမှာမှန်ကန်သည်။သို့ဖြစ်၍ ဤအယူခံမှုကို ပလပ်လိုက်သည်။

အယူခံတရားလိုအတွက်။ ။ဦးမောင်မောင်ကြီး

အယူခံတရားပြိုင်အတွက်။ ။မဇ္ဈတာဦးစိုးစိုး

အယူခံတရားပြိုင်များက အယူခံတရားလိုတို့အပေါ် သထုံမြို့နယ်တရားရုံးတွင် အိမ်လခကြေးများ ကျန်ရှိနေခြင်းနှင့် အနီးအနားရှိသော နေထိုင်သူများအား စိတ်ငြိုငြင်အောင်ပြုလုပ်ခြင်းကြောင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၂(၁)(က) နှင့် (ဂ) အရအခင်းဖြစ် ဥပစာမဖယ်ရှားပေးရန် တရားစွဲဆိုရာ မူလမြို့နယ်တရားရုံးတွင်

---

* ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၉။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၅ တွင်၊ သထုံမြို့၊ မွန်ပြည်နယ်ပြည်သူ့တရားရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၆

ဦးမောင်ထွေး ပါ ၂ နှင့် ဦးထွေးတင် ပါ ၂။

အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းဒီကရီကို မွန်ပြည်နယ် တရားရုံးကလည်း အတည်ပြုခဲ့သည်။ အယူခံတရားလိုများကမကျေနပ်၍၊ ဤဒုတိယအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

မူလတရားရုံးအမှုတွဲတွင်အယူခံတရားလိုတို့က အိမ်လခကြွေးများကို အယူခံတရားပြိုင်အား ပေးသော်လည်း လက်မခံဟုတင်ပြထားကြောင်း တွေ့ရသည်။ ဤတင်ပြချက်နှင့်ပတ်သက်၍ အယူခံတရားလိုတို့က လက်ခံနိုင်လောက်သော သက်သေအထောက်အထားမတင်ပြနိုင်ချေ။မည်သို့ပင်ဖြစ်စေကာမူအိမ်ရှင်အနေနှင့်အိမ်လခများလက်မခံလျှင် အိမ်ငှားဖြစ်သည့်အယူခံတရားလိုတို့သည် အိမ်လခများကိုမြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၆(၁)အရ ငှားရမ်းခကြီးကြပ်ရေးဝန်ထံ ပေးသွင်းထားနိုင်သည်။ အယူခံတရားလိုတို့သည် ဤကဲ့သို့ဆောင်ရွက်ထားခြင်း မပေါ်လွင်ချေ။

အယူခံတရားလိုအမှတ် (၁)သည် မူးလာသည့်အခါ အယူခံ တရားပြိုင်တို့အား အော်ဆဲခြင်း၊ အယူခံတရားပြိုင်၏ ခြံစည်းရိုးကို ဖျက်ဆီးခြင်း၊ အယူခံတရားပြိုင်၏ ခြံထဲမှ သရက်သီးများကို ခူးယူခြင်း၊ အယူခံတရားလိုအမှတ် (၂)က ထဘီလှန်ပြခြင်း အစရှိသည်တို့ကို မကြာခဏပြုလုပ်ကြောင်း အမှုတွဲရှိ သက်သေအထောက်အထားများအရ ပေါ်လွင်နေသည်။ ထို့ကြောင့် မူလမြို့နယ်တရားရုံးနှင့် အယူခံ မွန်ပြည်နယ် တရားရုံးတို့က အယူခံတရားလိုတို့သည် အိမ်နီးနားချင်းဖြစ်သည့် အယူခံ တရားပြိုင်တို့အား စိတ်ပူပြင်စေသည့် အနှောင့်အယှက်ဖြစ်သည့် ပြုကျင့်မှုများကို ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်ပေးခြင်းမှာ မှန်ကန်သည်။

သို့ဖြစ်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုတို့က ကျခံစေရန်အမိန့်ချမှတ်သည်။

တရားမပထမအယူခံမှု

ဉက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဗိုလ်မှူးကြီး လှမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

(ဒေါ်မာသင်) ဒေါ်မယ်သင်

နှင့်

ဦးငွေထိန် ပါ ၈ ဦး *

† ၁၉၇၆-ခုနှစ် မေလ ၁၁ ရက်။

အဒေမှုသိန်းလက်မှတ်ထုတ်ပေးရန်လျှောက်ထားသည့် ကိစ္စတွင်စိစစ်ရန်လိုအပ်ခြင်း— အမွေရှင်သည်ပစ္စည်းကို စာချုပ်ဖြင့်လွှဲပြောင်းထားရာ၊ လွှဲပြောင်းခံရသူတို့သည်ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်သဖြင့် ယင်းစာချုပ်သည် သေတမ်းစာဖြစ် မဖြစ် စိစစ်ရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင်အမှတ် (၆) နှင့် (၇) တို့အား အမွေရှင် ဒေါ်စိန်မျှင်က မသေခင်ကတည်းက အချင်းဖြစ်မြေနှင့်တိုက်အိမ်ကို စာချုပ်ဖြင့်လွှဲပြောင်းပေးခဲ့သည်။ ယင်းစာချုပ်သည် "သေတမ်းစာ စာချုပ်" ဟုရေးသားပြီး ရေစစ္စတြီမှတ်ပုံတင်ထားသည့် စာချုပ်မဟုတ်ကြောင်း တွေ့ရသည်။ ယင်းစာချုပ်ကို စိစစ်လိုက်သည့်အခါ သေတမ်းစာဖြစ်ကြောင်း တွေ့ရသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သေတမ်းစာပြုလုပ်၍ပစ္စည်းလွှဲပြောင်းပေးခြင်း မပြုနိုင်ပေ။ သို့ဖြစ်၍ သက်သေခံအမှတ် (၁) စာချုပ်မှာ ဥပဒေအရ တရားဝင်သည့်စာချုပ်ဖြစ်သည်ဟုဆိုပြီး၊ ဒေါ်စိန်မျှင်တွင် ပစ္စည်းမကျန်ရစ်ခဲ့ဟု မွန်ပြည်နယ်တရားရုံး၏အဆုံးအဖြတ်မှာ ဥပဒေအရ မှားယွင်းသည်။

အယူခံတရားလိုအတွက်။ ။ဦးချမ်းအေး

အယူခံတရားပြိုင်များအတွက်။ ။ဦးကျော်ငြိမ်း၊ ဦးမြင့်လွင်

၁၊ ၂၊ ၃၊ ၄ အတွက်။ ။ဦးကျော်ငြိမ်း၊ ဦးမြင့်လွင်

၅၊ ၆၊ ၇၊ ၈ အတွက်။ ။ဦးတင်ဦး

မုဒုံမြို့နေ ဒေါ်စိန်မျှင်ဆိုသူသည် ၁၉၇၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ၎င်းထားရှိခဲ့သည့် မုဒုံမြို့မှမြေတကွက်နှင့် ယင်းမြေအပေါ်တည်ဆောက်ထားသည့် တိုက်တလုံးအတွက် အမွေထိန်းလက်မှတ်ထုတ်ပေးရန်

---

* ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင်၊ မုဒုံမြို့၊ တိုင်းတရားရုံးမွန်ပြည်နယ်တရားမရုံး၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၆ — ဒေါ်မယ်သင် (ဒေါ်မာသင်) နှင့် ဦးငွေထိန် ပါ (၈) ဦး။

ဒေါ်စိန်မျှင်၏အမ (ဤအမှုမှ အယူခံတရားလို)က လျှောက်ထားခဲ့သည်။ ယင်းလျှောက်လွှာကိုအယူခံတရားပြိုင်အမှတ် (၅)နှင့်(၈) တို့ကကန့်ကွက်ခဲ့သည်။ ဒေါ်စိန်မျှင်၏တူနှင့် တူမများဖြစ်ကြသည့် အယူခံ တရားပြိုင်အမှတ် (၆) နှင့် (၇) ဖြစ်သော ဦးခင်ရှိန်နှင့် ဒေါ်စန်းရှင်တို့အား ဒေါ်စိန်မျှင်မသေခင်က အခင်းဖြစ်သည့်မြေနှင့် တိုက်အိမ်ကို စာချုပ်နှင့် လွှဲပြောင်းပေးပြီးဖြစ်သဖြင့် ထိန်းသိမ်းရန် ပစ္စည်းမရှိသည့်အတွက် အမွေထိန်းလက်မှတ် မထုတ်ပေးထိုက်ကြောင်း အကြောင်းပြကာ ကန့်ကွက်သည်။ ဦးခင်ရှိန်နှင့် ဒေါ်စန်းရှင်တို့ကို ပစ္စည်းလွှဲပြောင်းပေးသည့်အခါက ချုပ်ဆိုသည့် စာချုပ်စာတမ်းမှာ တရားမဝင်သော စာချုပ်များဖြစ်သည်ဟု အယူခံတရားလိုဘက်က တင်ပြခဲ့သည်။ သို့သော် မွန်ပြည်နယ်တရားရုံးက အမှုကိုစစ်ဆေးပြီး၊ ယင်းစာချုပ်မှာ ဥပဒေအရတည်နေသည့် စာချုပ်ဖြစ်သဖြင့် ထိန်းသိမ်းရန် ပစ္စည်းမရှိသည့်အတွက် အမွေထိန်းလက်မှတ်ထုတ်ပေးရန် မလိုဟုအမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကိုမကျေနပ်၍ ဤအယူခံတင်သွင်းခြင်းဖြစ်သည်။

အယူခံ တရားပြိုင်အမှတ် (၆) ဦးခင်ရှိန်နှင့် အယူခံ တရားပြိုင်အမှတ် (၇) ဒေါ်စန်းရှင်တို့တင်ပြသည့် စာချုပ်မှာ မူလတရားရုံးအမှတ်တွဲတွင် သက်သေခံအမှတ် (၁) အဖြစ် လက်ခံထားကြောင်းတွေ့ရသည်။ ယင်းစာချုပ်သည် "သေတမ်းစာ စာချုပ်" ဟုရေးသားပြီး ရေစက်ချ မှတ်ပုံတင်ထားသည့် စာချုပ်မဟုတ်ကြောင်းတွေ့ရသည်။ ယင်းစာချုပ်ကို စိစစ်လိုက်သည့်အခါ သေတမ်းစာဖြစ်ကြောင်းတွေ့ရသည်။

မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများသည် သေတမ်းစာပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးခြင်း မပြုနိုင်ပေ။ သို့ဖြစ်၍ သက်သေခံအမှတ် (၁) စာချုပ်မှာဥပဒေအရတရားဝင်သည့်စာချုပ်ဖြစ်သည်ဟုဆိုပြီး၊ ဒေါ်စိန်မျှင်တွင်ပစ္စည်းမကျန်ရစ်ခဲ့ဟု မွန်ပြည်နယ်တရားရုံး၏ အဆုံးအဖြတ်မှာ ဥပဒေအရမှားယွင်းသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မွန်ပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်၍ အယူခံတရားလို လျှောက်ထားသည့် အမွေထိန်းလက်မှတ်ကို ထုတ်ပေးရန် အမိန့်ချမှတ်သည်။ ရှေ့နေစရိတ် ကျပ် ၇၅ ခွင့်ပြုသည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးသွင်ခမောင်နှင့် ဦးလှခမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးရွှေဇံအောင်

နှင့်

ဒေါ်မွေးအိမ် ပါ ၇ ဦး *

† ၁၉၇၆

မေလ ၁ ရက်။

စာချုပ်တခုသည် အကျိုးသက်ရောက်မှုမရှိဟု မြွက်ဟကြေငြာပေးရန် သက်သက်သာတောင်းဆိုရမည် သို့မဟုတ် ပယ်ဖျက်ပေးရန်တောင်းဆိုရမည်ဟု အငြင်းပွားသည့်အမှုမျိုးတွင် မည်သူတွင် ပျက်ပြယ်ကြောင်း သက်သေပြရန်တာဝန်ကျရောက်သည်ကိုဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတခုတွင် စာချုပ်တခုသည် အကျိုးသက်ရောက်မှု မရှိဟု မြွက်ဟကြေငြာပေးရန် သက်သက်သာတောင်းဆိုရမည် သို့မဟုတ် ပယ်ဖျက်ပေးရန်တောင်းဆိုရမည်ဟု ငြင်းပွားခဲ့မှုရှိသော် ယင်းစာချုပ်သည် ပျက်ပြယ်ကြောင်း သက်သေအထောက်အထားတင်ပြရန် တာဝန်သည်တရားလိုအပေါ်ကျရောက်သလော၊ တရားပြိုင်အပေါ်ကျရောက်သလောဟူသောအချက်ကို စိစစ်ရပေမည်။ ဤတာဝန်သည် တရားလိုအပေါ်ကျရောက်ပြီး တရားရုံးကချမှတ်သည့်အမိန့်သည် စာချုပ်ကိုပယ်ဖျက်လိုက်သည့်သဘောသက်ရောက်လျှင် စာချုပ်ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါတောင်းဆိုရပေမည်။ ယခုအမှုမှစာချုပ်များမှာတရားမဝင်ကြောင်းနှင့် ပျက်ပြယ်ကြောင်း သက်သေအထောက်အထားပြရန်တာဝန်မှာ လျှောက်ထားခံရသူများအပေါ်ကျရောက်သည်။ထို့ပြင် လျှောက်ထားခံရသူ တောင်းဆိုသည့်အတိုင်း ဒီကရီချပေးပါကစာချုပ်နှစ်ခုတို့ကို ပယ်ဖျက်လိုက်သည့်သဘောသက်ရောက်မည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူ အမှတ် (၁)သည် ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်သည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းအောင်။

လျှောက်ထားခံရသူအတွက်။ ။ဦးချန်ထွန်းအောင်၊ ဦးအောင်သန်း။

လျှောက်ထားသူ ဦးရွှေဇံအောင်မှာ လျှောက်ထားခံရသူ အမှတ် (၁) ဒေါ်မွေးအိမ်၏မောင်ဖြစ်ပြီး လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ဖွားမေသည် ယင်းတို့၏ မိခင်ဖြစ်သည်။ လျှောက်ထားခံရသူအမှတ် (၃)မှာ လျှောက်ထားခံရသူအမှတ် (၂) ၏ သေဆုံးသွားသည့်သား၏ ဇနီးဖြစ်သည်။ လျှောက်ထားခံရသူအမှတ် (၄) မှ

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၃။

† ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁ တွင် မော်လမြိုင်မြို့၊ပြည်နယ်တရားရုံး တရားသူကြီးအဖွဲ့ရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၆ — ဦးရွှေဇံအောင်နှင့် ဒေါ်မြေ့အိမ် ပါ ၇ ဦး။

(၇) တို့သည် လျှောက်ထားခံရသူအမှတ် (၂) ၏သေဆုံးသွားသည့် သမီး၏ သားသမီးများဖြစ်ကြသည်။

လျှောက်ထားခံရသူအမှတ် (၂)သည် မိမိပိုင်ငွေလေးသောင်းခန့်တန် လက်ဝတ်လက်စားများကို မော်လမြိုင်မြို့ မှတ်ပုံတင်အရာရှိရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၁၉/၆၈ အရ လျှောက်ထားသူကို လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် မော်လမြိုင်မြို့ မှတ်ပုံတင်အရာရှိရုံး၊စာချုပ်အမှတ် ၂၄/၇၀ အရလျှောက်ထားခံရသူအမှတ် (၂) သည် လျှောက်ထားသူအား သံဖြူဇရပ်ရှိ ကျပ်ငွေ ၄၀၀၀၀ ကျော်တန် ဆန်စက်တလုံးကို လွှဲပြောင်းပေးခဲ့သည်။ ဤကဲ့သို့လွှဲပြောင်းပေးခြင်းမှာ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ တရားမဝင်ဟု လျှောက်ထားခံရသူအမှတ်(၁)ကဆိုပြီး ယခင်မော်လမြိုင်မြို့ခရိုင်တရားမတရားရုံး တရားမကြီးမှုအမှတ် ၂/၇၂ တွင်လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့အပေါ် တရားစွဲဆိုပြီး ကျန်လျှောက်ထားခံရသူတို့ကို တရားပြိုင်များအဖြစ် တင်သွင်းခဲ့သည်။

ယင်းအမှုတွင် အထက်၌ဖော်ပြပါ စာချုပ် ၂ ခုတို့သည် တရားမဝင်ကြောင်း ပျက်ပြယ်ကြောင်းနှင့် ယင်းစာချုပ်တို့သည် လျှောက်ထားခံရသူအမှတ် (၁) အပေါ်တွင် မလွှမ်းမိုးကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လျှောက်ထားခံရသူအမှတ် (၂) သည် ပစ္စည်းများကိုလွှဲပြောင်းခြင်းမပြုရန် ထာဝစဉ် တားဝရမ်း ထုတ်ပေးပါမည့်အကြောင်းတောင်းဆိုခဲ့သည်။

မော်လမြိုင်မြို့၊ ခရိုင်တရားမရုံးတွင် အောက်ပါပဏာမငြင်းချက် ၃ ခုတို့ကို ထုတ်ခဲ့သည်။

ယခုအမှုသည် တရားလိုဘက်မှ တင်ပြသကဲ့သို့ သက်သေခံစာချုပ်များကို ဥပဒေအရတာစုံစာရာ အကျိုးသက်ရောက်မှုမရှိကြောင်းမြွက်ဟကြေငြာပေးရန် စွဲဆိုသောအမှုမဟုတ်ပဲ၊ တရားပြိုင်ဘက်မှ တင်ပြသကဲ့သို့စာချုပ်များကိုပယ်ဖျက်ပေးရန်လျှောက်ထားခြင်းဖြစ်ပါသလား။

၂။ ယခုအမှုတွင်လုံလောက်သော ရုံးခွန်တော်များ ထမ်းဆောင်ခဲ့ပါသလား။

၃။ တရားလိုသည် ယခုအမှုကို စွဲဆိုနိုင်ခွင့်ရှိ-မရှိ။

ထို့နောက် တရားစီရင်ရေးစနစ်သစ်အရ ဤအမှုကို မော်လမြိုင်မြို့နယ် တရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။ မော်လမြိုင်မြို့နယ် တရားရုံးက နှစ်ဘက်ရှေ့နေတို့၏လျှောက်လဲ

ချက်များ ကြားနာပြီး ပဏာမ ငြင်းချက်များကို မူလအမှုတွင် တရားလိုဖြစ်သည့် လျှောက်ထားခံရသူအမှတ် (၁) အား အသာပေး၍ဖြေဆိုခဲ့သည်။ မော်လမြိုင်မြို့နယ် တရားရုံး၏အမိန့်ကို မကျေနပ်၍ မွန်ပြည်နယ်တရားရုံးသို့ လျှောက်ထားသူက ပြင်ဆင်မှု လျှောက်လွှာတင်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဤပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

၁၉၇၆
ဦးရွှေဇံအောင် နှင့် ဒေါ်မွှေးအိမ် ပါ ၇ ဦး။

ဤအမှုတွင် စဉ်းစားရန် အငြင်းအချက်မှာ အယူခံတရားပြိုင်အမှတ်-၁ (မူလမှုမှ တရားလို) တင်ပြခဲ့သည့်အတိုင်း အထက်ဖော်ပြပါစာချုပ်များသည် ဥပဒေအရ တစုံတရာ အကျိုးသက်ရောက်မှုမရှိကြောင်း၊မြွက်ဟကြေငြာပေးရန် တောင်းဆိုရုံမျှဖြင့် လုံလောက်မည်လော၊ သို့မဟုတ် ယင်းစာချုပ်များကို ပယ်ဖျက်ပေးရန် တောင်းဆိုသင့်သလော ဟူသောအချက်ဖြစ်သည်။

အမှုတမှုတွင် စာချုပ်တခုသည်အကျိုးသက်ရောက်မှုမရှိဟု မြွက်ဟကြေငြာပေးမှုန် သက်သက်သာတောင်းဆိုရမည်၊ သို့မဟုတ် ပယ်ဖျက်ပေးရန် တောင်းဆိုရမည်ဟု ငြင်းပွားမှုရှိခဲ့သော် ယင်းစာချုပ်သည်ပျက်ပြယ်ကြောင်းသက်သေအထောက်အထားတင်ပြရန်တာဝန်သည် တရားလိုအပေါ် ကျရောက်သလော၊ တရားပြိုင်အပေါ်ကျရောက်သလော ဟူသောအချက်ကို စိစစ်ရပေမည်။ ဤတာဝန်သည် တရားလိုအပေါ် ကျရောက်ပြီး တရားရုံးကချမှတ်သည့်အမိန့်သည် စာချုပ်ကိုပယ်ဖျက်လိုက်သည့်သဘောသက်ရောက်လျှင် စာချုပ်ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါ တောင်းဆိုရပေမည်။ ယခုအမှုမှ စာချုပ်များမှာ တရားမဝင်ကြောင်းနှင့် ပျက်ပြယ်ကြောင်း သက်သေအထောက်အထားပြရန် တာဝန်မှာ လျှောက်ထားခံရသူများအပေါ် ကျရောက်သည်။ ထို့ပြင် လျှောက်ထားခံရသူတောင်းဆိုသည့်အတိုင်း ဒီကရီချပေးပါက စာချုပ်နှစ်ခုတို့ကို ပယ်ဖျက်လိုက်သည့်သဘော သက်ရောက်မည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူအမှတ် (၁)သည် ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသည့် စာချုပ်များမှာ ပျက်ပြယ်သည်၊ အကျိုးသက်ရောက်မှုမရှိဟု မြွက်ဟကြေငြာရုံဖြင့် ယင်းစာချုပ်များတွင်ဖော်ပြထားသည့်ပစ္စည်းတို့တွင်လျှောက်ထားခံရသူ၏ အခွင့်အရေး (အခွင့်အရေးရှိပါက) ကိုအကာအကွယ်ပေးနိုင်မည်မဟုတ်။ ယင်းစာချုပ်များ ပယ်ဖျက်မှသာလျှင် လျှောက်ထားခံရသူအမှတ် (၁) ၏ အခွင့်အရေး (အခွင့်အရေးရှိပါက) ကို အကာအကွယ် ရမည်ဖြစ်သည်။

၁၉၇၆

ဦးရွှေဇံအောင် နှင့် ဒေါ်မွေးအိမ် ပါ ၇ ဦး။

ထို့ကြောင့် မြို့နယ်တရားရုံးနှင့် မန္တလေးပြည်နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူ အမှတ် (၁)သည် စာချုပ်များကိုပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါ ထည့်သွင်းတောင်းဆိုရန် အဆိုလွှာကို ပြင်ဆင်စေဟု အမိန့်ချမှတ်လိုက်သည်။ အဆိုလွှာပြင်ဆင်သည့်အတွက် မော်လမြိုင်မြို့နယ် တရားရုံးက စီရင်ပိုင်ခွင့်အာဏာမရှိတော့လျှင် တရားမကျင့်ထုံး ဥပဒေအမိန့် (၇) နည်းဥပဒေ (၁၀) အရ ယင်းမြို့နယ်တရားရုံးက ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ရှေ့နေစရိတ်ကျပ် ၅၁ ခွင့်ပြုသည်။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ်ဦးကြည်မြ နှင့် ဗိုလ်မှူးကြီး လှမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်လှစိန်

နှင့်

အာမား (ခေါ်) ကိုအောင်သိန်း ပါ ၂ ဦး *

† ၁၉၇၆
ဩဂုတ်လ
၄ ရက်။

ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့ခြင်းမဟုတ်ပဲ မိဘများနှင့် တသက်လုံးအတူတကွနေထိုင်ခဲ့သူအားခွင့်ပြုချက်ကို ရုပ်သိမ်းပြီး၊ အိမ်မှဖယ်ရှားပေးရန် တရားစွဲဆိုနိုင် မနိုင်။

ဆုံးဖြတ်ချက်။ ။အမှုတွဲရှိ သက်သေခံချက်များကို လေ့လာသည့်အခါ သားဖြစ်သူ ကိုအောင်သိန်းတို့သည် ဒေါ်လှစိန်၏ခွင့်ပြုချက်ဖြင့် နေခဲ့သည်ဟု သက်သေခံ အထောက်အထားလုံးဝမတွေ့ရပေ။ မိဘနှင့်အတူနေလာသည့် သားသမီးဖြစ်သည့်အတွက် ဖခင်သေဆုံးပြီးနောက်လည်း ဆက်လက်နေထိုင်သူများသာဖြစ်ကြောင်း ပေါ်လွင်သည်။

သို့ဖြစ်၍ ဤအယူခံမှုကိုပလပ်သည်။

အယူခံတရားလိုအတွက်။ ။ဦးဘထွန်း။

အယူခံတရားပြိုင်အတွက်။ ။ဦးချိန်ပိုး၊ ဦးခင်မောင်ကလေး။

အယူခံတရားလို ဒေါ်လှစိန်သည် ပဲခူးမြို့နေ ဦးရှားမား (ခ) ရှာလျောင်ကျန်၏ ဇနီးဖြစ်သည်။ ယင်းတို့မှာ ဗုဒ္ဓဘာသာဝင် လင်မယားဖြစ်ကြသည်။ ဦးရှားမား (ခ) ရှာလျောင်ကျန်သည် ၁၉၇၃ ခု မတ်လ ၂ ရက်နေ့တွင် သေဆုံးခဲ့သည်။ သေဆုံးသည်အထိ ပဲခူးမြို့၊ လမ်း ၂၀၊ အိမ်အမှတ် ၇၃ တွင်နေထိုင်ခဲ့ကြသည်။

အယူခံတရားပြိုင် အမှတ် (၁) အာမား (ခ) ကိုအောင်သိန်းသည် ဦးရှားမား (ခ) ရှာလျောင်ကျန်နှင့် ပထမမယား ဒေါ်ကျိုးရာတို့၏သားဖြစ်သည်။ အယူခံ တရားပြိုင် အမှတ် (၂) မရှုတင်သည် အာမား (ခ) ကိုအောင်သိန်း၏ဇနီးဖြစ်သည်။ ကိုအောင်သိန်းနှင့်မရှုတင်တို့သည် ဦးရှားမားလက်ထက်ကပင် အခင်းဖြစ်သည့် ပဲခူးမြို့၊ လမ်း ၂၀၊ အိမ်အမှတ် ၇၃ ၌ အတူတူနေခဲ့ကြသည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၂။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈ တွင် ပဲခူးမြို့၊ တိုင်းတရားစီရင်ရေးအဖွဲ့ရုံး၏မျှတ်သောအမိန့်ကိုအယူခံဝင်မှု။

၁၉၇၆

ဒေါ်လှစိန် နှင့် အာမား (ခေါ်) ကိုအောင်သိန်း ပါ ၂ ဦး။

ဦးရှားမားမသေခင် ၁၉၇၀ ခုမတ်လ ၂ ရက်နေ့က ဦးရှားမားသည် ကိုအောင်သိန်းအားကျပ်ငွေ ငါးသောင်းအမွေခွဲဝေပေးခဲ့သည်။ ဤကဲ့သို့ခွဲဝေပြီး ဦးရှားမားက ကိုအောင်သိန်းတို့ကို အခင်းဖြစ်အိမ်မှ ဖယ်ရှားသွားပြီး အခြားမှာနေရန်ပြောဆိုခဲ့သည်။ သို့သော် ကိုအောင်သိန်းတို့က အိမ်ရှာနေသည်ဟုပြောပြီး ဆက်နေခဲ့သည်။ ဦးရှားမားသေဆုံးပြီးနောက် အယူခံတရားလိုက ကိုအောင်သိန်းတို့ကို အခင်းဖြစ်အိမ်မှ ဖယ်ရှားပေးရန်ပြောဆိုခဲ့သော်လည်း မဖယ်ရှားပေးသည့်အတွက် အိမ်မှထွက်ခွာဖယ်ရှားသွားရန် အယူခံ တရားပြိုင်များအား ပဲခူးမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ယင်းရုံးက အနိုင်ဒီကရီပေးခဲ့သည်။ အယူခံ တရားပြိုင်တို့က ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်ရာ အယူခံရုံးက မူလမြို့နယ်တရားရုံး၏ဒီကရီကို ပယ်ဖျက်လိုက်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည် အစရှိသဖြင့် အယူခံတရားလိုက တင်ပြထားကြောင်းတွေ့ရသည်။

ဤအယူခံမှုတွင်ဆုံးဖြတ်ရန် အဓိကအချက်မှာ အယူခံ တရားပြိုင်တို့သည် အယူခံတရားလို၏ခွင့်ပြုချက်ဖြင့်နေထိုင်ခဲ့ခြင်းဟုတ် မဟုတ် ဟူသောအချက်ဖြစ်သည်။ ဦးရှားမားမသေမီက အယူခံ တရားပြိုင် ကိုအောင်သိန်းကို ငွေငါးသောင်းအမွေ ခွဲဝေပေးခဲ့ခြင်းမှာ မှန်မမှန်ဟူသော အချက်နှင့်ပတ်သက်ပြီး မူလရုံးတွင် နှစ်ဘက်အမှုသည်များက သက်သေအထောက်များများ တင်ပြခဲ့ကြောင်းတွေ့ရသည်။ ဤအမှုမှာအမွေမှုမဟုတ်ပေ။ ဦးရှားမားက ကိုအောင်သိန်းအား ငွေငါးသောင်းအမွေအဖြစ် ပေးခဲ့ပြီးဖြစ်သည်ဟူသောအချက်မှာ မှန် မမှန် ဤအမှုတွင်ဆုံးဖြတ်ပေးရန်မသင့်ပေ။ ဤအမှုမှာခွင့်ပြုချက်ဖြင့်ထားခဲ့သူ အယူခံ တရားပြိုင်တို့အား ထိုခွင့်ပြုချက်ကိုရုပ်သိမ်းပြီးနောက် အိမ်မှဖယ်ရှားပေးရန် စွဲဆိုသည့်အမှုဖြစ်သည်။ အယူခံ တရားပြိုင်တို့က မိမိတို့သည် အယူခံတရားလို၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူမဟုတ်ဟု ငြင်းဆိုခဲ့သည်။ ဖခင်၏အိမ်တွင် တဦးတည်းသောသားဖြစ်၍ မိဘများနှင့် တသက်လုံး အတူတကွနေထိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အမှုတွဲရှိ သက်သေခံချက်များကို လေ့လာသည့်အခါ ကိုအောင်သိန်းတို့သည် ဒေါ်လှစိန်၏ ခွင့်ပြုချက်ဖြင့်နေခဲ့သည်ဟုသက်သေအထောက်အထားလုံးဝမတွေ့ရပေ။ မိဘနှင့်အတူ နေလာသည့်သားသမီးဖြစ်သည့်အတွက် ဖခင်သေဆုံးပြီးနောက်လည်း ဆက်လက်နေထိုင်သူများသာဖြစ်ကြောင်း ပေါ်လွင်သည်။

သို့ဖြစ်၍ ဤအယူခံမှုကိုပလပ်ပြီး ပဲခူးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက်သည်။ တရားရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုက ကျခံစေရန်အမိန့်ချမှတ်သည်။ ရှေ့နေစရိတ် ကျပ် ၅၀ ခွင့်ပြုသည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဗိုလ်မှူးကြီး လှမောင်၊ အဖွဲ့ဝင်များအဖြစ်ဗိုလ်မှူးကြီးထွန်းအောင်ကျော်နှင့် ဦးလွင်မောင်
တို့ပါဝင်သော ဗဟိုဘာရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်လှမြင့်

နှင့်

ဒေါ်ပိုပါ ၃ ဦး *

† ၁၉၇၆
ဇွန်လ ၁၀ ရက်။

မိမိပိုင်ဥပစာကို ပြန်လည်လက်ရောက်ရလိုမှု ဖွဲ့ဆိုရာ၌ တရားနိုင်ဖြစ်သည့် အိမ်ရှင်သည် ဇာရီမှုတွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄ (၁) (ဂ) အရ မိမိကိုယ်တိုင် နေထိုင်ရန်အတွက် အိမ်ကိုပြန်ရလိုကြောင်း တောင်းဆိုပိုင်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တရားနိုင်ဖြစ်သည့် အိမ်ရှင်က တရားရုံးအပေါ် ချထားသည့် ဒီကရီဖြင့်ဖွင့်သည့်ဇာရီမှုတွင် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၄ (၁)(ဂ) အရ မိမိကိုယ်တိုင်နေထိုင်ရန်အတွက် အိမ်ကိုပြန်ရလိုကြောင်း လျှောက်ထားတောင်းဆိုပိုင်ခွင့်ရှိပြီး တရားရုံးကလည်း ဇာရီမှုတွင်ပင်ဤအချက်ကိုစဉ်းစားပြီး အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ဂ အရဤကဲ့သို့ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ဆိုရပေမည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ ပါပြဋ္ဌာန်းချက်များ၏ အခြေခံအကျဆုံးသောမူမှာ အမှုမပွားများစေလိုသောသဘောဖြစ်သည့် တရားနိုင်နှင့်တရားရှုံးတို့အကြားတွင် တရားမရုံး၏ဆုံးဖြတ်ချက်အတိုင်း ဇာရီပြုလုပ်ရာ၌တရားရုံးကမြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁) အရ၊ ရထားသည့်လက်မှတ်ကြောင့် ဒီကရီပယ်ဖျက်ပေးရန်ပုဒ်မ ၁၅ အရပယ်ဖျက်သင့်မသင့်ဟူသော ပြဿနာနှင့် တရားနိုင်ကပုဒ်မ (၁၄)(၁) (ဂ) အရအိမ်လက်ရောက်ပြန်ရလိုကြောင်းတင်ပြချက်ကိုခွင့်ပြုသင့် မသင့်ပြဿနာတို့မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရဇာရီမှုတွင်ဆုံးဖြတ်ရန်ပြဿနာများဖြစ်သည်။အကယ်၍ ပုဒ်မ ၁၄ (၁) (ဂ) အရနှင်ထုတ်သို့မှုတရားတသီးစွဲဆိုရမည်ဟုညွှန်ကြားပါက အမှုတမှုတွင်အပြီးအပြတ်ဆုံးဖြတ်နိုင်သည်ကို အမှုပွားများအောင်ပြုလုပ်ရာရောက်ပေလိမ့်မည်။ အမှုမပွားများစေရန်အတွက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ က တရားအသစ်တထုံးမစွဲရဟုအတိအလင်း တားမြစ်ထားခြင်းဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဒေါက်တာ မောင်မောင်ကျော်၊ ဦးအောင်ဘန်း

အယူခံတရားပြိုင်အတွက်။ ။ဦးချန်ထွန်းအောင်

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၂၀။

† ၁၉၇၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂ တွင်၊ ပဲခူးတိုင်းတရားရုံး၏ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၇၆

မောင်လှမြင့်
နှင့်
ဒေါ်ပို
ပါ ၃ ဦး

ဤအယူခံအမှု အမှတ် (၂၀) သည် ဤရုံး၏ ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် (၂၁) နှင့် ဆက်စပ်နေ ည်။ ထို့ကြောင့် ဤစီရင်ချက်သည် နှစ်မှု စလုံးအတွက် အကျုံးဝင်သည်။

အခင်းဖြစ်သည့် ပဲခူးမြို့၊ လိပ်ပြာကန်ရပ် စာတိုက်အနီး တောင်ငူလမ်းပေါ်ရှိ အိမ်နှင့် မြေကို မစ္စကာ ဒက်ဆိုသူပိုင်ခဲ့သည်။ မစ္စတာဒက် သေဆုံးသွားပြီးနောက် ယင်းပစ္စည်းကို ဇနီးဖြစ်သူ ဒေါ်သိန်းရင်က အမွေဆက်ခံခဲ့သည်။

အယူခံတရားလိုတို့က အခင်းဖြစ် အိမ်အောက်ထပ်မှ အခန်းများကို ဒေါ်သိန်းရင်ထံမှ ငှားရမ်း နေထိုင်လာခဲ့သည်ဟု အဆိုရှိသည်။ ဒေါ်သိန်းရင် သေဆုံးသောအခါ ဒေါ်သိန်းရင်နှင့် အတူတူနေထိုင်သော မဟာဝါဘီနှင့် မကြည်တို့ က ဒေါ်သိန်းရင်၏ အမွေဆက်ခံသူများအနေဖြင့် အိမ်လခများကို ကောက်ခံခဲ့သည်ဟုလည်းဆိုသည်။

ပဲခူးမြို့ခရိုင်တရားမ တရားရုံး တရားမကြီးမှု အမှတ် ၅/၅၂ တွင် ဒေါ်သိန်းရင်၏ တူတော်သည်ဟုဆိုသော ဦးဘဦးက မဟာဝါဘီနှင့် မကြည်တို့ကို တရားပြိုင်ပြုလုပ်၍ အမွေထိန်းလက်မှတ်ရလိုကြောင်း လျှောက်ထားခဲ့သည်။ မဟာဝါဘီနှင့် မကြည်တို့က ကန့်ကွက်ခဲ့သော်လည်း ပဲခူးတရားမ တရားသူကြီးရုံးက ဦးဘဦးကို အမွေထိန်းလက်မှတ် ပေးအပ်ကြောင်း ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့စွဲဖြင့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမွေထိန်းလက်မှတ်အရ ဦးဘဦးက ပဲခူးမြို့ ရာဘက်မျိုင် တရားမတရားသူကြီးရုံး တရားမကြီးမှု အမှတ် ၂/၅၉ တွင် ဤအမှုနှစ်မှုမှ အယူခံတရားလိုများဖြစ်ကြသည့် မောင်လှမြင့်နှင့်ဂျိုးကစ်ရှ်တို့အပြင် မဟာဝါဘီနှင့်မကြည်တို့ကိုပါ အိမ်နှင့်မြေလက်ရောက်ရလိုမှု တရားစွဲဆိုခဲ့ရာ ဦးဘဦးက အနိုင်ရခဲ့သဖြင့် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့က ဒီကရီရရှိခဲ့သည်။ ဒီကရီအရ ဦးဘဦးက ဇာရီမှုဖွင့်ခဲ့သည်။

မောင်လှမြင့်နှင့် ဂျိုးကစ်ရှ်တို့က ပဲခူးမြို့၊ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေး ဝန်ရုံးတွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ၁၃ (၁) အရ၊ အခင်းဖြစ် ဥပဒေအောက်ထပ်အခန်းများ၏ အိမ်ငှားများဖြစ်ကြောင်း သတ်မှတ်ပြီး ဆက်လက် နေထိုင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ပဲခူးမြို့ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေး ဝန်က မောင်လှမြင့်နှင့် ဂျိုးကစ်ရှ်တို့၏ လျှောက်လွှာများကို ခွင့်ပြုလိုက်သည်။ ယင်း အမိန့်ကို မကျေနပ်၍ ဦးဘဦးက ယခင်တရားရုံးချုပ်တွင် အမှုခေါ်စာချွန်တော် အမှု စွဲဆိုခဲ့သည်။ တရားရုံးချုပ်က ဦးဘဦး၏ လျှောက်လွှာကို ခွင့်ပြုပြီး လက်ထောက် ငှားရမ်းခကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

၁၉၇၆

မောင်လှမြင့်
နှင့်
ဒေါ်ပို
ပါ ၃ ဦး

ဦးဘဦးတင်သွင်းသည့် ဇာရီမှုမှာ မပြီးမပြတ်ဖြစ်နေခိုက် တရားရုံးချုပ်၏ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့စွဲပါ အိမ်မှ နှင်ထုတ်ရန် တရားမရုံးများ၏ ဒီကရီပြုလုပ်ပေးခြင်းကို ဆိုင်းငံ့ထားရန် အမိန့်အရ ဦးဘဦး၏ ဇာရီမှုကို ဆိုင်းငံ့ထားလိုက်သည်။ ထိုသို့ ဇာရီမှုကို ဆိုင်းငံ့ထားစဉ်အတွင်း တရားနိုင် ဦးဘဦးက အချင်းဖြစ်အိမ်နှင့် မြေကို အယူခံတရားပြိုင် ဒေါ်ပို၊ မနုနှင့် မောင်ခင်မောင်မြင့်တို့အား ရောင်းချခဲ့သည်။

ဤသို့ ရောင်းချပြီးနောက်ပိုင်းတွင် အယူခံတရားလိုတို့က မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃ (၁) အရ အခင်းဖြစ်အိမ်ခန်းများတွင် အိမ်ငှားများအဖြစ် သဘ်မှတ်၍ ဆက်လက်နေခွင့်ပြုရန် ပဲခူးမြို့ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံ ထပ်မံလျှောက်ထားခဲ့သည်။ ထိုသို့ လျှောက်ထားစဉ်အတွင်း နိုင်ငံတော် တရားရုံးချုပ်က ဇာရီမှုများကို ဆိုင်းငံ့သည့်အမိန့် ရုပ်သိမ်းလိုက်သဖြင့် အယူခံတရားပြိုင်များက ဦးဘဦးတင်သွင်းခဲ့သည့် ဇာရီမှုလျှောက်လွှာကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထိုအခါ အယူခံတရားလိုများက မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေ ပုဒ်မ ၁၃ (၁) အရ၊ လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ထံ လျှောက်ထားသည့်အတွက် လျှောက်လွှာအပေါ် အမိန့်မချမီအတွင်း ဇာရီမှုကို ဆိုင်းငံ့ထားရန် လျှောက်ထားခဲ့သည်။ ပဲခူးတိုင်း တရားရုံးက အယူခံတရားလိုတို့၏ လျှောက်လွှာကို လက်မခံပဲ ဇာရီလျှောက်လွှာကို ခွင့်ပြုလိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလိုတို့က ဗဟိုတရားရုံး ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ ၄၄ ကို တင်ခဲ့သည်။ လျှောက်လွှာကို ဗဟိုတရားရုံးက ပလပ်လိုက်သည်။

ပဲခူးမြို့ လက်ထောက် ငှားရမ်းခကြီးကြပ်ရေးဝန်က အယူခံတရားလိုတို့အား မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှားအဖြစ် သတ်မှတ်သည့် လက်မှတ်ကို ထုတ်ပေးခဲ့သည်။ ယင်းလက်မှတ်အရ အယူခံတရားလိုတို့က မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ (၁၅) အရ၊ မူလရုံးက ချမှတ်ထားသည့် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သည်။ လျှောက်လွှာကို အယူခံတရားပြိုင်တို့က ကန့်ကွက်ခဲ့သည့်အပြင် အခင်းဖြစ် ဥပစာကို မိမိတို့ကိုယ်တိုင် နေထိုင်ရန် လိုအပ်သည့်အတွက် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၄ (၁) (ဂ) အရ၊ လျှောက်လွှာတင်ပြီး အယူခံတရားလိုတို့အား အချင်းဖြစ်ဥပစာမှ ပယ်ရှားပေးရန် တောင်းဆိုခဲ့သည်။

မူလတိုင်း တရားရုံးက အယူခံတရားပြိုင်တို့သည် အချင်းဖြစ်ဥပစာကို မိမိတို့ကိုယ်တိုင် နေထိုင်ရန် လိုအပ်ကြောင်း မှန်ကန်သည်ဟုဆိုပြီး အယူခံတရားလိုတို့က မြို့ပြဆိုင်

ိငါကင်းဆဂျ် နှ်ဗဒ္ဓဂျ်းထဲ ဒ္ဒဝ်ရ်ပ္ပငေ ဗဒ ၇၆ ဂဒ္ဒါဒခဝ်ဒ် းထဲဒ္ဒါယ်ကးထဲထ ငဂ်ဝ္ဗ ငန်ဆဂျ် ဒ္ဒထဂ ဒ္ဒထဂျ်ဒ္ဒမီ ဝ္ဗယ်ယ်ဂျ်ဒ္ဒထ းဒ္ဒငယဲ္ဂခလ်ဗန္ဒဂျ် ယ်ထဲခယ်လဂ္ဒ ၊ဗဒ (ပ) (င) ၆င ဂဒ္ဒါ ယဒ္ဒန္ဒးထဲထ ဒ္ဒန်ငန်ဆဂျ် ငထခါဂ်ဒ္ဒထဂ ဒ္ဒထယ်ဂါကဂ ဗဒ (၆င) ဂဒ္ဒါ နှ်ဗးဂခယ်ဂါကဂဗ္ဗယဒ္ဒ ဒ္ဒငယဲ္ဂခယ်ဂ်ယ်လဒ္ဒထးငထဗ ဗဒ (င) ၎င ဂဒ္ဒါဒခဝ်ဒ် းဗခဒ္ဒယဲ္ဂးယဲ္ဂေးဂ္ဒဗးငဝ် ထဲဒ္ဒဝ္ဗဂျ်ဂျ် ယးမ်ိးထဲထ ဒ္ဒထဲဂ္ဒလဂျ်ဗ္ဗငေ းဒ္ဒဝ္ဗဒယ်ဂျ်ဒ္ဒဂျ် းထဲ ဗ္ဗးမ်ကးထဲထ ဒ္ဒဝ်းငယဲ္ဂဒ ဝ္ဗးမ်ိးထဲထ ဒ္ဒန်ဒ္ဒန္ဒးထဲထ ။ဒ္ဒထဂျ်ငထခထ ငထခ ဝ္ဗဗခးငါးငဂ်ဂဂ်ဒ ငဂ်ငထခးထဲယ်ဒဗ္ဗခဒ ဗ္ဗးငါယ်ဂ်းနှ်ငဒ်ဂျ် ၂ ၇၆ ဂဒ္ဒါ ဒခဝ်ဒ် းထဲဒ္ဒါယ်ကးထဲထ ။ဒ္ဒဂဂခဗ္ဗ ဂ်ဒ္ဒထဗ္ဗဒ္ဒဲဒ္ဒဝ္ဗယ်မ်ဒ္ဒငထခ ဝ္ဗဲယ်ပြ ဗဒ ၇၆ ဂဒ္ဒါဒခဝ်ဒ် းထဲဒ္ဒါယ်ကးထဲထ ငထခထဲဒ္ဒငယဲ္ဂခဂါငဒ ။ဒ္ဒထထဂ်ဝ္ဗဂ္ဒန်ယ် ဂ်ဒ္ဒထဗ္ဗ ဒ္ဒဲဒ္ဒဝ္ဗးဂခ ဒ္ဒဂျ်ဒးထဲဒ းဂျ်းငစးဒ္ဒဗ ဝ္ဗယ်ယ်ဒပြ ဒ္ဒဂဒ္ဒဝ်ရ်ပ္ပငေ းဒ္ဒလယးမ်ိးထဲထ းဂျ်ဗ္ဗဒ္ဒဲဒ္ဒဝ္ဗထးဒ္ဒငထခးငထဒ္ဒါငါလခ ။ဒ္ဒထဂျ်ဗ္ဗဂ ဗ္ဗ ဒ္ဒဲဒ္ဒဝ္ဗထးဒ္ဒငထခ းဒ္ဒငယဲ္ဂခ ဝ္ဗလဗန္ဒဂျ် ဝ္ဗဂ္ဒဒ ယ်ဝ်ဒန္ဒဗဒ္ဒဝ္ဗန်ခ ဒ္ဒဝ္ဗဂါယ်ဂဂ ၊ဗဒ (ပ) (င) ၆င ဂဒ္ဒါ ဒ္ဒဝ်ရ်ပ္ပငေ ဒ္ဒထးငထဒ္ဒဂ် ဒ္ဒဂျ်ဗ္ဗယဒ္ဒ ဒ္ဒထးငထါ ၂ဂခဒးမ်ိးထဲထ ယဒ္ဒဗ်ဂ္ဒ ဒ္ဒထဂျ်ဒ္ဒန္ဒးထဲထ ၂ဒဒ္ဒထးငထယ်ငါလခ ဂ်၂းဂခယ်ဂါကဂ ဝ္ဗဗ္ဗယဒ္ဒ ၊ဗဒ (၆င) ဂဒ္ဒါ ဒ္ဒဂျ်ယ်ဂ်ယ်လ းဒ္ဒဂ ဒ္ဒဂျ်ထဲဗ္ဗဗယ်ဂ်ယ်လ းဂျ်းငထယ်ငါလခ နှ်ဗးဂခယ်ဂ်ယ်ထ ဗဂျ်ဒးငဝ်ဂ္ဒ ဗဒ (င) ၎င ဂဒ္ဒါ ဒခဝ်ဒ် းဗခဒ္ဒယဲ္ဂးယဲ္ဂေးဂ္ဒဗးငဝ် ထဲဒ္ဒဝ္ဗဂျ်ဂျ် ဒ္ဒဝ်ထန္ဒဝ်းဗခဒ္ဒယဲ္ဂးယဲ္ဂ ေးဂ္ဒဗးငဝ်ယ်ငထခယ်လ ယဂ်ငဒ္ဒါယ်ခးါါယ်ဗ္ဗ ယ်ငန်ခးဂျ်ဗဗ္ဗယဒ္ဒ ဗြဲမ်းထဲထ းဒ္ဒငယဲ္ဂခ ဝ္ဗလဗ ယ်ထဲခယ်လဒ္ဒလန္ဒဂျ် ဝ္ဗယ်ငဗဂဒ်းဒ္ဒဂ ဂ်ထးဒ္ဒဗထ ဂ်ငဒ္ဒါယ်ခးါါယ် ဒ္ဒထဒ္ဒဝ္ဗန်ခ ဒ္ဒဝ်ငဗဂဒ် ဒ္ဒထဒ္ဒဂဂဂ ယးဒ္ဒထယဒ္ဒဗ်ဂ္ဒ ငဂ်ငန်ဆဂျ် နှ်ဗဒ္ဓဂျ်းထဲ ဒ္ဒဝ်ရ်ငါဒပြ

။ဒ္ဒထလဒ္ဒဂျ်ယ်ဂျ်ဒ္ဒထ ဂ်ဒ္ဒထဒ္ဒဒ္ဒထဗ္ဗဝ်းငဗြဲ္ဗ းထဲထးထဲထ ၊ဗဒ (ပ) (င) ၆င ဂဒ္ဒါ ဒခဝ်ဒ် းဗခဒ္ဒယဲ္ဂးယဲ္ဂေးဂ္ဒဗးငဝ် ထဲဒ္ဒဝ္ဗဂျ်ဂျ် ဒ္ဒထဝ္ဗဝ္ဗးထဲထဒ္ဒါဒ ။၂ဒ္ဒထးငစးဒ္ဒဗဂ းဒ္ဒဂ်ဒ္ဒထ ဝ္ဗယ်ငဗယ်ငါလခ ဗဒ (ပ) (င) ၆င ဂဒ္ဒါ ဒ္ဒဝ်ငဗယ်ငါလခဗ္ဗငေ ဒ္ဒထ းဒ္ဒဂ်ဒ္ဒထ းငါဒ္ဒါဂျ်းထဲထဒ္ဒါဒ ဒ္ဒငယဲ္ဂခဝ္ဗ ။၂ဒ္ဒဂါဂဗ္ဗယဒ္ဒ နှ်ဗးဂခးငဗ်ဂါဂ ဂ်ဒ္ဒ ယ်ဝ်ဒဒ္ဒထဒ္ဒဝ္ဗန်ခန္ဒဂျ် ဒ္ဒဝ္ဗဂါဝ္ဗ ယဒ္ဒဗ်ဂ္ဒ ဗဒ (ပ) (င) ၆င ဂဒ္ဒါ ဒခဝ်ဒ်းဗခ ဂ္ဒယဲ္ဂးယဲ္ဂေးဂ္ဒဗး ငဝ်ထဲဒ္ဒဝ္ဗဂျ်ဂျ် ။ဒ္ဒထ၂ဂ္ဒဂျ်ဗ္ဗယဒ္ဒ ဒ္ဒထယ်ဂါ ဂ်ဂခခဂ္ဒဒးဂခယ်ထဲခ ယ်လ ဝ္ဗဂျ်ခ ဒ္ဒန်ဂ္ဒဒးဗ္ဗးဗ္ဗ ငဂ်ဗ္ဗယဒ္ဒ ဒ္ဒထဒ္ဒဗ္ဗဗးဒ္ဒထးဒ္ဒ ဒ္ဒထဒ္ဒဂျ်ဝ္ဗးထဲထ ယလါဂ် ငဂ်ဒ္ဒထဂျ်ဒ္ဒထ ဗ္ဗဂျ်ဒယ်ဒဒယဗ္ဗဒ ယးငါဂ္ဗဝ္ဗးထဲထဒ္ဒါဒ ဒ္ဒဝ်ရ်ငါဒပြ

။ဒ္ဒထဗ္ဗဂျ်းဒ္ဒဂျ်းဒ္ဒဝ်ဒ္ဒထဂ်ဒ္ဒါဒပြ ဗြဲဒ္ဒန်ယ်ခဂ
ဝ္ဗယ်ဒ္ဒဂ္ဒဒးဒ္ဒဂ ။ဒ္ဒထယ်ဝ္ဗဒ္ဒဂ်ါဒ္ဒဂ္ဒဒန္ဒဗယ်မ်ဒ္ဒငထခယ်လယ်ထ ဝ္ဗဂ်ပ္ပငေ းဂျ်ဂ္ဒလဂ
ဝ္ဗယ်ငဗယ်ငါလခ ဒ္ဒထးဒ္ဒဂ်ဒ္ဒထ ဗဒ (၆င) ဂဒ္ဒါ ဒခဝ်ဒ် းဗခဒ္ဒယဲ္ဂးယဲ္ဂေးဂ္ဒဗးငဝ် ထဲ

းဒ္ဒ ၎ ၂
ဝ္ဗ၂ဒခ
ဒ္ဒန်
ဒ္ဒဂျ်လဒ္ဒငဂခ

ဒ္ဒ၇၆င

ဖြစ်သည်။ အကယ်၍ ပုဒ်မ ၁၄ (၁) (ဂ) အရနှင့်ထုတ်လိုလျှင် တရားနိုင်က နှင်ထုတ်လိုမှု တရားတထုံး စွဲဆိုရမည်ဟု ညွှန်ကြားပါက အမှုတမှုတွင် အပြီးအပြတ် ဆုံးဖြတ်နိုင်သည်ကို အမှုပွားများအောင် ပြုလုပ်ရာ ရောက်ပေလိမ့်မည်။ အမှုမပွားများစေရန် အတွက် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇ က တရားအသစ်တထုံး မစွဲရဟု အတိအလင်း တားမြစ်ထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ပလပ်လိုက်သည်။ ရုံးအဆင့်ဆင့်၏ တရားစရိတ်များကို အယူခံတရားလိုများက ကျခံစေရန် အမိန့်ချမှတ်သည်၊ ရှေ့နေစရိတ် ၇၅ ကျပ် သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

၁၉၇၆ — ဇူလိုင်လ ၁ ရက်။

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းအောင်ကျော်နှင့် ဦးလွင်မောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်သန်း

နှင့်

မတင်တင်ဌေး (ခေါ်) မခင်ထွေးလွင်

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ ဥပဒေပုဒ်မ ၂၅၊ မိခင်ရင်းနှင့် တစိမ်းသူတို့ အုပ်ထိန်းခွင့်ကို ပြိုင်၍ လျှောက်သည့်အခါ မည်သူအား ခွင့်ပြုသင့်သည်ကို ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။မိခင်အရင်းဖြစ်သူသည် အရွယ်မရောက်သေးသူကို အုပ်ထိန်းရန်မသင့်ဟု ဆုံးလောက်သည့်အကြောင်းရှိသည်ဟု သက်သေအထောက်အထား မရှိလျှင် တစိမ်းနှင့်ပြိုင်၍လျှောက်သည့်အခါမိခင်အရင်းကသာ အုပ်ထိန်းခွင့်ရှိလေသည်။ယခုအမှုတွင် မတင်တင်ဌေးသည်ရင်း၏သားအရင်းကိုအုပ်ထိန်းသင့်သူမဟုတ်ဟုတခုခုသက်သေအထောက်အထားတင်ပြနိုင်ခြင်း လုံးဝမရှိခြေ။

ထပ်မံဆုံးဖြတ်ချက်။ ။ထို့အပြင်အရွယ်မရောက်သေးသော ကလေးများကို အုပ်ထိန်းခြင်းကိစ္စနှင့်ပက်သက်၍အဓိကထားပြီး ထင်မြင်သုံးသပ်သင့်သည့်အချက်မှာ ကလေးငယ်၏ဘဝသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်လေသည်။ ဤအမှုတွင်ကလေး၏ကောင်စားရေးနှင့် ပက်သက်၍ စဉ်းစားရာတွင်လူမှုရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း မိခင်အရင်းဖြစ်သူ အယူခံတရားပြိုင် မတင်တင်ဌေးထံတွင်ထားရှိခြင်းကအယူခံတရားလို ဒေါ်သန်းထံတွင်ထားရှိခြင်းထက်ပိုမိုကောင်းမွန်သင့်မြတ်မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

အယူခံတရားလိုအတွက်။ ။ဦးကျား

အယူခံတရားပြိုင်အတွက်။ ။ဦးတင်ရီ

အယူခံတရားပြိုင် မတင်တင်ဌေး (ခ) ခင်ဌေးလွင်သည် ကျောင်းသူဘဝမှ မောင်အေးကျော်ဆိုသူနှင့် ခိုးရာလိုက်ပြေးခဲ့သည်။ မတင်တင်ဌေး၏အမေနှင့် အစ်မတို့ကသဘောမတူသဖြင့် ယောက္ခမနှင့်သွားရောက်နေထိုင်ခဲ့သည်။ မောင်ခင်ဇော်ဦးဆိုသူ သားလေးကိုမွေးပြီးမကြာမီ ယောက္ခမများနှင့်အဆင်မပြေသဖြင့် မတင်တင်ဌေး

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄၉။

† ၁၉၇၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၈ တွင်၊ ရန်ကုန်တိုင်းတရားရုံး အမှတ် (၃) (ကျောက်တံတား) ရုံး၏ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၅၅

ဒေါ်သန်း နှင့် မတင်တင်ဌေး (ခ) မခင်ထွေးလှိုင်

သည် အိမ်ပေါ်ကဆင်းလာပြီး ၎င်း၏ကွယ်လွန်သူဦးလေး၊ ဦးဘသောင်းဆိုသူ၏ဇနီး ဖြစ်သူ အယူခံတရားလို ဒေါ်သန်းနှင့်လာ၍ နေထိုင်ခဲ့သည်။ မိခင်အိမ်သို့ ပြန်တက်ရန် ကြိုးစားသည့်အခါ မိခင်နှင့်အစ်မက မတင်တင်ဌေးတဦးတည်းကိုသာလက်ခံပြီး ခလေး မောင်ခင်ဇော်ဦးပါလာလျှင် လက်မခံဟုပြောသဖြင့် မောင်ခင်ဇော်ဦးအား ဒေါ်သန်း နှင့်ခေတ္တအပ်ထားခဲ့ပြီး မိခင်ထံပြန်လည်သွားရောက်ခဲ့သည်။

ထို့နောက် မိခင်နှင့်အစ်မတို့က စိတ်ပြေသွားပြီး သားလေး မောင်ခင်ဇော်ဦးကိုပါ ခေါ်နိုင်သည်ဟုပြောလိုက်သည့်အခါ မတင်တင်ဌေးက ဒေါ်သန်းထံမှ မောင်ခင်ဇော် ဦးကို သွားရောက်ခေါ်ခဲ့သည်။ သို့သော် ဒေါ်သန်းကညင်းဆိုသဖြင့် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူ ဥပဒေပုဒ်မ ၂၅ အရ၊ ရန်ကုန်တိုင်းတရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ရန်ကုန်တိုင်းတရားရုံးက အမှုကိုစစ်ဆေးပြီး မတင်တင်ဌေး၏လျှောက်လွှာကို ခွင့်ပြု လိုက်သည့်အတွက် ဒေါ်သန်းက ဤအယူခံမှုကိုတင်သွင်းခြင်းဖြစ်သည်။

မတင်တင်ဌေးသည် မောင်ခင်ဇော်ဦး၏ မိခင်အရင်းဖြစ်သည်။ ဒေါ်သန်းသည် မောင်ခင်ဇော်ဦးနှင့် သွေးစပ်သူမဟုတ်ပေ။ ထို့ကြောင့်မိခင်အရင်းဖြစ်သူသည် အရွယ် မရောက်သေးသူကို အုပ်ထိန်းရန်မသင့်ဟု လုံလောက်သည့်အကြောင်းရှိသည်ဟု သက် သေအထောက်အထားမရှိလျှင် တစိမ်းနှင့်ပြိုင်၍ လျှောက်သည့်အခါ မိခင်အရင်းကသာ အုပ်ထိန်းခွင့်ရှိလေသည်။ ယခုအမှုတွင် မတင်တင်ဌေးသည် ၎င်း၏သားအရင်းကို အုပ်ထိန်းသင့်သူမဟုတ်ဟု တဘက်ကသက်သေအထောက်အထား တင်ပြနိုင်ခြင်း လုံးဝ မရှိချေ။

ထို့အပြင် အရွယ်မရောက်သေးသော ခလေးများကို အုပ်ထိန်းခြင်းကိစ္စနှင့်ပတ် သက်၍ အဓိကထားပြီး ထင်မြင်သုံးသပ်သင့်သည့်အချက်မှာ ခလေးငယ်၏ဘဝသာယာ ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်ပေသည်။ ဤအမှုတွင် ခလေး၏ကောင်းစားရေးနှင့် ပတ်သက်၍ စဉ်းစားရာတွင်လူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ ပညာရေးအရလည်းကောင်း၊မိခင်အရင်းဖြစ်သူ အယူခံတရားပြိုင် မတင်တင်ဌေးထံတွင် ထားရှိခြင်းက အယူခံတရားလို ဒေါ်သန်းထံတွင်ထားရှိခြင်းထက် ပိုမို၍ ကောင်းမွန် သင့်မြတ်မည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံမှုကိုပလပ်လိုက်သည်။ ရှေ့နေ စရိတ် ကျပ် ၅၀-ခွင့်ပြုသည်။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

၁၉၇၆ ဩဂုတ်လ ၄ ရက်။

ဒေါ်သန်းညွန့်

နှင့်

ဒေါ်ကြီး (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ

၁။ ဒေါ်သန်းစိန်၊ ၂။ ဒေါ်ကျင်ရွှေ*

အခမ့ထိန်းစာ လျှောက်ထားသည့်အမှုတွင် တရားရုံးများ လိုက်နာသတ်ပြုရန် ညွှန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။အမွေထိန်းစာလျှောက်ထားမှုများကို ဆုံးဖြတ်စီရင်ရာ၌ လျှောက်ထားသူတွင် အမွေဆက်ခံနိုင်ခွင့် ရှိမရှိနှင့် အမွေထိန်းစာလက်ခံထိုက်သူ ဟုတ်မဟုတ် စသောပြဿနာကို စိစစ်ရမည်ဖြစ်သည်။ ဤအမှုမှာမူကား အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ၏ အမွေကို ဆက်ခံပိုင်ခွင့်ရှိသူ ဟုတ်မဟုတ်အချက်မှာ မပြတ်ကားချေ။ ဒေါ်ကြီးက သူသည် ဦးသာငွေ၏ အမအရင်းအဖြစ်ဖြင့် ဦးသာငွေ၏အမွေကို တဦးတည်းဆက်ခံပိုင်ခွင့်ရှိသူဖြစ်သည်။ အယူခံတရားလို ဒေါ်သန်းညွန့်မှာ ဦးသာငွေ၏ ကိတ္တိမ်ခမွေးစားသမီး မဟုတ်ဟုအဆိုပြုခဲ့သည် ထို့ကြောင့် အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ၏ ကိတ္တိမမွေးစားသမီး ဟုတ်မဟုတ် အဆုံးအဖြတ်ပေးရန် ရှိနေသေးသည်။ ဤကဲ့သို့ အဆုံးအဖြတ်ကို အခမ့ထိန်းစာလျှောက်ထားသူများတွင် အဆုံးအဖြတ် မပေးသင့်ပေ။ ဤကဲ့သို့ အဆုံးအဖြတ်ပေးခြင်းအားဖြင့် အမွေဆိုင်များ၏ အမွေမှုကို ပေါ့ပေါ့ လွယ်လွယ်နှင့် ဆုံးဖြတ်ပေးလိုက်ရာ သာကျမည်။

ထပ်မံဆုံးဖြတ်ချက်။ ။ထို့အပြင် မြန်မာဗုဒ္ဓဘာသာတို့အတွက် အမွေထိန်းစာမထုတ်ပေးပဲ မနေရဟု ဥပဒေကမဆို၊ ထုတ်ပေးရန်မလိုလျှင်ထုတ်၍မပေးခြင်းကပို၍ တရားမျှတ မှန်ကန်ပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ။အယူခံတရားလိုအား အခမှုစွဲဆိုရန် အဆုံးအဖြတ် ပေးခဲ့ခြင်းမှာ ဥပဒေနှင့်မညီပေ။ တရားရုံးတရုံးသည် အမှုသည်များကို မည်ကဲ့သို့ အမှုမျိုး စွဲဆိုရမည်ဟု အလွယ်တကူ မညွှန်ကြားသင့်ပေ။

အယူခံတရားလိုအတွက်။ ။ဦးထွန်းတင်

အယူခံတရားပြိုင်အတွက်။ ။ကိုယ်တိုင်

ဦးသာငွေ၊ ဒေါ်နှင်းမြတို့သည် မြန်မာ ဗုဒ္ဓဘာသာ လင်မယားနှစ်ယောက်ဖြစ်ခဲ့သည်။အယူခံတရားလို ဒေါ်သန်းညွန့်က သူသည်ယင်းဦးသာငွေ၊ဒေါ်နှင်းမြတို့၏ကိတ္တိမ

* ၁၉၇၄ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၈။

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင်၊ ရန်ကုန်မြို့၊ မြို့နယ်စု(၁) တိုင်းတရားရုံး၏ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၇

ဒေါ်သန်းညွန့်
နှင့်
ဒေါ်ကြီး (သေ)
၎င်း၏တရားဝင်
ကိုယ်စားလှယ်
များ
၁။ ဒေါ်သန်းစိန်
၂။ ဒေါ်ကျင်ရွှေ

မွေးစားသမီးဖြစ်သည်ဟုဆိုသည်။ ဒေါ်နှင်းမြသည် ၁၉၅၃ ခုနှစ်တွင်လည်းကောင်း၊ ဦးသာငွေသည် ၁၉၅၆ ခုနှစ်တွင်လည်းကောင်း အသီးသီး ကွယ်လွန်အနိစ္စရောက်သွားခဲ့ကြသည်။

အခင်းဖြစ်သည့် ရန်ကုန်မြို့၊ အလုံမြို့နယ် စက်တင်းလမ်းအမှတ် ၉ အဆောက်အအုံမြေကို ဦးသာငွေနှင့် ၎င်း၏အမဖြစ်သူ မူလအယူခံတရားပြိုင် ဒေါ်ကြီး(ယခုကွယ်လွန်) ပိုင်ခဲ့ကြောင်း ဦးသာငွေကွယ်လွန်ပြီးနောက် အချင်းဖြစ်သည့်ပစ္စည်းကိုအယူခံတရားလိုနှင့် ဒေါ်ကြီးတို့ ပူးတွဲပိုင်ဆိုင်ခဲ့ကြောင်း၊ ၁၉၇၀ ခုနှစ်တွင် ဦးသာငွေ၏ပိုင်ဆိုင်ခွင့်ကို အယူခံတရားလိုက ၎င်း၏အမည်သို့ လွှဲပြောင်းပေးရန်အိုးအိမ်အဖွဲ့သို့ အယူခံတရားလိုက လျှောက်ထားခဲ့ကြောင်း၊ သို့သော်ဒေါ်ကြီးက ကန့်ကွက်သဖြင့် လျှောက်လွှာကိုအိုးအိမ်အဖွဲ့က ခွင့်မပြုခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အယူခံဝင်သော်လည်း မအောင်မြင်ကြောင်း သို့ဖြစ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ၁၉၇၃ ခု၊ စက်တင်ဘာလ ၅ ရက်နေ့က အမွေထိန်းလက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ကြောင်း၊ ထိုလျှောက်လွှာကို ဒေါ်ကြီးကကန့်ကွက်ခဲ့ကြောင်း၊ သို့ဖြစ်၍ရန်ကုန်တိုင်းတရားရုံးက အောက်ပါပဏာမကောက်ချက်ကိုထုတ်ပြီး နှစ်ဘက်ရှေ့နေကြီးများကို ကြားနာ၍ အမွေထိန်းစာထုတ်ပေးရန်လျှောက်လွှာကို ပလပ်ပြီး အမွေမှုစွဲရန်ညွှန်ကြားခဲ့ကြောင်း၊ ထိုအမိန့်ကိုမကျေနပ်၍ ဤအယူခံမှုကို တင်သွင်းကြောင်း အစရှိသဖြင့် အယူခံတရားလိုက တင်ပြထားကြောင်းတွေ့ရသည်။

> "တရားလိုဒေါ်သန်းညွန့်သည် ယခုအမှုအစား အမွေခွဲဝေပေးစေလိုမှု၊ သို့မဟုတ် လက်ဝယ်ရလိုမှုကိုသာ စွဲဆိုထိုက်ပါသလား"

ဒေါ်ကြီးသည် အမှုအတောအတွင်း သေဆုံးသွားသည့်အတွက် ၎င်း၏ကိတ္တိမမွေးစားသမီးများဖြစ်ကြသည့် အယူခံတရားပြိုင်တို့ကို ဤအမှုတွင် ထည့်သွင်းခဲ့သည်။

ဒေါ်ကြီးသည် ဦးသာငွေ၏အမအရင်းဖြစ်ကြောင်းမှာ အငြင်းမထွက်ချေ။အယူခံတရားလိုဒေါ်သန်းညွန့်က သူသည်ဦးသာငွေ၊ ဒေါ်နှင်းမြတို့၏ ကိတ္တိမသမီးဟု အဆိုပြုထားသည်။ ထိုအဆိုပြုချက်ကို ဒေါ်ကြီးကငြင်းခဲ့သည်။ ထို့ကြောင့်အယူခံတရားလိုဒေါ်သန်းညွန့်သည် ဦးသာငွေ၏အမွေကို လက်ခံနိုင်ခွင့်ရှိသူဟုတ် မဟုတ်မှာ သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ပေးရမည့်အချက်ဖြစ်သည်။

အမွေထိန်းစာလျှောက်ထားမှုများကို ဆုံးဖြတ်စီရင်ရာ၌ လျှောက်ထားသူတွင် အမွေဆက်ခံနိုင်ခွင့်ရှိမရှိနှင့် အမွေထိန်းစာလက်ခံထိုက်သူဟုတ်မဟုတ်စသော ပြဿနာကို ခုစစ်ရမည်ဖြစ်သည်။ ဤအမှုမှာမူကား အယူခံတရားလို ဒေါ်သန်းညွန့်သည် ဦးသာငွေ

။ တီလယ်လွ်ကြိုဝ်ႇ ႁိုဝ် ငေႃ ထွမ်ပွတ်ႈၵႃ ။ တီလယ်လွ်ၵုလကွ်ယ်ၵိူဝ်ႇႁဵၼ်ႈၸႄ

။ ၵၢဝ်ႈလႃႈငၵျႄးတီၵယ်ထုၵႃလႃ ႁွင်တီၵပ်လွ်ပိဝ် ။ႁိၵူႁႄ ၵွ်ယ်တီၵ ထွ်ႈငႅၵတီလၵီး
တီလႃႈဝ်လႃႈမ်ႈၸလ ။ ၵၢဝ်တီၵုဝ်ႈၼၵၢဝ်ၵ ငၵႈၶီးၵၢတ်ႈၵၢတွႄးပိူင်း ၼွ်မ်ႇထွတ်ၵိၵၢဝ်ႈ ႈငႄ
လွ်ႈၸလတွ်ႈႁဵၼ် ၶိုၸလၵိ ။ တီလၼွ်ယ်ၼွ်ၵ ငၵႈၶီးၵၢၵုတ်ထ ငၵၼွ်ထွၵိၵၢဝ်ႈ ႈငႄလွ်
ႈၸလတွ်ႈႁဵၼ် ယႈမ်ႈၸလ ႈၶုဝ်ၼွ်ယ်ၼွ်ပ ၶႂ်ၵျၢဝ်ႈငၵႈၶႂ်ၵျၢဝ်ႄ ၵျိူင်ၵၢဝ်ယထႄ

။ တီၵ
ၵုဝ်ၼွ်ယ်ၼွ်ၵၸၵႈၸလၸၵျွ် ယႈၶီးၵၢၵျူတ်ထ ၶိူလ်လွ်ၵၼွ်ပ်ႈၵၢတ်ထ ၵျွၵယၼၵၢဝ်ၵ
ႁပ်ၼၵၢၵ ၵုႈၵၢတ်ထၵငပႈၼွ်ထွၵိၵၢဝ်ႈ ယွ်ၸႄလွ်ငလငလႅၼ်ၵၼွ်ၵျ ၶိူၵျၸႄလွ်

။ တီၵျိူယငလၸယ်လွ်ႈၵၢတ်ၵျႈတွ် ၶုဝ်ႁၵလွ်ၵလ
ၵျၢဝ်ၵျၢဝ် လွ်ယ်ၵိၵၢဝ်ႈ မွ်ႈငၵျႄၶိုပ်ၵိၵၢဝ်ႈ ၶုဝ်ၵျႈငႄႈၶီးၵၢတ်ၵျႈတွ်ႄလွ်ယ်ၸႄ ။ ၵၢဝ်ႈလ
ႈၵၢၵၢတ်ၵျႈတွ် ၶုဝ်ႈငၵျလႈငထယ်ငၵျလၵငပႈၼွ်ထွၵိၵၢဝ်ႈ လွ်ယ်ၵျႈတွ်ႄလွ်ယ်ၸႄ
။ တီလႈလၵၢဝ်ၼွ် ၼွ်ပ်ႈၵၢတ်ၵျႈတွ် ယွ်ႁၵ်ၵၢႁ ႈၵလႈငပႈၵိၵၢၵွ်ယ် မွ်ၶႂ်ငလႈငၼ
တီလၼွ်တီႈၼွ်လၵၢဝ် လွ်ႈၸလတွ်ႈႁဵၼ် ၶုငၵျၢဝ်ၶႂ် ။ တီလၵုဝ်ၵျွ်ႄ ႁွင်ၵွ်ႁၵႈၵႃ
ႈငပႈၵိၵၢၵွ်ယ် မွ်ၶႂ်ငလႈငၼ ငၵၼွ်တီႈၼွ်လၵၢဝ် လွ်ႈၸလတွ်ႈႁဵၼ် ။ တီလၸၵျိူလၵွ်ၶုဝ်ၸၶုၵ
ၸယ်ထႈတီယႈငၼယ လွ်ယ်ၵိၵၢဝ်ႈမွ်ၶႂ်ငလႈငၼ ၶုၵျၸၵျႈၶုပ်ႈၵႄ မွ်ၶႂ်ငလႈငၼ တီလႁဵၼ်
ယႈၵျ်ၵၢဝ် ။ ၶႂ်ႈလၵၢၵျၵ ငၵ်ယ်ၶၸႄယ်ႁၵယ်ႁ ႁဵၼ်ၵျူဝ်ၶုဝ်ၸယ်ထ လွ်ယ်ၵိၵၢဝ်မွ်

မိဝ်ၶုဝ်ယ်ၵၢဝ် ။ ၵ
ၼွ်ပ်ႈၼွ်လၵၢဝ် ။ င
ႈငၵ
ႁလ်ႈငၸၵွ်ယ်
ၶုဝ်ႈၸလမွ်ႈၶုပ်
(လ၁) ႈမွ်ၵျၵၵ
ၶုဝ်
ၼွ်တီၼွ်လၵၢဝ်

ၵျပ်မ်င

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးကြည်မြ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးသန်းမြင့်

နှင့်

၁။ မြို့နယ်အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီ၊

၂။ ဦးကျော်တင့် *

† ၁၉၇၆

စက်တင်ဘာလ ၁၆ ရက်။

အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီ၏ အမိန့်သည် ဥပဒေအရ အတိအကျသတ်မှတ်ချက်ကိုကျော်လွန်နိုင်မနိုင်။

ဆုံးဖြတ်ချက်။ ။အလုပ်သမားလျော်ကြေးဥပဒေ၏ဇယား (၁) တွင် လုပ်အားဆုံးရှုံးမှုနှင့် ရာခိုင်နှုန်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ လက်ညှိုးမှတပါး အခြားလက်ချောင်းများနှင့်ပတ်သက်သော လုပ်အားဆုံးရှုံးမှုကို ၅ ရာခိုင်နှုန်းသာ သတ်မှတ်ထားသည်။

အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီက ၁၀ ရာခိုင်နှုန်းနှင့်တွက်၍ လျော်ကြေးသတ်မှတ်ရာတွင်ယင်းကော်မတီအဖွဲ့ဝင် ဆရာဝန် ဦးတင်ရွှေ၏တင်ပြသက်မှတ်ချက်ကို အလေးဂရုပြုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ သို့ရာတွင် ဥပဒေအရ၊ အတိအကျသတ်မှတ်ချက်ရှိသဖြင့် ထိုသတ်မှတ်ချက်ကို မဆန့်ကျင်နိုင်ပေ။ အထက်တွင်ဖော်ပြထားသည့်ဇယား (၁)တွင်ပါရှိသည့် သတ်မှတ်ချက်များကိုဆရာဝန်၏ သတ်မှတ်ချက်က မကျော်လွန်နိုင်ပေ။

အယူခံတရားလိုအတွက်။ ။ကိုယ်တိုင်။

အယူခံတရားပြိုင်အတွက်။ ။ဥပဒေဝန်ထမ်းအဆင့် (၁) ဦးသိန်းအောင်။

လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း သာစည်ဓာတ်အားခွဲရုံ၌ လျှပ်စစ်အရန်လုပ်ငန်းပညာသင်အဆင့် (၃) ဖြစ်သောမောင်ကျော်တင့်သည် ၁၉၇၄ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့က လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်နေစဉ် ညာဘက်လက်ခလယ်ကို ဒဏ်ရာရရှိပြီး၊ ယင်းဒဏ်ရာကြောင့် လက်တဆစ်ပြတ်သွားခဲ့သည်။ ယင်းကိစ္စကို ဓာတ်အားခွဲရုံမှူးက သတင်းပေးပို့သဖြင့် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ သာစည်မြို့နယ်က

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄။

† ၁၉၇၄ ခုနှစ်၊ တရားမလျော်ကြေးမှုအမှတ် ၃ တွင် (၁၉၇၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ နေ့) သာစည်မြို့နယ်အလုပ်သမားစိစစ်ရေးကော်မတီ၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၆

ဦးသန်းမြင့်
နှင့်
၁။ မြို့နယ်
အလုပ်သမား
လျော်ကြေး
စိစစ်ရေး ကော်
မတီ။
၂။ ဦးကျော်
တင့်။

အရေးယူဆောင်ရွက်၍ ညာဘက်လက်ခလယ်တွင် လက်တဆစ် ပြတ်သွားခဲ့သည်ကို ၁၀ ရာခိုင်နှုန်း လုပ်အားဆုံးရှုံးမှုအဖြစ် သတ်မှတ်ကာ၊ လျော်ကြေးငွေ ၆၀၄ ကျပ် ၁၉ ပြားပေးစေဟု အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကိုမကျေနပ်၍ အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၃၀ အရအယူခံဝင်ခြင်းဖြစ်သည်။

ဤအယူခံမှုတွင်စဉ်းစားရန် အချက်တချက်ကိုသာ အယူခံတရားလိုက တင်ပြထားကြောင်းတွေ့ရသည်။ ယင်းအချက်မှာ အလုပ်သမားလျော်ကြေးဥပဒေ၏ ဇယား (၁) တွင်လုပ်အားဆုံးရှုံးမှုနှင့် ရာခိုင်နှုန်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ လက်ညှိုးမှတပါး အခြားလက်ချောင်းများနှင့် ပတ်သက်သော လုပ်အားဆုံးရှုံးမှုကို ၅ ရာခိုင်နှုန်းသာသတ်မှတ်ထားသည်။ ယခုမှုမှုကား အလုပ်သမားလျော်ကြေးစစ်ဆေးရေး ကော်မတီက လုပ်အားဆုံးရှုံးမှု ၁၀ ရာခိုင်နှုန်းနှင့်တွက်၍ လျော်ကြေးသတ်မှတ်ခြင်းမှာ မှားသည်ဟုတင်ပြချက်ဖြစ်သည်။

အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ၁၀ ရာခိုင်နှုန်းသတ်မှတ်ရာတွင် ယင်းကော်မတီ အဖွဲ့ဝင် ဆရာဝန်ဦးတင်ရွှေ၏ တင်ပြသတ်မှတ်ချက်ကို အလေးဂရုပြုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။ သို့ရာတွင်ဥပဒေအရ အတိအကျသတ်မှတ်ချက်ရှိသဖြင့် ထိုသတ်မှတ်ချက်ကို မဝေန်ကျင်နိုင်ပေ။ အထက်တွင်ဖော်ပြထားသည့် ဇယား (၁)တွင် ပါရှိသည့် သတ်မှတ်ချက်များကို ဆရာဝန်၏သတ်မှတ်ချက်က မကျော်လွန်နိုင်ပေ။ သို့ဖြစ်၍ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ အမိန့်တွင် သတ်မှတ်ထားသည့်လျော်ကြေးပမာဏ ၆၀၄ ကျပ် ၁၉ ပြားအစား လျော်ကြေးငွေ ၃၀၂ ကျပ် ၁၀ ပြား ပေးစေဟုပြင်ဆင်သတ်မှတ်လိုက်သည်။

တရားမအထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလွင်မောင်၊ အဖွဲ့ဝင်များအဖြစ် ဦးသန့်စင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၁။ ကိုသန်းဝေ၊ ၂။ မခင်တင့်။

နှင့်

ဒေါ်ထိုက် *

†၁၉၇၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်။

ငှားရမ်းထားသော မြေကွက်ကိုပြန်ပြီး လက်ရောက်ရလိုမှုစွဲဆိုရာ၌ မြို့နယ်တရားရုံးသည် မူလချမှတ်ခဲ့သော မိမိ၏ဒီကရီကို မိမိပယ်ဖျက်ပြင်ဆင်နိုင်ခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။မြင်းခြံမြို့နယ်တရားရုံးက ၁၉၆၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၉၃ ၌ ကိုသန်းဝေနှင့် မခင်တင့်တို့အား အချင်းဖြစ်မြေပေါ်ရှိ အဆောက်အအုံများကို ဖျက်သိမ်း၍ ထိုမြေမှထွက်ခွာသွားရန် ဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ ထိုဒီကရီကို အထက်အယူခံရုံးများက ပယ်ဖျက်ခဲ့ခြင်းမရှိသဖြင့် ထိုဒီကရီသည်ဘည်မြဲလျက်ရှိနေပေသည်။ ထိုဒီကရီကို အတည်ပြုရန်ဖွင့်လှစ်ခဲ့သော ဇာရီမှုတွင် ဒီကရီကို အကျိုးသက် ရောက်အောင် ဆောင်ရွက်ပေးရန် ဖြစ်သည်။ ဒီကရီအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားရုံးများအား မြေလခကျသင့်ငွေများကိုပေးစေ၍ မြေငှားများအဖြစ် ဆက်လက်နေထိုင်စေရန် မြို့နယ်တရားရုံးက ချမှတ်ခဲ့သောအမိန့်သည် မူလဒီကရီကိုပယ်ဖျက်ပြင်ဆင်ရာရောက်သဖြင့် ဥပဒေအရမှားယွင်းသည်။ မြို့နယ်တရားရုံးသည် မိမိချမှတ်ခဲ့သော မူလဒီကရီကို မိမိပယ်ဖျက်ပြင်ဆင်နိုင်ခွင့်မရှိပေ၊ ဤအာဏာသည် အယူခံရုံး၌သာရှိပေသည်။ ဤအမှားကို တိုင်းတရားရုံးက တွေ့ရှိသဖြင့် ဇာရီမှုတွင် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီးမူလဒီကရီအတိုင်း ဆက်လက်ဆောင်ရွက်စေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ တိုင်းတရားရုံး၏အမိန့်သည် ဥပဒေအရမှန်ကန်ပေသည်။

လျှောက်ထားသူအတွက်။ ။ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ
လျှောက်ထားခံရသူအတွက်။ ။ဦးလှညွန့်၊ ဗဟိုတရားရုံးရှေ့နေ

အချင်းဖြစ်မြေသည် မြင်းခြံမြို့၊ အမှတ် (၇) ရပ်ကွက်၊ ဘာဘာလမ်း၌တည်ရှိသည်။ ထိုမြေသည် အယူခံတရားပြိုင် ဒေါ်ထိုက်၏ ဘိုးဘပိုင်မြေဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဒေါ်ထိုက်က ဒေါ်ညွန့်အား ထိုမြေကို မြေလခတလလျှင် ၂၀ကျပ် ဖြင့် ငှားရမ်းခဲ့သည်။ ဒေါ်ထိုက်နှင့်ဒေါ်ညွန့်တို့နှစ်ဦး သဘောတူချုပ်ဆိုခဲ့သော စာချုပ်အရ၊ ဒေါ်ထိုက်က

* ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉ (မန္တလေး)။
† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၁ တွင် မြင်းခြံမြို့ တိုင်းတရားရုံး၏ ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၇၆

၁။ ကိုသန်းဝေ
၂။ မခင်တင့်
နှင့်
ဒေါ်ထိုက်

ဒေါ်ညွန့်အား ထိုမြေပေါ်တွင် အိမ်ဆောက်၍ နေထိုင်ခွင့်ပြုခဲ့သည်။ ဒေါ်ထိုက်အလိုရှိသောအခါ ဒေါ်ညွန့်က ထိုမြေမှဖယ်ရှားပေးရန် ကတိပြုခဲ့သည်။ ထိုအိမ်တွင် ဒေါ်ညွန့်နှင့်သားဖြစ်သူ ကိုလှယုတို့နေထိုင်လာခဲ့သည်။ ထိုနောက်ဒေါ်ညွန့်သေဆုံးသည်။ ထိုအိမ်တွင် ကိုလှယုဆက်လက်နေထိုင်သည်။ ထို့နောက်ကိုလှယုက ထိုအိမ်ကိုတန်ဖိုးငွေကျပ် ၆၀၀-နှင့် အယူခံတရားလို ကိုသန်းဝေနှင့် မခင်တင့်တို့အားရောင်းချလိုက်သည် ကိုသန်းဝေတို့က ထိုအိမ်တွင် ငှက်ပျောသီးအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်၍ အချင်းဖြစ်မြေတွင် ငှက်ပျောသီးအုပ်ရန် ကျင်းများတူးပြီး မီးဖိုများပြုလုပ်ခဲ့သည်။ မြေရှင်ဒေါ်ထိုက်ကမကျေနပ်သဖြင့် မြေကိုပြန်လည်ရလိုမှုစွဲဆိုရာ မြင်းခြံ မြို့နယ်တရားရုံးက ၁၉၆၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ ၌စစ်ဆေးကြားနာ၍ မြေရှင်ဒေါ်ထိုက်အားအနိုင်ဒီကရီကို ချပေးခဲ့သည်။ ထိုဒီကရီကို ကိုသန်းဝေနှင့် မခင်တင့်တို့သည် အယူခံဝင်ကြောင်း အထောက်အထားများမတွေ့ရှိရပေ။ ဒေါ်ထိုက်က မိမိအနိုင်ရရှိသော ဒီကရီကို အတည်ပြုရန် လျှောက်ထားသဖြင့် မြင်းခြံမြို့နယ်တရားရုံးက ၁၉၇၄ ခုနှစ်၊ ဇာရီမှုအမှတ် ၅ ကိုဖွင့်လှစ်ခဲ့သည်။ ထိုဇာရီမှုတွင် မြို့နယ်တရားရုံးက မူလအမှုမှ ဒီကရီအရ တရားစရိတ်နှင့် ဒီကရီတွင်မပါရှိသော မြေလခကျသင့်ငွေ စုစုပေါင်း ၁,၄၅၀ ကျပ် ၄၀ ပြားကို တရားရှုံးများဖြစ်သော ကိုသန်းဝေနှင့် မခင်တင့်တို့က ပေးစေရန် အမိန့်ချမှတ်၍ ပထမအရစ်အနေဖြင့် ၄၅၈ကျပ် ၄၀ ပြားကို ၁၉၇၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ပေးသွင်းရန်သတ်မှတ်ခဲ့သည်။ တရားနိုင်ဒေါ်ထိုက်က ထိုအမိန့်ကိုမကျေနပ်သဖြင့် အယူခံသည်။ မြင်းခြံမြို့ထိုင် မန္တလေးတိုင်းတရားရုံးက ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၁ ဟုသတ်မှတ်၍ကြားနာပြီး ဇာရီမှုတွင် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ကာ မောင်သန်းဝေနှင့် မခင်တင့်တို့အား အချင်းဖြစ်မြေပေါ်မှ အဆောက်အဦနှင့် လူများပါ ဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကိုမကျေနပ်သဖြင့် ကိုသန်းဝေနှင့်မခင်တင့်တို့က ဗဟိုတရားရုံးသို့ ဤတရားမအထွေထွေအယူခံမှု လျှောက်ထားခြင်းဖြစ်သည်။

မြင်းခြံမြို့နယ်တရားရုံးက ၁၉၆၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉ ၌ကိုသန်းဝေနှင့် မခင်တင့်တို့အား အချင်းဖြစ်မြေပေါ်ရှိ အဆောက်အဦများကို ဖျက်သိမ်း၍ ထိုမြေမှ ထွက်ခွာသွားရန် ဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ ထိုဒီကရီကို အထက်အယူခံရုံးများက ပယ်ဖျက်ခဲ့ခြင်းမရှိသဖြင့် ထိုဒီကရီသည် တည်မြဲလျက်ရှိနေပေသည်။ ထိုဒီကရီကို အတည်ပြုရန် ဖွင့်လှစ်ခဲ့သော ဇာရီမှုတွင် ဒီကရီကိုအကျိုးသက်ရောက်အောင် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ဒီကရီအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားရှုံးများအား မြေလခကျသင့်ငွေများကိုပေးစေ၍ မြေငှားများအဖြစ် ဆက်လက် နေထိုင်စေရန်မြို့နယ်တရားရုံးက ချမှတ်ခဲ့သောအမိန့်သည် မူလဒီကရီကို ပယ်ဖျက်ပြင်ဆင်ရာရောက်သဖြင့်

းဒအရ မှားယွင်းသည်။ မြို့နယ်တရားရုံးသည် မိမိချမှတ်ခဲ့သော မူလဒီကရီကို ၁၉၇၆
ယ်ဖျက် ပြင်ဆင်ပိုင်ခွင့်မရှိပေ။ ဤအာဏာသည် အယူခံရုံး၌သာရှိပေသည်။
အမှားကို တိုင်းတရားရုံးက တွေ့ရှိသဖြင့် ဇာရီမှုတွင် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏
န့်ကိုပယ်ဖျက်ပြီး မူလဒီကရီအတိုင်း ဆက်လက်ဆောင်ရွက်စေရန် အမိန့်ချမှတ်
င်းဖြစ်သည်။ တိုင်းတရားရုံး၏အမိန့်သည် ဥပဒေအရမှန်ကန်ပေသည်။

ဤအယူခံမှုကို ခွင့်ပြုရန်အကြောင်းမရှိသဖြင့် စရိတ်နှင့်တကွပလပ်ပြီး တိုင်းတရား
၏အမိန့်ကို အတည်ပြုလိုက်သည်။ ရှေ့နေစရိတ် ၅၁ ကျပ် ဟုသတ်မှတ်သည်။

၁။ ကိုသန်းဝေ
၂။ မခင်တင့်
နှင့်
ဒေါ်ထိုက်

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဦးသန့်စင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၆

ဒီဇင်ဘာလ ၁၀ ရက်။

ဟုန်ခေါ်ချွန်း

နှင့်

ဦးသာအောင်

မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ " အိမ်ရှင် "

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ၊ အိမ်ပိုင်ရှင်ဟူသောစကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်ပိုင်းမှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူမှတပါး အခြားမည်သူမှမပါဝင် စေရဟူ၍ပြဋ္ဌာန်းထားသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က အိမ်ခန်း ၄ ခန်းစလုံး ပြန်လည်ရလိုကြောင်း လျှောက်ထားသောအမှုတွင် အိမ်ခန်းတခန်းကိုသာ ပြန်လည်ပေးခြင်းမှာ လည်းဥပဒေအရတိကျမှုမရှိချေ။ ဖြန်ဖြေသည့်သဘောသက်ရောက်လျက်ရှိပေသည်တရားစွဲဆိုသည့် အတိုင်းမှန်ကန်လျှင် အိမ်ခန်းအားလုံးကိုပြန်ပေးရန်ဖြစ်၍ မမှန်ကန်လျှင် အမှုကိုပယ်ရန်သာရှိပေ လိမ့်မည်။

အယူခံတရားလိုအတွက်။ ။ဦးတင်အောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်။ ။မလာ

ကျောက်မဲမြို့နယ်တရားရုံးက အယူခံတရားလို ငှားရမ်းနေထိုင်သောအိမ်ခန်း ၄ ခန်း အနက်တခန်း အိမ်ရှင် အယူခံတရားခံအားပြန်ပေးရန်နှင့်အိမ်လခကြွေးကျန်ကျပ် ၇၂၀ ကိုလည်း သတ်မှတ်ထားသော နေ့ရက်မတိုင်မီ ပေးစေရန်အမိန့်ချမှတ်သည်။ ယင်း အမိန့်ကို ပြည်နယ်တရားရုံးက အတည်ပြုသောကြောင့် ဗဟိုတရားရုံးသို့ ဒုတိယအယူခံ မှုတင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆။

† ၁၉၇၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆ တွင်၊ ရှမ်းပြည်နယ် (ကျောက်မဲမြို့ရုံးထိုင်) တရားရုံး ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၇၆

ဟုတ်ခေါ်ချွန်း နှင့် ဦးသာအောင်။

အချင်းဖြစ်အိမ်ခန်း ၄ ခန်းကို အယူခံတရားလိုသည် မူလပိုင်ရှင် ဦးဘိုခွေးဆိုသူထံမှ ငှားရမ်းနေထိုင်ခဲ့ရာ ၁၉၇၃ ခုနှစ်တွင် အိမ်ခန်း ၄ ခန်းအပါအဝင် ပေါင်း ၇ ခန်းတန်းလျားကို အယူခံတရားပြိုင်က ဦးဘိုခွေးထံမှ ဝယ်ယူလိုက်သည်။ ထိုအချိန်မှအစပြု၍ အယူခံတရားခံကလည်း အိမ်ခန်းခမတောင်း အယူခံတရားလိုကလည်း အိမ်ခန်းခ မပေးပဲနေခဲ့ကြရာ၊ နောက်ပိုင်းတွင် မသင့်မတင့်ဖြစ်ကြ၍ အယူခံတရားပြိုင်က အယူခံတရားလိုအပေါ် အိမ်လခပေးရန်ပျက်ကွက်ခြင်း၊ ခွင့်ပြုချက်မရှိပဲ အိမ်ခန်းပြုပြင်ခြင်း၊ ရန်စဆဲဆိုခြင်း၊ အိမ်ခန်းများကို ပြန်လည်နေထိုင်လိုခြင်း အစရှိသောအကြောင်းပြချက်များနှင့် နှင်လိုမှုတရားစွဲဆိုခြင်းဖြစ်လေသည်။

အိမ်လခကြွေးကျန် ကျပ် ၇၂၀ ကိုရုံးရှေ့တွင်ပေးဆောင်ပြီးဖြစ်ကြောင်းသိရသည်။ အယူခံတရားလိုသည် အယူခံတရားပြိုင်၏ အိမ်ခန်းနှင့် ဥပစာကို ပြုပြင်ခြင်းမှာ ယခင်ရှိပြီးဖြစ်သော လက်ဖက်ရည်ရောင်းရန် အုပ်ခုံပျက်စီးသောကြောင့် ပြန်လည်ကောင်းမွန်ရန် ပြုသုပ်ခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်သည်။ အယူခံတရားလိုသည် အယူခံတရားပြိုင်အား ဆဲဆိုသည်။ စိတ်ပြိုငြင်စေရန် ပြုလုပ်သည်ဟူသောအချက်များနှင့်ပတ်သက်၍လည်း မမှန်ကန်ကြောင်း မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗဟိုတရားရုံးသို့ ဒုတိယအယူခံမှု ရောက်လာခြင်းမှာ အယူခံတရားလိုနေထိုင်သော အိမ်ခန်း ၄ ခန်းအနက် တခန်းကို အယူခံတရားပြိုင်အား ပြန်လည်ပေးအပ်စေရန် အမိန့်ကို မကျေနပ်သောကြောင့်ဖြစ်သည်။ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ အိမ်ရှင်သည် မိမိနေထိုင်ရန်အတွက် သဘောရိုးနှင့် အိမ်ပြန်ရလိုလျှင် ရနိုင်ခွင့်ရှိသည်။သို့ရာတွင် ပိုင်ရှင်ဟူသောစကားရပ်တွင် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့၌ ဥပစာပိုင်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် ထိုနေ့ရက်နောက်ပိုင်းမှ အမွေဆက်ခံခြင်းဖြင့် ဥပစာပိုင်ရှင်ဖြစ်လာသူမှပါး အခြားမည်သူမှ မပါဝင်စေရဟူ၍ ပြဋ္ဌာန်းချက်ရှိသောကြောင့် အယူခံတရားပြိုင်သည်ယင်းပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သူ ဟုတ်မဟုတ် ဆန်းစစ်ရန်လိုအပ်မည်ဖြစ်သည်။

အယူခံတရားပြိုင်သည် ယင်းထွက်ချက်အရပင် အချင်းဖြစ်အိမ်ခန်းများပါဝင်သော တန်းလျားကို မူလပိုင်ရှင် ဦးဘိုခွေးထံမှ ၁၉၇၃ ခုနှစ်၊မေလအတွင်းမှာ ဝယ်ယူကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် အယူခံတရားပြိုင်သည် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ပိုင်ရှင်မဟုတ်ချေ။ ထိုနေ့နောက်ပိုင်းတွင် အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်သူလည်းမဟုတ်ချေ။ အယူခံတရားပြိုင်သည် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် သဘောရိုးနှင့် ရလိုကြောင်းအဆိုပြုသော်လည်း ယင်းကိုယ်တိုင်ကပင် အိမ်ငှားနှင့်မသင့်မြတ်သောကြောင့်

၁၉၇၆

ဟုတ်ခေါ်ချန်း နှင့် ဦးသာအောင်။

ထွက်ခွာပေးရန် တရားစွဲဆိုကြောင်း၊ ထွက်ဆိုထားသောကြောင့် မိမိနေထိုင်ရန်မရှိသောကြောင့် သဘောရိုးနှင့် ရယူလိုခြင်းမဟုတ်ပဲအိမ်ငှားနှင့်မသင့်မတင့်သောကြောင့်သာ အိမ်မှနှင်ထုတ်လိုကြောင်း ပေါ်လွင်လျက်ရှိပေသည်။

မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က အိမ်ခန်း ၄ ခန်းစလုံး ပြန်လည်ရလိုကြောင်း လျှောက်ထားသောအမှုတွင် အိမ်ခန်းတခန်းကိုသာ ပြန်လည်ပေးခြင်းမှာလည်း ဥပဒေအရ တိကျမှုမရှိချေ။ ဖြန့်ဖြေသည့်သဘော သက်ရောက်လျက်ရှိသည်။ တရားလိုစွဲဆိုသည့်အတိုင်းမှန်ကန်လျှင် အိမ်ခန်းအားလုံးကို ပြန်ပေးရန်ဖြစ်၍ မမှန်ကန်လျှင် အမှုကိုပယ်ရန်သာရှိပေလိမ့်မည်။ အမှုဖြစ်ပျက်သည့် အကြောင်းခြင်းရာအားလုံးတို့ကို ခြုံငုံစဉ်းစားလျှင် အယူခံတရားလိုက အိမ်ခန်းဥပစာကိုပြင်ဆင်ခြင်း၊ အယူခံတရားပိုင်အား စိတ်အနှောင့်အယှက်ဖြစ်ရန် ပြုမူခြင်းစသော အချက်များနှင့်ပတ်သက်၍ မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က လက်မခံကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ကျန်ကောက်ချက်တရပ်ဖြစ်သော အယူခံတရားပိုင်က မိမိနေထိုင်ရန်မရှိ၍ သဘောရိုးနှင့်အိမ်ခန်းများ ပြန်လည်ရလိုသည်ဆိုသော အချက်နှင့် ပတ်သက်၍လည်း အယူခံတရားပိုင်မှာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ) ကွင်းဖော်ပြပါရှိသော တရားစွဲဆိုနိုင်ခွင့်ရှိသည့် ဥပစာပိုင်ရှင်မဟုတ်ချေ။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က အယူခံတရားလိုသည် အယူခံတရားပိုင်အား အိမ်လခကျန်ငွေကျပ် ၇၂၀ ပေးရန်နှင့် နောက်ထပ်ပေးရန်အိမ်လခများကို မပျက်မကွက်ပေးစေရန်အမိန့်ကို အတည်ပြုသည်။ အိမ်ခန်းတခန်း အယူခံတရားလိုက အယူခံတရားပိုင်အား ပြန်ပေးစေရန်အမိန့်ကို ပယ်ဖျက်သည်။ နှစ်ဘက်အမှုသည်များသည် မိမိတို့ကုန်ကျစရိတ်များကို အသီးသီးကျခံစေရမည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးလွင်မောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇူလိုင်လ ၉ ရက်။

အမာတင် (ခေါ်) တင်တင်မာ

နှင့်

ဦးပါကြီး (ဒေါ်နိုင် ၏ တရားဝင် ကိုယ်စားလှယ်) *

အမှုအတောအတွင်း တရားလိုသေဆုံးသွား၍၊ ၎င်း၏နေရာတွင်တရားဝင်ကိုယ်စားပြုသူလျှောက်ထားသည့်ကိစ္စ၌ တရားပြိုင်အဖြစ် ပါဝင်နေသူက ၎င်းအား တရားဝင်ကိုယ်စားပြုသူ တဦးအဖြစ် ထည့်သွင်းပေးရန် တောင်းဆိုခွင့် ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၂၂ ၊ နည်းဥပဒေ ၃ အရ ၊ အမှုအတောအတွင်း တရားလိုသေဆုံးသွားလျှင် ၎င်း၏ကိုယ်စားပြုသူအားလုံးကို ၎င်း၏နေရာတွင်ထည့်သွင်းရပေမည်။ တရားဝင်ကိုယ်စားပြုသူများအနက် ထိုသို့ထည့်သွင်းခြင်းကို ကန့်ကွက်သူများရှိလျှင် ထိုသူများကိုလည်း တရားပြိုင်များအဖြစ် ထည့်သွင်းရပေမည်။

ယခုအမှုတွင် အထက်တွင်ဖော်ပြထားသူ အမွေမမီသောမြေးများမှာ ဒေါ်နိုင်၏အမွေ ဆက်ခံထိုက်သူများဖြစ်ကြသည်။ ထို့ကြောင့်၎င်းတို့သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၁၁)အရဒေါ်နိုင်၏ တရားဝင်ကိုယ်စားပြုသူများဖြစ်ကြသည်။ ၎င်းတို့အားအမှုတွင် ထည့်သွင်းရန်လိုပေလိမ့်မည်။ လျှောက်ထားသူ မအမာမှာမူကား အမှုတွင် တရားပြိုင်အဖြစ်ဖြင့် ပါဝင်နေပြီး ဖြစ်သဖြင့် ၎င်းအားဒေါ်နိုင်၏တရားဝင်ကိုယ်စားပြုသူအဖြစ်ထပ်မံထည့်သွင်းရန်မလိုခဲ့တော့ပေ။

လျှောက်ထားသူအတွက်။ ။ဦးဘစိန်၊ ဦးဘိုးအောင်။

လျှောက်ထားခံရသူအတွက်။ ။ဦးဘညွန့်။

လျှောက်ထားသူ မအမာ (ခေါ်) မတင်တင်မာသည် ကွယ်လွန်သူ ဒေါ်နိုင်ဆိုသူ၏မြေးဖြစ်သည်။ဒေါ်နိုင်၏သား၊မအမာ၏ဖခင်သည်ဒေါ်နိုင်မသေခင်ကသေဆုံးခဲ့သည်။ ဒေါ်နိုင်သည် ၎င်းမသေခင်က မအမာအပေါ် ရန်ကုန်တိုင်းတရားရုံးတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်း၊ အမှတ် (၁၇)မှ အိမ်နှင့်မြေကို ၎င်းပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးသည်ဆိုသည့်စာချုပ်သည် မိမိ၏ပိုင်ဆိုင်ခွင့်ကို မထိခိုက်ကြောင်း မြွက်ဟကြေငြာ

---

* ၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၁။

† ၁၉၇၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင်၊ရန်ကုန်တိုင်းတရားရုံး (စမ်းချောင်းမြို့နယ်) (မြို့နယ်စု-၁) ရုံး၏ ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၇၆

အမာတင် (ခေါ်) တင်တင်မာ နှင့် ဦးပါကြီး (ဒေါ်နိုင်၏ တရားဝင်ကိုယ်စားလှယ်)

ပေးရန်တရားစွဲဆိုခဲ့သည်။ အမှုကိုစွဲဆိုပြီးနောက် အမှုမပြီးဆုံးမီ ဒေါ်နိုင်သေဆုံးခဲ့သည်။ ဒေါ်နိုင်၏သား လျှောက်ထားခံရသူ ဦးပါကြီးက ၎င်းအားဒေါ်နိုင်၏နေရာတွင် တရားဝင်ကိုယ်စားပြုသူအဖြစ်ဖြင့် ထည့်သွင်းပေးရန်လျှောက်ထားခဲ့သည်။ လျှောက်ထားသူ မအမာကင်းနှင့်အခြားဒေါ်နိုင်၏ အမွေမမီသောမြေးများဖြစ်သည့် မောင်တင်ဦး၊ ကြူကြူ၊ ခင်မောင်ဦး၊ ခင်မောင်လှ၊မောင်တင်ထွေး၊ မောင်မျိုးသန့်နှင့် ခင်စန်းဝင်းတို့ကိုပါ ဒေါ်နိုင်၏ တရားဝင်ကိုယ်စား ပြုသူများအဖြစ်ဖြင့် ထည့်ပေးရန် တောင်းဆိုခဲ့သည်။မူလတိုင်းတရားရုံးကလျှောက်ထားခံရသူ ဦးပါကြီးကိုသာဒေါ်နိုင်၏ တရားဝင်ကိုယ်စားပြုသူအဖြစ် ထည့်သွင်းရန် အမိန့်ချမှတ်သည့်အတွက် မကျေနပ်၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်။

တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၃ အရ၊ အမှုအတောအတွင်း တရားလိုသေဆုံးသွားလျှင်၎င်း၏ကိုယ်စားပြုသူအားလုံးကို၎င်း၏နေရာတွင်ထည့်သွင်းရပေမည်။ တရားဝင်ကိုယ်စားပြုသူများအနက် ထိုသို့ထည့်သွင်းခြင်းကို ကန့်ကွက်သူများရှိလျှင် ထိုသူများကိုလည်း တရားပြိုင်များအဖြစ် ထည့်သွင်းရပေမည်။

ယခုအမှုတွင် အထက်တွင်ဖော်ပြထားသူ အမွေမမီသောမြေးများမှာ ဒေါ်နိုင်၏ အမွေဆက်ခံထိုက်သူများဖြစ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂(၁၁)အရ ဒေါ်နိုင်၏ တရားဝင်ကိုယ်စားပြုသူများဖြစ်ကြသည်။ ၎င်းတို့အား အမှုတွင်ထည့်သွင်းရန်လိုပေလိမ့်မည်။ လျှောက်ထားသူ မအမာမှာမူကား အမှုတွင် တရားပြိုင်အဖြစ်ဖြင့်ပါဝင်နေပြီးဖြစ်သဖြင့် ၎င်းအား ဒေါ်နိုင်၏တရားဝင်ကိုယ်စားပြုသူအဖြစ်ထပ်မံထည့်သွင်းရန် မလိုတော့ပေ။

သို့ဖြစ်၍ ကွယ်လွန်သူ ဒေါ်နိုင်၏နေရာတွင် လျှောက်ထားခံရသူ ဦးပါကြီးအပြင် အထက်တွင်ဖော်ပြထားသည့် မောင်တင်ဦး၊ ကြူကြူ၊ ခင်မောင်ဝင်း၊ ခင်မောင်လှ၊ မောင်တင်ထွေး၊ မောင်မျိုးသန့်နှင့်ခင်စန်းဝင်းတို့ကိုပါဒေါ်နိုင်၏ တရားဝင်ကိုယ်စား ပြုသူများအဖြစ် ဤအမှုတွင်ထည့်သွင်းရန်၊ ရန်ကုန်တိုင်းတရားရုံးသို့ ညွှန်ကြားလိုက်သည်။

ဤပြင်ဆင်မှုအတွက်စရိတ်မရှိ။

တရားမဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးကြည်မြ၊ အဖွဲ့ဝင်များအဖြစ် ဦးလွင်မောင်နှင့် ဦးစိုးလှိုင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင် † ၁၉၇၆ ဖေဖော်ဝါရီလ ၂၀ ရက်။

မအေးမာဘိ ပါ ၂

နှင့်

ဒေါ်သန်းရင် *

တရားမမှုများ စစ်ဆေးနေဆဲ တရားစီရင်ရေးအဖွဲ့တဖွဲ့လုံးဖြစ်စေ။ အဖွဲ့ဝင်တဦးတယောက်ဖြစ်စေ ပြောင်းလဲခြင်းကြောင့် ယင်းအမှုကိုအစမှတဖန်ပြန်လည်စစ်ဆေးရန် လိုမလို။

ဆုံးဖြတ်ချက်။ ။တရားမမှုများစစ်ဆေးနေဆဲ တရားစီရင်ရေးအဖွဲ့တဖွဲ့လုံးဖြစ်စေ၊ အဖွဲ့ဝင်တဦးတယောက်ဖြစ်စေ၊ ပြောင်းလဲခြင်းကြောင့် ယင်းအမှုကို အစမှတဖန်ပြန်လည်စစ်ဆေးရမည်ဟု မည်သည့် ဥပဒေကမှ သတ်မှတ်ထားခြင်း မရှိပေ။ ထို့ကြောင့် ယင်းအမှုကို ပြောင်းလဲသွားသည့် တရားစီရင်ရေးအဖွဲ့ကဆက်စစ်ဆေးနိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ယခုအမှုမှာမူ စစ်ဆေးဆဲအဆင့်တွင်မဟုတ်ပဲ နှစ်ဘက်ကို စစ်ဆေးပြီး နှစ်ဘက်လျှောက်လဲချက်များကြားနာပြီးမှတရားစီရင်ရေးအဖွဲ့ဝင်နှစ်ဦးပြောင်းလဲခဲ့သည်။ ပြောင်းလဲခဲ့သည့် တရားစီရင်ရေးအဖွဲ့က နှစ်ဘက်အမှုသည်များ၏ လျှောက်လဲချက်များကို ထပ်မံ၍ မကြားနာပဲ စီရင်ချက်ချမှတ်ခြင်းဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀ နည်းဥပဒေ ၁ အရ၊ လျှောက်လဲချက် ကြားနာပြီးနောက် တရားစီရင်ရေးအဖွဲ့ပြောင်းလဲသွားမည်ဆိုလျှင် ပြောင်းလဲသွားသည့် တရားစီရင်ရေးအဖွဲ့က နှစ်ဘက်အမှုသည်များ၏ လျှောက်လဲချက်ကို ပြန်လည်ကြားနာပြီးမှသာလျှင် စီရင်ချက်ချမှတ်ရပေမည်။ ထပ်မံ၍ လျှောက်လဲချက်မကြားနာပဲ ချမှတ်သည့် စီရင်ချက်မှာ ဥပဒေအရ မတည်နိုင်ပေ။

အယူခံတရားလိုအတွက်။ ။ဦးသက်ငွေ။

အယူခံတရားပြိုင်အတွက်။ ။ဦးကျော်ညွန့်။

အယူခံတရားပြိုင်က ၎င်းလက်ရှိနေထိုင်သောအိမ်သည် ၎င်းပိုင်ကြောင်း မြွက်ဟာကြေငြာပေးရန် ပြည်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ရာ၊ ယင်းအမှုကို ပြည်မြို့နယ်တရားရုံးကပလပ်လိုက်သဖြင့် ပဲခူးတိုင်းတရားရုံးသို့ အယူခံဝင်ရာ အယူခံတိုင်းတရားရုံးက

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံဝင်မှုအမှတ် ၁၅။

† ၁၉၇၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ တွင်၊ ပြည်မြို့၊ တိုင်းပြည်သူ့တရားရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၇၆

မအမ ၁ဘီ ပါ ၂

နှင့်

ဒေါ်သန်းရင်

မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင်စွဲဆိုသည့်အမှုကိုအနိုင်ပေးလိုက်သည်။ ယင်းအမိန့်ကိုမကျေနပ်သဖြင့် ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ပဲခူးတိုင်းအယူခံရုံးတွင် ဥက္ကဋ္ဌ ဦးစီသန်း အဖွဲ့ဝင်ဦးရင်ကြည်နှင့် ဦးစိုးသိန်းတို့ပါဝင်သော တရားစီရင်ရေးအဖွဲ့က လျှောက်လဲချက်များကိုကြားနာပြီး စီရင်ချက်ချမှတ်ရန် ရွှေ့ဆိုင်းခဲ့သည်။ ထိုနောက်စီရင်ချက်ချမှတ်သည့် တရားစီရင်ရေးအဖွဲ့မှာ ဥက္ကဋ္ဌဦးစီသန်း၊ အဖွဲ့ဝင်ဦးမြသန်းနှင့် ဦးပုတို့ဖြစ်သည်။ ထို့ကြောင့် အယူခံတိုင်းတရားရုံး၏အမိန့်မှာ ဥပဒေအရ တည်နိုင်သောအမိန့်မဟုတ်ပါဟု အယူခံတရားလို၏ရှေ့နေက ပဏာမအချက်အနေနှင့်တင်ပြသည်။

တရားမမှုများစစ်ဆေးနေဆဲ တရားစီရင်ရေး အဖွဲ့တဖွဲ့လုံးဖြစ်စေ၊ အဖွဲ့ဝင်တဦးတယောက်ဖြစ်စေ ပြောင်းလဲခြင်းကြောင့် ယင်းအမှုကိုအစမှတဖန် ပြန်လည်စစ်ဆေးရမည်ဟု မည်သည့်ဥပဒေကမှ သတ်မှတ်ထားခြင်းမရှိပေ။ ထို့ကြောင့်ယင်းအမှုကိုပြောင်းလဲသွားသည့် တရားစီရင်ရေးအဖွဲ့က ဆက်လက်စစ်ဆေးသွားနိုင်သည်။ ယခုအမှုမှာမူ စစ်ဆေးဆဲအဆင့်တွင်မဟုတ်ပဲ နှစ်ဘက်ကိုက်စစ်ဆေးပြီး နှစ်ဘက်လျှောက်လဲချက်များကြားနာပြီးမှ တရားစီရင်ရေးအဖွဲ့ဝင် နှစ်ဦးပြောင်းလဲခဲ့သည်။ ပြောင်းလဲခဲ့သည့် တရားစီရင်ရေးအဖွဲ့က နှစ်ဘက်အမှုသည်များ၏ လျှောက်လဲချက်များကိုထပ်မံ၍မကြားနာပဲ စီရင်ချက်ချမှတ်ခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၀၊ နည်းဥပဒေ ၁ အရ၊ လျှောက်လဲချက်ကြားနာပြီးနောက်တရားစီရင်ရေးအဖွဲ့ပြောင်းလဲသွားမည်ဆိုလျှင် ပြောင်းလဲသွားသည့် တရားစီရင်ရေးအဖွဲ့က နှစ်ဘက်အမှုသည်များ၏ လျှောက်လဲချက်များကို ပြန်လည်ကြားနာပြီးမှသာလျှင် စီရင်ချက်ချမှတ်ရပေမည်။ ထပ်မံ၍ လျှောက်လဲချက်မကြားနာပဲ ချမှတ်သည့်စီရင်ချက်မှာ ဥပဒေအရမတည်နိုင်ပေ။

သို့ဖြစ်၍ ပဲခူးတိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်ပြီး ပဲခူးတိုင်းတရားသူကြီးအဖွဲ့က သင့်တော်သည့် တရားစီရင်ရေး အဖွဲ့တဖွဲ့ကိုဖွဲ့စည်း၍ ယင်းတရားစီရင်ရေးအဖွဲ့က နှစ်ဘက်အမှုသည်များကိုကြားနာပြီး စီရင်ချက်ချမှတ်ရန် ညွှန်ကြားလိုက်သည်။ ဤအယူခံမှုအတွက် စရိတ်ခွင့်မပြု။

တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဖိုလ်မှူးကြီး ထွန်းအောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဖိုလ်မှူးကြီး လှမောင်နှင့် ဦးလွင်မောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မအေးမူ (သေဆုံးသူ ဦးလှကြည်) ၏သမီး

နှင့်

ဦးမိုးကြည် ပါ ၃ ဦး *

† ၁၉၇၆

နှ်လ ရက်။

သေသူ ဘခင်အတွက် အလုပ်သမားလျော်ကြေး လျှောက်ထားသည့်ကိစ္စတွင် အလုပ်သမားလျော်ကြေးဥပဒေပုဒ်မ ၂ (၁) (ဒီ) အရ၊ လျှောက်ထားသူ သမီးသည် မှီခိုသူမဟုတ်သဖြင့် လျော်ကြေး ရထိုက်မထိုက်၊ သေသူ၏ဇနီးသည် လျော်ကြေးမတောင်းမီသေဆုံးသွားသဖြင့် လျော်ကြေးကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုညွှန်ကြားခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဦးလှကြည်သေဆုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး အယူခံတရားပြိုင် အမှတ် (၁) နှင့် (၂) တို့သည် အလုပ်သမားလျော်ကြေး ပေးရန်တာဝန်ရှိကြောင်းမှာ ထင်ရှားသည်။ ဦးလှကြည်သေဆုံးသည့်အခါက ဇနီးဖြစ်သူ ဒေါ်ကျင်မွေးမှာ အသက်ရှင်လျက်ရှိသည့်အတွက် အယူခံတရားပြိုင် အမှတ် (၁) နှင့် (၂) တို့ပေးရန်ဖြစ်သည့် လျော်ကြေးမှာ ဒေါ်ကျင်မွေး၏ အပြီးအပိုင်ရပိုင်ခွင့်ဖြစ်သည်။ တနည်းဆိုလျှင် ဒေါ်ကျင်မွေး၏ ငွေဖြစ်သည့် အလုပ်သမားလျော်ကြေး အတွက် လျှောက်ထားခြင်းမပြုမီ ဒေါ်ကျင်မွေးသေသွားသဖြင့် ယင်းငွေများကို ဒေါ်ကျင်မွေး၏ အမွေစားအမွေခံများက ရထိုက်သည်။ ထို့ကြောင့် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီသည် ဦးလှကြည်၏ အလုပ်ရှင်များဖြစ်သည့် အယူခံတရားပြိုင်အမှတ် (၁) နှင့် (၂) တို့ထံမှ ဦးလှကြည်သေသည့်အတွက် ပေးရန်ရှိသော အလုပ်သမားလျော်ကြေးကို တောင်းခံ ထိန်းသိမ်းထားရန်တာဝန်ရှိသည်။ ဒေါ်ကျင်မွေး၏ အမွေစားအမွေခံများက လျော်ကြေးငွေကို တောင်းခံသည့်အခါ ယင်းတို့အနေဖြင့် အမွေဆက်ခံခွင့် လက်မှတ်တင်ပြပါက ထုတ်ပေးရန်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ကိုယ်တိုင်။

အယူခံတရားပြိုင်အတွက်။ ။ဦးစောလှိုင်၊ ရှီးသဟာယ မစ္စတာ အက်စ် ကေ ဂိုရှ်။

ကွယ်လွန်သူဦးလှကြည်သည် မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ရှိ "သိန်းဆုရှင်" စက်လှေတွင် အလုပ်လုပ်ခဲ့သည်။ အယူခံတရားပြိုင်အမှတ် (၁) နှင့် (၂) တို့မှာ ဦးလှကြည်

---

† ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၀။

* ၁၉၇၄ ခုနှစ်၊ အလုပ်သမားလျော်ကြေးမှုအမှတ် ၁၂ တွင်၊ မော်လမြိုင်မြို့၊ အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီရုံး၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၇၆

မအေးမှု (သေဆုံးသူ ဦးလှကြည်၏ သမီး) နှင့် ဦးစိုးကြည် ပါ ၃ ဦး။

၏အလုပ်ရှင်များဖြစ်ခြင်းနှင့်ပတ်သက်၍ အငြင်းမပွားချေ။ ထို့အပြင် ဦးလှကြည်သည် အလုပ်တာဝန် ထမ်းဆောင်နေစဉ် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍လည်း အငြင်းပွားမှု မရှိချေ။

ဦးလှကြည်၏ ဩရသသမီးဖြစ်ပါသည်ဟု ဆိုကာ အယူခံတရားလို ဒေါ်အေးမှုက လျော်ကြေးအတွက် လျှောက်ထားရာအလုပ်သမားလျော်ကြေးကော်မတီက ဒေါ်အေးမှုသည် အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၂ (၁) (ဒီ)အရ မှီခိုသူတဦးမဟုတ်သဖြင့် လျော်ကြေးမရထိုက်ဟုဆိုကာ လျှောက်လွှာကိုပယ်လိုက်သည်။ ယင်းသို့ပယ်လိုက်ခြင်းကြောင့်မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၃၀ အရ၊ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားလိုသည် ဦးလှကြည်၏သမီးဖြစ်စေကာမူ ယင်းသည်ယခုအခါ၌ အိမ်ထောင်ကျပြီး ဦးလှကြည်အပေါ် မှီခိုစားသောက်သူမဟုတ်သဖြင့် မအေးမှုသည် လျော်ကြေးမရထိုက်ဟု အလုပ်သမား လျော်ကြေးကော်မတီ၏ အဆုံးအဖြတ်မှာ မှားယွင်းသည်ဟုမဆိုနိုင်ချေ။

ဤအမှုတွင် စဉ်းစားရန် အချက်တချက်ရှိသေးကြောင်းတွေ့ရသည်။ ယင်းအချက်မှာ ဦးလှကြည်ကွယ်လွန်သည့်အခါက ယင်း၏ဇနီးမှာ ဒေါ်ကျင်မွှေးဆိုသူဖြစ်သည်။ ဒေါ်ကျင်မွှေးသည် ဦးလှကြည် သေသည့်ကိစ္စနှင့်ပတ်သက်ပြီး လျော်ကြေးမတောင်းမီ ဦးလှကြည်သေဆုံးပြီး ၄ ရက်မြောက်နေ့တွင် သေဆုံးခဲ့သည်။ ထို့ကြောင့် ဦးလှကြည် သေသည့်အတွက် လျော်ကြေးကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ဆောင်ရွက်ရမည်ဟူသော အချက်ဖြစ်သည်။

ဤအမှုတွင် ဦးလှကြည်သေဆုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး အယူခံတရားပြိုင်အမှတ် (၁) နှင့် (၂)တို့သည် အလုပ်သမားလျော်ကြေးပေးရန် တာဝန်ရှိကြောင်းမှာ ထင်ရှားသည်။ ဦးလှကြည်သေသည့်အခါက ဇနီးဖြစ်သူ ဒေါ်ကျင်မွှေးမှာ အသက်ရှင်လျက်ရှိသည့်အတွက် အယူခံတရားပြိုင် အမှတ် (၁) နှင့် (၂) တို့ပေးရန်ဖြစ်သည့် လျော်ကြေးမှာ ဒေါ်ကျင်မွှေး၏ အပြီးအပိုင် ရပိုင်ခွင့်ဖြစ်သည်။ တနည်းဆိုလျှင် ဒေါ်ကျင်မွှေး၏ငွေဖြစ်သည်။ အလုပ်သမားလျော်ကြေးအတွက် လျှောက်ထားခြင်းမပြုမီ ဒေါ်ကျင်မွှေးသေသွားသဖြင့် ယင်းငွေများကို ဒေါ်ကျင်မွှေး၏ အမွေစား အမွေခံများက ရထိုက်သည်။ ထို့ကြောင့် အလုပ်သမား လျော်ကြေး စိစစ်ရေး ကော်မတီသည် ဦးလှကြည်၏ အလုပ်ရှင်များဖြစ်သည့် အယူခံတရားပြိုင်အမှတ် (၁) နှင့် (၂)တို့ထံမှ ဦးလှကြည်သေသည့်အတွက် ပေးရန်ရှိသော အလုပ်သမားလျော်ကြေးကို တောင်းခံ

ထိန်းသိမ်းထားရန်တာဝန်ရှိသည်။ ဒေါ်ကျင်မွေး၏ အမွေစားအမွေခံများက လျော်ကြေးငွေကို တောင်းခံသည့်အခါ ယင်းတို့အနေဖြင့် အမွေဆက်ခံခွင့် လက်မှတ်တင်ပြပါက ထုတ်ပေးရန်ဖြစ်သည်။

ထို့ကြောင့် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီသည် အယူခံတရားပြိုင် အမှတ် (၁) နှင့် (၂)တို့က ဦးလှကြည်သေသည့်ကိစ္စနှင့်ပတ်သက်ပြီး ပေးရန်ရှိသော အလုပ်သမားလျော်ကြေးငွေပမာဏ မည်မျှဖြစ်သည်ကို စုံစမ်းတောင်းခံ၍ ထိန်းသိမ်းထားရန် ညွှန်ကြားလိုက်သည်။ တောင်းခံ၍ထိန်းသိမ်းထားပြီး ဒေါ်ကျင်မွေး၏အမွေစားအမွေခံများက လာလျှောက်သည့်အခါ အထက်ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရန်ညွှန်ကြားလိုက်သည်။

၁၉၇၆

မအေးမူ (သေဆုံးသူ ဦးလှကြည်၏ သမီး) နှင့် ဦးစိုးကြည် ပါ ၃ ဦး။

။ကိုဝ်စုံကာ်ဆိုင်(ဗပ္ဒ)ငလာ်ထုက်ပြေးဖိ ဖျ ၈ငလ ကိုဆဲဒုံကာ်
(ဒ်ဟ်) ဒ်ပံးတဲလ ဝဲင်တဲ့ရံးဘုဒ်တဲ့ ၊ကွိုးစုင် ၁၃ဟ် ၅ ထုက်ဆဲကိုဆဲဒံးတဲလ ၊ဖွ်ခြံ ၁၉၆၉ ↓
။ဂ ထုက်ဆဲကိုဝ်စုံကာ်ဆလဗ်ဖ ဇးတဲလ ၊ဖွ်ခြံ ၁၉၆၉ ❋

။ထိုင်ဝါမျဲကစလ ဘုတ္ထဲဂဲ့ဘုဇေးဘုဂါ ဖွဲကေးငကကာဘုလာဘုမျဲဆ ဒ်ဂွဲတာ်ယုလာဘုဝဲးတဲလ
လွဲဆဲဘုင်းကွတ်းထဲလံခစ ငလငဆဲဝိဉ် ငိုကွဆဲဂဲ့ ဖြုဂ်လံးတဲဆုံကာ် မွံငဗီးပြဲဒ်မြဲးတဲဘိင
၊ကွက်ကွိုးစုင် ဘုဟ်ဒဲ့ဒယုခ ပ ဒ်နွ်ထလးနွဲကိုဘုထဲဒနွဲဆ ၊ဖွ်ခြံ ၁၉၆၈ ငလခြိုနွဲလံ
ထိုင်လွိုဖ်ပြီးဆဲဂျဒ ဘုဂွိုးတဲလ ဇုံကာ် ဘုခ်ဘုငလခးနွဲမွဲး ကွ်လံးတဲဆုံကာ်

။ဘုတ္ထဲကွ်တဲ့။ ။ယုဗ်ဆဲဘုကွံးတဲလံးဘဲဆ

။ဘုဓဲ့ဘုရဲဂျဒဂ ၊နွဲဖွဲဘုငကဒဘုဒး။ ။ယုဗ်ဆဲလံးတဲဆုံကာ်

။ပြဲဘုနွဲထဲ့က ကထိုင်ထဖွဲးဘုငမြဲခဆထိုင်လယုငလခလံ နွဲဗဘုနွဲနွဲဗဲးဘုရဲ ၊ဗဆထိုင်ဂျဒငလနွဲရဲ
ကွံးငကက ယးငပြဲငကဒဘုလ ငဗီးဘုမြဲဖွဲထဲဘုဂ် ကွံးငကကဒယဘုလ ဘုငမြဲခးဘုမြဲဖွဲရဲနွဲဗီးငကကဘုလ
ကွဲထိုယံပြဲ ။ထိုင်ထဖွဲဘုကငယကိုဗ ငဗီးဘုမြဲဖွဲရဲနွဲဗ ဒငါဗီးငယဗ ဘုဟံးငါဂျဗဆထိုင်လဘုံထကနွဲဗဆ ထဒ
ငမြဲက ထိုင်ထွိုးငကကဘုဂ်ဘုလ လွံထွံးငတိဘုဂ်ငါလဲ ဒငကကဘုဂ်ဘုလ။ ။ယုဗ်ဖွဲရဲးဝဲကွဘဲ

။ထိုင်ထဖွဲထိုကဗကွိုဖွဲရဲးဝဲဆ မြဲထိုင်လကိုဂျဒဆးငါကဲးဘုမြဲးဘုငမြဲခဆ
ကိုထဂဲ့ဒယုဂါဂျဒ ။ပြဲဘုနွဲဖွဲရဲကမြဲကာ်ထုက်ဗီးငယလခုံကထုက်ကဇးဘုငမြဲခဆငလဒယုငလခလံငကဲ့
ဒဘုမြဲးဘုငမြဲခဆထိုင်ထိုက ၊ထိုင်ထဖွဲးဘုငမြဲခဆငလဒယုငလခလံ ထိုင်ဗဲးဘုမြဲးဘုငမြဲခဆထိုင်ထိုက
မြဲထွဲကကွဲထိုင်ဗိ ဒငါကဲးဘုမြဲးဘုငမြဲခဆ ကိုထဘုံငဟ်ဆ ငိုထံဘွဲးဘုငမြဲခဆ ငလခယုငလဒ
လံ ။ဖြူဘုနွဲထွဲးဘုရဲ နွဲဗဘုထဲ့ဒငဆဘုဂ်ဘုငထိုင်ငကက ဘုငါငကကဗွဲဘုငမြဲခဆငလဒယုငလခလံ
။ဖြူဂွဲနွဲဝငထ နွဲဗဘုထဲ့ဒဘုဇေးဘုဂါ ယုငလခးငဒယုင့လ ငါဆငါငဆးဆဒ ဒ်ဂွဲယုလွံဒိုယုငဂ်ဒဖြုဘုလ
ထိုင်ထးငကက ထိုယုံထွဲ ဂါးထဲထဲယုငဂ်ဒဘုတဲဒ ဗဆးကွထးဘဲလံဒငကဲ့ရဲ။ ။ယုဗ်ဖွဲရဲးဝဲ

။မွဲကဗွဲဘုဗိဘုနွဲနွဲထးဘုရဲ ၊ဗဆထိုင်ထဂျဒနွဲဗငလနွဲရဲ ကွံးငကက
ယးငပြဲငကဒဘုလ ဘုဟံးငကက ငလခဗဲ့ငလးဘုထ ဘုရဲထပြဲဘုဂ်ကဂျဒကွဆ ယထိုဖွဲရဲးငပြဲငကဒဘုလ

❋ ဖွဲပြီးဆဲဂျဒ

ဘုဂ်

ဘုငလခးနွဲမွဲး

ယုဗ ၆ဂ လနွဲဗ်

၅၆၉၄ ↓

ဘုဟ်ဗီဒိုဆ

ဒဗဲဘုဗဒံးတဲလကွထလဘုဂဲ့ဘုင်းကိုဝ်စုံကာ်ဘုဘုဂံ ဘုဂ်ဘုကွံးဘွံးဘုမွဲး ဖွဲရဲဆငါကိုဝ်စုံကာ်ဆ ၊ရဲထိုမြဲး ဖွဲရဲဆဝိဗြဲ

ကိုဝ်စုံကာ်ဆလဗ်ဖဒံးတဲလ

[illegible]

[illegible]

[illegible]

[illegible]

၁၉၇၆

ဦးအုန်းသောင် နှင့် ဒေါ်အေးချစ်

မယားသည် လင်၏နောက်သို့လိုက်ပြီး အေးအတူပူအမျှ လုပ်ကိုင်စားသောက် သင်းနေထိုင်ရန် တာဝန်ရှိ၏။ လုံလောက်သော အကြောင်းရှိမှသာလျှင် မယ: လင်နှင့်အတူ နေထိုင်ရန် ငြင်းဆိုနိုင်၏။ လုံလောက်သောအကြောင်း ဆိုရာ တမှုနှင့်တမှု အကြောင်းခြင်းရာများ တူညီမည် မဟုတ်၍ မည်သည့်အကြောင်း သည် လုံလောက်သော အကြောင်းဖြစ်သည်။ မည်သည့် အကြောင်းခြင် လုံလောက်သော အကြောင်းမဟုတ်ဟု ပုံသေကားချ မှတ်ယူ၍ မဖြစ်နိုင်ချေ။ ပေါက်နေသည့် အကြောင်းခြင်းရာများအပေါ် မူတည်၍ အဆုံးအဖြတ် ပြ ဖြစ်သည်။

ယခုအမှုမှာ မူလအယူခံ တရားပြိုင်က ၎င်းအား အယူခ... နှင်ချ၍ ဆင်းခဲ့ရသည်။ ရက်စက် ညှဉ်းပမ်းခဲ့သည်၊ ဆဲဆိုခဲ့သည်ဟု သော်လည်း အိမ်ပေါ်မှ နှင်ချခဲ့ကြောင်းသာ ပေါ်လွင်၍ ရက်စက်ကြောင်း၊ ကြောင်း သက်သေအထောက်အထား လုံးဝမရှိချေ။

လင်နှင့်မယား လျှာနှင့်သွားဟု ဆိုသလို လင်နှင့်မယားတို့သည် မကြာခဏ မသင့်သည့် အခါများတွင် စကားများ ရန်ဖြစ်ခြင်းမှာ မမှုတာပင်ဖြစ်သည်။ ၎ လင်မယား ရန်ဖြစ်ခြင်းကြောင့် လင်ကမယားကို နှင်ထုတ်ခြင်းမှာ လင်ယော က မယားကို ပြန်လာခေါ်သည့်အခါ ငြင်းဆန်နိုင်ရန် လုံလောက်သည့်အကြ ဖြစ်သည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပဲခူးတိုင်း တရားရုံး၏ စီရင်ချ ဒီကရီကို ပယ်ဖျက်ပြီး၊ မူလတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုလိုက် လင်နှင့်မယားဖြစ်သည့် အမှုဖြစ်သဖြင့် စရိတ်ခွင့်မပြု။

ပ၊စ၊က/၁၂၃၀၁၁/တရားရုံးချုပ်/၁၀၀၀၀+၁၀/၀၂/၉။